www.burmeseclassic.com

BURMESE CLASSIC

# ကျေးတစ်ရာ

ရသစာစုများ

## ခင်ခင်ထူး

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နယ်မြေဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက် ( ၄ ) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ရည်မှန်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် ( ၄ ) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပုံနှိပ်ခြင်း**
ဇွန်၊ ၂၀၁၂

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ အုပ် ၁၀၀၀

**ကွန်ပျူတာစာစီနှင့် မျက်နှာဖုံးဒီဇိုင်း**
မိုးသူဇာ

**စာအုပ်ချုပ်**
ထိပ်တန်း (မန္တလေး)

**ထုတ်ဝေသူ**
ဒေါ်ထူးထူး (ဥဒယကျေးရွာစာအုပ်တိုက်)
စ-၁/၈၄၊ ၆၇ လမ်းနှင့် ၆၈ လမ်းကြား၊
မြို့သစ် (၂) ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

**ပုံနှိပ်သူ**
ဦးတင်စိန် (ထိပ်တန်းအော့ဖ်ဆက်)
H-၄၊ ဇိုးရာအာလမ်း၊ ရှ-ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊
မန္တလေးစက်မှုဇုန်၊ မန္တလေးမြို့

**တန်ဖိုး**
၂၀၀၀ ကျပ်

ခင်ခင်ထူး
ကျေးတစ်ရာ/ခင်ခင်ထူး - မန္တလေး။
ဥဒယကျေးရွာစာပေ၊ ၂၀၁၂။
စာမျက်နာ ၂၈၂၊ ၁၁.၇ x ၁၈ စင်တီ
(၁) ကျေးတစ်ရာ

BURMESE CLASSIC

# ကျေးတစ်ရာ

ရ သ စာ စု များ

## ခင်ခင်ထူး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ကျေးတစ်ရာ ရသစာစုများ

### ရွာမလေး


| | | |
|---|---|---|
| ၁။ | ပိတောက်လှည်း | ၁ |
| ၂။ | ပုန်းညက်ပွင့်လျှင် | ၁၅ |
| ၃။ | ဆွမ်းခံလေ့ | ၂၁ |
| ၄။ | မြေးထွေး | ၂၉ |
| ၅။ | မြက်တစ်ပင် | ၃၇ |
| ၆။ | ရွာညောင်ပင် | ၄၅ |
| ၇။ | လှုံမီးမလေ့ | ၅၉ |
| ၈။ | နှစ်ဦးနေ့ဦး | ၆၇ |


### စာမလေး


| | | |
|---|---|---|
| ၉။ | ကျွန်မနှင့်စာအုပ်များ | ၇၅ |
| ၁၀။ | ကဗျာသဘင် စာသဘင် | ၈၅ |
| ၁၁။ | စိတ်ကောင်းရှိတဲ့လူ | ၁၀၁ |




### ခရီးသွား


| | | |
|---|---|---|
| ၁၂။ | နမ့်တော | ၁၁၁ |
| ၁၃။ | ဟုမ္မလင်းဈေး | ၁၁၉ |
| ၁၄။ | ကပ်မဟိန်လမ် | ၁၂၇ |
| ၁၅။ | ချောက်ဈေး | ၁၃၅ |
| ၁၆။ | ကုသိုလ်ခရီး | ၁၄၃ |


### ရသစာစု


| | | |
|---|---|---|
| ၁၇။ | ညောင်ဦးဆိပ် | ၁၅၉ |
| ၁၈။ | မျိုးရိုးသစ်ပင် | ၁၆၉ |
| ၁၉။ | သစ်ပင်မြို့ | ၁၇၉ |
| ၂၀။ | ကျွန်မ၏မန္တလေး | ၁၈၉ |
| ၂၁။ | အေးအိုး | ၁၉၅ |
| ၂၂။ | ပန်းမော်ရုံတော | ၂၀၇ |
| ၂၃။ | သနပ်ခါးနှစ် | ၂၂၃ |
| ၂၄။ | ရေချိုးဆိပ် | ၂၃၉ |
| ၂၅။ | တ,တိုင်းမွေး | ၂၅၃ |




www.burmeseclassic.com

www.burmeseclassic.com

## ဥဒယကျေးရွာစာပေမှ ထွက်ရှိပြီးစာအုပ်များ


၁။ မအိမ်ကံ — ခင်ခင်ထူး

၂။ ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရွက်လိပ် နားတောင်းဆင် — ခင်ခင်ထူး

၃။ ခမည်းကြိုး — ခင်ခင်ထူး

၄။ ချာပြာသင်း မန္တလေးဝတ္ထုတိုများ — ကလောင်စုံ

၅။ ရေကန်သာ ကြာတိုင်းအေး — နေဝင်းမြင့်

ယခု

၆။ ကျေးတစ်ရာ ရသစာစုများ — ခင်ခင်ထူး




# အမှာစာ

*'ပျိုစိုက်တဲ့ လယ်ကန်သင်းမှာ မြင်းနီနှင့်ညနေဆီကို စိုင်းသီလို့ ပြေးလေ့ မြင်လိုက်ကဲ့နော် ခေါင်းပေါ်မှာ တစ်ရာကျေးနှင့် ထူးလို့ ယဉ်ကျေးလေ့'*

ဆောမြို့စား လယ်ဝန်မင်း ဦးစီ ရေးသည့် ကောက်စိုက်ဗုံကြီးသံတွေထဲမှာ ပျိုလေးတို့ကောက်စိုက်ရာ လယ်ကွင်းတွေဆီကို မြင်းတစ်စီးနှင့် ရောက်လာတတ်သော နန်းတွင်းသား ကိုလုပျိုတို့ အကြောင်းတွေ ပါတတ်ပါသည်။

*'ပျိုလေးတို့ကောက်စိုက်ရာ လိုက်လာနှင့်လေး... လိုက်လာလျှင် ရွှံ့စင်ရော့မယ်ပေါင်းကြော့ယဉ်သွေး'*

ဥဒယကျေးရွာစာပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကလည်း လယ်ကွင်းတွေထဲ ခေါင်းပေါင်းကြော့ကြော့ ခေါင်းမော့မော့နှင့် ရောက်လာသူကို ဖွဲ့တာပဲမဟုတ်လား။ ရှေးက ရှင်ဘုရင်တွေ လယ်ထွန်မင်္ဂလာ ဆင်းသခိုက် နန်းတော်သားတို့ ကန်သင်းလုံးညွှတ် ကွင်းလုံးညွှတ် ပါကြရမြဲပင်။ နန်းတော်သားတွေဆိုတော့ ပုဆိုးကလည်း ပုဆိုးကောင်း၊ ခေါင်းပတ်ပဝါ အုပ်ပေါင်းကလည်း အကောင်းစား။ လယ်ထွန်မင်္ဂလာပြီးတော့လည်း နန်းတော်သား ကိုလူပျိုတို့ လယ်ကွင်းတွေဆီ ဟန်ရေးပြ ရောက်လာကြပုံရပါ၏။ မြင်းနီတစ်ကောင်နှင့် ရောက်လာတတ်သော ကိုလူပျိုက ကျေးတစ်ရာ ခေါင်းပေါင်းကလေး ပေါင်းလိုက်လို့။ ယဉ်ကျေးလိုက်တဲ့ လူ့နှယ်၊ ချောလိုက်တဲ့ လူ့နှယ်လို့ ကောက်စိုက်မကလေးတွေ ရင်ခုန်ကြပုံကလည်း ချစ်စရာ။ ခေါင်းပေါ်မှာ တစ်ရာကျေးနှင့်ဆိုတာက ကျေးတစ်ရာ ခေါင်းပေါင်းပဝါကို ဆိုလိုပါသည်။

ကျေးတစ်ရာခေါင်းပေါင်း...။

ကျေးငှက်ရုပ်ကလေးတွေ မဲခဲဖျင်စမှာ အကွက်ကျကျ ရက်ယှက်ထားသော ပဝါအုပ်ပေါင်းဆိုတော့ လှမှာပေါ့။ ကျွန်မတို့ အဘမှာ ကျေးတစ်ရာ ပုဆိုးတစ်ထည် ရှိသည်။ တော်ရုံ ပွဲလမ်းမင်္ဂလာကိစ္စမရှိဘဲ ကျေးတစ်ရာပုဆိုးကို ဝတ်လေ့မရှိ။ အဘ လူပျိုဘဝကတည်းက ဝတ်သည့် ပုဆိုးထင်ပါရဲ့။ ကျေးတစ်ရာပုဆိုးကို အဘ အင်မတန် မြတ်နိုးသည်။ အဘ အရွယ်ရသည်အထိ အဘဝတ်တာ ကျွန်မတို့ မီလိုက်သေးသည်။ ဝတ်ပြီးသည်နှင့် ခေါက်ရိုး





မပျက် ပြန်ခေါက်ပြီး ပရုပ်လုံးနှင့် ထားလေ့ရှိသည့်ပုဆိုးပင်။ အဘ ကျေးတစ်ရာပုဆိုး ဝတ်ပြီဆိုလျှင် အင်မတန် ကျက်သရေရှိသည်။ လည်ကတုံးအင်္ကျီဖြူ၊ မဲခံ ကျေးတစ်ရာပုဆိုးနှင့် ပင်ဖြူတိုက်ပုံက အဘကိုယ်တိုင် မင်္ဂလာစကား ပြောရတိုင်း ဝတ်ဆင်လေ့ရှိသည့် ပွဲတက်ဝတ်စုံဖြစ်၏။

ကိုလိုနီခေတ်က ယောနယ်ထွက် တိုင်းရင်းဖြစ်ပုဆိုးများ ခေတ်စားလာသည်။ ဂျီစီဘီအေ ဝံသာနုအသင်းကြီးက တိုင်းရင်းဖြစ်များဝတ်ဆင်ကြရန် နှိုးဆော်သည့်အခါ ပင်နီဖျင်နှင့် ယောလုံချည်ကို အဝတ်အဆင် များလာကြသည်။ မည်းရောင်၊ ချိတ်ရောင်၊ ခိုပြာရောင်၊ ဒေါင်းစိမ်းရောင်အခံတွင် ကျေးရုပ်ကလေးတွေ ပြောက်ထိုးထားသော ပုဆိုးဆင်ကို မြန်မာအမျိုးသားရေးစိတ် ရှိသူတိုင်း ဝတ်ဆင်ခဲ့ကြသည်။ ယောပုဆိုးမှာ ဗလာဆင်နှင့် အပြောက်ဆင် နှစ်မျိုးရှိရာ ကျေးတစ်ရာက အပြောက်ဆင်ဖြစ်၏။ ယောနယ်က 'ပွင့်ထိုး' ခေါ်ကြသည်။ ခွေးခြေရာ၊ စံပယ်ပြောက်၊ နှင်းဆီပြောက် ဒီဇိုင်းတွေ တစ်ခေတ်မှိန်တော့ ကျေးရုပ်ကလေးတွေ ပြောက်ထိုးရက်လုပ် ဝတ်ခဲ့ကြသည်။

ငှက်ရုပ်ကလေးတွေ ပြောက်ထိုးတော့ ကျေးတစ်ရာပုဆိုးဖြစ်ရပြီ။ ရှေးက ယောထည်စစ်ပုဆိုးတွေက နှစ်နံ့စပ်ဖြစ်၍ စက်ရက်ကန်းခေတ်မှာတော့ မန္တလေးမြောက်ပြင် တောင်ပြင်ထွက် တစ်နံ့တစ်စပ်တည်း ရက်ကြသည့် ယောပုဆိုးတွေ အဆင်စုံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောနယ်ထွက် ယောထည်က သဘာဝထွက် အမြစ်အခေါက်အပင် အရွက်တွေကို အသုံးပြု၍ ရိုးရာနည်းဖြင့် ဆေးဆိုးခဲ့ကြသည်။

"ကျေးတစ်ရာပုဆိုးက တစ်ထည်ဆိုတစ်ထည် ကျက်သရေရှိသယ်…တစ်ထည်ကတစ်ထည် ဝယ်ဖို့ရာလည်း မလွယ်ပါဘူး ငါ့မြေးရယ်…သည်ပုဆိုးဝတ်တော့ လူမျိုးစိတ်ပေါ်သယ်…မြင်ရသူတွေမှာလည်း စိတ်အေးငြိမ်းသယ်… ကျေးဆိုသာက ကြက်တူရွေးရုပ်ကလေးတွေ ထည့်ရက်သာကို ပြောသာ"

ကျေးတစ်ရာပုဆိုး တသသနှင့်ရှိလေတိုင်း အဘက ရှင်းပြလေ့ရှိပါ၏။ ကျေးဆိုသာ ကြက်တူရွေးကိုပြောသာ ငါ့မြေးရဲ့ဆိုတာနှင့် မပြီး။ ကြက်တူရွေးတွေအကြောင်းလည်း ပြောပြတတ်ပါသည်။

"ကျေးများက နှုတ်သီးက ပေါက်ပွင့်ရောင်…ကိုယ်လုံးက ဒေါင်းစိမ်းရောင်နဲ့ အင်နန်လှသယ်…၊ ကြက်တောတဲ့၊ ကျေးကြုတ်တဲ့၊ ကျေးတမာတဲ့၊ ကျေးကုလားတဲ့၊ ကျေးကုလားမတဲ့၊ ကျေးသန္တာတဲ့…တစ်မျိုးနဲ့တစ်မျိုး ကွဲသယ် …ဖောင်းကား၊ တမာ၊ ကျေးချုတ်၊ ကြက်တော၊ ကုလား ကျေးပုဏ္ဏား ဆိုသာလည်း ရှိသေးသယ်…အဘတို့ရွာဟောင်းကို ဖောင်းကားကုန်းခေါ်ကြသာ ကျေးတွေ တရုန်းရုန်း ရှိတဲ့နေရာမှာ ရွာတည်လို့ ခေါ်သာလို့လည်း လူကြီးများပြောကြရဲ့…ဖောင်းကားမြက်ပင်တွေ ပေါတဲ့တောလို့လည်း ဆိုကြရဲ့…"





ကျေးတစ်ရာ…။

အမျိုးသားလွတ်မြောက်ရေးကာလ ဝံသာနုမိတ်ပုံ၊ ရိုးရာဆင်၊ ပြည်တွင်းဖြစ်၊ ယဉ်ယဉ်သန့်သန့်နှင့် ဆန်းလှသည့် ရက်ကန်းထွက် အဆင်ဆန်း။ ရတနာပုံခေတ်တုန်းကလည်း ကျေးတစ်ရာဆင် ခေါင်းပေါင်းရှိခဲ့တာဆိုတော့ နောက်ပိုင်းခေတ်တွေမှာ ရှေးအဆင်ကို ကူးစက်ရယူခဲ့ခြင်း ဖြစ်တန်ပါ၏။ 'ခေါင်းပေါ်မှာ တစ်ရာကျေးနှင့်ထူးလို့ ယဉ်ကျေးလေ့…' တဲ့။

'ကျေးတစ်ရာ'ဆိုသည့်အမည်ကို နှစ်သက်မြတ်နိုးစွာဖြင့် ကျွန်မ၏ ရသစာစုများ ခေါင်းစဉ်အဖြစ် ပေးဖို့ရာ ကျွန်မ ရွေးချယ်လိုက်ပါသည်။ အခုတော့လည်း ကျွန်မကြုံခဲ့သမျှ ရွာလေ့တွေ၊ ကျွန်မဖတ်ခဲ့သမျှ စာလေ့တွေ၊ ကျွန်မရောက်ခဲ့ရသည့် ခရီးအချို့နှင့် တွေးမိသမျှ အတွေးစတွေကို ပုဆိုးများ အနံစပ်သလို စပ်ရင်း တစ်စုတစ်စည်းတည်းဖြစ်အောင် စီစဉ်နိုင်ခဲ့ပါပြီ။ ခေါင်းစီးကိုလည်း 'ကျေးတစ်ရာ' ရသစာစုများလို့ ပေးလိုက်ပါပြီ။

'ကျေးတစ်ရာ' ရသစာစုများ ခေါင်းစဉ်ပေးမိပြန်တော့ ကျွန်မစာအုပ်မျက်နှာဖုံးမှာ ရှေးက ကျေးတစ်ရာပုဆိုးဆင်ကလေး တင်ချင်မိသည်။ ကျေးတစ်ရာပုဆိုး ဘယ်မှာရှာရပါ့။ ကျွန်မတို့မျက်စိရှေ့မှာ ဝတ်သူဆင်သူ နည်းကြလို့ပဲလား၊ ကျေးတစ်ရာဆင် ရယ်လို့ အထွက်ကျဲရော့လားမသိ၊ တွေ့ရခဲသလိုလိုတော့ ရှိရပါပြီ။ ဝတ်ဆင်သူတွေ ဝတ်ဆင်ကြတုန်းပါဆိုလျှင်လည်း ကျွန်မဖြင့် ရှာရခက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပုံများ...။ မိတ်ဆွေများကို အကူအညီ တောင်းရသည်။ နောက်တော့ ဆရာဂျိုဇော်နှင့် ညီမ မကြည်ကြည်တင် ဇနီးမောင်နှံက ရွာထားပြီဖြစ်ကြောင်း ဖုန်းဆက်အကြောင်းကြားလို့ အမရပူရမြို့ရှိ ဆရာတို့နေအိမ်ကို ပြေးရပါသည်။ အမရပူရ ရွှေခဲရပ်က အမေ ဒေါ်မြရင် နှစ်ပေါင်းများစွာကတည်းက သိမ်းဆည်းထားသော ကျေးတစ်ရာပုဆိုးတစ်ထည် တွေ့ရလို့ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

ကျေးတစ်ရာပုဆိုး ဆိုသော်လည်း ကြက်တူရွေးရုပ်ကလေးတွေ မဟုတ်ပြန်ပါ။ ဟင်္သာငှက်ရုပ်ကလေးတွေ ဖြစ်နေလို့ ကျေးတစ်ရာ ဖြစ်စေရန် ကြက်တူရွေးရုပ်ကလေးတွေ အစားထိုးပြီး ညီမငယ် မိုးသူဇာ က မျက်နှာဖုံးဒီဇိုင်း ဖန်တီးပေးခဲ့သည်။ သည့်အတွက် ကူညီခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ပါသည်။

ကျွန်မ၏ စာမူများကို ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာများ၊ သရုပ်ဖော်ပုံ ရေးဆွဲပေးခဲ့ကြသော ပန်းချီပညာရှင်များနှင့်တကွ ကျွန်မ၏ စာဖတ်ပရိသတ်များကို ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

*မြကျေးတစ်ရာ အလှတေးကဗျာ ခါခါသံချို ကြွေးနိုင်ကြပါစေ။*

■

**ခင်ခင်ထူး**

၂၀၁၂ ခုနှစ်၊ မေလ၊ မန္တလေး



# ရွာမလေး

www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်လှည်း

## (၁)

မန္တလေးမှာ လေကလေး မှုန်၊ ဥတုကလေး ပျက်၊ တောင်လေကလေး ဖြူးလာတော့ အခါရက်ရောက်တော့မှာပါလား ဆိုသည့်စိတ်ကလေး ဝင်လာမိပါ၏။ မန္တလေးမှာ အနေကြာခဲ့သည်မို့ ဟိုအရင် မန္တလေးသင်္ကြန်ကိုလည်း လွမ်းမိရသည်။ ကျွန်မတို့အိမ်ရှေ့က ပိတောက်ပင်ပျိုကလည်း သည်နှစ်တော့ ပွင့်လိုက်စမ်းမဟဲ့ ဆိုသည့်ပုံနှင့် ရွက်နုတွေ ကဗျာကသီထိုးနေခဲ့ပြီ။ ပိတောက်ပင် ဆိုပြန်တော့ ရွာက 'တောပိတောက်ပင်ကြီး'ကိုလည်း သတိရရပြန်ပါ၏။ ဘာကြောင့်မှန်းမသိ။ ကျွန်မတို့တစ်ရွာလုံးက သည်ပိတောက်ပင်ကြီးကို တောပိတောက်ပင်လို့ပဲ ခေါ်ကြပါသည်။ တောထဲ (ရွာအပြင် ခပ်ဝေးဝေး အခင်းစပ်) မှာ ပေါက်နေသည့်အတွက်ကြောင့်များလား။ သူ့အရောင်က အဝါတစ်မျိုး။ သင်္ကန်းတော်ရောင်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ သီတင်းရောင်လို့လည်း သုံးကြပါ၏။ အပွင့်စွာသည်။ ရနံ့ကလည်း ကြိုင်လှသည်။

"မြို့ကပိတောက်တွေက ကုလားပိတောက်တွေ...တို့ရွာက တောပိတောက်ကမှ ဗမာပိတောက်အစစ်...အမွှေးကလည်း ရက်စက်သယ်"

ကြီးတော်ကတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်လေ၏။ တောပိတောက်ပင်ကြီးက ရွာအရှေ့တစ်ခေါ်က ဘုရားကုန်းတော်နှင့်နီးသည်။ သည်စေတီတော်ကိုတော့ ရွာက သင်္ကြန်စေတီ မခေါ်ဘဲ သင်္ကြန်ဘုရားခေါ်ကြပါ၏။ သင်္ကြန်အခါကာလမှာ တည်တော်မူခဲ့လို့ပဲလား၊ တောပိတောက်ပင်ကြီးကြောင့်ပဲလား မသိရပါ။ သင်္ကြန်ဘုရားတဲ့။ သင်္ကြန်ဘုရားက ရွာနှင့်လှမ်းသောကြောင့် တစ်နှစ်ပတ်လုံး အရောက်အပေါက်နည်းကြသော်လည်း အခါရက်နီးပြီဆိုလျှင် ဘယ်သူကမှ မတိုက်တွန်းရဘဲ ရောင်တော် ဖွင့်ကြတော့သည်။ ဒါကိုပဲ တာဝန်တစ်ရပ်လို နှစ်စဉ် ကုသိုလ်ယူကြသည်။

*'မကြီးတို့ လာကြအေ...မလေးတို့လာကြအေ...ရွှေဥရွာအလှူပေးလို့ မလေးခင်မောင်းသံကြွေးတယ်...နားထောင်ကြဟော...'*

*'နားထောင်မယ်အေ, ထောင်မယ်အေ...လှူ့ရပ်မြေဂုဏ်နှံ့မွှေးအောင်...ဥဒယမြေဂုဏ်နှံ့မွှေးအောင်...နားဆင်ရန်လှူစုဝေးတယ်...ကြားချင်လှသေး'*

ကျွန်မတို့ရွာတွေမှာတော့ ဆယ့်နှစ်ရာသီပွဲတော်တွေ လစဉ်မပျက် စီကာစဉ်ကာရယ်လို့တော့ မရှိပါ။ သင်္ကြန်တာကူး၊ နှစ်ဦး





ညောင်ရေ၊ စာပုလွေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုံး၊ ဝှလုံးသဲပုံ...စသော ပွဲတော်များတွင် သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ ဆီမီးပွဲ၊ ကထိန်ပွဲတွေလောက်သာ လုပ်နိုင်ကြသည်။ လုပ်နိုင်သည်ဆိုရာမှာလည်း အခင်းထွက်သီးနှံကလေးတွေ အထွက်ကောင်းသည့်နှစ်တွေမှာ စည်စည်ဝေဝေ ရှိလှသည်။ အသီးဖျင်းဖျင်း ဥဖျင်းဖျင်းနှစ်တွေမှာ စိတ်ရှိသလောက် မလှူနိုင် မတန်းနိုင်ကြ။ ပွဲတော်ဆိုသော်လည်း ပျော်ဖို့ရွှင်ဖို့ထက် လှူဖို့တန်းဖို့သာ စိတ်ရှိကြသူတွေပင်။ ရပ်ထဲရွာထဲကလူတွေ၊ အဝေးက ရောက်လာကြသော ဧည့်သည်တွေကို ကျွေးချင်မွေးချင်ကြသည်။ ဘုန်းကြီးကျောင်းတွေမှာတော့ ပွဲတော်ရက်ဆိုလျှင် အညာမုန့်တွေ မောက်မောက်သာလျှံတော့သည်။

ကျွန်မတို့ မန္တလေးရောက်တာ ကြာပါပြီ။ အခါရက်တွေဆိုလျှင် အမေက ရွာကမုန့်တွေကို လွမ်းစကား ဆိုလေ့ရှိ၏။ မောင်းတင်းကုပ်၊ မောင်းပက်လက်တွေမှာ အပျိုတွေ တရှန်းရှန်း၊ မိန်းမကြီးတွေ တအုန်းအုန်း။ တစ်ရွာလုံးက မောင်းတွေ တကျွိကျွိ တကျောင်းကျောင်း ရှိတတ်သည့်ရက်တွေ မဟုတ်လား။

"မုန့်ဖက်ထုပ်များတော့အေ...ငါ့အစ်မ မငွေကြည် အဖြစ်ပေါ့...ရွာထဲက သူတကာမုန့်ဖက်ထုပ်နဲ့ကို မတူသာ...ဆေးပိုင်ပြီး နပ်ပျောင်းနေသာ...အတွင်းက ဌာပနာကလည်း မြေပဲနဲ့ ထန်းလျက် အချိုးပြေချက်တော့...တစ်ထုပ်လောက်စားလိုက်ရင် ရင်ထဲ တင်းတိမ်သွားသာပဲ...လွမ်းပါ့အေ"



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖက်ထုပ် တစ်ထုပ်ကို ယူကြည့်လိုက်လျှင် ဘယ်ထောင့်က ကြည့်ကြည့် တြိဂံပုံကျသည်။ အနားတွေညီတော့ အထုပ်လှသည်။ တည်းစပ်ကလေး ထိုးထားသော မုန့်ဖက်ထုပ်ကပင် အနုပညာဆန်လှပါသည်။ တည်းစပ်တွေက ဝါးကိုလည်း သုံးသည်။ ဆူးဖြူချောင်း သန်သန်ကြီးတွေကိုလည်း သုံးသည်။ ဆူးဖြူချောင်းကို အဆိပ်ပါသည့် အချွန်ဘက်က ဖြတ်ထားတော့ စူးမိ ခိုက်မိမရှိ။ မုန့်ဖက်ကို ဖြေလိုက်တော့ မုန့်သားက ဆင်စွယ်နှစ်ရောင် ပေါက်နေတတ်ပါ၏။ စားတော့ကော။ အမေပြောလည်း ပြောစရာ။ စားလို့ကောင်းလှသည်။ မုန့်ဖက်ထုပ်က ရွာဘုရားပွဲ၊ ကျောင်းပွဲ၊ နတ်ပွဲတကာမှာပါတော့ ပွဲတော်သင်္ကေတ ဖြစ်ရပါ၏။ သင်္ကြန်အခါတော်မှာတော့ ပြောစရာမရှိပြီ။ သူ့အိမ်ကလည်း မုန့်ဖက်ထုပ်၊ ကိုယ့်အိမ်ကလည်း မုန့်ဖက်ထုပ်။ မုန့်ဖက်ထုပ်တွေ အထွက်တိုးကြလေ၏။

အခါကြီး ရက်ကြီးလို့ အမေတို့ သုံးတတ်တာလည်း အဓိပ္ပာယ်ရှိသည်။ သင်္ကြန်အခါသည် မြန်မာနှစ်သစ်ကူးချိန်ဖြစ်၏။ ကောင်းသောနှစ်သစ်ကို မျှော်မှန်းကြသည်။ နှစ်ဟောင်းတုန်းက အညစ်အကြေးတွေ စင်ပါမှ၊ အညံ့တွေ ပြေပါမှ၊ မရှိဆင်းရဲ၊ အလိုမပြည့်ခြင်းဆင်းရဲ၊ လိုခြင်းဆင်းရဲ ကင်းပါမှ။ ဘဝမှာ ဖြောင့်ဖြောင့်စင်းစင်း မရှိချင်နေပါစေ၊ ကွေးကွေးထဲက ကောက်ကောက်လောက်ဆိုလျှင် ကျေနပ်နိုင်ကြသူတွေပင်။ သင်္ကြန်အခါတော်ရက်မှာ ကုသိုလ်ကောင်းမှု ပြုရေးသာ ပဓာနဖြစ်ပါ၏။ အခါတော်ရက်တွေမှာမှ ဘုရားစင်မှာ ချိတ်ထားသော ပုတီးဟောင်းကို ကိုင်နိုင်ကြသူတွေ၊ လည်မှာဆွဲနိုင်





ကြသူတွေ၊ ဥပုသ်ကျောင်းမှာ စိတ်ဖြောင့်လက်ဖြောင့် သီလယူနိုင်ကြသူတွေက အများစုမဟုတ်လား။

"အခါရက်တွေလောက် အေးအေးနေရသာပါအေ…
တစ်နှစ်လုံး ကောင်းကင်ကြည့်လိုက် မြေကြီးကြည့်လိုက်နဲ့
ဘဝကုန်ကြရသာပါ…သည်တစ်နှစ်တော့ ဟုတ်ကောင်းပါရဲ့
ဆိုသာနဲ့ ကျင်းယက်နေကြရသာများ ခရီးမဆုံးနိုင်ဘူး"

အခါရက်တွေမတိုင်ခင်က ကုသိုလ်ယူကြသူတွေလည်း ရှိကြသည်။ တချို့က ရွာလမ်းတွေမှာ ထိုးသမျှ ဆူးကိုင်း မြွားကိုင်းတွေကို ခုတ်ကြသည်။ လမ်းဘေး ကိုင်းကျသမျှ ဆူးခက်သစ်ခက်တွေကို သင်ကြဖျင်ကြသည်။ ရွာရေတွင်းတွေ ဆယ်ကြသည်။ ကိုယ့်စည်းရိုး၊ သူ့စည်းရိုး အမြင်သပ်ရပ်အောင် တုတ်ကြနှောင်ကြသည်။ လယ်ယာသုံးပစ္စည်း၊ လှည်းသုံးပစ္စည်းတွေ ရေနံသုတ်တန်သုတ်၊ သိမ်းတန်တာသိမ်းကြပြီ။ တင်း၊ တောင်း၊ ဆန်ကော၊ ဆန်ခါတွေ အိမ်ထရံမှာ ချိတ်ကြပြီ။ အိမ်မ၊ အဖီ၊ ပဲမှော်တိုက်၊ နွားစာကျင်း၊ တင်းကုပ်တွေ မိုးကြပြီ။

"မုန့်ဗန်းထဲ သံချောင်းထည့်ဦးဟေ့…နို့မို့ မုန့်ချဉ်တတ်သယ်"

မုန့်မှုန့်ဗန်းတွေထဲကို အိမ်ရိုက်သံတစ်ချောင်းစီ ထည့်တတ်ကြတာကလည်း ဘာသဘောများပါလိမ့်။ သံချောင်းထည့်ထားတော့ မုန့်မချဉ်ဘူးဆိုတာကလည်း ဘယ်တုံး ဘယ်အခါ ဘယ်သူက စခဲ့သည်မသိ၊ ဓလေ့ပင် ဖြစ်နေပါပြီ။ ရွာဆူဖြိုးသည့်နှစ်တွေမှာ မုန့်တွေ ထမ်းပိုးနှင့် ထမ်းထုတ်ရလောက်အောင် များသော်လည်း မသောင်သာ



www.burmeseclassic.com

www.burmeseclassic.com



သည့်နှစ်တွေမှာ မောင်းထောင်ချိုင့် တစ်လုံးစာလောက်သာ လုပ်နိုင်ကြပါ၏။ ဒါကို စတီခေါ်ကြသည်။ ပြောသာပြောရတာ စတီနှစ်တွေက ခပ်များများ။

"သည်နှစ်တော့ စတီပဲဘုရား…ကောက်ညှင်းဈေး ဆီဈေးကလည်း သိကြားမင်း ဦးမာဃ ခါးတောင်းအကျိုံ တက်ချိတ်နေသာ…ကိုယ်တော်တို့ ကြည့်သာ ဘုဉ်းပေးကြတော့…နောက်နှစ်များ အခါကောင်းလောက်ပါရဲ့"

"သုဓိတာတို့ သုမာလာတို့ ဖြုတ်အချခိုင်းလေ မကြီးပုံရဲ့…ခင်ဖျားနှယ် လွယ်လွယ်လေးဟာကို"

"သုဓိတာတို့တောင် နတ်သုဒ္ဓါ ဆီမဆမ်းနိုင်လောက်ဘူးထင်ပါရဲ့ဘုရား"

ကိုယ့်ရွာက ကိုယ့်ကိုယ်တော်တွေဆိုတော့ ရွာ့အလေးရွာချိန်ခွင် သိတော်မူကြသည်။ ကုံလုံသည်ဖြစ်စေ၊ စတီဖြစ်စေ ရွာ့မုန့်အမျိုးမျိုးကတော့ တစ်အိမ်တစ်လက်ဆွန်းနှင့်ပင် များရတော့သည်။ ကျောင်းပေါ် မုန့်ဗန်းရွက်လာကြသမျှ၊ ဆွမ်းပွဲပို့ကြသမျှ လှူယ်သူက ဒိုင်ခံလှယ်ကြရပါ၏။ တစ်ရွာတစ်ရွာ ရောက်နေကြသည့် တပည့်ရင်းတွေကလည်း လှည်းလှူကြုံ၊ လူလှူကြုံနှင့် အလှူအကပ် ရောက်လာတတ်တာလည်း ရှိသည်။ သည်ရွာ သည်ကျောင်းက သည်ဆရာတော်ဘုရားများက ကန့်ကူလက်လှည့် သင်ပေးလိုက်သောစာနှင့် အထိုက်အလျောက် လူလုံးလုကြရတာဆိုတော့ ဘယ်မြို့ ဘယ်ရွာရောက်ရောက် အခါတော်ရက်တွေမှာ ကျောင်းရိပ်ကန်ရိပ် ပြန်ရောက်ကြတာ များပါ၏။





"ဘယ့်နှယ့်တုံး ဒကာမကြီးမမြတင်…ခင်ဖျားအိမ်သားကော လုပ်ရေးလုပ်ခင်း အဆင်ပြေရဲ့လား…"

"မြို့ရောက်တော့လည်း အရှန်းမလွတ်ပေါင်ဘုရား…မြို့နေရသာ ရှိသာပါဘုရား…ငါးပိတစ် ဖြစ်သာတောင် အမြီးကလေး ခတ်ရတုန်းပါဘုရား…အခါရက်တော့ ရွာခြေပြန်ကပ်ရသာပဲ…တတ်စွမ်းသမျှ ကုသိုလ်လည်းပြုရင်း ရွာမုန့်လည်း စားရင်း…ရွာလေလည်း ရှူရင်းပေါ့ဘုရား"

ကျွန်မတို့မိသားစု မြင်းခြံမှာနေတုန်းကလည်း အခါရက် ရွာပြန်ကြရသည်။ မန္တလေးရောက်တော့လည်း ဖြစ်အောင် ပြန်ကြတာများပါသည်။ အမေက ရွာလေလည်း ရှူရင်းတဲ့။ မြို့လေက မွန်းလှ ထင်ပါရဲ့။

(၂)

ကျေးလက်တောရွာတွေမှာတော့ သင်္ကြန်အခါသမယသည် ပျော်ပွဲရွှင်ပွဲထက် သန္တိသုခကို ခံစားကြသောပွဲ ဖြစ်ပါ၏။ သင်္ကြန်မတိုင်ခင်ကတည်းက ကုသိုလ်စိတ်ဖြင့် ငြိမ်းအေးမှုကိုသာ ရှာဖွေကြရပါသည်။ အကြိုနေ့ ညနေစောင်းမှာ ရွာအရှေ့တောထဲက သင်္ကြန်ဘုရားကိုသွားလို့ အတာအိုးပို့ကြသည်။ အတာအိုးကလေးရဲရဲစိုစိုမှာ တမာ၊ မြေစာ၊ အုန်း၊ သပြေ၊ သီး၊ မာလကာ စသည့် သင်္ကြန်ကြိုပန်းတွေ တဝေဝေ။ ရွာထဲကနေ အတာအိုးကလေးတွေ ရွက်ပြီး တဖျောက်ဖျောက် ထွက်လာလိုက်ကြတာ ရွာအထွက်တောလမ်းတစ်လျှောက် လူချင်းဆက်မိကြပါပြီ။ သင်္ကြန်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်မှာ အတာအိုးကလေးတွေ တွန်းတွန်းတိုက်တိုက် ပူးကပ်ကာ သကြန်ပန်းချင်း ဆက်ကြပြီ။ ပျော်တတ်သူတွေက အတာအိုးပို့ပြန်သူတွေကို ရေစောင့်လောင်းဖို့ ရေပုံးတွေ၊ ရေခွက်တွေဆွဲပြီး တောလမ်းကလေးက ကြိုနှင့်ကြပြီ။ ကလေးတွေကို အိုးမည်းသုတ်ပြီး စ,ဖို့ လက်ဖဝါးတွေမှာ ထမင်းအိုးဖင်၊ ဟင်းအိုးဖင်တွေကို ပွတ်လာကြသူတွေလည်း ရှိ၏။ ရေလိုက်လောင်းလို့ ပြေးကြ၊ လဲကြကွဲကြ၊ အိုးမည်းပေလို့ ကလေးတွေ ငိုကြဖြင့် ဆူညံစွာ ပွက်လောကြီးရိုက်လျက် ရွာသကြန်အကြိုပွဲ မည်းမည်းကြီး လှုပ်လေတော့သည်။

သကြန်ရက်များအတွင်း လူကြီးသူမတွေက ဥပုသ်ကျောင်းသွားကြသည်။ အပျိုမတွေကတော့ လူလုံးမပြဝံ့ကြဘဲ အိမ်တွင်းအောင်းကြကုန်၏။ ရေလောင်းချင်ကြသော ရွာကာလသား လူပျိုမသိုးတသိုးတွေက ရွာလယ်ကောင် ညောင်ပင်ကြီးမှာ ဖလားကိုယ်စီပြင်ကြပြီ။

"အိမ်တွင်းအောင်းတဲ့အပျိုတွေ…မုဆိုးဖိုနှင့် ညားပါစေ"

"အိမ်တွင်းအောင်းတဲ့ အပျိုတွေ…မုတ်ဆိတ်ကြီးနဲ့ ညားပါစေ…"

မုဆိုးဖိုနှင့် ညားကာမှညားရော၊ မုတ်ဆိတ်ကြီးနှင့် ညားကာမှညားရော ဘယ်အပျိုမှ မထွက်ကြပါ။ ကာလသားတွေကလည်း အပျိုမတွေ ထွက်မလာမချင်း အိမ်ရှေ့မှာဝဲကြရင်း သံပြိုင်တွေ အော်ကြဟစ်ကြတော့သည်။ အပျိုတွေကလည်း ဆောင်းက ပန်းကိုပင် အမြင်မခံ။ သည်ကြားထဲ ပက်ခွင့်ရကြသူတွေလည်း ရှိပါ၏။ မောင်ဖားတွေကိုယ်တိုင်က နှမအပျိုတွေကို ဆွဲထုတ်ပေးကြ၍ဖြစ်သည်။ အပျို





တွေခမျာ ရေပက်တွေငြိမ်သွားတော့မှ ကိုယ့်အိမ်ထဲကိုယ် ပဲပြာစရာရှိပြာကြ၊ ဆန်ရွေးစရာရှိ ရွေးကြ။ ဒါကိုပဲ မရအမိ ချောင်းပက်ကြသူတွေက ရှိသေး၏။ ကိုယ့်အိမ်ထဲဝင်ပြီး မိရှေ့ဖရှေ့ မောင်ဖားတွေရှေ့ ရေကို ပုံးလိုက်လောင်းချသော်မှ စိတ်မဆိုးကြရ။ ပက်လိုက်ရတဲ့သူကလည်း ပျော်လို့။ သကြန်ရက်မှာ ဟိုဘက်ဝိုင်းတိုက်က ရေလောင်းကြလို့ ဝါးခနဲ၊ သည်ဘက်ဝိုင်းတိုက်က ရေလောင်းကြလို့ စီခနဲ အသံတွေ ထွက်ထွက်ကျလာတတ်သည်။ ရေလောင်းပွဲတွေဘက်က ဝေးခနဲ ဝါးခနဲ အော်ကြသမျှ မမြင်ရဘဲ ပျော်ကြရသည်။

"ကာလသားတွေက ပေါစိန်သမီး ဖောင်းလန်မကို ဝိုင်းပြီး ပက်ကြသာပါအေ…သူကလည်း ပက်ချင်စရာကိုးအေရဲ့… မျက်နှာ ကလရွှေကပ်ထားသလိုအတိုင်း…ကတည်းမှ…"

နည်းနည်းကလေး မြို့ဆန်လို့ ကလက်တက်တက်နိုင်သူကို ဖောင်းလန်မ ခေါ်ကြခြင်းဖြစ်သည်။ ရွာအပျိုမတွေခမျာ အလွန်အကျွံ အလှပြင်မိတော့လည်း အကဲ့ရဲ့ မလွတ်ရှာကြပါ။ ရွာကသဘောလမ်းကျနေတော့ မြို့နှင့် အကူးအလူး ရှိကြသူကလေးတွေ မဟုတ်လား။ ခေတ်ဝတ်ခေတ်စားကလေးဝတ်ပြီး မျက်နှာကို ခေတ်မျက်နှာချေ လိမ်းကြတာတွေ များကြလေပြီ။ လိုတာထက်ပိုလျှင်တော့ ဖောင်းလန်မ စာရင်းဝင်ပြီသာမှတ်တော့။ အနေရိုးကြတော့ အမြင်ရိုးကြသည်။ ယဉ်ကျေးမှုအသစ်တွေကို ချက်ချင်းလက်ခံနိုင်ကြသူတွေ မဟုတ်တော့ အမြင်မတော်သမျှ ဆင်တော်နှင့်ခလောက် ဖြစ်ရလေသည်။ မျက်နှာမှာ ကလရွှေ (ကုလားရွှေ) ကပ်ထားတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက အရောင်တလက်လက်ထွက်သော ခေတ်မိတ်ကပ်တွေ တဖျပ်ဖျပ် လူးထားသူကလေးတွေကို ပြောခြင်းဖြစ်၏။

"အခါရက်ထဲဗျာ မျက်နှာက မီးပန်းလွှတ်ထားသလိုအတိုင်းပဲ…အင်္ကျီဝတ်ထားသာလည်းကြည့်ဦး…ရင်ဘတ် ဟပြဲနဲ့…မရှက်ကြရှာလား"

"မိန်းကလေးဆိုသာ လှချင်သာကောတော်…ကျုပ်တို့တုန်းကလည်း လှသယ်ထင်သာ သည်လိုပြင်ကြသာပဲ…အခါရက်မို့ပြင်သာပေါ့…အလကားနေရင်း ပြင်နေပါ့မလား"

အပြစ်တင်သူက တင်သလို၊ ခွင့်လွှတ်သူက လွှတ်သည်။ ခေတ်ဗီဒီယိုကားတွေက ကူးစက်တာလည်း ပါပါ၏။

ညနေတိုင်လျှင်တော့ ရေခပ်လမ်းမှာ သင်္ကြန်ပွဲကြီး စည်ကားနေတတ်သည်။ အိမ်သုံးရေ၊ နွားရေ မဖြစ်မနေ ခပ်ကြရတာဆိုတော့ အပျိုတွေရော၊ သားသည်မအေတွေပါ ရေခပ်ဆင်းကြရပြီ။ သည်အချိန်မှာ သားသည်မအေတွေ ရေမရွှဲ၊ အပျိုတွေသာ ရွှဲရွဲကြလေ၏။ ရေကလည်း ရွာအနောက်ဘက်အခြေ ဧရာဝတီမြစ်ကြီးစီးနေတော့ ဖောသီလောသီ ကြိုက်သလောက် ခပ်လောင်းပါလေ့။ ရေတစိုစို၊ သဲတရှပ်ရှပ်နှင့် ကူသယ်ခေါက်သယ် ရေခပ်ဆင်းကြရသော အပျိုမတွေကလည်း ရေလောင်းသူ ကာလသားတွေထဲက တစ်ယောက်ကို ရွက်ရေအိုးထဲက ရေဖြင့် သွန်းလောင်းသည်။

ရွာခေတ်စက်တွေက တွဲတေးသိန်းတန်၏ သီချင်းတွေ မိုးမွှန်အောင် အလုအယက် သံလုံးချင်းထပ်အောင် ဖွင့်ကြသည်။





အခါတွင်း ငါးရက်ထဲက တစ်ရက်ရက်မှာတော့ မိုးဖျန်းရက်နှင့်ကြုံလျှင် ရွာရှေ့က တောပိတောက်ပင်ကြီးပွင့်လေပြီ။ တောပိတောက်ပွင့်တွေက ပွင့်ဖတ်သေး၍ အပွင့်စိတ်သည်။ အရောင်ရင့်သည်။ နနွင်းရောင် ထိန်ထိန်တောက်နေခြင်းဖြစ်၏။ မွှေးလိုက်တာလည်း မပြောနှင့်တော့။ တောပိတောက်ပင်ကြီးက ရွာအရှေ့တောထဲမှာဆိုတော့ ညဦး မိုးကလေး တစ်ဖြောက် နှစ်ဖြောက် ကျလျှင်ပင် မနက်စောစောထ၍ ပိတောက်ပွင့်၊ မပွင့် ပြေးကြည့်ကြရတာအမော။ ပိတောက်များ ပွင့်ပြီဆိုလျှင်တော့ မခူးချင်သူ မရှိ။ တစ်ခက်တစ်ညှာ မပန်ချင်သူ မရှိ။ နှစ်ဦးက ပွင့်ဦးဆိုတော့ ဦးဦးဖျားဖျား ရှိချင်ကြလေပြီ။ ပွင့်တာကလည်း အားရချင့်စဖွယ်။ တစ်ပင်လုံး ဝင်းထိန်လို့။ အပင်က ဘုံဆိုင်ဆိုတော့ ဘယ်သူခူးခူး, ခူးကြပါလေ့။ ကျွန်မတို့ငယ်ငယ်ကလည်း အခါရက် တောပိတောက်ပင်ကြီး ပွင့်ပြီဆိုလျှင် အပင်ခြေ အရောက်သွားကာ မော့ရမြဲပင်။ ထဘီ တိုတိုပါအောင်ဝတ်ပြီး တက်ခူးလိုက်ချင်စမ်းလှ။ တကယ်တော့ မလွယ်ပါ။ အပင်က နှစ်ထမ်းရင့်လှပြီ။

ကြုံရာလူက ပိတောက်ကိုင်း တက်ချိုင်ကာ လှည်းတစ်စီးတိုက် တင်လာလျှင် တစ်ရွာလုံးက တစ်ခက် တစ်ကိုင်း မျှပါ,ကမ်းပါတောင်းတတ်ကြပါ၏။ ပိတောက်လှည်းကို အပျိုတွေဝိုင်းနေတော့ လှည်းဆရာ ကာလသားလည်း ဖိုးညိုမြ ဖြစ်ရလေသည်။

"တို့ရွာက မစံပွင့်သား ငအေးတို့များ အကျည်းတန်လွန်းလို့ ဘယ်အပျိုကမှ သိုးသိုးသီသီ အစမခံဘူး…ကြိုက်ဖို့ဆိုတာ ဝေလာဝေးရော…ငအေးကလည်း အပါး…သင်္ကြန်



www.burmeseclassic.com

www.burmeseclassic.com



ရက်တွင်း တောထဲက ပိတောက်ပင်ကြီး ချောင်းနေတော့သာ...ပိတောက်များပွင့်ပြီဆိုရင် လှည်းကောက်တဲ့ပြီး ပိတောက်ပန်းတွေ သွားချိုင်တော့သာပဲ...ငအေးလှည်း ပိတောက်ပန်းတွေနဲ့ ရွာထဲဝင်လာရင် အပျိုတွေက ပြေးဝိုင်းကြသာကိုး...၊ ကိုအေး...ကျုပ်ပေးစမ်းပါ တစ်ကိုင်းလောက်, ကျုပ်ပေးစမ်းပါ တစ်ခက်လောက်နဲ့...အိုအေ...ငအေးမျက်နှာကြီးဆိုသာ ပျားတုပ်ခံထားရသလိုအတိုင်းပဲ...ဖီးဖီးထလို့"

ကျွန်မတို့ရွာမှာ တစ်ခါတလေမှ ထီပေါက်သလို အလုပ်အကိုင်ကလေး အဆင်ပြေတာမျိုးရှိလျှင် "ငအေး ပိတောက်လှည်းလိုပါကွာ...ပွင့်တုန်း ခဏပါ" လို့ ပုံနိုင်းတတ်ကြသည်။ ပိတောက်ပွင့်သောနေ့မှာ တစ်ရွာလုံး ပိတောက်နံ့တွေသင်းပြီး သင်္ကြန်ရိပ်တွေ လွှမ်းနေလေတော့သည်။

(၃)

ရေလောင်းရက်တွေ ပြီးသွားတော့ နှစ်ဆန်းတစ်ရက်နေ့ကို ရောက်လေပြီ။ ရွာလယ်မှာ ခုတင်ကြီးတွေ စပ်ကာပူးကာ ခင်းကြပြီ။ တစ်ရွာလုံးက ပရိတ်အိုးတွေရွက်ကာ ပို့နှင့်ကြရသည်။ ညနေခင်းနေအကျမှာ ဆရာတော်ကြီးများ ကြွရောက်ကာ ပရိတ်တရားရွတ်တော်မူကြသည်။ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲတွေကို လှည်းတွေ၊ နွားတွေ၊ မောင်းစင်၊ မြက်စင်းစင်ပါ မကျန်စည်းခြံတစ်ဝင်းလုံး ချည်ကြ၊ နှောင်ကြ၊ ပက်ကြ၊ ဖျန်းကြ၊ တစ်နှစ်





လုံး အန္တရာယ်ကင်း ဘေးရှင်းပါစေကြောင်း ဆုမွန်ကောင်း တောင်းကြသည်။ တစ်နှစ်တစ်ခါ သင်္ကြန်ရေက ဆေးကြောပေးသွားသဖြင့် သန့်ရှင်း စင်ကြယ်သွားသလို၊ ပရိတ်တော်ကြောင့် အမှောင့်ပရောဂတွေ စင်လေပြီလို့ ရိုးရိုးသားသား ယုံကြည်ကြသည်။

နှစ်သစ်တစ်ဖန် ကူးရပြန်ပါပကော...။ ခေတ်ဟောင်းနှစ်ဟောင်းက ကန့်လန့်ကာကြီး၊ တင်းတိမ်စောင်ကြီး ဖယ်လိုက်ရသလို ရှိကြရပြီ။ သင်္ကြန်လက်ဆေးမိုး တစ်မလောက်များ ရွာလိုက်လျှင် ယာမြေကိုင်းခင်းတွေ မြေတစ်ကြော့လှန်ရတော့မည်။ သစ်စေ့သစ်နှံ ကြဲရတော့မည်။ အမေပြောသလို ကောင်းကင်နှင့်မြေကြီး အကဲခတ်ရတာနှင့်ပင် တစ်ရာသီ တစ်နှစ်ပတ်လုံး ကျုံးကျုံးရုန်းရုန်းရှိကြရတော့မည်။

"နှစ်တွေကလည်း မြန်လိုက်သာအေ...ငအေး ပိတောက်လှည်းလိုပဲ...တစ်လှည်းလုံးမောက်အောင် ခုတ်လာတဲ့ပိတောက်ပန်းတွေ ရှေ့...တစ်ခက်, အင့်...တစ်ခက်ပေးသာနဲ့ ကုန်သလို...တစ်ရက် တစ်ရက် မျှော်ရမောရသာနဲ့ ဘဝကုန်ကြရသာ...တစ်နှစ် ကောင်းနိုး၊ တစ်နှစ်သောင်သာနိုးနဲ့ အနာများ ငန်းမန်းလိုက်သလို ကိုက်ရခဲရသာနဲ့ပဲ စုတ်တသပ်သပ် ရှိရသာပါအေ"

မြို့မှာလို သင်္ကြန်မဏ္ဍပ်ကြီးတွေ၊ သင်္ကြန်တေးတွေ၊ သင်္ကြန်အကတွေ မြိုင်မြိုင်ကြီး မကြားကြရသော်လည်း တောသင်္ကြန်ပီပီ မေတ္တာစေတနာနှင့် ပျော်ကြသည်။ မေတ္တာစေတနာနှင့် မော်ကြသည်။ မေတ္တာစေတနာနှင့် အေးမြကြသည်ပင်။ တူးပို့တူးပို့သံတွေ ညံနေသော



www.burmeseclassic.com

www.burmeseclassic.com



မြို့သင်္ကြန်အသံတွေကြားက တောသင်္ကြန်ကို ကျွန်မ လွမ်းနေမိခြင်း ဖြစ်ပါသည်။

သည်အချိန်ဆိုလျှင် ရွာမှာ သင်္ကြန်ဘုရားကို ရောင်တော်ဖွင့်ကြရော့မည်။ တောပိတောက်ပန်းတွေလည်း ဖူးကြ ငုံကြရော့မည်။ မိုးတစ်ပြိုက်စဉ်လျှင် ပန်းပိတောက်တို့ သက်န်းတော်ရောင်ဖြင့် အပွင့်တွေ ဝေရော့မည်။ ပိတောက်ရနံ့တွေ သင်းရော့မည်။ တစ်ခါက ပိတောက်လှည်းကို အပျိုတွေ ဝိုင်းခဲ့သည့် ငအေးပင်ဘကြီးအေး ဖြစ်နေလောက်ပြီ။

"အမေ...ရွာမှာ ပိတောက်လှည်း ဘယ်သူမောင်းနေပြီလဲ မပြောတတ်ဘူး..."

"ရှိမှာပေါ့အေ...လူပျို အပျိုဆိုသာ...သစ်သီးများလို တုံးသွားသယ်မှ မရှိသာ"

ဟုတ်ပါရဲ့။ ပိတောက်ခူးသူနှင့် ပိတောက်ပန်သူတွေဆိုတာ သင်္ကြန်လိုပဲ နှစ်တိုင်းမှာ ရှိကြစမြဲ မဟုတ်လား။ ပိတောက်လှည်းမောင်းမယ့်သူကလည်း ပွင့်လာမည့်ပိတောက်ပန်းကို ချောင်းနေဦးမှာပဲ မဟုတ်လား။ သင်္ကြန်ရက်တိုင်း ပိတောက်တွေ ပွင့်ကြစေချင်ပါသည်။ ရွာသင်္ကြန်လို့ပြောလျှင် အခါပိတောက်၊ အခါမုန့်ဖက်ထုပ်၊ အခါအတာအိုး၊ အခါပရိတ်အိုးတွေသာ ရွာ့နိမိတ်ပုံ ဖြစ်ရသည်။ ထိုရိုးရှင်းမှုကပင် လွမ်းစရာဖြစ်ရပါ၏။

*မန္တလေးအရှက်ဦးကျွန်ယံ၊ ဧပြီ ၂၀၀၉*





## ပုန်းညက်ပွင့်လျှင်

ကျွန်မတို့အိမ်ခေါင်းရင်းတွင် စိုက်ထားသည့် ပုန်းညက်ပင်ကလေး သည်နှစ်ဝါဝင်ကာနီးမှာ အပွင့်တွေပြလာခဲ့ပြီ။ အပင်ကပင်ပျိုကလေးဖြစ်၍ ပုန်းညက်ပန်းပွင့်ရန် နှစ်နည်းနည်းလောက်တော့ စောင့်ရဦးမည် ထင်ခဲ့သော်လည်း စောစောပွင့်ခြင်း ဖြစ်ပါ၏။ လျှပ်စစ်မီးလာချိန်နှင့် ရေလာချိန် တိုက်ဆိုင်တတ်သည့် မနက်ခင်းတွေမှာ ကျွန်မ ပန်းပင်တွေ ရေလောင်းလေ့ရှိပါသည်။ ပုန်းညက်ဖူး ကလေးတွေကို ဝါဦးရက်တစ်ရက်မှာ ရေလောင်းရင်း အမှတ်မထင် မြင်လိုက်ရခြင်း ဖြစ်သည်။ ပုန်းညက်ပွင့်လျှင် ဝါဝင်တော့မည်။

သည်အပင်ကို အမေလှမ်းပို့လိုက်ခြင်းဖြစ်သည်။ ကျွန်မမိဘများအိမ်မှာ ပုန်းညက်ပင်ကြီးတစ်ပင်ရှိသည်။ အပင်ကြီးက ရင့်လှပြီဖြစ်၍ ရာသီရောက်တိုင်း ပုန်းညက်ပန်းတွေ ခဲခဲလှုပ်အောင် ပွင့်တော့သည်။ ဓွန်၊ ဓူလိုင် ကျောင်းဖွင့်ရက်များနှင့် တိုက်ဆိုင်ကာ ပွင့်တတ်



www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် ပုန်းညက်တစ်ခက် နှစ်ခက်ပန်ရင်း ကျောင်းတက်ခဲ့ရသည့် ဘဝကိုလည်း သတိရသည်။ ပုန်းညက်ပန်းကလေးတွေကို ကျွန်မ အလွန်နှစ်သက်ပါသည်။ ရွက်ရင့်စိမ်းနှင့် ပန်းပုလဲဥဖြူဖြူသည် လိုက်ဖက် တင့်တယ်လွန်းလှပါ၏။

"တို့တစ်ရွာလုံး ပုန်းညက်ပင်မရှိတဲ့အိမ် မရှိဘူး…ပုန်းညက်တွေပွင့်ရင် တစ်ရွာလုံး ပုန်းညက်နံ့ကို လှိုင်လို့…ဘုရားတွေမှာလည်း အခက်လိုက် ကိုင်းလိုက် ချိုးလှူကြသာ… တို့ဘုန်းကြီးကျောင်းတွေ ဝါဆိုရင် ပုန်းညက်ပန်းတွေကို ညောင် ရေအိုးတကာ ဖွေးဖွေးလှုပ်လို့ ဝါဆိုနံ့ကလေးကို ရလို့ တော်…"

အမေ့စကား မှန်ပါသည်။ မြစ်ဘက်ဆီက ရေတိုးလို့ လိုက်တက်လာတတ်သည့် ရေညှိနံ့နှင့် ပုန်းညက်ပွင့်နံ့သည် ဝါတွင်း ရနံ့လို့ပင် ဆိုလောက်ပါ၏။ ရွာခံမိန်းမသားတကာလည်း ပုန်းညက်ပန်းတွေ ပေကြလို့။ ဝါဦး ဝါဖျား ပုန်းညက်နှင့် ယင်းမာတွေက ရာသီပန်းများ ဖြစ်ကြသည်။ ဝါဝင်တော့မည့် နိမိတ်ဆောင် ပန်းတွေလည်း ဖြစ်ပါ၏။ ပုန်းညက်ပန်းတွေ ပွင့်လျှင် လူတိုင်း ပျော်ကြရသည်။ ကိုယ့်အိမ်က ပုန်းညက်ပင်က ပန်းတွေပွင့်တာကပင် အတိတ်ကောင်း နိမိတ်ကောင်းဆောင်သလို ခံစားကြသူချည်းပင်။

"နင်တို့ကသာ ပုန်းညက်ပန်းတွေ ပွင့်ရင် ပျော်နေတာ… ငါကတော့ စိတ်ညစ်တယ်…ပုန်းညက်ပွင့်ရင် ဝါမကျွတ်မချင်း ဘုန်းကြီးကျောင်း သွားနေရတော့သာဟ…"





ကျွန်မ အစ်ကိုဝမ်းကွဲ မောင်ကြီးငွေ ပြောနေကျစကား ဖြစ်သည်။ ကျွန်မတို့ငယ်ငယ်က သူ သည်လို ညည်းညူပြီဆိုလျှင် များမလည်တော့ ပုန်းညက်ပွင့်တာ စိတ်ညစ်စရာလားလို့ တွေးမိခဲ့ကြသည်။ နည်းနည်းသိတတ်တော့မှ သဘောပေါက်ရပါ၏။ မောင်ကြီးငွေက ဝါဝင်လျှင် အရက်ဖြတ်ရသည်။ ဝါတွင်း လေးလ အရက်သောက်ခွင့်ပါမစ် အပိတ်ခံရသည်။ ကျွန်မတို့ ဘကြီးဘုန်းကြီးများက စာတတ်ဘုန်းကြီးများဖြစ်၍ ရွာကျောင်းမှာ သီတင်းသုံးကြပေရာ ရွာထဲရပ်ထဲက အရက်သောက်ကြသူ ကျသား နှောင်မယ်၊ တပည့်တပန်းများကို ဝါတွင်းသုံးလ အရက်အလှူခံလေ့ရှိပါသည်။

သည်ဓလေ့ ဘယ်ဆီဘယ်ဝယ်ကတည်းက ထွန်းကားခဲ့မှန်း မသိရသော်လည်း ကျွန်မတို့ လူမှန်းသိတတ်သည့် အရွယ်မှာပင် သည်ဓလေ့က အသားကျနေပါပြီ။ ဝါဝင်တော့မည်ဆိုလျှင် ရွာအရက်သမားများအဖို့ရာ ရှုံးမိန့်ထုတ်စရာမလိုတဲ့ အလိုအလျောက် လိုက်နာပြီးသား ဖြစ်ကြရသည်။ လိုက်လည်းလိုက်နာကြသည်။ ဦးကြီး၊ ဘကြီး၊ ဘထွေး ရဟန်းတော်များက လက်တစ်ကမ်း မျက်တစ်ကမ်းမှာ ရှိတော်မူကြသဖြင့်လည်း မလိုက်နာဘဲ မနေဝံ့ကြပါ။ ရွာတွင်းမှာ မူးနေသတဲ့ မူးနေသတဲ့ဆိုလျှင် ကြိုးကြိမ်ဖြင့် တုတ်နှောင်ခေါ်သွားစရာ မလိုပါ။ ဘယ်သူဘယ်ဝါ မူးနေသည် ကြားသည်နှင့် ဆရာတော် ခေါ်နိုင်းလိုက်သည်ဟု ကျောင်းကပ္ပိယကြီးကို လွှတ်လိုက်ရုံသာ။ ဆရာတော်ခေါ်သည် ကြားရပြီဆိုကတည်းက သောက်ထားသည့်အရက်တွေလည်း ရေဖြစ်ရတော့ပြီ၊ အော်ဟစ်ရမ်းကားနေသူဆိုလျှင်လည်း မီးကို



www.burmeseclassic.com

www.burmeseclassic.com



ရေနှင့်ငြိမ်းတာကမှ ဖျိုးဖျိုးဖျစ်ဖျစ် မြည်သေးသည်။ ချက်ချင်း အမူးပြေကာ ကွမ်းတစ်ယာဝါးရင်း ကျောင်းကို အရောက်ပြေးရသည်။

"သာဓု…"

"ဘုရား…"

"မင်း…ဝါတွင်းကြီး အရက်သောက်ပြီး မူးရမ်းနေသဆို ကွ…"

"မူးမိပါသယ်ဘုရား…မရမ်းပါဘူးဘုရား"

"မင်း သည်တစ်ကြိမ် ရှိပစေ…ဟောသည်မှာ ကြိမ် တွေ့ လား…မင်း ဝါတွင်းတစ်တွင်းလုံး အရက်ဖြတ်ပါ့မယ် ကတိပေးနိုင်မလား…ပြော"

"ပေးနိုင်ပါသယ်ဘုရား"

"သေချာရဲ့လား"

"သေချာပါ့ဘုရား"

သေချာပါ့ဘုရားဆိုတာ သေချာ၍ ကတိပေးခြင်းဖြစ်သည်။ မသေချာလျှင် ကျောကော့အောင် ဆုံးမတော်မူကြလိမ့်မည်။ ရွာထဲက အရက်သောက်သူ ယောကျ်ားသားတိုင်း ဝါတွင်းမှာ အရက်ဖြတ်ကြ တာတော့ မဟုတ်ပါ။ သောက်သူတွေလည်း သောက်ကြပါ၏။ သို့သော် ပေါ်ပေါ်တင်တင် မသောက်ရဲကြ။ တိုးတိုးတိတ်တိတ် သောက် ကြခြင်းသာဖြစ်၏။ တခြားအချိန် အရက်သောက်ခြင်းထက် ဝါတွင်း အရက်သောက်မိခြင်းက အကုသိုလ်ပိုကြီးသလိုလိုပင် ခံယူကြသည်။ ဆရာတော်ကြားလို့ ခေါ်ယူဆုံးမ,ခံရလျှင်ပင် မကောင်းနိုင်တော့။





ကြိမ်စာ ကြိုးစာမိရုံဖြင့် မပြီးသေး။ ကုဋီသန့်ရှင်းခြင်း၊ ကျောင်းဝင်း တံမြက်တလင်း လှည်းခြင်း စသည့် ကုသိုလ်များလည်း ယူရသည်။ ဝါတွင်း အရက်ဖြတ်ရသည့် အလေ့က နောက်တော့လည်း အသိစိတ် ဖြင့် စောင့်ထိန်းကြခြင်းဘက် ကူးလာခဲ့ရာက အခုတော့ ယဉ်ကျေးမှု ပင် ဖြစ်ရပါပြီ။

ကျွန်မ အစ်ကိုဝမ်းကွဲ မောင်ကြီးငွေ ပြောသည့်စကားက လည်း ပုန်းညက်ပွင့်လျှင် ဝါဝင်တော့မည်။ ဝါဝင်လျှင် အရက်ဖြတ်ရ မည်။ ဒါကြောင့် ပုန်းညက်ပွင့်လျှင် စိတ်ညစ်သည်ဟု ပြောခြင်းဖြစ် ပါသည်။ တကယ်စိတ်ညစ်တာတော့ မဟုတ်၊ စကားအရာ 'စ'ခြင်း သာ ဖြစ်ပါ၏။ အရက်ကြိုက် လူသူတွေပေသိ ဝါတွင်း အရက်ဖြတ် ခြင်းကို ကုသိုလ်ယူခြင်းတစ်မျိုးလို့ သဘောထားနိုင်ကြပြီ။ ဝါတွင်း ဥပုသ်သီလ ဆောက်တည်ကြမည့် ရွာသူရွာသားများ ဘုန်းကြီးကျောင်း ကူးရာလမ်းကို သူတို့ပင် ရှင်းလင်းလေ့ ရှိကြသည်။ ကျောင်းဝင်း အတွင်းက သစ်ကြီးဝါးကြီးတွေ ခုတ်ချိုင်ကာ မိုးတွင်း ရေကြီးခါသုံးဖို့ ထင်းတွေ ပေါက်ကြ၊ ခွဲကြတာလည်း သူတို့ပင်။ ပုန်းညက်ပန်းတွေ ခူးကာ ဘုရားအိုးတွေ ဝေအောင်ထိုးကြတာလည်း သူတို့ပင် ဖြစ်၏။

ရွာကလည်း ဝမ်းသာကြသည်။ ဆွေဆွေမျိုးမျိုးတွေက လည်း ဝမ်းသာကြသည်။ မိသားစုတွေကလည်း ဝမ်းသာကြသည်။ ဗုဒ္ဓဘာသာဝင်များအဖို့ ဝါတွင်းကာလကို ဥပုသ်သီတင်း ယူကြရုံ သာမက မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်ကြသည့် အမွန်အမြတ် ကာလလည်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်ပန်းများ တစ်နှစ်လုံးပွင့်ရင် အခက်ပဲ ငါ့နှမရေ…အရက်ကို သောက်ရမှာ မဟုတ်တော့ဘူး"

"မသောက်နဲ့ပေါ့ မောင်ကြီးငွေ့ရ…၊ မကောင်းတာ ရာသက်ပန် ဖြတ်ရမှာပေါ့…"

"အဲသလိုတော့ မရသေးဘူးဟ…ငါ့ အရက်ဖိုးပေးခဲ့ပါဦး…ဝါမဝင်ခင် သောက်လိုက်စမ်းပါရစီ"

တစ်နှစ် ပုန်းညက်တွေ လှိုင်လှိုင်ဝေအောင် ပွင့်သည့်ရက်တွင် ကျွန်မတို့မိသားစု ရွာရောက်တော့ မောင်ကြီးငွေနှင့် တွေ့ခဲ့ခြင်း ဖြစ်သည်။ မောင်ကြီးငွေက အသံကောင်းလှသည်။ ရွာအလှူတွေမှာ ဗုဒ္ဓဝင်ခင်းလျှင် ဘုရားဖြစ်တော်စဉ်ကို ကြည်ညိုလောက်အောင် သီဆိုနိုင်သူ ဖြစ်သည်။ ဓာတ်ပြားသီချင်းတွေလည်း ရလှသည်။ မောင်ကြီးငွေ အရက်သောက်လွန်ရာက အသံတွေ ပျက်လာသည် ဆိုသည့်သတင်း မန္တလေးကို ရောက်လာတော့ ကျွန်မ စိတ်မကောင်း ဖြစ်ရသည်။ ဘယ်လောက်ပဲ အရက်ကြိုက်တယ်ဆိုဆို ဝါတွင်းချိန်မှာတော့ မောင်ကြီးငွေတို့လို နေ့မူးမူး ညမူးမူးတွေ အရက်ပြတ်ကြပါ၏။ အချို့က သက်သတ်လွတ်ပင် စားကြသည်။ သည်လေ့ မပျက်သေးဘူးဆိုလို့ ဝမ်းသာရသည်။

ကျွန်မတို့အိမ်က ပုန်းညက်ပင်ကလေး ပွင့်ပြီ။ အစ်ကို အရက်သမားကြီးကိုပင် လွမ်းမိရပါ၏။

မန္တလေးအရှေ့ကျိုးကျွန်းပယ်၊ ရှလိုင် ၂၀၀၉





# ဆွမ်းခံလေ့

ကျွန်မတို့ မန္တလေးမှာ ဝါဝင်ခါနီး မိုးမရွာဘဲ လေတွေသာ တိုက်နေပါ၏။ မိုးတွေညို့သော်လည်း မိုးမပါ။ လေက တဟူးဟူး။ မြစ်ထဲမှာတော့ မြစ်ရေတွေ လှိုင်းကြီးရှော့မည်။ သည်လေကို မိုးပို့သည့်လေဟု ကျွန်မတို့မိဘများက သုံးကြသည်။ အောက်ပြည်အောက်ရွာ ပင်လယ်အရပ်ဆီက ပင်လယ်နှင့်ဝေးသော အထက်အညာကို မိုးပို့သည့်လေဟု ဆိုချင်တာ ဖြစ်ပါသည်။

သည်လေက ခါတိုင်းတိုက်နေကျလေနှင့်မတူပါ။ သည်လေမိလျှင် ညောင်းတတ် ညာတတ်သည်။ ပုံမတော်လျှင် ဖျားနာတတ်သည်။ သစ်ပင်ပန်းပင်တွေလည်း မဖူးဝံ့ မပွင့်ရဲအောင် ရှူးရှူးအတိုက်ခံရသော လေဖြစ်သည်။ အပွင့်ကင်းကလေးတွေ 'ထွတ်' သွားတတ်သလိုပင် အပွင့်ဘဝ ရောက်ပြန်တော့လည်း လန်းလန်းလတ်လတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ဘယ်လိုစာတတ် သဘာဝမှန်းတော့ မသိပါ။ လေတိုက်နေသည့်ကြားက အုံ့ပျက်ပျက် ဥတုထဲမှာပင် အိုက်လှောင်လှသည်။ လေတိုက်တာ ငြိမ်သွားလျှင် တော့ မိုးလိုက်လာတတ်ပါသည်။

မိုးဦးလေဦး…လေဦးမိုးဦး…။

သည်နှစ်ကတော့ လေဦးသည့်နှစ်ပင်။ လေက အရင်ဦးနှင့်ပြီ။ ပြီးလျှင်တော့ မိုးလိုက်လာပါစေဟု ဆုတောင်းရသည်။

သည်ရက်ထဲ စစ်ကိုင်း ရွှေကြက်ယက်ရောက်တော့ မြစ်ရေတိုးတာ မြင်ခဲ့ရသည်။ ဂဘာဒိုက် (ကမ်းပါးတိုက်) တိုးနေတာတော့ မဟုတ်ပါ။ မြစ်ရေစပ်စပ် တိုးနေခြင်းသာ ဖြစ်ပါ၏။ လှေတွေ၊ မော်တော်တွေ၊ ဖောင်တွေက မြစ်မမှ ခွာကြကာ ရိုးကြား၊ ချောင်းကြား၊ မြစ်ကျိုးကြားတွေထဲ လေခိုကြရသည်။ ဖောင်ပြန့်တွေပင် ပါပါ၏။ လက်ကြွင်းလက်ကျန် ရှေးလှေကြီးတွေပင် မြင်ခဲ့ရတော့ မိဘများ၏ လှေဘဝ တက်ဘဝကိုပါ သတိရမိသည်။

ရေနံရည် ဝနေအောင် သုတ်ထားကြသော ရွာလှေကြီးတွေ ရွာခြေမှာ ကြက်တောင်စိုက်ကြ ပြီဆိုလျှင် လှေကြီးတွေပေါ် ကျွန်မတို့ ရောက်ကြရသည်။ တစ်ရွာ တစ်ရွာက ပါလာသည့် ကရေကရာမုန့်တွေ၊ ညတရာမုန့်တွေ၊ မုန့်ခဲဖွယ်တွေ၊ မုန့်ဆီကြော်တွေ ပါလာတတ်ကြ၍ ဖြစ်ပါသည်။

"ဒါ…ကိုရင်ညို့သမီးလား…ညည်းမိဘများ နေကောင်းကြလား…မလယ်က ကိုပေါတို့ မသန်းရင်တို့လှေက





ပေးလိုက်သာလို့ပြော…အခု ညည်းအမေတို့ ရွာမှာရှိလား…"

"မရှိဘူး…မြင်းခြံမှာ…အခု အဘတို့ဆီ လာနေတာ"

"အေး အေး…ပြောလိုက်…ကြားလား"

ရွာခြေလာစိုက်သမျှ လှေတွေကို ကျွန်မတို့ မသိနိုင်ကြသော်လည်း လှေတွေကတော့ ကျွန်မတို့ မိဘဘိုးဘွားများကို သိကြသူတွေချည်းပင်။ လှေရွာတွေ ဆက်နေသည့် မြစ်နားတန်းရွာတွေမှာ ဆယ်ချင်သည့် ရွာကပ်။ လှေအချင်းချင်းဆိုတော့ စောင့်ရှောက်ကြမြဲဖြစ်သည်။ လှေတွေ လေခိုကြလျှင် တစ်ခါတစ်ရံ ရက်များစွာကြာတတ်သည်။ လှေကြီးလှေငယ်တွေ ပြန်ခွာကြပြီဆိုလျှင်တော့ မြစ်ကမ်းပါးသည်လည်း ငှတ်တုတ် ခေါင်းစင်း။ ဘာကိုလွမ်းရမှန်းမသိ။ ခါတိုင်း အော်ကြဟစ်ကြ။ ဖွပ်ကြလျှော်ကြ၊ မီးခိုးတလူလူသီချင်းတဟိုဟိုရှိသည့် မြစ်ကမ်းနားလည်း 'ဟုတ်'ခနဲ ငြိမ်လေသောသည်။

မြစ်နားရွာတွေဆိုတော့ ရွာကို ရေဝင်တာ မဆန်းပါ။ မိုးကောင်းသည့်နှစ် မြစ်ရေတွေ ကြီးပြီဆိုလျှင် ရွာထဲ ရေဝင်သည်။ ရေက ရွာကို ကျော်ကာ အရှေ့ကွင်းကိုဖြတ်၍ တိုးတန်သလောက်ပါးမြေတိုး တိုးနေကျ။ ထိုအခါ မြစ်ရေဝင်တာကြာလျှင် ကြာသလောက် နုံးနုမြေ ကျန်ရစ်ပြီ။ သည်မြေကြောင့် ပဲတွေ၊ နှမ်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်တွေ ရကြလှပေါ့။ ရေမတိုးသည့် နှစ်များလာတော့ ရေဝင်သည့်နှစ်တွေက ပြောစရာ လွမ်းစရာ ဖြစ်ရပါ၏။

"ငါ့ညီမနယ်…ရေမဝင်သာ ကြာလှပေါ့…သုံးလေးနှစ် ရှိပြီ…သည်နှစ်တော့ ရေဝင်မယ့် တွက်ကြသာပဲ"

သည်ရက်ထဲမှာ ရွာကရောက်လာသော အစ်မက ပြောပြသည်။

ဟုတ်ပါရဲ့။ ရွာရေဝင်တာယ် မကြားရတာ ကြာပေါ့။ ရေဝင်ပြီဆိုသည့် နှစ်တွေဆိုလျှင် ရွာမှာ ကုန်းမမြင်ရ။ ရွာနှင့် ဘုန်းကြီးကျောင်းတွေ ကူးသည့်လမ်းတွေက နိမ့်တော့ ရေတွေ ဒလဟော စီးကြသည်။ ကွင်းတွေထဲ ရေဝင်လို့ ဝတော့ ရေက တဖြည်းဖြည်း မြင့်တက်လာရင်း ရွာထဲမှာ ဒူးလယ်၊ ပေါင်လယ်က ရင်ဘတ်လောက် အထိ ရေတွေ အီနေတော့သည်။ သည်အချိန်မှာ ရေလွတ်သည့် အမြင့်တွေမှာ နေကြရပါပြီ။ ရေက မြင့်သည်ထက် မြင့်လာတော့ လူတွေကလည်း ပိုမြင့်သည့် နေရာဘက်ကို တက်ကြရပါ၏။ ရေမြင့်လေ လူမြင့်လေ။

လှေရှာတွေဆိုသော်လည်း လက်လှော်လှေကလေးတွေက တော့ အိမ်တိုင်း မရှိကြ။ တစ်အိမ့်တစ်အိမ်ကူးတော့ ငှားစာကျင်း တိုကို လှေလုပ်ကြရသည်။ ငှက်ပျော လေးငါးပင်ကို သစ်စို့ဝါးစို့ နှင့် တွဲကာ ဝါးလုံးနှင့်လှော်ရင်း သွားကြတာလည်း ရှိသည်။ တချို့





က သည်အတိုင်း လက်ပစ်ကူးကာ အိမ်လည်ကြတာမျိုးပင် ရှိပါ၏။

ရေတွေကြီးသော်လည်း ဘုန်းကြီးကျောင်းတွေက ရေလွတ်သည်။ ရေလွတ်သည်ဆိုတာက ကျောင်းဝင်း ရေမြုပ်သော်လည်း ကျောင်းအပေါ်ထပ်ကို ရေမရောက်နိုင်ခြင်း ဖြစ်ပါသည်။ ရေကြီးခါ ဆိုလျှင်တော့ ကိုရင်တွေက ကျောင်းအောက်မှာ တစ်နှစ်လုံး မှောက်ထားရသည့် ဆွမ်းခံလှေကို သုံးကြရပြီ။ ရေပြင်ကျယ်ကြီးထဲမှာ ဆွမ်းခံလှေကလေးတွေ ဆွမ်းခံထွက်ကြတာ လှပင်လှသေးတော့ သည်။ မောင်ကျောင်းသားက လှေလှော်။ ကိုရင်က လှေဝမ်းဗိုက် ထဲမှာ သပိတ်ပိုက်။ လှေဦးမှာ မောင်ကျောင်းသားက 'ဆွမ်းတော်ဗျို့' ဟစ်၊ ကြေးစည်ရိုက်။

"ဆွမ်းတော်ဗျို့"

"ဟဲ့…အနောက်ကျောင်းလှေ ကြွလာပဟဲ့…ကိုရင်တွေ နောက်ကျလိုက်သာ"

"ကိုရင်တွေ ဆော့နေလို့နေမှာပေါ့ အမေရဲ့"

ဆော့လည်း ဆော့ကြပါသည်။ မြစ်မနှင့် တစ်ဆက်တည်း ရေတွေ ဖွေးနေတော့ ရေမကြောက်သည့် ကလေးတွေအဖို့ ဆော့ရော ရေကွင်းကြီး ဖြစ်ရတော့သည်။ တစ်ကျောင်းနှင့်တစ်ကျောင်း လှေလှော်ပြိုင်ကြ၊ ရေကူးပြိုင်ကြ။ ရေထဲမှာ ဆွမ်းခံလှေမှောက်ရတာ ဆလည်း မကြာခဏပင်။ ဆွမ်းခံလှေမှောက်သံ ကြားလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကပျာကသီ ချက်လှူကြပေရော့။ တစ်နပ်ဆွမ်းပင် လွဲရတော့မှာ မဟုတ်လား။

ရေဝင်သည့်ရက်တွေမှာ ဘယ်သူကမှ အခင်း ဆင်းစရာ မလို။ စားလိုက်ကြ၊ အိပ်လိုက်ကြ၊ တစ်အိမ့်တစ်အိမ် အော်လိုက်ကြ။

"ဝွက်မရေ…ညည်းလှေနဲ့ ငါ့ကို လာခေါ်စမ်း…၊ ငါ မြောက်ကျောင်းကို သွားချင်လို့"

လှေလိုလျှင် ဟစ်လိုက်ရုံပင်။ မြင်သည့်လှေ ကြားသည့်လှေက အိမ်ရှေ့ ရေကပြင် ဦးလာတိုက်ကြလိမ့်မည်။ ရေကြီးခါ ဟင်းတစ်မယ်ဖြစ်သည့် လက်ပံခေါင်းခြောက်နှင့် ပဲပုန်းရည်ချည်း ကျိုသောက်နေရလို့ တစ်မျိုးကြံဦးမှပါလေဆိုပြီး ချဉ်ခြင်းတပ်လို့လည်း ကောက်ကာငင်ကာ ရှိတာမဟုတ်။ ချဉ်ပေါင်တစ်ရိုး၊ ဘူးတစ်ညှာ ဆိတ်စရာ အခင်းမရှိ။ တစ်ခါတစ်ခါ ရွာတံငါတွေက ယကွင်းဖော်သည့် ငါးဖယ်အောင်းကြီးတွေ ရတတ်သည်။ ဒါဆိုလျှင်တော့ အလုအယက်။ ကိုယ်စားဖို့ မဟုတ်။ ဘုန်းကြီးကျောင်းကို ဟင်းချက်လှူချင်ကြလို့ ဖြစ်သည်။

ငါး မရလိုက်တဲ့သူတွေက "ဘုန်းကြီး ကုသိုလ်ကံပေါ့အေ…" လို့ ဆိုတတ်ကြသလို၊ ငါးရလိုက် သူတွေကတော့ "ဘုန်းကြီး လက်ပံခေါင်းချဉ်ရည်က လွတ်ရသေးပေါ့အေ…" လို့ ဝမ်းသာအားရ ပြောကြသည်။ ဆွမ်းကျွေး ဆွမ်းရံကောင်းကလေး





ရလျှင် ရဟန်းသံဃာကို ဦးဦးဖျားဖျား စဉ်းစားကြသူတွေ မဟုတ်လား။

ဆွမ်းခံလှေကလေးက ဆရာတော်များ မနီးမဝေး ကြွချင်တော့လည်း သုံးတော်မူကြရသည်။ ခရီးဝေး၊ ရွာဝေး ကြွစရာရှိလျှင်တော့ ကျောင်းလှေကြီးတွေ ရှိပါ၏။ လှေလှော်ကောင်း တပည့်ကြီးတွေက ပို့ဆောင် လှော်ခတ်ပေးကြရသည်။ ဆွမ်းခံလှေကလေး အိမ်ရှေ့ ဆွမ်းရပ်ပြီဆိုလျှင် ရေကပြင်ထွက်၍ လောင်းလှူကြရတာ ကြည်နူးစရာ ကောင်းပါ၏။ တစ်နှစ်လုံး မှောက်ထားသည့် လှေကလေးတွေဆိုတော့ ပေါက်သည့်နေရာက ပေါက်၊ ယိုသည့်နေရာက ယို၊ ပက်ခွက်ဖြင့် ခပ်ထုတ်နေကြရသည်။ ကြိုကြိုတင်တင် ပြင်ထားလို့ ကောင်းတာလည်း ရှိပါသည်။ ရေတွေ ဆုတ်သွားပြန်တော့လည်း ဆွမ်းခံလှေကလေးတွေ ကျောင်းအောက်မှာ ပိုးလိုးပက်လက်။ တစ်နှစ်လုံး ပစ်ထားသည့်နေရာ နေကြပေရော့။ နောက်နှစ် ရေဝင်ပါမှ အသက်တစ်ခါ ဝင်ကြရသည်။ ရေမဝင်ပြန်လျှင် နေကြဦးတော့။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်…။

"ကျောင်းအောက်က ဆွမ်းခံလှေတွေက ပြိုင်လှေကြီးတွေနား ကျွမ်းထိုးမှောက်ခုံ သည်လိုပစ်ထားကြသာပါအေ…ရေကလေး ပက်စိပက်စိ ဝင်ပါမှ သူတို့လည်း လှုပ်ရသာ… ရွာထဲ ရေဝင်မှ သူတို့လည်း ရွာထဲရောက်ရ



www.burmeseclassic.com

www.burmeseclassic.com



သာ…ရေဝင်တော့ ဆွမ်းခံလှေကလေးတွေလည်း ကုသိုလ်အမှုထဲ ပါခွင့်ရကြသာပေါ့လေ"

အမေက ဘာစိတ်ကူးရသည် မသိပါ။ ရွာက ဆွမ်းခံလှေကလေးတွေဆီ စိတ်ရောက်ပုံရပါ၏။ အမေပြောတော့လည်း ကျွန်မနားထဲမှာ အသံတွေကြားရ သလိုလို။

"ဆွမ်းတော်ဗျို့"

"နောင်……"

မန္တလေးအရှက်ဦးကျာနယ် ဇွန်လိုင် ၂၀၀၉





# မြေးတွေး

"ငါ့မြေးကလေး ဘုန်းကြီးပါစေ သက်ရှည်ပါစေ… ပညာတွေ တတ်ပါစေ…လူတစ်လုံး သူတစ်လုံးဘဝနဲ့ အများအကျိုး ဆောင်ရွက်နိုင်ပါစေတော်…"

အမေက ကျွန်မသမီးကလေးခေါင်းကို ကိုင်ကာ ဆုတွေပေးနေသည်။ အမေက မြေးတွေကို ဆုပေးလျှင် ခေါင်းကလေးကို ကိုင်ကာ ပေးနေကျ…။ ကျွန်မသမီး ဖွေးဖွေးက မြေးအထွေးဆုံးဆိုတော့ အမေ အိုကြီးအိုမ အရွယ်ရောက်ကာမှ ထိတွေ့ရသောမြေးဟု ဆိုရပါမည်။ သည်ကြားထဲ ကျွန်မတို့က မန္တလေးမြို့သစ်မှာ နေကြတာဆိုတော့ မြေးနှင့်ဘွားအေ တစ်လတစ်ခေါက် တွေ့ဖို့ပင် အနိုင်နိုင်…။ အမေက ကျွန်မတို့အိမ်ကို မရောက်လာနိုင်တော့ပြီ။ အသက် ၇၀ ကျော် ၈၀ နား သီသီဝေ့နေပြီဆိုတော့ အိမ်မှာပဲ ငုတ်တုတ်ရှိရပြီ။ ကျွန်မတို့ကလည်း အမေ့အိမ်ရယ်လို့ ရောက်လှချင်



www.burmeseclassic.com

www.burmeseclassic.com



စမ်းလှသော်လည်း စိတ်သွားတိုင်း ကိုယ်မပါ။ စိတ်ရောက်တိုင်း ခန္ဓာမလိုက်နိုင်။ ကျွန်မတို့ကလည်း အားပါမှ၊ သမီးကလည်း ကျောင်းပိတ်ပါမှ အမေ့အိမ် ခပ်ကျဲကျဲ ရောက်ရသည်။

အမေက မြေးတရုန်းရုန်းနှင့် နေနေကျဆိုတော့ အမေ့ဝိုင်းထဲမှာ အစ်ကိုကြီးကမွေးသော မြေးသုံးယောက်၊ မောင်အလတ်က မွေးသော မြေးနှစ်ယောက်၊ မောင်ငယ်ကမွေးသော မြေးသုံးယောက် တို့မှာ ဘွားအေနှင့် အနေနီးကြသည်။ မြေးတွေအားလုံးလိုလိုကို ကိုယ်တိုင် ကြော်လှော်ကျွေးသည်။ တစ်လုတ်တစ်ဆုတ်၊ တစ်ဖဲ့တစ်ကြွေစီ ဆိုပေသိ ကိုယ်တိုင် ဝေပေးသည်။ အဖေ ရှိတုန်းက ဆိုလျှင် အမေ့ကိုကြည့်ပြီး တဖွဖွပြောနေတတ်သည်။

"ဘယ့်နှယ်...မြေးတွေ စုစုပြီး ဒုက္ခရှာနေပါလိမ့်ဗျာ... ဘုရားရယ်၊ ကျောင်းရယ်၊ ဥပုသ်ရယ်၊ သီတင်းရယ် စိတ်မရောက်ဘူး...သူ့မိသူ့ဘ ရှိလျက်နဲ့...အရင်းထမ်း အဖျားထမ်း..."

အဖေကလည်း မြေးတွေကို ချစ်ရှာသူ ဖြစ်ပါသည်။ သို့သော် အမေက ပိုလွန်းသည်ဟု ပြောချင်တာဖြစ်၏။ အမေကလည်း မြေးဒုက္ခ အင်မတန် ခံရှာသည်။ မနက် ငါးနာရီထ၊ ထမင်းအိုးတည်၊ ဆွမ်း တစ်ဇလုံစာ ခူးပြီးသည်နှင့် မြေးတွေကို ညကကျန်သည့်ဟင်းရှိလျှင်ရှိ၊ မရှိလျှင် ပဲပြုတ်နှင့်လောကာ မနက်စာ ကျွေးလေ့ရှိသည်။ မြေးတွေ ကျောင်းသွားမှ အမေ ခဏ အနားရသည်။ ကျောင်းပိတ်ရက်ဆိုလျှင်တော့ မြေးတွေ ပွက်ပွက်ရိုက်တော့သည်။





"အမယ်ကြီး...နားဦး...သာဝကတွေအတွက် အားမွေးထားဦး...ကျောင်းက ပြန်လာကြတော့မှာဗျ...နော..."

အဖေက ရွှဲပြောလျှင် အမေက "ညည်းအဖေက ဥတစ်လုံးအေ့..." လို့ ပြောတတ်သည်။ အဖေပြောတော့လည်း ပြောစရာပင်။ မြေးတွေကို ရေချိုးပေးသည်။ မိဘများက လာစုပုံပေးထားသော အင်္ကျီအဝတ်အစားတွေကို ရွေးချယ်ဝတ်ပေးသည်။ လမ်းမုန့်၊ အိမ်မုန့် ကျွေးသည်။ အဝတ်ဟောင်းတွေ များလာတော့ အိုကြီးအိုမနှင့် ကိုယ်တိုင် လျှော်ဖွပ်သည်။

သမီး ငါးနှစ်ပြည့်သည့်နေ့က ဘုရားကြီးသွားဖူးပြီး အမေ့အိမ်ကို ဝင်ကန်တော့စေသည့်အခါ အမေက ဆုပေးနေခြင်းဖြစ်၏။

"ငါ့မြေးနဲ့က အနေစိမ်းတော့ ငါ့ကို မခင်ရှာဘူးအေ့... ညည်းတို့ နှစ်ယောက်စလုံး မအားမှန်းသိလို့ ထိန်းပေးချင်စမ်းလှအေ...ငါ့မြေးက ငါ့ဆီ နေချင်သဲ့ပုံ မပေါ်ဘူး"

မြေးရှစ်ယောက် ကိုင်တွယ်လာခဲ့ပြီးမှ မြေးထွေးကို မထိန်းရလေခြင်းရယ်လို့ တဖျစ်တောက်တောက် ပြောနေခြင်းဖြစ်သည်။ အဖေရှိလျှင် ဘာပြောဦးမည်မသိ။ အဖေဆုံးတာ (၁၅) နှစ် ရှိခဲ့ပြီ။ အဖေ့ဝေယျာဝစ္စတွေ ပြီးပြန်လို့ မြေးတွေ ဝေယျာဝစ္စ ပိုများလာသလားတော့မသိ။ မြေးတွေက ဘွားအေကြီးနှင့်သာ အိပ်ကြတော့သည်။ မိဘတွေ ပြောလို့မပြီးတာကို ဘွားအေကြီးပြောမှ ပြီးကြသည်။ မိဘတွေက ကိုယ့်သားသမီးကိုယ် အိမ်ခေါ်ချင်ကြသော်လည်း အမေ မျက်နှာညှိုပြန်တော့ ထားခဲ့ကြရပြန်သည်။ တစ်ခါတလေတော့ မြေးတွေ ပလုံစီထိုးနေတာကို ခေါင်းနောက်ပုံရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မလဲ ယားနာပေါ် ခူနာပေါက်ပါအေ…ဝိုင်းတိုက်ထဲ
မြွေတွေ လွှတ်ထားသလို့အတိုင်းပဲ…ကျွဲနွားသင်းပျက်
အထိန်းခက်…မင်းတို့ကလေးတွေ ပြန်ခေါ်ကြ…မိုးလင်း
လို့ ပုတီးမစိပ်ရဘူး…"

မပဲ့ဘတ်ပါ။ ဘယ်သားသမီးကမှလည်း ပြန်ခေါ်လို့မရပါ။ မြေးတစ်ကျိပ် နှစ်ယောက်လျော့နှင့် ပန်းညိုမျိုး ချိုးလေပွားလေ။

အမေ့ကိုကြည့်ရင်း ကျွန်မငယ်ငယ်က ရွာမှာ အမေကြီးနှင့် နေခဲ့ရတာကို သတိရသည်။ အဖေက လှေထွက်၊ အမေက ဆယ့်နှစ်ပွဲဈေးရောင်းဆိုတော့ တစ်ယောက်တည်းပါသော မိန်းကလေးမို့ ထင်ပါရဲ့၊ ကျွန်မကို ရွာပို့ထားပါသည်။ ကျွန်မကို နှစ်နှစ်သမီးလောက်ကတည်းက ပို့ထားခဲ့ခြင်းဖြစ်ပါ၏။ ကြာတော့ အမေကြီးကိုပင် အမေထင်ခဲ့မိသည်။ အမေကြီးက အိပ်ရာက နိုးသည်နှင့် အပေါ့သွား နိုင်း၊ လက်ဆေးပြီး မီးသွေးမှုန့်နှင့်ဆား ရောထားသော သွားတိုက်ဆေးနှင့် သွားတိုက်ခိုင်းသည်။ ပြီးလျှင် သနပ်ခါး မှုန်နေအောင် လိမ်းရသည်။ အုန်းဆီကလေး ပွတ်ပေးပြီး ကြက်တောင်စည်းကလေး မြောက်နေအောင် စည်းပေးသည်။ မျက်နှာသစ်သည့်အခါ 'ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ' လို့ ရွတ်ရင်း သစ်ပေးသည်။ သနပ်ခါးလိမ်းတော့လည်း ရွတ်သည်။ အုန်းဆီလိမ်းတော့လည်း ရွတ်သည်။ သည်အကျင့်က အခု ကျွန်မသမီးကို မျက်နှာသစ်ပေးသည်အထိ ပါလာခဲ့ပြီ။ ကျွန်မက မေ့လျော့နေလျှင်ပင် သမီးက မေမေ ဘုရားစာ ဆိုဦးလေတဲ့။





"မိန်းကလေးဆိုသာ မနက်မိုးလင်းရင် မျက်နှာစင်စင်
သစ်…သနပ်ခါးကလေးတင်…ဆံပင်ဖြီးရသယ်…အဝတ်
အစားများ စုတ်ချင်စုတ်ပေ့စီ သန့်သာလေးဝတ်ရသယ်…
ထမင်း စားတော့ ထမင်းလုံး မဖိတ်ရဘူး…မဆဲရဘူး…
လက်ထောက်ပြီး မမှိုင်ရဘူး"

ခသည်ဖြင့် 'ဘူး' ပေါင်းများစွာကို သွန်သင်နေတတ်သည်။ ဆောင်ရန်တွေ၊ ရှောင်ရန်တွေက များလွန်းလို့ မနည်းမှတ်ရပါ၏။ ရွာမှာနေစဉ်တစ်လျှောက်လုံး အမေကြီးသွားလေရာ လိုက်ရသည်။ ရွာထဲက လူမမာအိမ်၊ အလှူအိမ်၊ ဆွမ်းကျွေးအိမ်၊ ဆန်ဖွပ်အိမ်၊ မောင်းထောင်းအိမ်…အိမ်တကာအနှံ့ တောင်ဇေးတစ်ချောင်းလို ပါခဲ့ရသည်။ ပွဲကြိုက်သည့် အမေကြီးနှင့် အရှေ့ကြည်းတောက အမျိုးတွေရှိရာ ရွာတွေမှာ ပွဲလိုက်ကြည့်ရတာကလည်း မေ့နိုင်စရာမရှိ။ အမေကြီးက လှည်းစီးခဲ့သည်။ လှည်းကြုံတာတောင် "သွားရှောဟဲ့…ငါ လမ်းလျှောက်ချင်လို့" ဆိုပြီး လှန်လွှတ်လေ့ရှိသည်။ ကျွန်မက ခြေကျင်မလိုက်နိုင်တော့ လှည်းစီးချင်သည်။ သည်လိုဆိုတော့လည်း လှည်းပေါ် တင်ပေးလိုက်တတ်သည်။

"ငါ့မြေး ခေါ်သွားစမ်း…ဟိုရောက်ရင် လှခင်တို့အိမ်
ပို့ထားလိုက်… မင်းလက်နဲ့ လက်ရောက်အပ်ခဲ့နော်…"

လှည်းသမားက တင်လည်း တင်ခဲ့ရ၊ အပ်လည်း လိုက်အပ်ရ။

အမေကြီးကို ကျွန်မအမှတ်အရဆုံးမှာ ပိတ်စကလေးတွေ ညှပ်ကာ အဝတ်စ အရုပ်ကလေးတွေ ချုပ်ပေးခြင်းဖြစ်ပါသည်။ အမေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက အရုပ်မလို့ ခေါ်တတ်သည်။ နာမည်တွေလည်း ပေးထားပါ၏။ ဒါက ညိုပြာ၊ ဒါက နီဝါ၊ ဒါက မည်းညို။ ဖျားလို့ နာလို့ကလည်း ဆရာဝန်ရယ်၊ ဆေးဝါးရယ် ရှိတာမဟုတ်တော့ အမေကြီးပင် ဆရာဝန်ဖြစ်၏။ ကျွန်မ ယခုဘဝတစ်လျှောက်လုံး အိမ်တကာ့အိမ်က ဆေးဖက်ဝင် သစ်ရွက်သစ်ခက်၊ သစ်မြစ်သစ်ခေါက်နှင့် ကျန်းမာခဲ့ရသည်။ ကျောက်ပြင် ပက်လက်လှန်ကာ အိမ်မှာရှိသမျှဆေးမြစ်တွေ သွေးကာ အမေကြီးတိုက်သမျှ သောက်ခဲ့ရလို့များ ကျွန်မ ဝ,နေတာလားမသိ။

သမီးတို့ခေတ်မှာတော့ ကလေးဆေးတွေ များလှသည်။ ကာပေါလ်၊ ပရိုဂျက်ဆ်၊ ပီရီတွန်၊ ဘိုင်အိုဂျက်ဆစ်...။ ဗိုက်စီစီ၊ ခြောက်နာရီခြားဆိုတာတွေ ဖြစ်နေပါပြီ။

"သည်နှစ် ဘုရားပွဲရောက်မှ ငါ့မြေး ချိုးရုပ်ဝယ်ပေးရမယ်..."

ကျွန်မတို့ငယ်ငယ်က ဘယ်တော့ရောက်မည်မှန်း မသိရသော ဘုရားပွဲက ချိုးရုပ်မျှော်ရင်း တစ်နှစ်၊ တစ်နှစ် ကြီးခဲ့ရသည်။ အမေကြီး ခွံ့ခဲ့သော သနပ်ခါးနှစ်၊ ကွမ်းဖတ်၊ တေဆေး၊ သွေးဆေးတွေကိုလည်း သတိရပါ၏။ ညတိုင်လျှင် အမေကြီးက ပုံပြင်တွေပြောပြသည်။ ဘုရားစာတွေ ရွတ်ပြသည်။ ဆုံးမစာ သံပေါက်ကလေးတွေ သင်ပေးသည်။ စကားကိုး၊ စကားကား အခိုင်းအနှိုင်းတွေကိုလည်း အကြားနာခဲ့ရပါ၏။





"ပက်ပက် လှေပျက် အတိုက်ခံက်သသွဲ့...လှေပျက်လှေယိုများ ရွက်တိုက်လို့လည်း မပြေးပေါင်အေ...ရေပက်ခွက်နဲ့ ခပ်နေရသာနဲ့ ပြီးသာ..."

"ဒါကတော့အေ...ပွဲမင်းလည်း ငွေမှား...၊ ဆေးသမားလည်း သားသေ...၊ ဗေဒင်သမားလည်း နွားပျောက်...၊ ထွင်းဆောက်သမားလည်း စရွေးဓောင်း...၊ စောင်းသမားလည်း တေးမပီ...၊ ပန်းချီသမားလည်း ဟန်မကျ...ဖြစ်ရပုံများ..."

"ညည်းတို့က ငါ့ပိ မျက်နှာလုပ်သာကိုးအေ့...ရွှေရေးပန်းကန်ပေါ် ရောက်သာပေါ့..."

အမေကြီးနှင့် အတူနေရတော့ လူကြီးစကားဝိုင်းမှာလည်း ပါခဲ့ရသည်။ အိပ်ချင်တော့လည်း စကားဝိုင်းဘေးမှာပဲ အိပ်ပျော်ခဲ့ရသည်။ အိပ်ရာကနိုးတော့ တောသရေစာကလေးစားလိုက်၊ ဖန်ခုန်လိုက်၊ ကြက်ခွပ်လိုက်။ မြစ်နားကမ်းနားက ဘကြီး၊ ဘထွေးတို့ ဘုန်းကြီးတွေဆီ သွားလည်လိုက်။ အမေကြီးရင်ငွေ့ထဲမှာ ကျွန်မတို့ ကြီးခဲ့ရသည်။

ကျွန်မတို့ငယ်ငယ်က အမေ့အမေနှင့် နေခွင့်ရခဲ့သည်။ ယခုအလှည့်မှာတော့ အမေ့အမေနှင့် နေခွင့်မရတော့ပြီ။ ဘိုးဘွားရင်ငွေ့ မလှုံရတော့ပြီ။ ဘိုးစကား ဘွားစကား ကြားခွင့်မသာတော့ပြီ။ ဘိုးရိပ် ဘွားရိပ်မှာ မအိပ်နိုင်ကြပြီ။

ကျွန်မတို့ အမေ့အိမ်ကပြန်တော့ အမေက ကားနားရောက်လာကာ သူ့မြေးကို မှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေကြီးအိမ်ကို ခဏ ခဏ လာခဲ့နော် ငါ့မြေးထွေး ကလေး..."

သမီးက ခေါင်းညိတ်ပြသည်။

ပြောသာ ပြောရတာပါလေ...သမီးမျာ ဘွားအေကြီးဆီ မရောက်တာ ကြာပြန်ပါပြီ။

*မန္တလေးအရှေ့ဦးကျွန်ုဒေယ၊ ၂၀၀၉*





## မြက်တစ်ပင်

"ကမ္ဘာနှင့်အမျှ မြန်မာတို့ဒေသသည် ဇင်လပြီပြီ...နွားကျွဲကို အားမိုလျက် ဘိုးဘေးဘီအစဉ် သက်မွေးမှု တွင်သည်မှာ မျက်မြင်ပင်ဖြစ်သည်...သို့သနစ်ကြောင်းရင်း သိကြလျက် အခင်းပါကို...သနားခြင်း ကွာဝေးသည့်..."

အညာကျေးတောနေတို့၏ ဘဝရိပ်များတွင် ထင်းခွေ၊ ရေခပ်၊ နွားကျောင်း၊ ပဲရိုးတိုက်၊ ပဲနယ် စသော တောဗာဟီရ၊ ရွာဗာဟီရများနှင့် လုံးထွေးနေတတ်ပါသည်။ အရွယ်ကလေး ဆောက်လောက်လားလား ရှိကြပြီဆိုသည်နှင့် မိဝတ်ဖဝတ်ဖြစ်သော ဆောင်း ကိုင်းခင်းထဲ ရောက်ကြပါပြီ။ ကျွန်မတို့ရွာတွေက သစ်ကြီး ဝါးကြီး ပေါသည့်ရွာဆိုတော့ ထင်းခွေရတာ မပန်း။ မန်ကျည်း တစ်ပင် ချိုင်လျှင် နှစ်ပေါက်စာ မီးဆိုက်နိုင်သည်။ ရေခပ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မြစ်က ရွာနှင့်မဝေးသည့် ကာလတွေဆိုတော့ တစ်အိုးတစ်မ ပေါ့ပေါ့ပါးပါး ခပ်နိုင်ကြပါ၏။ ရွာရေတွင်းကလည်း ရေရသည်။ ဒါက လူကြီးတွေ အလုပ်။

နွားကျောင်းတာကတော့ ရွာကလေးတွေ အလုပ်လို့ပင် ပြောမည်ဆိုလျှင် ပြောနိုင်ပါ၏။ မနက်စာ ထမင်းကြော်ကို ဗိုက်ကား အောင်စားပြီးကြသည်နှင့် ထဘီကို ကျစ်ကျစ်ဝတ်ကြရင်း အိမ်နွား တွေ ဆွဲထွက်ခဲ့ရုံပင်။ နွားတွေကလည်း သိနေကြပါပြီ။ ရွာခြေ တစ်လျှောက် သန့်ချင်တိုင်း သန့်လှသော မြက်ခင်းစိုစို ပြောင်းငုတ် ချိုချိုတွေ စားကြရတော့မှာ မဟုတ်လား။ ရွာအရှေ့မြောက်ဘက် ဖောင်းကားကုန်း ခေါ်ကြသည့် တစ်ရွာတစ်ရွာအကူးကြား ကွင်းကြီး ထဲမှာ မြက်တွေ စိမ်းစိုလှပါသည်။ စေတီတစ်ဆူ ရှိသည်။ ရေးသရက် ပင်အိုကြီးတွေ၊ လဲပင်ကြီးတွေ ရှိသည်။ နွားများကို လွှတ်ကျောင်းပြီး ပြီဆိုလျှင် ကျွန်မတို့လည်း လွတ်လပ်ပြီ။ စိုက်ချိန် ပျိုးချိန်ဆိုလျှင် တော့ နွားတွေကို မကြာ မကြာ လှမ်းကြည့်ရသည်။ စိုက်ခင်းတွေထဲ ဝင်စားမှာလည်း စိုးရသေးတာ မဟုတ်လား။ အခင်းလွှတ်ချိန်ဆိုလျှင် တော့ နောက်ဆံငင်စရာ မရှိပြီ။ နွားတွေလည်း စားချင်တိုင်းစားကြ ရော့။ ကျွန်မတို့ ကလေးတွေကလည်း ကစားချင်တိုင်း ကစားကြ ရော့။ ကလေးချင်းဆိုပေသိ သူစိမ်းရယ်လို့ မပါ။ ထဘီမျိုး၊ ပုဆိုးမျိုး တစ်ကြောင်းမဟုတ်တစ်ကြောင်း သွေးသားတော်ကြသူတွေချည်း ဆိုတော့ အချင်းချင်း ချစ်ကြ ခင်ကြ ညာတာကြပါသည်။ ဒါကတော့ ကျွန်မတို့ငယ်ငယ်တုန်းက ဖြစ်ပါ၏။





မန္တလေးမှာ သည်နှစ် မိုးခေါင်လိုက်ပုံက ဝါဆိုဝါခေါင် ကြောင်ကြောင်ကြီး ရောက်တာတောင်မှ မိုးမရွာ။ မိုးတွေညို့ကာ တောင်လေ ပြင်းပြင်းတိုက်တာကလွဲ၍ မိုးတစ်မှုန်မပါ။ ရန်ကုန်မှာ တော့ မိုးတွေ သည်းလိုက်ပုံတဲ့ ကြားရပါ၏။ မိုးမရွာတော့ ရွာကို လှမ်းပူရသည်။ ရေစာ၊ မိုးစာ၊ နွားစာ၊ ဆိတ်စာ ပြည့်စုံကြရဲ့လား မသိ။ လူစာက ဈေးလို့ ငှားလို့ ရသေးသည်။ နွားစာက အတိုးကြီး ပေး ဈေးလို့တောင် မရနိုင်။

"သည်နှစ်...နွားစာရှားသယ် ငါ့နှမရာ...ကိုယ့်ရွာ ကိုယ့်စားကျက်ရယ်လို့ စိုစိုဖပ်ဖပ် မရှိတော့ ပင်ပန်းကြ သယ်...နွားစာတစ်ခေါက်စာရဖို့ ရှာရသာများ လှည်းသား ငါးရာ ကျောက်ဖျာကြီး တူးရသလိုပဲဟာ...တခြားရွာတွေ ကလည်း စားကျက် အလုမခံကြဘူး...တို့လည်း နွားစား လောက်မယ် ထင်သာလေး ရှာကြံ ခုတ်စဉ်းကျွေးသာ ပါပဲ...မရှိတော့လည်း စားကြရှာပါရဲ့...အာဟာရ မဖြစ် လို့လားတော့ မသိပေါင်ဟာ...နံရိုးချင်း ရိုက်နေကြသာ ပါ"

တစ်ရက် ကျွန်မအစ်ကို ဝမ်းကွဲနှင့် ယောက်မ ရွာက ရောက်လာရင်း ညည်းကြခြင်း ဖြစ်ပါသည်။ ကျွန်မတို့လည်း တောင်မင်း မြောက်မင်း မကယ်နိုင်။ ကြားရတာ စိတ်မချမ်းသာတာပဲ ရှိသည်။ တောင်သူအလုပ်ဆိုတာ နွားကောင်းမှ အလုပ်တွင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နို့မို့ အလုပ်ဖင့်လှသည်။ ကျွန်မတို့ ရွာတွေမှာက ကျွဲကို အသုံးနည်းပါသည်။ နွားကောင်း သန်သန်၊ နွားပေါက်လှလှ ဝဝဖြိုးဖြိုးဖြစ်အောင် လူအဆင်းရဲခံကာ ကျွေးမွေးကြသည်။ ပြောင်းရိုး၊ ပဲမှော်ရိုး၊ ဖွဲနု၊ ဖွဲကြမ်းနှင့် မြက်နုစိုစိုကလေး လောကျွေးနိုင်လျှင်တော့ အကောင်းဆုံးပင်။

တောင်သူအိမ်တွေမှာ ထမင်းအိုး ချိုးခြစ်သံကြားလျှင် နွားမျက်ရည်ကျတတ်သည်ဆိုသည့် အယူရှိသည်။ တို့သခင်များ တို့လုပ်ကျွေးနေပါလျက် ထမင်း မဝကြလေရော့သလားလို့ နွားတွေက တွေးကြသတဲ့။ ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မည်။ သို့သော်လည်း စကားက နွားနှင့်လူတို့၏ သံယောဇဉ်ကိုပြသည်ဟု ကျွန်မ ထင်ပါသည်။ သည်ခေတ် နွားတစ်ကောင်ဈေးကလည်း မသေးပါ။

"နင့်တူ ဖိုးတိုး...နွားရောင်းပြီး ဆိုင်ကယ်ဝယ်ပါမယ် လုပ်နေလို့...ငါဖြင့် မင်းတို့မို့ ပြောရက်သကွာလို့ ဆူရသယ်...နွားတစ်ကောင် လေး,ငါးသိန်းဆိုတော့ ဆိုင်ကယ်တစ်စီးရသကိုးဟ...တို့ရွာတွေကတော့ ကန်သင်းရိုး ဆိုင်ကယ်လမ်းပေါက်နေတော့ အားကျ ထင်ပါရဲ့ဟာ"

အစ်ကိုက ခေတ်ကာလ အခြေအနေကိုပါ ပြောပြနေပါသည်။ တောင်သူတွေမှာက ဆိုင်ကယ်မရှိလို့ ဘာမှမဖြစ်။ တစ်သက်လုံး ဆိုင်ကယ်မရှိဘဲ နေခဲ့ကြတာ မဟုတ်လား။ နွားမရှိလို့ကတော့ ငုတ်တုတ် ငေါ်ရုံသာ။ လှည်းဆွဲရာ၊ ဝန်တင်ရာ၊ ယာထွန်ရာ၊ ပဲနယ်





ရာကအစ နွားအသုံးတည့်လှပါ၏။ လှည်းနှင့် နွားရှိသည့်အိမ်ကို သောင်သာသူဟု သတ်မှတ်သည်။ မရှိသူတွေကိုတော့ တောင်သူပိန်တဲ့။ နွားမရှိတော့ သူများ အလုပ်တွေသိမ်းမှ ကိုယ်က စခန်းထရတာ မဟုတ်လား။ လှည်းငှားရတာ လွယ်သော်လည်း နွားဈေးတန်တော့ နွားငှားရတာ ခက်သည်။ နွားရှိပြီဆိုတော့ နွားစာကိုနှစ်ပေါက်အောင် စုဆောင်းရပြန်ပါ၏။ ပဲမှော်တိုက် ခေါ်ကြသည့် နွားစာစင် ဆောက်ကြရသည်။ အောက်ထပ်မှာ မြေဖို့၊ နွားထား၊ အပေါ်ထပ်မှာ ပဲမှော်ရိုး၊ ပဲမှော်ကြေကအစ ပြောင်းရိုးခြောက်တွေ နထားရခြင်းဖြစ်ပါ၏။

"နင်တို့လည်း ရွာကြီးကြသာပဲ...ဘယ်နှစ်ကများ နွားစာရှားလို့တုံး...မိုးခေါင်ရင် ခဏပဲ...၊ မိုးနှစ်မ,လောက်ရွာရင် မြေနူးနူး ပြောင်းစေ့တွေ ဆုပ်ဆုပ်ကြဲသာနဲ့တင် လူတစ်ရပ် တစ်လံ ထိုးထွက်လာကြသာ...သည်နှစ်တော့ မိုးမော့ကြည့်နေရသယ်"

ဟုတ်ပ့ါ။ ကျွန်မတို့ရွာလို မြစ်နီးချောင်းနီး မပြောပါနှင့်။ မြစ်ဝေးကမ်းဝေး ကြည်းတောရွာတွေမှာတောင် နွားစာရှားသည် မကြားဖူးခဲ့ရ။ သူ့မိုးနှင့်သူ့ရေ မှန်ရုံနှင့်ပင် အပင်တွေ သန်နေကျပင်။ ထန်းသီးမှည့်ချိန်များဆိုလျှင် ဓားထက်ထက်ဖြင့် ထန်းသီးခွဲ စဉ်းကျွေးကြလေ့ရှိသည်။ မန်ကျည်းပင်ရိပ်မှာ ပါးစပ်က အမြှုပ်တဖွားဖွားထွက်အောင် စားမြို့ပြန်ရင်း စိတ်ချမ်းသာနေကြသည့် နွားတွေကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်မိရပါသည်။ နွားကောင်းများ မွေးမိလျှင်၊ ဝယ်မိလျှင် အရိပ်တကြည့်ကြည့်။ နွားကောင်းပိုင်လျှင်ပင် တစ်ဂုဏ်တက်သည်။ တစ်ရည်တက်သည်။ တံပြားလက်ဝါး၊ ခြောက်ကွင်းချိုခွေ၊ ဆိုရိုးဖွဲ့တဲ့။ ရှေးက စာတွေ ကျောင်းမှာသင်ရတော့မှ အဘတို့ အဖေတို့ နွားကောင်းလှလှ မက်ကြတာကို သဘောပေါက်ရပါသည်။ ငယ်ငယ်တုန်းကတော့ နွားဝလျှင် ကောင်းလှပြီ ထင်ခဲ့သည်။

"ထင်ကြေးငယ်မှ မကြီး သုံးဆစ်နီးနှင့်...တင့်ရည်းငယ်မှ လှနီး သုံးခေါက်ချိုးနှင့်...သုံးချိုးလေးလျှာ...မောင်တို့ နွားမှာ...နွားပြာသံရောင်...နွားကြောင်လိမ္မာ...တစ်ပွင့်ကြာကို နှုတ်သာကောင်းနှင့်"

ချစ်သူအတွက် မြေဒူးဈေးကို နွားသွားရောင်းမည့်အကြောင်း အိုင်ချင်းတစ်ပုဒ်တွင် တွေ့ရပါသည်။ နွားဝယ်ကြတော့မည်ဆိုလျှင် အမွေး၊ ဖွေ၊ ချို၊ အသားအရေ၊ မျက်စိ၊ သွား၊ နွား အမြီး၊ စရိုက်ကအစ ကြည့်သူတွေမဟုတ်လား။ ဖွားကျ၊ အင်ပုံ၊ နွားပေါက်၊ နွားပိုက်၊ ထီးရိုးစိုက် စသဖြင့် ခေါ်ဝေါ်ကြတာကိုလည်း အကြားနာခဲ့ရပါ၏။

"မနှစ်က တစ်မိုးခိုင်းကလေး တစ်ကောင်ဝယ်ပြီး ကျကျနန မွေးသာ...အကျိုးပေးချက်တော့ဟာ...နညိုသံရောင်ကလေး...နင်တို့ ဘထွေးကံလှက ရောင်းပါချည်း ပြောနေသာ...မလုပ်ပါနဲ့ ကိုကံလှရာ ပြောရသယ်...ဒါနဲ့ အိမ်က





ဘက်ပဲ့နေသဲ့ နညိုထန်းသီးတစ်ကောင် ပေးလိုက်ရပါပကော...ခုထိ ပိုက်ဆံမရပေါင်ဟာ"

သူတို့ချင်းမှာလည်း နွားပြဿနာတွေ ရှိကြသည်။ မဘဲတောင်၊ အိမ်မြှောင်၊ တောက်တဲ့ကပ်တဲ့။ ဘာမှန်းတော့ မသိ။

အခုတော့ နွားအကြောင်း မပြောကြတော့ဘဲ နွားစာအကြောင်း ပြောလာကြပြီ။ နွားစာရှားတော့ နွားဈေးပါ ကျတော့သည်။ ကိုယ်က နွားတွေ များများပိုက်ထားတော့လည်း ဒုက္ခ။ မကျွေးနိုင်လို့ ထုတ်ရောင်းချင်တော့လည်း ဒုက္ခ။ အစ်ကိုက မြို့မှာကြာကြာမနေနိုင်ပါ။ နွားတွေကို သားတွေနဲ့ ထားခဲ့ရတာ စိတ်မချနိုင်ပေါင်ဟာဟု ဆိုပါသည်။ မိုးကျစ်တော့ ရေစာမြေစာ ကျစ်သတဲ့။ ရေစာမြေစာ ကျစ်တော့ နွားကျစ်သတဲ့။ သတ္တဝါတို့၏ အသက်ရှင်ရေးမှာ ရာသီဥတုတွေ အရေးပါလာသည့်သဘော ဖြစ်လာသည်။ အစ်ကိုပြန်တော့ ကျွန်မက စရိတ်ငွေတစ်သောင်း ထောက်လိုက်သည်။ ကျွန်မယောက်မက အိမ်မှာရှိနေသည့် ဆီ ငါးဂါလန်ဆံ့ ပုံးကြီးနှစ်ပုံး ရေချပ်ရအောင် တောင်းသွားသည်။

"နင်ကန်တော့သဲ့ငွေနဲ့ မြို့က နွားစာတောင် ဝယ်သွားချင်သေးဟာ..."

ကျွန်မ ပေးလိုက်သည့်ငွေကို လူစားဖို့ မတွေး...။ မြို့ထက်ဆောင်ဝယ်သွားဖို့ မစဉ်းစား...။ ကျွန်မတူ၊ တူမတွေဖို့ မုန့်ဝယ်သွားမည်မပြော...။ နွားစာ ဝယ်သွားချင်သတဲ့လေ။ အိမ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ အိမ်ရှေ့လမ်းဘေးက မြက်ပင်တွေကိုပင် လှည့်ကြည့်…

လှည့်ကြည့်…။

မိုးရယ် ရွာပါတော့။

နွားစာမြက်စာတွေ ပေါက်ပါတော့။

မြက်ခင်းစိမ်းစိမ်း ထပါတော့။

မှူလေးအရှက်ဦးကျာနယ် ၂၀၀၄





# ရွှာညှောင်ပင်

(၁)

တစ်လောဆီက ကျွန်မ စာဖတ်ပရိသတ်တစ်ယောက်ထံမှ စာတစ်စောင် ရောက်လာပါသည်။ အညာသူ ကျောင်းဆရာမတစ်ဦး ဖြစ်၍ ကျွန်မ ရေးဖြစ်သမျှစာတွေ ဖတ်ရှုပါကြောင်း၊ စာအုပ်တွေလည်း ဝယ်ပါကြောင်း၊ လူချင်းတွေ့ဆုံကာ စကားတွေလည်း ပြောချင်လှပါကြောင်းတွေ ပါပါသည်။ စာထဲတွင် မှတ်မှတ်ရရ ဖြစ်ရသည့် အချက်တစ်ချက်မှာ ကျွန်မ ဝတ္ထုများထဲတွင် ညှောင်ပင်ကြီးတွေကို တကန်တက ရေးဖွဲ့တာ သတိထားမိသည်ဟု ဆိုခြင်းပင်။ ဤသို့ဆိုသဖြင့် ကျွန်မကို ညှောင်ပင်တွေချည်း ဖွဲ့နေတာပဲဟု ဆိုချင်ဘာမဟုတ်ဘဲ ထိုဆရာမ အနေဖြင့်လည်း ညှောင်ပင်ကို စွဲလမ်းသူ ဖြစ်၍ နှစ်သက်မိကြောင်း ရေးလာပါသည်။ ကျွန်မလည်း ပြန်စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရပါတော့သည်။ ဘယ်ဝတ္ထုတွေထဲမှာ ညောင်ပင်တွေ ပါသွားသလဲ။ ကျွန်မကိုယ်တိုင် မမှတ်မိတာကို ဝန်ခံရပါမည်။ ဖွဲ့တာတော့ ဖွဲ့မိသား ဆိုတာလောက်တော့ မှတ်မိပါ၏။

အထူးသဖြင့် ကျွန်မ ရေးခဲ့သည့် 'အညာသူ အညာသားကျွန်မခွေမျိုးများ' စာအုပ်တွင် ကျွန်မတို့ ရွာဥဒယမှ ညောင်ပင်ကြီးအကြောင်း ရေးခဲ့တာကိုတော့ ကောင်းကောင်းမှတ်မိနေပါသည်။ ကျွန်မငယ်စဉ်ကပင် ညောင်ပင်ကြီးအောက်မှာ နေကုန်နေခန်း ဆော့ကစားခဲ့ရတာမဟုတ်လား။ မြစ်နားကမ်းနား ရေဝင်ရွာဖြစ်၍ သစ်ကြီးဝါးကြီး ပေါသည့်အပြင် စိုစိုစိမ်းစိမ်းရှိတာလည်း မှန်ပါရဲ့။ သို့သော် အညာသည် အညာသူဖြစ်၍ ပူလောင်ခြင်းကတော့ ကျွန်မတို့ ရွာတွေလည်း မလွတ်ပါ။ အညာနွေပူပူမှာ အရိပ်ကောင်း ညောင်ပင်တွေအောက် ကလေး၊ လူကြီး စုကြရသည်သာ ဖြစ်ပါသည်။ နေ့လယ်နေ့ခင်း အခင်းထဲဝင်သူတွေက ဝင်ကြသလို၊ ရွာထဲတွင် ကျန်ရစ်ခဲ့ကြသူတွေကလည်း နေ့ခင်းထမင်းစားပြီးသည်နှင့် ညောင်ပင်ကြီးအောက်ကို ရောက်ကြမြဲ ဖြစ်ပါ၏။

ပဲရွေးသူကလည်း ပဲဗန်း 'မ'လာသည်။ ပြောင်းဖူးဖက်လိပ်သူက ဖက်ဗန်း၊ ဆေးဗန်းရွက်လာသည်။ အဝတ်ဟောင်းချုပ်စရာရှိကြသူတွေက ပုဆိုးပြဲ၊ အင်္ကျီပြဲတွေ ပိုက်လာကာ အပ်ချည်တစ်လုံး အပ်တစ်ချောင်းနှင့် ရောက်လာကြမြဲပင်။ တချို့က မြေးထိန်းရင်း စကားစမြည်ပြောရင်း ရောက်လာကြသူတွေ။ တချို့ကတော့လည်း လက်ဖက်တစ်ပန်းကန်၊ ထန်းလျက်တစ်ပန်းကန်။ ရေနွေးတစ်အိုး





သည်ဖြင့် ယူလာခဲ့ကြကာ ညောင်ပင်အောက် ညောင်ရွက်ကြွေတွေပေါ်မှာ ကျကျနနထိုင်ရင်း အများလည်းစား၊ ကိုယ်လည်းစား အေးအေးလူလူ နေကြသူတွေဖြစ်သည်။ ညောင်ရိပ်မှာ လူတွေချည်းမဟုတ်ပါ။ အရိပ်ခိုသည့် နွားတွေလည်း ရှိသည်။ ဆိတ်တွေလည်းရှိသည်။ အိမ်ခွေး၊ ရွာခွေး တစ်ကောင် နှစ်ကောင်လည်း ရှိတတ်ပါ၏။

"ဘယ်တုံး...မစောစာရဲ့...၊ နေပူခေါင်ခေါင်ကြီး...တစ်အောင့်တစ်ဖြုတ် ထိုင်ပါဦးတော့..."

"မြောက်ရွာ ခဏပါတော်...အားသဲ့အချိန် ထွက်လာရသာဆိုတော့ နေမင်းလည်း မော့မကြည့်မိပေါင်..."

"မြောက်ရွာဆို လှမ်းပါသေးအေ...သည်တစ်ထောက်နား...မြောက်ရွာအဝင် သရဲညောင်ပင် တစ်ထောက်နားရင် ရောက်ကရောပေါ့...လာပါအေ့...ဆီးဖြူသီးထောင်းကလေး မြည်းပါဦး"

ထိုအခါ မြောက်ရွာသွားမည့်သူက ခေါင်းပေါ်က ဖျင်အိတ် ဆွဲဖယ်ကာ ညောင်ရိပ်ကို ဝင်ရတော့သည်။ ညောင်ပင်အောက်မှာ အုပ်စုတော့သည်ဆိုတော့ စကားလေးကလည်း ပြောချင်သည်။ အေးရိပ်မှာ ခဏခိုချင်တာလည်း ပါ၏။ ဆီးဖြူသီး ငါးပိထောင်းလေး မြိန့်လိုက်ချင်တာလည်း ပါမှာပေါ့။ ခဏတစ်ဖြုတ်ရယ်လို့ ထိုင်မိကာမှ ညောင်ရိပ်က ကုပ်ပိုးနှိမ်ထားသဖြင့် နေပူကျည်လောင်ထဲ မထွက်ချင်တော့ပြီ။ သည်လိုနှင့် မြောက်ရွာကို မရောက်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"မထူးပေါင်အေ...နက်ဖျင်ခါမှ အိမ်ကလူ လွှတ်ရတော့မှာပဲ" ဖြစ်ရပါ၏။ သရဲညောင်ပင် တစ်ထောက်နားဖို့တော့ ဝေးကရော...။

သရဲညောင်ပင် ဆိုတာ ဟိုတုန်းက သရဲခြောက်သည် ဆိုသော ညောင်ပင်ဖြစ်၏။ ကျွန်မတို့ငယ်ငယ်က သရဲညောင်ပင် ဇာတ်လမ်းတွေ အကြားနာခဲ့ရတာလည်း သတိရသည်။ ဘယ်ခေတ်၊ ဘယ်ကာလ ဘယ်သူဘယ်ဝါ သရဲဖြစ်ခဲ့မှန်း မသိကြသော်လည်း သရဲညောင်ပင် ဆိုတာနှင့်ပင် နာမည်စီးလှပြီ။ သရဲကို ဘယ်သူတွေ့ဖူးလို့တုံး မေးတော့လည်း မည်သူကမှ ဓာတ်တော်နှင့် ကလိန်စေ့ ကွဲကြတာမဟုတ်။

"ညည်းတို့သာ မယုံကြအေ...တောင်ပိုင်းက မသာလိ ခရမ်းချဉ်ခွတ်ကအပြန် ပက်ပင်းတိုးလို့ ဖျားယူရသာ ဘာကြာသေးလို့တုံး...၊ မိန်းမသဲ့တော်...မသာလိတို့ လှည်းပေါ် နောက်ပြန်ခုန်တက်လို့ ကြည့်လိုက်တော့ ကျောပေးထားသသဲ့...လျှာတစ်လစ်ကြီးနဲ့သဲ့..."

"မဟုတ်က ဟုတ်ကအေ...လေဖမ်း ဒန်းချည်...ကျောပေးထားသာ ဘယ့်နှယ့်လုပ် လျှာတစ်လစ်တွေ့ရသာတုံး"

"ရော်...တော်...လှည့်လိုက်လို့ နေမှာပေါ့..."

ဟုတ်တာ မဟုတ်တာထက် သရဲညောင်ပင်ကို ရှောင်ကြရမည်ဆိုသည့်အသိ ခေါင်းထဲစွဲနေခဲ့ပြီ။ ကျွန်မတို့ကလေးတွေအဖို့ရာ နွားကျောင်းထွက်ကြလို့ ညောင်ရိပ်ရှာကြပြီဆိုလျှင် သရဲညောင်ပင် ဘယ်သူကမှ ထည့်မစဉ်းစားကြတော့။ လေး၊ငါး၊ခြောက်ယောက်စုမိ





လို့ နေတာ နားတာရှိနိုင်သော်လည်း တစ်ယောက်တည်းတော့ မနေဝံ့တာ အမှန်ပင်။ ညောင်ပင်ကြီးကတော့ အရိပ်ကောင်းသော်လည်း သရဲညောင်ပင်ဆိုကတည်းက အခိုအပြု နည်းကြတာကလည်း နှမြောစရာပင်။

(၂)

ညောင်ပင်တွေက ရွာလယ်မှာချည်း ရှိကြတာမဟုတ်ပါ။ ရွာစွန်မှာလည်း ရှိ၏။ ရွာနှင့်ဝေးဝေး အခင်းတွေကြားမှာလည်း ရှိ၏။ လှည်းလမ်းကြောင်းမှာလည်း ရှိ၏။ ရွာဦး၊ ရွာထိပ်၊ ရွာနောက်တွေမှာလည်း ထီးထီးကြီး ရှိနေတတ်ပါသည်။ ရွာညောင်ပင်ဆိုသည့် ဂုဏ်ပုဒ်ကို တော်ရုံတန်ရုံနှင့်တော့ မရနိုင်ပါ။ ရွာညောင်ပင်သည် ရွာနှင့်အတူ မွေးဖွားလာသည့် ဖွားဖက်တော်ပင်ဖြစ်ရာ ရွာအသက်နှင့်အမျှ အားဖားအုပ်အုပ် ရှိတတ်ကြသည်။ ညောင်ကြတ်၊ ညောင်ပိန္နဲ၊ ညောင်ဗုဒ်ဆိတ်၊ ညောင်ခြေထောက်၊ ညောင်ဗုဒ္ဓဟော၊ ညောင်ချဉ်၊ ညောင်ခါး၊ ညောင်ကုလား၊ ညောင်ဖန်း၊ ဗောဓိညောင် စသည်ဖြင့် ညောင်တွေကသည်း အများသား။ ညောင်ကုန်းကော့၊ ညောင်ပင်စောက်၊ ညောင်ခြောက်၊ ညောင်ညီနောင်၊ ညောင်ကားရား၊ ညောင်ဗိုက်ပူလို့ ဆိုတာများလည်း ရှိကြပါ၏။

ကျွန်မတို့နယ်ဘက်တွင် အတော်ထူးခြားလှသော ညောင်ပင်ကြီးတစ်ပင်အကြောင်းကိုလည်း ပြောချင်ပါ၏။ စားကြူးရွာ မြို့အနီးတွင် ပုဂံခေတ်ကတည်းက တည်ထား ကိုးကွယ်ခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



'အလိုတော်ပေါက်' ဘုရားရှိပါသည်။ ကျွန်မတို့ တစ်နယ်လုံးကတော့ ပေါက်အိုဘုရားလို့ပဲ ခေါ်တွင်သုံးစွဲကြသည်။ ဘုရားစေတီနှင့်အတူ ယှဉ်လျက် ပေါက်ရောက်နေသော ညောင်ပင်ကြီးမှာ ပါးပြင်းများ အပြိုင်းအရိုင်းထလျက် နှစ်ထမ်းအတော်ကြာမြင့်ပြီဖြစ်ကြောင်း မြင်ရုံ နှင့် သိသာထင်ရှားလှပါ၏။ ညောင်ပင်နှင့် ဘုရားစေတီသည် အတူ ယှဉ်တွဲ ကပ်လျက်တည်ရှိကြသော်လည်း ဘုရားစေတီဘက်သို့ ညောင်မြစ်တွေက မထိုးဖောက်နိုင်ကြသလို၊ ဘုရားစေတီကြောင့်လည်း ညောင်ပင် ပြိုလဲမသွားခဲ့ပါ။ စေတီနှင့်ညောင် ပန်းသင့်၊ ကြာမြင့် တည်ရှိနေခဲ့ကြသည်ကို အစွဲပြု၍ 'ပုထိုးမနိုင် ညောင်မနိုင်' ဟု ဘွဲ့တော်သစ် ပေးခဲ့ကြပါသည်။ ကျွန်မတို့ နယ်သူနယ်သားမှန်လျှင် ပေါက်အိုဘုရားခေါ်ခေါ်၊ အလိုတော်ပေါက်ဘုရားပြောပြော၊ ပုထိုး မနိုင် ညောင်မနိုင်လို့ပဲဆိုဆို အားလုံးက သိကြသည်သာ။

ရွာတိုင်းမှာလိုလို ညောင်ပင်အိုကြီးတွေက ရှိနေတတ်တာ ကိုယ်က ရွာသက်တမ်းကို ဖော်ကျူးနေတာပဲဖြစ်သည်။ တစ်ရွာလုံး က ဆင်းတုတော်ယောင်း၊ နတ်ဗောင်းတော်ယောင်း၊ နတ်ရုပ်ယောင်း၊ ညောင်ရေအိုးယောင်းတွေစွန့်ရာ အပင်ကြီးတွေ ဖြစ်ရရှာတာလည်း ရှိသေးသည်။ ရက္ခစိုး ကိုးကွယ်လိုသူများ၊ သားဆုပန်ချင်သူများ၏ ကုသိုလ်အဖြစ် ရက္ခစိုးကျောင်းဆောင်တစ်ဆောင်လည်း ခံ့ခံ့သန့်သန့် ရှိတတ်ပါသည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် မပြတ်အောင် ပူဇော်ကြသူတွေလည်း ရှိသည်။





"ညောင်ပင်ကြီးတော့ ရက္ခစိုး ခိုသယ်...အပေါ့အလေး မသန့်မပြန့်များ ဂရုစိုက်ကြဟဲ့...တလောက မကြားဘူး လား...စံဝသား ပေန်...မတ်တတ်ရပ် သေးပေါက်သာ အိမ်ရောက်တော့ မျက်လုံးနှစ်ဖက် စင်းစင်းနီလို့...သွေးများ မျက်လုံးထဲ ခတ်လွှတ်လိုက်သလိုအတိုင်းပဲ...တောင်းပန်မှ ကျေသာ..."

သည်လိုအဖြစ်အပျက် ဇာတ်လမ်း ဇာတ်ကွက်များလည်း ကြားရလေ့ ရှိပါသည်။ ကျွန်မတို့နှင့် မဝေးလှသော ရွာမှာတော့ မောင်နှမညောင်ပင်နတ်ကွန်း ရှိသည်။ ညောင်ပင်တစ်ပင်တည်းမှာ မောင်နှမနှစ်ယောက် အတူစံကြသဖြင့် မောင်နှမညောင်ပင် ခေါ်ခြင်း ဖြစ်သည်။ အကယ်၍ ညောင်ပင်နှစ်ပင်ပူးဆိုလျှင်တော့ ညောင်ပင် မောင်နှမခေါ်ကြပါသည်။ ညောင်ပင်မောင်နှမလို့သာ ယဉ်ကျေးစွာ အမည်ပေးကြလေသည်။ မောင်နှမညောင်ပင်ဆိုကတည်းက မဖွယ် ရာ မရှိမသေပြုဖို့ဝေးစွ။ မောင်နှင့်နှမ မမြင်သာ မကြားသာတွေ ဆောင်လို့မှ မဟာဝံ၊ မပြုဝံ့။ "အစ်ကိုနတ်က ညာသေးသယ်...နှမ တော်နတ်က လုပ်ရင် ကိစ္စတုံး" ဆိုမှတော့ ဘယ်သူကမျှ မပေါ့ဝံ့ ကြပြီ။ သည်လိုညောင်ပင်တွေကလည်း သရဲညောင်ပင်လို အရိပ်ခိုမှု ပါးရှားသည်။ မတော်တဆ ပြောမှားဆိုမှားရှိလျှင် ဒုက္ခရောက်မှာရဲ့ ဆိုသည့်စိတ်က ညောင်ရိပ်မခိုဝံ့အောင် ဖြစ်ရတော့သည်။

"ရွာတွေမှာ ညောင်ပင်မရှိလို့ မဖြစ်ဘူး...ရွာရပ်သာယာ အောင် စောင့်ရှောက်သည့် ညောင်ပင်...အရိပ်ပေးသည့် ညောင်



www.burmeseclassic.com

www.burmeseclassic.com



ပင်…ရွာ့ကျက်သရေဆောင် ညောင်ပင်…ခရီးသွား
အာဂန္တုများ နားနေတဲ့ ညောင်ပင် စသဖြင့် ရှိရသယ်…
တော်ရုံ ခရီးသွားများက ညောင်ရိပ်နဲ့ အားယူကြသာ…
ရွာသာယာသဲ့ ညောင်ပင်ဆိုတော့…ရသာညောင်ပင်
ခေါ်ကြသယ်…ရွာသာညောင်ပင်ပေါ့အေ…"

အဖေတို့ပြောစကားတွေထဲမှာ ဘယ်ရွာ ဘယ်ရွာက ရသာညောင်ပင်ဆိုတာမျိုး မကြာခဏ ကြားရပါသည်။ ရွာအမည်ကိုလိုက်၍ အထင်ကရ ညောင်ပင်ကြီးတွေကို အမည်တပ်ခေါ်ကြတာလည်း ရှိပါသည်။ တောပုညောင်ပင်၊ ရရှည် (ရွာရှည်) ညောင်ပင်၊ ကတောညောင်ပင်၊ ကလရွာညောင်ပင်၊ ကန်နီညောင်ပင် စသည်ဖြင့်…။ တချို့ကလည်း ညောင်ပင်နှင့်နီးနွယ်သော အဖြစ်အပျက်တစ်ခုခုကို အမည် တပ်ခေါ်ကြတာမျိုးလည်း ရှိပါ၏။ သိမ်တိုင်ရွာနှင့် အရှေ့ကြည်းတော တန်းရွာတွေအကူး လှည်းလမ်းဆေးက ညောင်ပင်ကြီးကို ဆင်မစားညောင်ပင် ခေါ်ကြသည်။ "သည့်အပင်က ညောင်ရွက်ကို ဆင်မစားဘူးလို့ ပြောခဲ့ကြသာပဲ" လို့ ကြီးတော်ကတော့ ပြောပါသည်။ ရွာနီးဝန်းကျင်က ဘယ်ရွာ ဘယ်ညောင်ပင် ပြောလိုက်သည်နှင့် မမှားပါ။ အချို့ညောင်ပင်ကြီးတွေက လှည်းအစီး လေး,ငါးခယ်အသာကလေး ဆံ့သည်။ လူတုံးလုံး၊ နွားတုံးလုံး အေးအေးဆေးဆေး ချွတ်နားပြီး နားနိုင်ကြပါ၏။ အချို့ဆိုလျှင် ညောင်ပင်အောက် ထမင်းဟင်း ချက်ပြုတ်စားကြတာ ရှိသည်။ ညောင်ပင်ကြီးတွေ၏ ပါးပျဉ်းခွက်ထဲက သောက်ရေအိုးစင်ကလေးတွေကတော့ မြင်လိုက်





ရုံနှင့် ဘဝင်အေးရပါ၏။ နွားရေတိုက်ရန် ကျောက်စည်ကြီးတွေ ချကာ ရေကုသိုလ်ယူကြသည်လည်း ရှိသည်။

"သာခုပါတော်…ညောင်ပင်ဒကာကိုရော ရေကုသိုလ်ရှင်ကို
ရော မေတ္တာများ ပြုပါသယ်…လူကုသိုလ် ငှက်ကုသိုလ်
ကောင်းရာမွန်ရာ စံစားနိုင်ကြပါစေ…"

လူကုသိုလ်က လူစိုက်ညောင်ပင်ကို ပြောခြင်းဖြစ်သည်။ ငှက်ချီ ညောင်စေ့က ပေါက်လျှင်လည်း ငှက်ကုသိုလ်ဖြစ်ရပါသည်။ နှစ်ပေါင်းများစွာက ကုသိုလ်ရှင်ကို ညောင်ရိပ်ခိုမိသည်နှင့် မေတ္တာခိုကြသော မြန်မာတို့၏ စိတ်နှလုံးကို ညောင်ပင်ကြီးတွေအောက်မှာပဲ မြင်နိုင် ကြားနိုင်ကြပါသည်။

ကျွန်မတို့ရွာမှာတော့ တောရကျောင်း နှစ်ကျောင်းရှိသည်။ ရွာနှင့်ဝေးသော တောအုပ်ထဲမှာ ရှိကြပါသည်။ ရွှေရောင်ဖိတ်ကျောင်းနှင့် ရွှေယင်းမာကျောင်းတို့ ဖြစ်၏။ ကျွန်မအဖေ ငယ်စဉ်က ရွှေရောင်ဖိတ်ကျောင်းမှာ ကိုရင်ဝတ်ဘဝနှင့် အတော်ကြာကြာ နေခဲ့ဖူးသည်။ အဖေရှိစဉ်ကတည်းက ရွာရောက်တိုင်း တောရကျောင်းနှစ်ကျောင်းသို့ ရောက်လေ့ရှိရာ အဖေကွယ်လွန်တော့လည်း ကျွန်မက ဝတ္တရားမပျက် အရောက်သွားလေ့ရှိပါ၏။ ကျောင်းနှစ်ကျောင်းကြားမှာ ညောင်ပင်ကြီးတစ်ပင်ရှိ၍ အလွန်အရိပ်ကောင်းလှပါသည်။ အမေက ကျွန်မတို့ အဘေးတော်သူ (အမေ့ ဘလေး) ဦးဘသော် အသတ်ခံရသည့် ညောင်ပင်ဟု အမြဲပြောတတ်သည်။ ကျွန်မတို့ ဘိုးဘေးများမှာ သီပေါမင်းလက်ထက် သွေးသောက်ကြီးများ၊ ကြေးထမ်းကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ နန်းတွင်းအကြောင်းတစ်စုံတစ်ရာကြောင့် ရွာကို အခြေလာတည်ကြသူများ ဖြစ်သည်။ သူတို့စိုက်ခဲ့သည့် ညောင်ပင်မို့ သီပေါညောင်ပင် ဆိုတာလည်း ရှိသည်။

ကျွန်မတို့ရွာ မြောက်ဘက် ကြည်ရွာနှင့် ဥဒယကြားရှိ ညောင်ပင်ကြီးကိုတော့ ညီအစ်မနှစ်ယောက်ညောင်ပင်လို့ ခေါ်ကြသည်။ ညောင်ပင်က တစ်ပင်တည်းပါပဲ။ ကြည်ရွာသူအစ်မနှင့် ဥဒယသူ ညီမတို့ တစ်ရွာတစ်ရွာ လည်ပတ်ကြရင်း တစ်ယောက်နှင့်တစ်ယောက် လမ်းမခွဲနိုင်ကြတော့ အစ်မရွာ ညီမက လိုက်ပို့၊ ညီမရွာ အစ်မက လိုက်ပို့။ သည်လိုနှင့် အခေါက်ခေါက်အခါခါ ရှိကြရာက မိုးစုတ်စုတ်ချုပ်ရသတဲ့။ နောက်တော့ နှစ်ရွာကြားက ညောင်ပင်မှာ ပြန်လှည့်မကြည့်ကြစတမ်း ခွဲခွာကြရာက ညီအစ်မညောင်ပင်တွင်သွားရသတဲ့။ ညီအစ်မချင်း ချစ်ခြင်းမေတ္တာကိုဖွဲ့သော ကဗျာညောင်ပင်လို့တောင် ကျွန်မ ဆိုချင်မိပါ၏။ ချစ်စရာကောင်းသည့် ညောင်ပင်ကြီးပင်။

ဇဂျုး (စားကြူး) ရွာအနောက် ဧရာဝတီမြစ်အနီးက ညောင်ပင်ကြီးကတော့ ကျွန်မမြင်ဖူးသမျှထဲမှာ အလှဆုံးညောင်ပင်လို့ ထင်မိပါသည်။ ကြီးမားတုတ်ခိုင်သော ညောင်ကိုင်းကြီးတွေက လှည်းလမ်းမပေါ် ဖြာဆင်းသွယ်ယှက်လျက် အရိပ်အားလည်း ကောင်းလှပါ၏။ လူ့လက်လှမ်းတစ်မှီလောက်တွင် ခက်မကြီးတွေ ဖြာလျက် အရပ်ရှစ်မျက်နှာ ဆန့်တန်းနေကြတာက ကုတ်ဖဲ့တက်ချင်စဖွယ်။ ဇဂျုးရွာရောက်တိုင်း သည်ညောင်ပင်ကြီးကို ဓာတ်ပုံရိုက်မိခဲ့တာလည်း





အခါခါပင်။ ထုထည်ကြီးမားသလောက် ကိုယ်ဟန်ပျော့နွဲ့သော ဓာတ်အမျိုးတော်ကြီးတစ်ယောက် ကန်တော့ပွဲရွက်ပြီး က,နေသည်နှင့်ပင် တူပါတော့သည်။

ကျွန်မတို့ရွာကနေ ဖောင်းကားကုန်းကို ဖြတ်၍ ကတောရွာသို့ အသွားလမ်းတွင် ညောင်ပုဆစ်တုပ် ခေါ်ကြသည့် ညောင်ပင်ကြီးတစ်ပင်ရှိသည်။ တကယ့်ကို လူကြီးတစ်ယောက် ပုဆစ်ဒူးတုပ်ထိုင်နေပုံနှင့် တူလှပါသည်။ မနီးမဝေးတွင် ရွာတော်ရှင်နတ်ကွန်းရှိသည်။ အမေက သည်ညောင်ပင်နှင့် နတ်ကွန်းအကြောင်း မကြာခဏ ပြောတတ်ပါသည်။

"အမေတို့ အရွယ်ကောင်းပေါ့...ရွာတော်ရှင် ညောင်ပုဆစ်တုပ် နတ်ကွန်းက မီးလက်လက်မြင်ရင် ရွာတွေမှာ နေစရာမရှိဘူး...ဓားပြတွေက အကြံအစည်ရှိရင် ညောင်ပုဆစ်တုပ်နတ်ကွန်းမှာ သေနတ်ထောင် မီးပူဇော်ကြသာကို ညောင်ပုဆစ်တုပ်ဘက်က မီးလက်လက် မြင်သသဲ့ဆိုရင် နားသာထောင်တော့"

နတ်ကွန်းမှာ မီးမြင်လျှင် ကြောက်ရသည့်ခေတ်ကိုး။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက သည်ညောင်ပင်ပေါ် ဗုံးကျခဲ့သဖြင့် ညောင်ပင်ကြီး မီးလောင်ခဲ့ရသည်။ ညောင်တစ်ပင်လုံး မည်းမည်းကြုတ်သွားခဲ့ရာက မိုးတစ်မရွာအပြီး အံ့သြစရာ ရွက်စိမ်းတွေ ပြန်ထိုးခဲ့သတဲ့။ ညောင်တစ်ခြမ်းကတော့ ဗုံးဒဏ်ကြောင့် ခြောက်သွားခဲ့သည်။ ရှန်းထ[illegible]သော တစ်ခြမ်းရှင်ညောင်ပင်ကြီးမှာ ကိုင်းထွက် မလှတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကော့ကော်ကံကား ဖြစ်လာခဲ့သည်။ တွန့်တွန့်လိမ်လိမ် ကောက်ကောက်ကွေးကွေးနှင့် အဝေးက မျှော်ကြည့်လျှင် တကယ့်ကို လူတစ်ယောက် ပုဆစ်ဒူးတုပ်ထားသည့်ပုံ တမင်ဖော်ထားသည့်အတိုင်း။ ကျွန်မတို့ရွာတွေက နာမည်ပေး ကောင်းကြသူတွေဆိုတော့ ညောင်ပုဆစ်တုပ် တွင်ရလေတော့သည်။

ပြီးခဲ့သည့် တစ်နှစ်ကပဲ သိမ်တော်ရှင် မြတ်စွာဘုရား ကျောင်းတော် နှစ်တစ်ရာပြည့်ပွဲကို စာပေဟောပြောပွဲခရီးအဖြစ် ရောက်ခဲ့ရသည်။ ကျွန်မတို့ရွာနှင့် နှစ်တိုင် သုံးတိုင်လောက်သာ ဝေးသဖြင့် ခွေမျိုးနှုတ်ဆက် ခဏကလေး ပြေးခဲ့သည်။ သိမ်တိုင်နှင့် ရွာသစ်ကြားက ညောင်ပင်ကြီးတွေအောက်မှာ ကျွန်မတို့ စာရေးဆရာအဖွဲ့ တစ်အိုးတစ်အောင့် အရိပ်ခိုရင်း နားခဲ့ကြသည်၊ အေးလိုက်သည့်ဖြစ်ခြင်း။ ကျွန်မတို့ ရွာကိုရောက်တော့ ကျွန်မငယ်ငယ်က ဆော့ကစားခဲ့ရာ ညောင်ပင်ကြီးအောက် အပြေးသွားကာ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့သည်။ ကျွန်မ ကစားဖော် ညောင်ပင်အိုကြီးခမျာ ဟိုတုန်းကလို မစိုပြည်ချင်တော့ပြီ။ ရှေးက အလွန်စည်ကားခဲ့သော ရွာပုံရိပ်ဟောင်းတွေကို လွမ်းဟန်တူပါ၏။ အကြောင်းကြောင်းကြောင့် ရွာကခွာခဲ့ရသူတွေကတော့ ညောင်ပင်ကြီးကို စိတ်မှရောက်ကြရဲ့လားလို့ ကျွန်မ တွေးနေမိသည်။ ကျွန်မကတော့ ရွာမြေကို ခြေချမိတိုင်း ညောင်ပင်အိုကြီးအောက်သွားကာ အတိတ်ဟောင်းကို ပြန်လည်တူးဆွခံစားဖြစ်အောင် ခံစားမိခဲ့သည်သာ။ ညောင်ပင်ကြီးအောက်မှာ





ရုပ်ရင်း မြစ်ကိုကျော်၍ အနောက်ဘက်ကမ်း ရွာတွေအပေါ် ကျနေသည့် ဆည်းဆာနေလုံးကြီးကို ကြည့်ဖြစ်အောင် ကြည့်ခဲ့သည်။

ကျောင်းတုန်းက သင်ခဲ့ရသည့် 'ပေါရိသလမ်း' ကဗျာကိုလည်း သတိရမိပါသည်။

"ဘာမပို တာဝေ့လိုက်တော့ ရာဇဂြိုလ် သာကေတငယ်နှင့်
ဗာရာဏတက္ကသိုလ်...ဤလေးပြည် ဗဟိုအလယ်မှာဖြင့်
မှောင်စိုစို ညောင်ညိုကြီးရယ်က ထီးဖြန့်သလို..."

ရာဇဂြိုလ်ပြည်၊ သာကေတပြည်၊ ဗာရာဏသီပြည်၊ တက္ကသိုလ်ပြည်။ ထိုလေးပြည်ထောင်မှ တာဝန်းအကွာအဝေးတူရာ အလယ်ဗဟိုတွင် မှောင်စိုစို ညောင်ပင်ကြီးတစ်ပင် ထီးဖြန့်ထားသလို ရိပ်ရိပ်မှိုင်းမှိုင်း ရှိနေသည်။ လှည်းကုန်သည်တို့ ထိုနေရာ နားရာဖြစ်သဖြင့် လေးပြည်ထောင်စလုံး အရိပ်ခိုရသော အပင်ကြီး ဖြစ်လိမ့်မည်။ 'တည်းလှုံမှီ အသွားအလာ ထောက်လိုက်တော့... လှည်းကုန်သည် ငါးရာကရှေ့ထင့်...နွားစာခြောက်ကိုတဲ့ မြင်သကို... နှင်စဖို့ရယ်တဲ့ တည်ရာစခန်း' ဟု ကဗျာက ဆိုသဖြင့် ကျွန်မစိတ်ထဲ စွဲခဲ့ရသည့် ကဗျာထဲက ညောင်ပင်ကြီးလည်း ရှိခဲ့ဖူးပါ၏။

"ဘုရားစေတီရှိရင် ညောင်တစ်ပင်တော့ ရှိသယ်...တို့
မြတ်စွာဘုရားက မဟာဗောဓိညောင်ပင်ရင်းမှာ ပွင့်တော်
မူခဲ့သာကို ရည်စူးသာ...မရှိရင်လည်း ရှေးလူကြီးများက
စိုက်ကြသယ်...ကဆုန်လ ညောင်ရေသွန်းကြသယ်...
စေတီ, ကန်, ချောင်း, ဇရပ်, တန်ဆောင်းနဲ့ ရသာ



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးတွေကို အမြဲတွဲမြင်နေရသာ...ဒါကိုမြင်ရင် အပြင်ပူ အတွင်းပူ...ဘယ်လိုအပူဖြစ်ဖြစ် တစ်ခဏ ငြိမ်းရသယ်..."

အဖေပြောခဲ့ဖူးသည့်စကားကို ကျွန်မ မမေ့ပါ။ ဟုတ်ပေသားပဲ။ ကမ္ဘာ ဘယ်လိုနေရာမှာမှ မရနိုင်၊ မရှိနိုင်၊ မခံစားနိုင်သည့် အလှပင်။ ညောင်ပင်ကြီးတွေကို လူတွေကပဲ နာမည်ဆိုး ပေးကြသည်။ နာမည်ကောင်း ပေးကြသည်။ နာမည်ဆိုး ရသည်ဖြစ်စေ၊ နာမည်ကောင်း ရသည်ဖြစ်စေ ညောင်ပင်ကြီးတွေက ရွာအမှတ်လက္ခဏာအဖြစ် အေးမြသောအရိပ်ကို ပေးကြမြဲပင်။ ရွာကျက်သရေကို ဆောင်ကြစမြဲပင်၊ ရွာနှစ်ထမ်းကို ဖော်ကျူးကြစမြဲပင်။ တစ်နည်းအားဖြင့် ရွာကမ္ဘည်းကျောက်စာတိုင်များသဖွယ် ရွာသမိုင်းနှင့်အတူ အရိပ်တလူလူ ပေးဝေနေကြသော သူတော်ကောင်း သစ်ပင်ကြီးများ ဖြစ်၍ ကျေးဇူးတင်ထိုက်လှပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာ နှစ်လယ်မဂ္ဂဇင်း။ မတ် ၂၀၁၀





# လှိုင်းမီးလေ့

သည်နှစ် ဆောင်းပျောက်တော့မလိုလို ပြောနေကြတာ ကြားတော့ ကျွန်မ အံ့ဩမိပါသည်။ ဘယ့်နှယ့် ဆောင်းပျောက်ရမှာလဲ။ ဟုတ်တော့လည်း ဟုတ်ပါ၏။ ခါတိုင်းအေးနေကျ နိုဝင်ဘာ သထဲတုန်းက မအေးခဲ့တာတော့ သေချာသည်။ ဒီဇင်ဘာထဲ ဝင်လာတော့လည်း အေးသည် မဆိုသာပါ။ ဒီဇင်ဘာလလယ်လောက်ရောက်တော့ အေးစ ပြုလာခဲ့ပြီ။ ဂျပန်မှာ နှင်းတွေကျလို့ ပျော်ကြသတဲ့။ တရုတ်မှာတော့ အအေးဓာတ် လွန်ကဲလို့ အအေးဒဏ်ခံစားကြရသူတွေ ရှိပြန်သတဲ့။ မအေးတော့လည်း မအေးလို့၊ အေးတော့လည်း အေးလို့။

သဘာဝ ဥတုရာသီ၏ သဘောကို ခြေခြေမြစ်မြစ်တော့ ကျွန်မ မသိပါ။ ဥတုတွေ ပျက်လာတာတော့ အမှန်ပင်။ သည်ရက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတော့ အေးလွန်းလို့ စောင်ထူထူကြီးတွေ ထုတ်ရပြီ။ ဖုန်အလိမ်း လိမ်းတက်နေသည့် စောင်ထုပ်တွေကို နေပြသန့်စင်ရပါ၏။ ဒါက ဖအေ့ဖို့၊ ဒါက သမီးဖို့၊ ဒါက ကျွန်မဖို့။ အအေးကြိုက်သော ကျွန်မအိမ်သားကပင် အေးသားဟုဟု ဆိုလာသည်။ မနှစ်က မူဆယ်မြို့ကို စာပေဟောပြောပွဲရောက်ခဲ့သည့်အတွက် တရုတ်စောင်သုံးထည် ဝယ်ခဲ့တာ ဆောင်းအေးတော့လည်း ဟန်အကျသား။ အဝေးမိတ်ဆွေတွေက ဖုန်းနှင့် မေးကြသည်။ မန္တလေး အေးပြီလားတဲ့။

"သည်ရက်တွေထဲတော့ အေးပြီ…ရန်ကုန်ကော"

"ရန်ကုန်လည်း အေးပြီ…"

"ကျွန်မတို့ဆီမှာတော့ တော်တော့်ကို အေးတာ…"

မိတ်ဆွေတွေကတော့ အေးတာတောင် ဂုဏ်လုပ်နေကြရော့ထင်တော့မည်။ ကျွန်မတို့မန္တလေးက ပူတော့လည်း ကျောကော့အောင် ပူသည်။ အေးတော့လည်း ကွေးကုပ်နေအောင် အေးသည်။ မြို့သစ်မှာနေသော ကျွန်မက မြစ်ဆိပ်မှာနေသော အိုကြီးအိုမ အမေ့ကို စိတ်ရောက်ရပြန်သည်။ အမေ့မှာကော စောင်ထူထူရှိရဲ့လား။ အမေ အေးများနေရော့လား။ ကျွန်မ မှတ်မိသလောက် အမေက စောင်အဝယ်လှေ့ပါသည်။ တရုတ်စောင်တွေ အမေ မကြိုက်။ ငါးစပ်တင်းတိမ်စောင်၊ ပခုက္ကူစောင်၊ သူဌေးဝါဒစောင် ဆိုတာမျိုးဆိုလျှင် အုပ်လိုက် ဝယ်တတ်ခြင်းဖြစ်သည်။ ကျွန်မတို့ငယ်ငယ်ကလည်း ရက်ကန်းကျ ဗမာဖျင်စောင်တွေနှင့် ကြီးခဲ့ရတာ မဟုတ်လား။





ကျွန်မတို့ရွာတွေမှာတော့ ဆောင်းရောက်လျှင် လှုံမီးဝေလေ့ရှိသည်။ ထင်းခြောက်ကလေးတွေ စုကာ ပွေ့ကာ တလင်းပြောင်ပြောင်မှာ မီးဖိုပြီး မီးလှုံကြခြင်းဖြစ်သည်။ လှုံမီးထည့်နေပြီဆိုလျှင် မြင်သူက ချက်ချင်းရောက်လာမြဲပင်။ နွားမလိုက်စောင်ကြီးခြုံ၊ ဖျင်တဘက်ကြီး ခေါင်းပေါင်းပြီး ပြောင်းဖူးဖက်လိပ်ကြီး ငေါ့ကာ မီးပုံတိုးကြတော့သည်။ မီးကုသိုလ်ယူကြသည် ပြောရမလားမသိပါ။ ကိုယ့်မီးကို လာလှုံကြသဟဲ့ဆိုကာ ရှိသမျှထင်း ထည့်တော့သည်။ ရေနွေးကရား အိုးမည်းမည်းကြီး မီးဖိုနား သောလုံးကပ်ကာ တစ်အိုးပြီးတစ်အိုး တည်ပေရော့။ မီးလှုံရင်း ရွာအကြောင်း၊ ရပ်အကြောင်းပြောကြသည်။ ဓာတ်အကြောင်း၊ ပွဲအကြောင်း ပြောကြသည်။ ဈေးအကြောင်း၊ နွားအကြောင်း ပြောကြသည်။ ပဲအကြောင်း၊ နှမ်းအကြောင်း ပြောကြသည်။ မီးလှုံရင်း သိစရာရှိ သိရသည်။ ကြားစရာရှိကြားရသည်။

"ကျုပ်စိတ်ထဲ သည်နှစ် ပိုအေးသယ်မှတ်သာပဲ…မနှစ်က အေးလိုက်ပေါင်…"

"မနှစ်က အေးသာပါအေ…ညည်းကတော့ လုပ်ကရော့မယ်…ပြောင်းပြန်"

ဘယ်သူကမှ တိုင်းထွာမှတ်သားထားတာမဟုတ်။ စိတ်အထင်ကို ပြောကြခြင်းဖြစ်၍ ထိုထင်မြင်ချက်ကို ငြင်းလိုက်ရမှငြင်းချောင်ကြသည်။ မနက် ဝေလီဝေလင်း ထမောင်းလာကြသော ရွာသည်သမားတွေကလည်း လှုံမီးဖို တွေ့သည်နှင့် လှည်းခဏတောင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကရှုံလာသော ပုဆိုးကွင်းကို မီးပြုသည်။ လက်တွေခြေတွေ ကင်ကြသည်။ အညာဖျင်ကြမ်း အကျီထူထူတစ်ထည်သာ ဝတ်ထားတတ်ကြပြီး အပေါ်က ပုဆိုးတစ်ထည်ခြုံထားခြင်းသာဖြစ်၍ အေးမည်ဆိုလျှင် အေးလောက်ပါ၏။

"အေးချက်တော့ဟာ…ရှေ့လုံ့တော့ ကျောအေး…ကျောလုံ့တော့ ရင်ဘတ်အေး…မီးတောင် နှစ်ဖိုဖိုရမလို ဖြစ်နေပါပြီဗျာ…ကတည်းမှ…"

ဆောင်းတွင်းဆိုတော့ ဆောင်းသီးနှံတွေ လှိုင်လေပြီ။ သစ်ခင်းတွေထဲက ပြောင်းဖူးရနိုင်ပြီ။ ကုလားပဲပင် နုတ်နိုင်ပြီ။ ထမြစ် (ထန်းမြစ်) ဖော်နိုင်ပြီ။ ညနေဘက် ယာထဲ ကိုင်းထဲရောက်သခိုက် ချိုးလာသည့် မရင့်တရင့် ပြောင်းဖူးတွေကို အခွံခွာကာ မီးကျီးပုံပေါ် ပစ်ချထားလိုက်ရုံ။ တုတ်တစ်ချောင်းနှင့် ဟိုဘက် သည်ဘက်လှန်။ ပြောင်းစေ့ကလေး ညိုရောင်သန်းတော့ မီးထဲကဆယ် ပူပူလောလော စားကြသည်။ ထမြစ်တွေကိုတော့ အစည်းလိုက်စုကာ မီးကျီးခဲပေါ် နှမ်းထောင် ထောင်ရသည်။ ခေါင်းက မီးကျီးထဲမှာ။ အပူငွေ့က ထမြစ်ခေါင်းက ဝင်ကာ ထမြစ်ဖျားအထိ အပူစီးကူးသွားသည်။ မီးကျီးကောင်းလေ ထမြစ်မီးဖုတ် ညက်ညက်စေးလေ။ မီးဖိုဘေးမှာပဲ အခွံတွေ လွှားခနဲ ခွာချကာ အငွေ့တထောင်းထောင်း အနံ့တသင်းသင်း ချိုးဖွဲ့စားရတာကပင် အရသာရှိလှပါသည်။ ကုလားပဲပင်တွေကတော့ လက်တစ်ကမ်းမှာ ဘယ်အခင်းကနုတ်နုတ်။ ကုလားပဲအပင်ကြီးတွေ သန်သလောက် အသီးတွေက ခဲနေအောင် သီးကြ





ပါ၏။ ကုလားပဲပင် နှစ်ပင်လောက်နုတ်ပြီး မီးထဲ ထိုးထည့်လိုက်လျှင် ဖျိုးဖျိုးဖျစ်ဖျစ်မြည်ကာ အရွက်တွေ ကျွသွားလိမ့်မည်။ အသီးတွေ မီးနာလောက်ပြီဆိုလျှင် မီးဖိုဘေးပစ်ချကာ အအေးခံ။ တဖြုတ်ဖြုတ် ခွေစားလို့ရပါပြီ။ ပါးစပ်တွေကို မည်းလို့။

သည်ရာသီမှာ မြေပဲစိုစို ဖူးဖူးကြီးတွေကို အိုးတုတ်နှင့် ပြုတ်ပြီး စားကြရတာကလည်း အကောင်းစားသရေစာ ဖြစ်ရပါ၏။ ပြုတ်ပြီးသား မြေပဲတောင့်တွေကို ဆန်ခါခုံးထဲမှာ ဖျောခနဲ သွန်သည်။ အငွေ့လှိုင်လှိုင် ချိုချိုဆိမ့်ဆိမ့်။ ပဲစိမ်းပဲစိုတွေကိုလည်း ကြက်သွန်နီ ဆီမွှေးသပ် လောလောမွှေပြီး စားနိုင်သည်။ တချို့က ဆမင်းကြမ်းခဲ နှမ်းဆီ တစ်ပေါက် နှစ်ပေါက် ဆမ်းသည်။ ပဲပြုတ်တစ်ဆုပ်ထည့်ပြီး လူး၊ ငါးပိကင် လက်မလောက် သံပန်းကန်စောင်းတင်ပြီး မီးဖိုဘေး လာစားကြတာကို မြင်ရသူက ဝမ်းဟာလာတတ်သည်။

လှုံမီးသည်ပင် ကျေးလက်ဓလေ့လို ဖြစ်နေပါပြီ။ ကျွန်မတို့ကြီးတော်များဆိုလျှင် လက်မောင်းလက်ရုံးလောက် မန်ကျည်းသားကိုးရှည်ကြီး နှစ်တုံးလောက် ခေါင်းချင်းဆိုင်ကာ မီးထည့်ထားတာနေ့မီး ညမီး ဆက်လို့။

ညဦး မီးလှုံသည့်အခါ သရေစာ လုပ်စားတတ်ကြသည်။ ကြီးတော်တို့လက်ရာ မုန့်ပေါင်းကို ကျွန်မ မမေ့ပါ။ တချို့က မုန့်ကျော်စားတတ်ကြသည်။ တစ်ရွာလုံး မောင်းစင် ရှိကြသဖြင့် အိမ်တိုင်းမှာ ကောက်ညှင်းမှုန့်၊ ဆန်မှုန့် ထောင်းထားကြသူချည်း

www.burmeseclassic.com



ပင်။ ကိုယ် မထောင်းအားတော့လည်း တစ်စလယ်တစ်ခွက် ချေးနိုင်ကြပါ၏။ ဘာမှခက်တာမဟုတ်။ ကောက်ညှင်းမှုန့်နှင့် ဆန်မှုန့်ကို အချိုးတကျရောပြီး ရေနွေး ကြက်သီးနွေးကလေးနှင့် ဆားအလောတော် ရောကာ နဲ့သည်။ နဲ့ပြီးသား မုန့်ညက်ကို မောင်းဆုံဖြင့် ထပ်ထောင်းလိုက်တော့ မုန့်သား ကောင်းပြီပေါ့။ မုန့်ညက်သားကို စဉ့်အင်တုံကြီးထဲ ဖိသိပ်ထားပြီး ယောက်သွားဖြင့် ခြစ်ကာ မုန့်စလောင်းထဲထည့်။ အဝတ်သန့်ဖြင့် အုပ်ကာ ပေါင်းအိုးပေါ်တင်။ ရေနွေးတွေ တဖွမ်းဖွမ်း ဆူအောင် မီးထိုးသူက ထိုး။ မုန့်ဆယ်သူက ဆယ်။ မုန့်ပေါင်းတစ်ချပ် တစ်ချပ်က သံပန်းကန် ပြားတစ်ချပ်စာလောက် ရှိတာဆိုတော့ တစ်ချပ်က နှစ်ချပ် မစားနိုင်။ ထန်းလျက်ကလည်း ပေါပါဘိ။

"မန်းနီးမိတ် အဲဗရီးသင်း…ထညက်ရှိ ဘာမုန့်လုပ်စားစားရပါ့တော်…"

ကျွန်မကြီးတော်၏ လက်သုံးစကားဖြစ်၏။ မန်းနီးမိတ် အဲဗရီးသင်းကတော့ ဘယ်တုံးက ဘယ်လိုတတ်ထားတာလည်း မဆိုနိုင်။

"ညည်းကြီးတော် မခါဥ မုန့်ပေါင်းလုပ်တာမျိုးကတော့ 'က'နေသလား မှတ်ရသယ်…စလောင်းဖုံးကလေးထဲ မုန့်နှစ်ကို ယောက်သွားခြစ်ထည့်သာများ လှလိုက်သာ… ပဲဇေကလေး နှစ်ပြောက် သုံးပြောက် အောက်ကခံပြီး





စလောင်းဖုံး လှည့်လှည့်သွားသာ…သူ့မုန့်ပေါင်း ဘယ်သူမှ မမီဘူး…"

ရွာက မောင်းဆိုင်းအဖွဲ့ကလည်း ဆိုင်းတိုက်ချင်တော့ မီးလှုံ့အိမ် ရှာကြသည်။ မီးလှုံ့အိမ်တွေကလည်း တို့အိမ် မောင်းဆိုင်းလာတိုက်လှည့်ကြပဲ့ ဖိတ်ကြသည်။ မောင်းဆိုင်းသံ နားထောင်ရင်း၊ မုန့်ပေါင်းစားရင်း၊ မီးလှုံ့ရင်း ပျော်ရသည့် ပွဲတစ်မျိုး ဖြစ်ပါ၏။ ကာလသား၊ ကာလသမီး လှုံ့မီးလှုံ့ကြရင်း မေတ္တာမျှကြသည့် ဇာတ်လမ်းတွေကလည်း အပုံ။ ကျွန်မအစ်မ မမီးခွက်တို့အိမ်မှာ ဆောင်းတွင်းဆိုလျှင် လှုံ့မီးထည့်သည့်အလေ့ ရှိသည်။ ကာလသားတွေ တရုန်းရုန်း။ မမီးခွက်တစ်ယောက် 'ကိုရေမှုတ်' နဲ့ လိုက်ပြေးတော့မှ လှုံ့မီးထည့်တာ တစ်စခန်းရပ်တော့၏။ မီးခွက်နဲ့ရေမှုတ် မီးလှုံ့ရင်း ညားကြသာ ဆိုသည့်စကားက နောင် တွင်လေ၏။

အခုတော့ ကျွန်မလည်း မြို့ရောက်ပြီ။ သိပ်အေးသည့်နှစ်တွေမှာ မီးသွေးမီးဖိုကလေးဖိုကာ အနွေးဓာတ်ယူရသည်။ မလှုံ့ကြသည့်နှစ်တွေက များပါ၏။ ဆောင်းရယ်လို့ အေးအေးလောလောနေတာကြာပြီ။ နွေကို ဘယ်လိုကူးသွားမှန်း မသိရသော ဆောင်းတွေ ကြုံလာရသည်။ "ငါ့အခင်းက နှင်းလိုသာဟ…သည်နှစ် နှင်းလိုက်တော့ ပဲခင်းက မကြွချင်ဘူး" ဆိုသည့် ရွာတောင်သူတို့၏ စကားကို ကြားခဲ့ရဖူးတာဆိုတော့ နှင်းမှ လိုက်ကြရဲ့လား တွေးမိပါ၏။ နှင်းတွေ အူအူလည်အောင် ကျပြန်တော့ "နှင်းခါးရိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



သရက်ကင်းတွေ ကုန်ပါရောလား" ဆိုသူတွေလည်း ရှိသည်။ မရှိတော့လည်း မကောင်း၊ များလွန်းတော့လည်း မကောင်း။

နှင်းလည်း မပျောက်၊ နှင်းခါးလည်း မရိုက်သော ဆောင်းပီပီ ဆောင်းများဆိုလျှင်တော့ အကောင်းဆုံးပင်။ ဆောင်းကလေး တကယ် အေးလာပြီဆိုလျှင်တော့ အနွေးဓာတ်ရအောင် လှုံမီးကလေး လှုံလိုက်ချင်သား။

မန္တလေးအရှက်ဦးကျွန်ယ်၊ ၂၀၁၀





## နှစ်ဦး နေ့ဦး

သကြန်အခါရက် နီးပါပြီ။

သကြန်ရောက်တော့မည်ဆိုတိုင်း အဟောင်းကို စွန့်၍ အသစ်ကို ဖြည့်ဆည်းချင်စိတ်ကလေး ရှိလာတတ်မြဲဖြစ်ပါ၏။ ကျွန်မ တို့ အိမ်ရှင်မများအဖို့ ပြုဖွယ်လုပ်ငန်းဆောင်တာတွေလည်း ခေါင်းထဲ ပေါက်လာရမြဲပင်။ အတာအိုးလေးတစ်လုံးဝယ်ကာ သိကြားမင်းကို ကြိုရမည်။ ဘုရားညောင်ရေအိုးကလေး အသစ်လဲလိုက်ချင်သည်။ သောက်သောက်ရေအိုးဟောင်းတွေနေရာမှာ သောက်ရေအိုးသစ် ရဲရဲ အိုးကလေးတွေ တင်ရမည်။ အမေ့ကို အိုးပြည့်ရေပြည့် သကြန်ရေ ခံတော့ရမည်။ သကြန်ရက်တစ်ရက်မှာ မုန့်ပဲသရေစာလေးလုပ်၍ အိမ်နီးနားချင်းများကို ဒါနပြုရမည်။ နှစ်စဉ် ကျွန်မ ပြုနေကျကုသိုလ် ပင်။ သည်အသက်၊ သည်အရွယ်ရောက်သည့်တိုင် သကြန်ရယ်လို့ မှတ်မှတ်ရရ မရှိတော့တာ ကြာပါပြီ။ မန္တလေးသကြန် ဟိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကျွန်မတို့ မရောက်နိုင်။ နေပူ၊ လေပူ၊ ရေပူမခံတော့ တာလည်း ပါပါလိမ့်မည်။ သမီးကို သကြန်ယိမ်းတွေ၊ အဆိုအက တွေ ပြချင်သော်လည်း တီဗွီကလာသည့် အစီအစဉ်တွေနှင့်ပင် လွှတ်ထားရပါ၏။

ကျွန်မတို့ငယ်ငယ်တုန်းက ရွာမှာကြီးရတာဆိုတော့ သကြန် ဆိုတာ အပျော်ဆိုတာထက် အခါကြီး ရက်ကြီးအဖြစ်သာ သဘော ပိုက်ကြပါ၏။ ဘုရားဆီ အတာအိုးပို့ကာ သကြန်ကြိုကြခြင်း ဥပုသ် သီတင်း ဆောက်တည်ကြခြင်း၊ ချိုးချိုးချောက်ချောက် အချင်းချင်း ရေချောင်းပက်ကြခြင်း စသည်လောက်နှင့် ပြီးကြရသည်။ အမှတ်တရ အဖြစ်ဆုံးကတော့ သကြန်ပြီး နောက်တစ်ရက် မြန်မာနှစ်ဆန်း တစ်ရက်နေ့ရောက်လျှင် ကျွန်မတို့ အဝတ်အစားသစ် ဝတ်ခွင့်ရခြင်း ဖြစ်ပါ၏။ အဝတ်အစားသစ်ဆိုသော်လည်း ဝတ်ကောင်းစားလှ မဟုတ်ပါ။ သစ်လျှင်ပြီးရော၊ ချိုချိုချောင်ချောင်ထဲက ဖြစ်သည်။ ကျွန်မတို့မောင်နှမ ခြောက်ယောက်အတွက် အဝတ်အစားခြောက်စုံ ဝယ်ပေးရခြင်းကပင် မိဘများအဖို့ ဝန်ကြီးလှပါ၏။ ဝန်ကြီးကာမှ ကြီးရော၊ မိဘနှစ်ပါးကိုယ်တိုင်ကလည်း အဝတ်အစားအသစ်တွေနှင့် ဆိုတော့ နှစ်ဆန်းတစ်ရက်နေ့ဆိုလျှင် ကျွန်မတို့အိမ်မှာ အရောင်တွေ ထွက်နေတတ်သည်။

"မတတ်နိုင်ရင် စွပ်ကျယ်လေးဖြစ်ဖြစ်… ရအောင်ဝတ် ကြဟဲ့… နှစ်ဆန်းတစ်ရက်ဆိုရင် မင်္ဂလာယူရသယ်… ကြွေး ဟောင်း ချေရသယ်… တစ်ဖက်နှစ်ကို အပါမခံကြနဲ့… အကြွေးထုံ ပါတတ်သယ်… နှစ်ဆန်းတစ်ရက်မှာ မင်္ဂလာ မရှိရင် တစ်နှစ်လုံး မင်္ဂလာမရှိဘူး…"

ကျွန်မတို့အမေကြီးက နှစ်ဆန်းတစ်ရက်နေ့ ရောက်တော့ ည်ဆိုတိုင်း အိမ်သူ အိမ်သားများကို လောဆော်သောစကားဖြစ်ပါ ၏။ အမေကြီးကိုယ်တိုင်ကလည်း ပိတ်ပါးထည် ဖြူဖြူသန့်သန့် ကလေးနှင့်၊ သရက်ထည် ထဘီသစ်ကလေးနှင့်။ အဖေကလည်း ဆိုး မာခေါက်ခေါက်၊ လည်ကတုံးစက်ကျနှင့် ဖြစ်၏။ အမေ ကော။ တစ်နှစ်လုံး ပြေးဟယ်လွှားဟယ် ညစ်ဟယ်နွမ်းဟယ် သော်လည်း သည်ရက်မှာတော့ သန့်သန့်စင်စင် ရှိရှာသည်။ ကျွန်မ တို့ မိသားစုပင်မကပါ။ တစ်ရွာလုံးကလည်း သက်တံရောင်တွေ ထွက်နေကြလေပြီ။ ခါတိုင်း အင်္ကျီမကပ်သော အဖေ့ညီ 'ဘဒွေးတိုင်း' သည်ပင် ဓာမဏီစွပ်ကျယ်ဖွေးဖွေးကြီး ဝတ်ထားတာ အသားတခြား အင်္ကျီတခြား။

ထိုနေ့ ထိုရက်ရောက်လျှင် ကျွန်မတို့တစ်ရွာလုံး သစ်လွင် နေကြရုံမက အစားကောင်း အသောက်ကောင်း စားသောက်ပြီး အေးအေးလူလူ ဓိမ်ယူကြသောနေ့လည်း ဖြစ်ပါ၏။ ခါတိုင်း ငါးပိနှင့် ပြုတ်ဟင်း လုပ်စားကြသူတို့ သည်တစ်ရက်မှာတော့ ဝက်သား ဆီးဆံပတ်ခွေကြီးတွေ ပါးစောင်က ဆီယိုကျအောင် စားကြရသည်။ စားပြီး ဓိမ်နှင့်နေကြ၊ မောင်နှမတစ်တွေ ရန်မဖြစ်ကြနဲ့၊ ကနေ့ ရန်ဖြစ် ရင်တစ်နှစ်လုံးဖြစ်တော့မှာမို့ကောင် အသတ်ပဲလို့ ကြိမ်းထားနှင့်သည်။ ခါတိုင်း မောင်နှမ တစ်တွေ တခြိမ်းခြိမ်း နပန်းလုံးနေကျဆိုသော်လည်း ကနေ့မှာတော့







www.burmeseclassic.com

www.burmeseclassic.com



အပစ်အခတ် ရပ်စဲထားကြရပါ၏။ ရန်ဖြစ်စရာကြုံသော်မှ တေးမှတ်ထားကာ မျက်စောင်းထိုးရုံသာ ထိုးနိုင်သည်။ နှစ်ဆန်းတစ်ရက်မတိုင်ခင် တင်သမျှအကြွေးတွေ ချေကြရသည်။

"မထူး…မထွေးတင်တို့အိမ် ထန်းလျက်ဖိုး တစ်ဆယ်ကျန်သာ ပြေးဆပ်စမ်း…ငါ မေ့နေလို့…နောက် ဘယ်သူ့အကြွေးရှိနေသေးတုံးဟဲ့…နင့်အဖေ မေးစမ်းပါဦးဟဲ့…"

အမေက သူ့အကြွေးဟောင်းကို စဉ်းစားရသမျှ အဆပ်နိုင်းသလို၊ အဖေ့အကြွေးစာရင်းကိုလည်း မေးလေ့ရှိသည်။ အဖေက မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်လုပ်ရင်းက ပေးရန်ရှိတာ စဉ်းစားသည်။

"လက်ဖက်ရည်အကြွေး…ဆေးလိပ်အကြွေးပေါ့ဟာ"

"အေးလေ…ဘယ်လောက်တုံးမေးသာ…"

"သိပေါင်ဟာ…ဆိုင်မေးကြည့်လိုက်ပေါ့…လွယ်သားဟာကို"

"တော်တို့ အဲသာပဲ…"

နှစ်ဆန်းတစ်ရက်နေ့မှာတော့ အိမ်ကပိုက်ဆံ ငါးပြားတစ်ေ မထွက်ရတော့ပြီ။ နှစ်ဆန်းတစ်ရက်နေ့ ငွေထွက်လျှင် တစ်နှစ်လုံး ထွက်ပြီးရင်းထွက်တတ်သည်ဟု ဆိုပါ၏။ ဟုတ်လေသလား၊ မဟုတ် လေသလား မသေချာသော်လည်း ထိုနေ့ ပိုက်ဆံမထွက်တာတော့ သေချာသည်။ ကျွန်မတို့လည်း မုန့်ဖိုးမရ။ ရွာထဲက ဈေးဆိုင်တွေ လည်း ပိတ်သာထားရှော့။ ဘယ်သူကမှ ဈေးမဝယ်ကြတော့ ငုတ်တုတ် ငိုက်ကြရုံသာ။





တောင်သူအိမ်တွေမှာ တင်းတောင်း၊ လောင်းတောင်း၊ ိတ်တောင်း၊ ခွဲတောင်းကြီးတွေထဲက အိမ်ရှိသမျှ အခင်းကထွက်သည့် ဲတွေ၊ နှမ်းတွေ၊ ကြက်သွန်တွေ မောက်မောက်လျှံလျှံထည့်ကာ ြည့်ကာ လူမြင်သူမြင် ပြထားတတ်ကြသည်။ ဆီပြည့်ဆန်ပြည့်၊ ါပြည့်နှမ်းပြည့် ပြည့်စုံပါစေဆိုသည့် နိမိတ်ကို ယူကြခြင်းဖြစ်သည်။ ဆီဆုံရှိသူတွေက ဆီဆုံထဲ မြေပဲဆန်လောင်းထည့်ကာ ကျည်ပွေ့ ာန်းလန်း ထောင်ထားကြသည်။ ပီသာဝင်စဉ့်အိုးထဲတွင် ဆုံဆီစားဆီ ပြည့်ဖြည့်ကာ ဆီတစိုစို ရှိကြစေသည်။ ရက်ကန်းသမတွေက သင့်ခတ်ရန် ရက်ကန်းရှယ်ထားလေ့ရှိကြသည်။ အိမ်က ဘုရားစင် ဘုရားပန်းတွေ ဝေလို့။ သောက်ရေအိုးစင်တွေက ရေပြည့်ရေလျှံ။ ှန်တုံးထွန်သန် တောင်သူသုံးပစ္စည်းတွေကိုလည်း အသွားခြေစိုက် ားကြရသည်။ ထွန်သွား ပက်လက်မထားရခြင်းမှာ ထွန်စရာ၊ ာ်စရာ မရှိသည့် သဘောဆောင်၍ ဖြစ်ပါ၏။ တင်းတောင်း၊ န်ကော၊ ဆန်ခါ မှောက်မထားရတာလည်း ရှိသေးသည်။

"ဆန်ကောမှောက်သယ်ဆိုသာ နိမိတ်မကောင်းဘူး…ဆန်ကောပက်လက် တောင်းပက်လက် ထားရသယ်…ထည့်စရာ ဝင်လာမယ်ဆိုသဲ့ နိမိတ်ပေါ့ ငါ့မြေးရဲ့…အုပ်ဆိုင်းထားသာတွေရှိရင် လှပ်ထား…ပဲတီချဉ်အိုး…ငါးပိအိုးတွေ ပြေးလှပ်စမ်း…မေ့တောင်နေသယ်"

ကျွန်မတို့မှာ အမေကြီးစကားမို့သာ နာယူရပါသည်။ ိပ္ပာယ်မှန်း မသိခဲ့။ အခုတော့လည်း ရှေးလူကြီးသူမတို့၏



www.burmeseclassic.com

www.burmeseclassic.com



စကားကျယ်လောင် မပြောရ၊ ဝါးလုံးကွဲ မရယ်ရ၊ ထဘီကို ဖြန့်မဝတ်ရ၊ ခေါင်းကဆံပင် ဆီခြောက်မနေရ၊ မဖြီးမသင်ပုံစံ မပေါက်ရ၊ မျက်နှာ သနပ်ခါးမမွဲရ၊ သည်အမေကြီး. သည်အမေတို့က သမီးမိန်းကလေးတွေကို သင်ကြားပေးသည့် တစ်ကိုယ်ရည်ကျင့်ဝတ်တွေဖြစ်သည်။ စည်းကမ်းတွေဖြစ်သည်။ နှစ်ဆန်းတစ်ရက်ဆိုလျှင် နိမိတ်ယူ၊ အတိတ်ယူ စကားကောင်း၊ အကျင့်စာဂကောင်းတွေ လက်တွေ့ကျင့်ကြံစောင့်ထိန်းရင်း တတွတ်တွတ် မှာကြားတတ်ကြမြဲ။

"မျက်နှာသစ်အိုး ခြေဆေးအိုးတွေ ပြေးကြည့်စမ်း ငါ့မြေး...ရေခန်းရင် ဖြည့်ခဲ့...နွားကျင်းထဲပါ ဖြည့်...မခန်းစကောင်းဘူး...သောက်ရေအိုး ရေလျော့တိုင်း ဖြည့်ဟဲ့...အိမ်တွင်းနတ် ညောင်ရေအိုးပါ ကြည့်ခဲ့စမ်း...လျော့ရင် ရေဖြည့်"

နှစ်ဆန်းတစ်ရက်နေ့မှာ လျော့သမျှရေကို ဖြည့်ရန် ကျွန်မကို တာဝန်ပေးကြသည်။ ရေအိုး ပြေးကြည့်ရ၊ နတ်အိုးတွေ ကြည့်ရ၊ လျော့တော့လည်း ဖြည့်။

သင်္ကြန်တစ်တွင်းလုံး အတာရေချိုးခဲ့ကြတော့ အညစ်အကြေးတို့ စင်ကြယ်သွားခဲ့ပြီလို့ ခံယူကြသည်။ အတာရေတစ်ပေါက်လောက်တော့ အစဉ်ခံကြသူတွေချည်းပင်။

"ကိုယ့်ရေလောင်းမယ့်သူ မရှိတော့ အပျိုတွေကို ပက်သဲ့ အတာရေလေးတစ်ပေါက် စဉ်စဉ်ပေါ့အေ...တစ်နှစ်တစ်ခါ အတာရေ အစိုခံကြဟဲ့...မကြောက်နဲ့...နှစ်ဟောင်းက ကြေးတွေ ချွတ်ပေးသယ် မှတ်ကြ..."





ကျွန်မတို့က ရေလောင်းခံရမှာစိုးလို့ ပုန်းနေလျှင် အမေကြီးပြောတတ်သော စကားများပင်။ တောသူတောင်သားတွေဆိုတော့ အနေရိုးရိုး၊ အတွေးရိုးရိုး ရှေးထုံးရှေးစံတွေကိုလည်း အရိုးစွဲအောင် ယုံကြည်လိုက်နာကြသူများ ဖြစ်ပါ၏။ သင်္ကြန်အတာရေဖြင့် နှစ်ဟောင်း ကြေးတွေ စင်သွားသော နှစ်ဦးနေ့ဦးရက်သစ်မှာ သစ်လွင်တောက်ပသော အနာဂတ်ကို မင်္ဂလာရှိစွာ ကြိုဆိုကြသည်။ ရိုးသားစွာ မျှော်လင့်ကြသည်။

နှစ်ဆန်းတစ်ရက်နေ့ တစ်နေ့လုံး ကျွန်မတို့မောင်နှမတွေအားလုံး တင်းတင်းတောင့်တောင့်ကြီးတွေ။ စိတ်ရှိတိုင်း ပြောခွင့်ဆိုခွင့် မရသလို မင်္ဂလာရှိသည်ဟု ခံယူထားသော စည်းဘောင်ထဲမှာ ကျဉ်းကျပ်စွာ နေရသလို ဖြစ်နေတာလည်း အမှန်ပင်။ တစ်ရွာလုံးကလည်း တင်းတင်းတောင့်တောင့်ကြီးတွေ။ အကောင်းကို မျှော်လင့်နေကြသူတွေမို့ သည်တစ်ရက်တော့ သည်လို ကိုယ်နေရမှာပေါ့လို့ သွားကြသူတွေပင်။ ချစ်ရာလည်း ကောင်းပါ၏။

"ပုဆိုးသစ်...အင်္ကျီသစ်များဝတ်ရင် ဘယ်လိုယားမှန်းမသိဘူး...ငါ့နှယ်...နေရထိုင်ရသာ ခူကောင် ကျောထဲဝင်နေသလား မှတ်ရသယ်...နောက်တစ်နေ့ ကျုးချင်လှပေါ့"

"နှစ်ဆန်းတစ်ရက်နေ့ ဇိမ်နဲ့နေမှ တစ်နှစ်လုံး ဇိမ်ကျမယ်ဆိုလို့သာ...ကျုပ်ဖြင့် နေတတ်ပေါင်တော်...ဇိမ်နဲ့နေရသာကမှ ပင်ပန်းသေး...အလုပ်ထလုပ်လိုက်ချင်ပါ"

ဖျင်ပုဆိုးဟောင်း၊ ကျောပြောင်ကြီးတွေနှင့် အသားကျသူတွေအဖို့ ဝတ်သစ်စားသစ်ဖြင့် ရှုရှုကလေးနေကြရတာကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျဉ်းကျပ်ကြရသည်။ လွတ်လပ်ပေါ့ပါးခြင်းကိုသာ မက်မောကြသည်။ နှစ်မကူးခင် ကြွေးဟောင်းချေလို့ ကြွေးသစ် အတင်မခံလိုကြသူတွေ။ သည်တစ်ရက် မင်္ဂလာယူနေခဲ့ကြသူတို့ နေ့ကူးသည်နှင့် ဒုံရင်း ဒုံရင်း ပြန်ဖြစ်ကြရပြီ။ အဝတ်အစား အသစ်ဝတ်၊ အစားကောင်း၊ အသောက်ကောင်း စားကာ ကုသိုလ်ကောင်းမှု ပြုခဲ့ကြသူ၊ ဥပုသ်သီတင်းဆောက် တည်ခဲ့ကြသူတို့ နှစ်ဆန်းနှစ်ရက်နေ့မှာတော့ လောကအပူ၊ သောကအပူတို့နှင့် တစ်ပြန် နပန်းလုံးကြရပြီ။ မင်္ဂလာရှိစွာ ဝတ်စားခဲ့သည့် အဝတ်သစ်မှန်သမျှ ဖာထဲ၊ သေတ္တာထဲ ခေါက်ဝင်ကြရပြီ။ ငါးပိ စလောင်းကပ်နှင့် ပဲပြုတ်ကို ဟင်းလုပ်ကြရပြန်ပြီ။ ပုဆိုးဟောင်း၊ အင်္ကျီဟောင်း၊ ကြွေးဟောင်းမြည်ဟောင်း၊ လောဘဟောင်း၊ မောဟဟောင်းတို့ တစ်ပြန် နိုးကြပြန်လေ၏။ မင်္ဂလာစကားပြောတတ်သော အမေကြီးပင် မရှိတော့ပြီ။

သကြ်န်အခါတော် နီးပြီ။ နှစ်ဆန်းတစ်ရက် ရောက်ပြန်တော့မည်။ ကျွန်မတို့မိသားစု အဝတ်အစားသစ် မဝယ်ဖြစ်သည့်နှစ်တွေ များခဲ့သည်။ ကြွေးဟောင်းမကျေသည့်အပြင် ကြွေးသစ်တွေ အမွေးတက်နေရတာ များသည်။ ဆီပြည့်အိုး၊ ဆန်ပြည့်အိုး မတည်နိုင်တောင် ဒီနှစ်တော့ သောက်ရေအိုးအသစ်တစ်လုံး ဝယ်ပြီး ရဲရဲစိုစို ရေချမ်းအိုးကလေး တည်ရပါဦးမည်။ ရေအပြည့်ဖြည့်ကာ မင်္ဂလာယူရမည်။ နှစ်ဦး၏ နေ့ဦးရက်ကို အေးမြခြင်းနှင့် စချင်သည်။

*မြန်မာ့ဝိုင်းဆိဂ္ဂျာနယ်၊ ဧပြီ ၂၀၁၀*

ဥဒယကျေးရွာစာပေ

# စာမလေ့

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်မနှင့် စာအုပ်များ

သည်ရက်ထဲမှာ ကျွန်မအိမ်သားက စာအုပ်တွေ ဝယ်လာခဲ့သည်။ စာအုပ်တွေကို ကြည့်လိုက်တော့ သမိုင်းဆိုင်ရာစာအုပ်တွေ ဖြစ်နေပါသည်။ ကျွန်မအိမ်သားက သမိုင်းဆိုင်ရာ စာအုပ်တွေ အစုအဆောင်းသန်သည်။ ကျွန်မကတော့ ကျွန်မအကြိုက်နှင့် ကျွန်မပင်။ ကျွန်မအကြိုက်ကို ကျွန်မ လွတ်လပ်စွာ ဝယ်တတ်သလို သူဖတ်ချင်သည့် စာအုပ်ကိုလည်း သူ့စိတ်ကြိုက် ဝယ်တတ်ပါသည်။ စာအုပ်ဝယ်ခြင်းနှင့်ပတ်သက်၍ ကျွန်မတို့ချင်းမှာ နားလည်မှုရှိသည်။ စာအုပ်အများစုကတော့ ကိုးကားရန် ဝယ်ယူကြသည့် စာအုပ်တွေများပါ၏။ ကျွန်မကတော့ ကိုးကားဖို့ထက် ကျွန်မဖတ်ချင်သည့် စာအုပ်တွေ ဝယ်တာများသည်။

ကျွန်မ အိမ်သား ဝယ်လာသည့် စာအုပ်တွေထဲမှာ အမေလူထုဒေါ်အမာ ရေးသားသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါလာခဲ့သဖြင့် ကျွန်မက အိမ်မှာရှိတယ်လေဟု ပြောမိသည်။ လှူထုစာအုပ်တိုက်က ထုတ်ဝေသည့် မူရင်းစာအုပ်ရှိနေတာကို ကျွန်မ မှတ်မိ၍ ဖြစ်ပါသည်။

"အခု စာအုပ်က ပိုပြီး သပ်သပ်ရပ်ရပ်ရှိတယ်...ပြီးတော့ ပင်နီဖုံးကလေး ဖုံးထားတာမို့ ဝယ်လာတာ...ပထမစာအုပ် ရှိတာ မှတ်မိပါတယ်...စာအုပ်ကလေးက ချစ်စရာ ကောင်းလို့ ဝယ်ခဲ့တာလေ..."

ကျွန်မကလည်း အပြစ်တင်နေခြင်း မဟုတ်ပါ။ အိမ်မှာ တစ်အုပ်ရှိနေတာကိုသာ ပြောခြင်းဖြစ်ပါ၏။ ကျွန်မတို့အိမ်မှာ စာအုပ်တွေ များများလာတော့ ထားစရာ သိုစရာပင် ခက်ခဲလာခဲ့သည်။ အရင်က စာအုပ်ဆိုလျှင် နှစ်အုပ်တူ၊ သုံးအုပ်တူ ရှိဦးတော့ ကျွန်မ သိမ်းထားတတ်ပါသည်။ အခုတော့ စာအုပ်တူတွေကို သပ်သပ်ဖယ်ကာ စာဖတ်ဝါသနာပါသည့် မိတ်ဆွေ၊ ကျေးလက်စာကြည့်တိုက်များကို လှူလိုက် မျှလိုက်တာ များပါသည်။ ထားစရာ သိုစရာ အခက်အခဲရှိတာ ပါသလို၊ စာအုပ်တွေကို ဝေမျှချင်သည့်စိတ်ကြောင့်လည်း ပါပါလိမ့်မည်။ တချို့မဂ္ဂဇင်းများတွင် ကျွန်မတို့နှစ်ယောက်စလုံး ရေးသည့်စာမူများ ပါလျှင် နှစ်အုပ်ရတတ်သည်။ သည်တော့ တစ်အုပ်ကိုမျှ။ စာဖတ်ဝါသနာပါသည့် မိတ်ဆွေများကို ရွေးကာ တစ်ဆင့် လက်ဆောင်ပါးရပါ၏။ ကျွန်မတို့နှစ်ယောက်ထွက်သမျှ စာအုပ်များ အပါအဝင် လက်ဆောင်ပေးသမျှ စာအုပ်များကို ကျွန်မတို့ ကိုယ်ပိုင် စာကြည့်တိုက် တံဆိပ်ကလေးနှိပ်ကာ လက်မှတ်ထိုးပေးလိုက်ရတာကို





သူရော ကျွန်မပါ ကြည်နူးကြပါသည်။ တစ်ခါတစ်ရံ အိမ်အတွက် ချန်ထားသည့်စာအုပ်ပင် မရှိ။ ညွှန်းသည်လာလို့ ကြည့်ပါရစေဆိုသော်မှ ကိုယ်ရေးသည့်စာအုပ် ပြစရာမရှိသည့်အဖြစ်ကလည်း ရှိပါ၏။

ကျွန်မတို့ အိမ်ထောင်ထူထောင်ကာစက တခြားအိမ်ထောင် မှုပစ္စည်းရယ်လို့ များများစားစားမပါဘဲ စာအုပ်တွေသာ တစ်ထမ်းကြီး ပါလာကြသည်။ သူက ပိန်အိတ်ရှည်ကြီးနှင့် စာအုပ်ဆယ့်ခုနစ်ထုပ်လား ပါလာသည်။ ကျွန်မ စာအုပ်တွေက လေးငါးထုပ်။ ကျွန်မတို့ တိုက်ခန်းငှားနေကြတော့ အိမ်ထောင်ပရိဘောဂရယ်လို့ ခုတင်တစ်လုံး၊ ဗီရိုတစ်လုံးပင် ကောင်းကောင်းမပါ။ ညအိပ်တော့ သမံတလင်းပေါ် ထူထူခင်းကာ အိပ်ကြရသည်။ လောက်လောက်လားလား ထည့်စရာ သိုစရာရယ်လို့ သံသေတ္တာကြီးတစ်လုံးသာ ရှိလေ၏။ သစ်သားကြမ်းကို စင်ထိုးကာ ဆေးဖြူသုတ်ထားသော စာအုပ်စင်ကြီးကတော့ ဂိုက်ကောင်းလှပါသည်။ ကျွန်မတို့နှစ်ယောက်ပိုင် စာအုပ်တွေ စင်ပေါ်တင်ပြီး သပ်သပ်ရပ်ရပ် ထားနိုင်တာကိုပဲ ဝမ်းသာရသည်။

အိမ်မှာတော့ အခုအချိန်ထိ စာအုပ်တွေကို ကျွန်မပဲ စီရသည်။ စာရင်းလုပ်ရသည်။ တူရာ တူရာ စုရသည်။ အကြောင်းအရာတူ၊ ဘာသာရပ်တူ စီတာလည်းရှိသကဲ့သို့ စာရေးဆရာအမည် အလိုက် စီတာလည်း ရှိသည်။ ဥပမာ–ဆရာကြီးရွှေဥဒေါင်း၊ ဆရာ မြသန်းတင့်၊ ဆရာသိန်းဖေမြင့် စသဖြင့်...။ စာအုပ်တွေ နိုင်နိုင် နင်းနင်း ရှိစဉ်အခါကတော့ စာအုပ်တွေကို ကျွန်မကိုယ်တိုင် အဖုံးချုပ်၊



www.burmeseclassic.com

www.burmeseclassic.com



အဖုံးကလေးတွေ သပ်သပ်ရပ်ရပ်ဖုံး၊ တံဆိပ်တုံးတွေရိုက်။ လယ်ဂျာစာအုပ်ကြီးဖွင့်ကာ စာအုပ်စာရင်းပင် လုပ်ထားလိုက်သေး၏။

"ကိုယ်တော်... စာအုပ်တွေ ထုတ်တာသွင်းတာ အရေးမကြီးဘူး...သူ့နေရာနဲ့သူ ရောက်အောင် ပြန်ထားပါနော်...လိုချင်တော့ ရှာရတာ မလွယ်ဘူး..."

စာအုပ်တွေယူဖတ်ပြီး ကြုံရာ ထိုးထည့်တတ်သော သူ့ကို ပြောထားသော်လည်း ကျွန်မကပဲ အစပြန်ကောက်ရတာ များပါသည်။ ထိုစဉ်ကတော့ ကျွန်မမှာ ကျောင်းတစ်ဖက်နှင့်ဆိုတော့ သူ့ကို စာအုပ်တွေ စည်းကမ်းအတိုင်း မထားလေခြင်းရယ်လို့ ဆူလို့သာဆူရသည်၊ ပြောလို့သာ ပြောရသည် သူ့မှာ ဝန်တွေပိုနေမှန်း ကျွန်မ ကိုယ်ချင်းမစာမိ။ နောက် ကျွန်မကိုယ်တိုင် ကျောင်းကထွက်ပြီး စာတွေရေးတော့မှ ကျွန်မ ယူဖတ်သော စာအုပ်တွေကို ကျွန်မကိုယ်တိုင် ပြန်မထားနိုင်၊ မစဉ်နိုင်တာတွေ ရှိလာခဲ့သည်။ တစ်ခါတစ်ရံ အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ကျွန်မဖတ်ဖူးသလိုလို ရေးတေးတေး မှတ်မိနေလျှင် သူ့ကို မေးရသည်။ သူက စာနှင့်ပတ်သက်လျှင် ဒိုးဒိုးဒေါက်ဒေါက် ပြောနိုင်သည်။ သူမေ့တာရှိတော့ ကျွန်မက ပြောပြရသည်။

ကျွန်မစာအုပ်စင်တွင် စာရေးဆရာအလိုက် စာအုပ်တွေ စဉ်ရတာ ပိုအဆင်ပြေတော့ နောက်ပိုင်းမှာ ဘာသာရပ်အလိုက် မခွဲတော့ပါ။ မခွဲဘူးဆိုပေမယ့် ဘာသာရေးလို၊ နိုင်ငံရေးလို၊ သမိုင်းလို၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာစာအုပ်နှင့် ကျန်းမာရေးဆိုင်ရာလို စာအုပ်တွေကိုတော့ စာရေးဆရာအမည်နှင့် မစီဘဲ အုပ်စုလိုက် ထားရပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဆရာမောင်စူးစမ်း၊





ဆရာကျော်ဝင်း၊ ဆရာမကြီး ဒေါ်ကြန်၊ ဆရာမောင်ထွန်းသူ စသဖြင့် စာအုပ်များများ ရှိနေသည့် စာရေးဆရာတွေကိုတော့ အကန့်လိုက်တစ်စုတည်း ထားရသည်။ လူထုဓနီးမောင်နှံကိုတော့ လူထုဦးလှ၊ လူထုဒေါ်အမာ ရယ်လို့ အကန့်မခွဲဘဲ လူထုစာအုပ်အဖြစ် နှစ်ယောက်တစ်စုတည်း ထားပါသည်။ လူထုစာအုပ်တွေ ကျွန်မတို့အိမ်မှာ တော်တော်များများ ရှိနေသည်။ အမေမော့ မွေးနေ့တွေမှာ အမေကိုယ်တိုင် လက်မှတ်ရေးထိုးပေးလို့ ရခဲ့တာတွေ ရှိသလို၊ ဝယ်တာတွေလည်း ရှိသည်။ အရင်က ရှိနှင့်သော ပထမအကြိမ်ထုတ် စာအုပ်တွေထလည်းရှိတော့ 'လူထု' အကန့်တွင် စာအုပ်တွေက များပါသည်။

ကျွန်မ၏ ထူးခြားချက်တစ်ခုမှာ စာအုပ်တွေများသလောက်အလွတ်ရခြင်းဖြစ်၏။ နောက်ထပ် မှားဝယ်မိတာမျိုး မရှိ။ အိမ်မှာရှိသည်၊ အိမ်မှာမရှိ၊ ဒါတော့ ကျွန်မဘက်က သေချာသည်။ သို့သော်နောက်ပိုင်း သူ့စိတ်ကြိုက်စာအုပ်တွေ ဝယ်လာတာမျိုးရှိတော့ ကျွန်မမမှတ်မိတာတွေ ရှိလာခဲ့သည်။ တံဆိပ်မရိုက်၊ စာရင်းမသွင်းမိတာတွေလည်း ရှိလာခဲ့သည်။ သူ့နေရာသူ ပြန်မရောက်တာတွေ ရှိလာခဲ့သည်။ ကျွန်မ စိတ်အားလက်အားရှိလျှင် ဒါမှမဟုတ် စာအုပ်စင်မှာ စာအုပ်တွေ သူ့နေရာနှင့်သူ မရှိတော့တာတွေ များလာလျှင် အိမ်သားက ရှစ်တန်းကျောင်းသူကိုခေါ်ကာ ပြန်ခွဲသည်။ ပြန်စီသည်။ နှစ်ရက်လောက်တော့ ချွေးဒီးဒီးကျအောင် လုပ်ရပါ၏။

"ကိုင်း...စီပြီးပြန်ပြီနော်...ကိုယ်မစီရတိုင်း စာအုပ်တွေ ဟိုထိုးထည့် ဒီထိုးထည့် မလုပ်ပါနဲ့...လုပ်ရတဲ့သူက မသက်သာဘူး..."



www.burmeseclassic.com

www.burmeseclassic.com



သည်လို စီပြန်တော့ လူထုမောင်နှံတို့၏ စာအုပ်အကန့်က အတွဲလိုက် ရှိမြဲရှိနေတတ်ကြပါ၏။ ကျွန်မတို့ မြစ်ဆိပ်ကမ်းနား တိုက်ခန်းက မြို့သစ်အိမ်ကို ရွှေ့ခဲ့ပြောင်းခဲ့စဉ်က ကျွန်မအစ်ကို သားအဖက စာအုပ်တွေ ပိနံအိတ်နှင့် အစီအစဉ်မပျက် ထည့်သို ချုပ်စည်းပေးခဲ့ကြသည်။ ဝတ္ထုတိုများ၊ ဘာသာပြန်များ၊ သမိုင်းများ၊ စာပေများ၊ အင်္ဂလိပ်စာအုပ်များ။ ဆေးဖြင်ပြာတစ်ချောင်းနှင့် ပိနံ အိတ်တွေပေါ်မှာ ရေးပြီး မှတ်ထားလိုက်ကြသည်။ အမေတို့ ဇနီး မောင်နှံ၏ စာအုပ်တွေကျတော့ 'လူထုများ'တဲ့။ မြို့သစ်အိမ်ရောက် တော့လည်း အစ်ကို သားအဖကပဲ မှတ်ထားသည့်အတိုင်း စာအုပ် စင်ပေါ် ပြန်စီပေးခဲ့ကြသည်။ ကျွန်မက နည်းနည်းပါးပါးကြည့်ရုံ။

"လူထုဦးလှနဲ့ လူထုဒေါ်အမာ...ဘယ်သူ့စာအုပ်က ပိုများတုံးဟ"

ကျွန်မအစ်ကိုက ကောက်ကာငင်ကာ မေးလိုက်သည်။ ဟုတ်ပါရဲ့။ နှစ်ဦးစလုံး စာတွေရေးကြတာ။ စာအုပ်တွေ ထွက်ကြ တာလည်း သိပါရဲ့။ ဘယ်သူက စာအုပ်ပိုများလဲ ကျွန်မ မသိ။ ကျွန်မတို့မှာ လူထုမောင်နှံစာအုပ်တွေ ရှိသည်ဆိုသော်လည်း အားလုံး ရှိတာမဟုတ်တော့ ပြောရခက်သားပင်။ အမေ့စာအုပ်တွေက ပိုများ မှာပေါ့လို့သာ လွယ်လွယ်ပြောလိုက်ရသည်။

မြို့သစ်အိမ်ရောက်ပြီးမှ စာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ ဂျာနယ် တွေ ပိုပိုများလာလို့ ဟိုနားတစ်ပုံ သည်နားတစ်ပုံ ဖြစ်လာသည်။ စာအုပ်တွေ အမြင်ပျောအောင် သူ့အခန်းထဲ သူနှင့်ဆိုင်ရာစာအုပ် တွေယူထား၊ ကိုယ့်အခန်းထဲ ကိုယ်နှင့်ဆိုင်ရာစာအုပ်တွေ ယူထား





ဆိုတာမျိုး လုပ်ရပြန်သည်။ သည်တော့ ဧည့်ခန်းမှာလည်း စာအုပ်တွေ၊ သူ့အခန်းမှာလည်း စာအုပ်တွေ၊ ကျွန်မအခန်းမှာလည်း စာအုပ်တွေ။ ခင်း၊ ဂျာနယ်တွေကို သိမ်းသင့်တာသိမ်းပြီး အိတ်လိုက် ထုပ်ပြီး ဈေးရှာစာကြည့်တိုက်တွေကို လှူလိုက်ပေါင်း များပါပြီ။ တချို့ ခင်း၊ ဂျာနယ်တွေထဲက အဖိုးတန်ဆောင်းပါး၊ ဝတ္ထုကဗျာတွေ တ်ယူထားချင်သော်လည်း အဲသလောက်တော့ ကျွန်မ မတတ်နိုင်။ သည်အခက်အခဲကို ကျွန်မမောင်ဝမ်းကွဲတစ်ယောက်က ကူညီပေးလို့ ဆောင်းပါးကောင်း အတော်များများတော့ ရလိုက်သည်။ သည်ကြား စာအုပ်လက်ဆောင် ရတာတွေ များလာပြန်သည်။ ဝယ်တာတွေ များလာပြန်သည်။ စင်နှင့် မဆံ့တော့ စာအုပ်စင်အသစ် ထပ်ရိုက်ရ ပြီ။ စာအုပ်တွေ ပိုပိုများလာခြင်းကပဲ စာရေးဆရာဘဝ သရုပ်မှန် လား။ ကျွန်မကတော့ အိမ်ကို စာအုပ်တွေ ရောက်လာနေတာကိုပဲ တစ်ခု တည်ဆောက်နေရသလို ခံယူမိပါ၏။ ကျွန်မကိုယ်တိုင် လည်း စာရေးဖို့ လေးကန်နေသည်ထင်လျှင် စာအုပ်စင်ကြီးတွေနား ရပ်ရင်း အားယူရမြဲ ဖြစ်ပါသည်။

တလောတုန်းက ကျွန်မရေးမည့် 'တောမင်းသမီး' လုံးချင်း အတွက် စာအုပ်တွေ စုရသည်။ ရန်ကုန်ရောက်တော့လည်း ကားစရာစာအုပ်တွေ ရှာရပါသည်။ စာပေဗိမာန်က အတော် ရခဲ့သည်။ စာပေဟောပြောပွဲသွားရင်း ရောက်လေရာအရပ် လက်လှမ်းမီသမျှ တောမင်းသမီးကြီးများနှင့် တွေ့ဆုံကာ အသံ ယူခဲ့သည်။ မန္တလေး သဘင်တစ်ခေတ်တွင် နာမည်ကြီးခဲ့သော သီးသန်းသန်းကိုပင် ပင့်ဖိတ်ကာ အင်တာဗျူးတွေ လုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ရေနံ့သာစိုးလှိုင်၊ လူရွှင်တော်ကြီး ဦးရန်အောင်၊ တော မင်းသမီးကြီး ဒေါ်စပယ်အေး စသော ပညာရှင်တွေကို တွေ့ဆုံမေးမြန်း ရသည်။ အသံသွင်းရသည်။ အမေမှာ၏ သဘင်စာအုပ်တွေထဲက အငြိမ့်နှင့် ပြည်သူချစ်သော အနုပညာသည်များ၊ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး စသည့်စာအုပ်တွေကို လူထုအကန့်က ထုတ်ပြီး ကျွန်မ အိပ်ရာဘေးမှာ ထားရပါ၏။ အမေ့စာအုပ်တွေ ကျွန်မအိပ်ရာနား ရောက်လာခြင်းကပင် အမေ ကျွန်မအနားရှိနေသလို ခံစားရပါသည်။

"ညည်း စာရေးမပျင်းစမ်းပါနဲ့အေ…ကလေးအကြောင်းပြ အိမ်မှုကိစ္စအကြောင်းပြ၊ လူမှုရေးအကြောင်းပြ…မပြနဲ့… အမေဖြင့် ကလေးငါးယောက်နဲ့ ပုံနှိပ်စက်နဲ့ သတင်းစာနဲ့ ရှုန်းနေရတဲ့ကြားက စာတွေရေးခဲ့တာ…ပျင်းစရို ပျင်းတတ် တယ်…အနည်းဆုံး ကိုယ့်စာ တစ်လတစ်ပုဒ်တော့ ပါရ မယ် ဆိုတဲ့စိတ်မွေး…"

အမေ သက်ရှိထင်ရှားရှိစဉ်အခါက ကျွန်မကို ဆုံးမခဲ့ ဖူးသော စကားဖြစ်ပါ၏။ ဟုတ်လည်းဟုတ်ပါရဲ့။ အမေတို့များ ရေးနိုင်လိုက်တာ။ တစ်ခါက အမေပြောခဲ့ဖူးသော စကားကြောင့် ကျွန်မမှာ အားဖြစ်ရသည်။ စာတွေ များများရေးမှ စာအုပ်တွေ များများထွက်မှာပေါ့။ များများထွက်မှ စာအုပ်စင်ပေါ် များများရောက် မှာပေါ့တဲ့။ အခုတော့ စာအုပ်စင်ပေါ်မှာ ကျွန်မစာအုပ် တစ်အုပ် တိုးတိုင်း ကြည်နူးနေတတ်ပြီ။ နောက်တစ်အုပ် တိုးချင်သည်။ နောက်ထပ်တစ်အုပ် တိုးချင်သည်။ နောက်ထပ်…နောက်ထပ်။





အမေ့ကို ကျွန်မတို့ မိသားစု နောက်ဆုံးတွေ့ခွင့်ရခဲ့သည့် …ာလေးကိုလည်း ကျွန်မ မမေ့နိုင်ပါ။ အမေတို့ လူထုတိုက်အိမ် …ေါ်ထပ်တွင် ဖြစ်သည်။ မမမတင်ဝင်းက –

"ခင်ခင်ထူး သမီးကလေး အမေ့ ပြရအောင်"

…တာ အပေါ်ထပ်ကို ခေါ်သွားခဲ့ခြင်းဖြစ်သည်။

အပေါ်ရောက်တော့ –

"ဒီမယ် အမေ့မြေး"တဲ့။

အမေက ပါးကလေးတွေ ခွက်သွားအောင် ပြုံးသည်။ …ေက သမီးကို ယူပြီးပွေ့ကြည့်တော့ ဆရာညီပုလေးက ဓာတ်ပုံ …်ပေးသည်။ ထိုနေ့က အမေနှင့် စကားတွေ ထိုင်ပြောဖြစ်ကြ …ည်။

"ခင်ခင်ထူးစာအုပ်တွေ အမေတွေ့တယ်…ဝမ်းသာတယ် …စာရေးဆရာဆိုတာ ကိုယ်ရေးတဲ့စာအုပ်နဲ့ ကိုယ်ပြန် အားယူရတာအေ့…ဘာကိုမှ ယိုးမယ်မဖွဲ့နဲ့…၊ စာရေး… ရေးတဲ့စာ ကောင်းပစေ…"

အမေ့စကားတွေက ရင်ထဲ နှလုံးထဲ စွဲသွားအောင် ရိုးရိုး …် ထိရောက်လွန်းလှပါ၏။ အမေ့စာအုပ်တွေမြင်တိုင်း အမေ့စကား …ကို သတိရရပါ၏။ ကျွန်မမှာ စာရေးရလို့ အားအင်တွေ ကုန်ခန်း …ျှင် စာအုပ်စင်ကြီးဘေးမှာရပ်ရင်း စာအုပ်တွေကို မော့ကြည့် …တတ်သည်။ ကျွန်မတို့တစ်တွေအတွက် စာကောင်းပေကောင်း …ကောင်းတွေကို ကြိုးစားအားထုတ် ရေးသားချန်ထားရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသော ဆရာကြီး၊ ဆရာမကြီးများကို လေးစားအားကျသည့်စိတ်ကပဲ ကျွန်မကို ခွန်အားသစ်တွေ တိုးပွားလာစေပါသည်။ စာအုပ်တွေဆီက တစ်စုံတစ်ရာသော အားသစ်တွေ ကျွန်မ ရမြဲပင်။ လူထုအကန့်ဆီ မျက်စိအရောက်မှာတော့ အမေ့ဆီက စကားသံ ကျွန်မကြားလိုက်ရပြီ။

"ခင်ခင်ထူး… စာရေးအေ့…"

*ပိတောက်ပွင့်သစ်ရွှေ*





# ကဗျာသဘင် စာသဘင်

(၁)

မြို့တီးမဂ္ဂဇင်းက လူငယ်နှင့် စာဆိုတော်ရာသီကို အခြေခံ
သော မျက်နှာဖုံးဆောင်းပါး ရေးပေးရန် တောင်းခံလာသည့်အခါ
မကိုယ်တိုင် အလွယ်တကူ ခေါင်းညိတ်လိုက်မိသော်လည်း
ယ်တမ်း ချရေးရမည်ဆိုပြန်တော့ ကျွန်မအဖို့ရာ လင်းလင်း
င်း ချရေးလောက်စရာ အကြောင်းအရာကို အရင်ရှာရပါသည်။
သဖြင့် စာဆိုတော်ရာသီ၊ စာဆိုတော်နေ့ကို ရည်စူးသော စာပေ
ဟောပြောပွဲများကို လူငယ်ထု၏ခံစားမှုနှင့် ကပ်ရေးရမှာဆိုတော့
နှင့် ခင်မင် ထိစပ်သမျှလူငယ်များကိုသာမက ယနေ့ လူငယ်
တော်များများ စာပေကို ဘယ်ပုံဘယ်နည်း စိတ်ဝင်စားကြပါလိမ့်
ကို အရင်စဉ်းစားရပါ၏။ ကျွန်မအဖို့ရာ စာဆိုတော်ရာသီ
ပြောပွဲတွေကို အမြို့မြို့အရွာရွာ၊ တောင်ပေါ်မြေပြန့်၊ ကိုးကျင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုးကျောင်း၊ လှည်းနေလှေအောင်း ရောက်ဖူးလှပြီ မဆိုနိုင်သော်လည်း ရောက်တန်သလောက် ထိုထိုပေါက် ခရီးရောက်ခဲ့ရတာလည်း အမှန်ပင်။ ကျွန်မကိုယ်တိုင် စာရင်းချုကြည့်သလောက် စာပေဟောပြောပွဲပေါင်း တစ်ရာနီးပါး ဟောခဲ့ပြောခဲ့ပြီးပါပြီ။ သို့သော်လည်း ကျွန်မမှာ ဟောပြောပွဲအတွေ့အကြုံ ကြီးလှပြီ မဆိုနိုင်သေးပါ။ တစ်မြို့တစ်နယ်၊ တစ်ရွာတစ်ခရီး သွားရောက်ပြီး စာဖတ်ပရိသတ်နှင့် တွေ့ခွင့်ကြုံခွင့် စကားပြောခွင့်ရတာကိုတော့ ဒုလ္လဘတရားအဖြစ် ခံယူခဲ့သည်ဖြစ်၍ အလွန်ဝမ်းမြောက်ရပါ၏။

သည်ဘက် သုံး,လေးနှစ်မှာ စာပေဟောပြောပွဲတွေ မြို့ကြီးပြကြီးတွေရော၊ တောရွာကြီး တောရွာငယ်တွေမှာပါ ကျင်းပလိုက်ကြတာ ပထဝီမြေပုံ လက်ထောက်စရာပင် မကျန်ချင်။ ကျင်းပကြသလောက်လည်း အကျိုးထင်သည်။ အရေးရောက်သည်။ တချို့မြို့ပွဲတွေက ကြီးကျယ်ခမ်းနားစွာ ကျင်းပကြသည်။ ရွာပွဲတွေကတော့ ရှိသမျှနှင့် အလှဆုံးဖြစ်အောင် မွမ်းမံထားကြသည်။ ရွာကွင်းကျယ်ကျယ်မှာ၊ ဘုန်းတော်ကြီးကျောင်းဝင်းတွေမှာ၊ ကျေးရွာဘောလုံးကွင်းမှာ၊ မွှာရုံလို တန်ဆောင်းလို အဆောက်အအုံတွေထဲမှာ ကျင်းပကြမြဲဖြစ်၏။ တချို့ရွာတွေမှာ ရဟန်းပုဂ္ဂိုလ်တို့က ဦးဆောင်တော်မူကြလို့ စည်စည်ပင်ပင်ရှိကြသလို၊ တချို့ပွဲတွေကိုတော့ လူငယ်တွေကမကထပြုကြသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှိပါသည်။ ရပ်မိရပ်ဖများ အတွေ့အကြုံကြီးသူတွေက ကျင်းပသည့်ပွဲတွေကလည်း သိုက်သိုက်မြိုက်မြိုက်ရှိတတ်ပါသည်။ ခြုံပြောရလျှင် စာပေဟောပြောပွဲ ယဉ်ကျေးမှုသည် လိုအပ်စွာ အားကောင်းမောင်းသန် ရှိလာခြင်းပင်။ ဟောရသူ





တို့အဖို့ရာ ခရီးရောက်ရ၊ ဒေသခံတို့၏ စိတ်ခံစားမှုတွေကို သိရကြားရ၊ စိတ်အပန်းပြေ စိတ်အငြိုးပြေရသည့်ခရီးမို့ အားသစ်တွေ နိုင်ကြသလို ဟောပြောပွဲ နားထောင်ခွင့်ရသူတွေ အဖို့ရာလည်း စာတစ်အုပ်ကို မြင်းတစ်ပြေး ဖတ်နိုင်ဖို့ပင် အချိန်မရသူတို့အတွက် စာစကား ကြားခွင့်ရကြလို့ နှစ်ဖက်လှ ယဉ်ကျေးမှု ဖြစ်ရပါ၏။

(၂)

စာပေဟောပြောပွဲများ၏ သမိုင်းအစသည်ပင် နှစ်ပေါင်း ၆၀ ကျော် ကြာခဲ့ပါပြီ။ ကျွန်မတို့ လေးစားကြည်ညိုခဲ့ရသော ရှေးရေးက စာပေပညာရှင် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများ၏ အမြော်အမြင်ကြီးမားမှုကြောင့် ပေါ်ထွန်းခဲ့ရသော စာသဘင်ဖြစ်ပါ၏။ စာပေဟောပြောပွဲများ၏ အရင်းအမြစ်ဖြစ်သော မြန်မာစာရေးဆရာများအသင်းအကြောင်းကို ဆရာ ဦးမြဟန်၏ ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်တွင် ဖတ်ရပါသည်။ ဆရာ မလိခ၏ မြန်မာဝတ္ထုအညွှန်းတွင် ၁၉၃၇ ခုနှစ်က စခဲ့သည်ဟုလည်းကောင်း၊ မြန်မာ့စွယ်စုံကျမ်းက ၁၉၄၀ ခုနှစ်မှ စခဲ့သည်ဟုလည်းကောင်း၊ ဆရာကြီး လူထုဦးလှက ၁၉၃၇ ခုနှစ်တွင် ဆရာကြီး ဒီးဒုတ်ဦးဘချို ဦးဆောင်၍ ဖွဲ့ခဲ့သည်ဟုလည်းကောင်း၊ ဆရာကြီး ဦးရန်အောင်က ရန်ကုန်မြို့ကို အင်္ဂလိပ်စာရေးဆရာကြီး အိတ်ချ်ဂျီဝဲလ် ရောက်လာချိန် ၁၉၃၉ ခုနှစ်မှစ၍ စာရေးဆရာများ စုစည်းမိကြပြီး ၁၉၄၀ ခုနှစ် ဆရာကြီး ပီမိုးနင်း ကွယ်လွန်သည့်အချိန်မှစ၍ စာရေးဆရာအသင်း ပေါ်ပေါက်လာခဲ့သည်ဟူ၍လည်းကောင်း၊ ဆရာကြီး ရွှေဥဒေါင်းက

www.burmeseclassic.com



၁၉၄၀ ခုနှစ်တွင် ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ မဟာဆွေ၊ ဇဝနတို့ ဦးဆောင်မှုဖြင့် ပေါ်လာသည်ဟူ၍လည်းကောင်း အသီးသီး ဖော်ပြခဲ့ကြပါသည်။

၁၉၄၂ ခုနှစ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သူကြီးဂေဇက် ဦးခင်မောင်၊ မြန်မာ့အလင်း ဦးစိန်းတို့ အသင်းနာယက ပြု၍ ဖွဲ့စည်းခဲ့ရာ ၁၉၄၅ ခုနှစ် ဂျပန်ခေတ်အတွင်း အမှုဆောင်သစ် ရွေးကြသည်တွင် ဂျာနယ်ကျော်ဦးချစ်မောင်က အသင်းဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်နေ့ ကျင်းပသည့်ရက်အဖြစ် သတ်မှတ်ခဲ့ကြ၍ ပထမဆုံးစာဆိုတော်နေ့တွင် စလေဦးပုည၏ ဝိဇယပြဇာတ်ကို မြှင့်ရှုံ၍ စာရေးဆရာများကိုယ်တိုင် ပါဝင်ကပြခဲ့ကြသည်။

ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ' စာအုပ်တွင် ဆရာကြီး ဂျာနယ်ကျော်ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းကို ပူးတွဲဖော်ပြထားသည်ဖြစ်၍ ၁၃၀၆ ခု၊ နယုန်လဆန်း ၁၃ ရက်၊ စနေနေ့မှတ်တမ်းတွင် –

'ကျွန်ုပ်က နတ်တော်လပင် ကောင်းမည်ထင်ကြောင်း။ ရှေးမြန်မာဘုရင်များသည် ဤနတ်တော်လတွင် ဘွဲ့နှင်းသဘင် ဆင်ယင်ကျင်းပ၍ မင်းပရိသတ်တို့ကို ထိုက်သင့်သလို ချီးမြှောက်ဘွဲ့အမည်ပေး ပြုလုပ်ခဲ့ကြောင်းနှင့် အကြံ စတင်ပေးသေသည်။ သူရိယ ဦးသိန်းမောင်ကလည်း နတ်တော်လကိုပင် ကြိုက်ကြောင်း။ ကဝိများ ကိုယ်တိုင်ကလည်း အခြားလများ





ထက် နတ်တော်လကို ပိုမိုသီကျူးဖွဲ့ဆို ရေးသားကြကြောင်းဖြင့် ပြောဆို ထောက်ခံလေသည်'

ဟု ဖတ်ရပါသည်။

(၃)

ကျွန်မမှာ စာရေးသက် ၁၀ နှစ်လောက် ရှိပါမှ ပထမဆုံး စာပေဟောပြောပွဲစင်ပေါ် ရောက်ရခြင်းဖြစ်၏။ ကောလင်းမြို့နယ် ကျောက်ပုထိုး ရွှေစက်ရုံတွင် ဟောရခြင်းဖြစ်၍ ပထမဆုံး တက်ရသည့်ပွဲမှာ ကျွန်မရင်တွေ ခုန်ခဲ့ရတာလည်း မှတ်မိနေပါသည်။ ကျွန်မအနေဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်များကို မဂ္ဂဇင်း စာမျက်နှာများပေါ်တွင် ရေးသားနေသော်လည်း စင်မြင့်ထက်ကိုတက်ပြီး ပရိသတ်စိတ်ဝင်စားအောင် နှုတ်ရေးနှုတ်ရာ ဟောရပြောရမှာကတော့ တကယ့်အနံ့စားမှု ဖြစ်ရပါ၏။ အကြောင်းအရာ ရွေးချယ်မှုကိုတော့ ကျွန်မ သိပ်မစဉ်းစားရပါ။ ကျွန်မ အားသန်သော ကျေးလက်ယဉ်ကျေးမှုတွေကို ဟောမည်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ကျေးရွာများ၏ အခြေခံကျမှု၊ အရေးပါမှုတွေကို မှတ်စုထုတ်ရပါ၏။ ထိုစဉ်က ပရိသတ်ရှေ့မှောက်မှာ အနည်းဆုံး တစ်နာရီကြာ ဟောပြောရမည်ဖို့ ကျွန်မအဖို့ရာ နာရီပေါင်းများစွာ လေ့ကျင့်ခဲ့ရသည်။ အားမွေးခဲ့သည်။ စာနှင့် ရေးကြည့်၊ ဖတ်ကြည့်၊ ပြောကြည့်။ စိတ်နှင့် တွေးကြည့်၊ ဖြည့်ကြည့်၊ နုတ်ကြည့်။ သည်အကြောင်းအရာကို သူစိတ်ဝင်စားပါ့မလား၊ သည်အကြောင်းအရာက သိပ်များ ရိုးစင်းနေမလား၊ စာဖလှေ့ စာအငွေ့ကလေးလည်းပါအောင် ဘာတွေထည့်



www.burmeseclassic.com

www.burmeseclassic.com



ရရင် ကောင်းမလဲ။ ဟောပြောပွဲ စင်မြင့်ပေါ်မှာ ရဲရဲတင်းတင်း တည်တည်ငြိမ်ငြိမ်မှ ရပ်နိုင်ပြောနိုင်ပါ့မလား။ ပထမဆုံး ဟောပြောပွဲ တစ်ပွဲအတွက် ပြင်ရဆင်ရရင် မောရတာတွေကလည်း ကျွန်မဘဝ အတွက် အမှတ်တရပါ။

"ပထမဆုံးပွဲဆိုတော့ ဟောဖို့ပြောဖို့ အခက်အခဲရှိမှာပဲ... နောင်လည်း ဖိတ်ကြားတာတွေရှိလာရင် ရင်ဆိုင်ရမယ့်ကိစ္စ ဆိုတော့ လာမယ့်အရေး ပြေးတွေ့ဆိုတဲ့စိတ် ထားဟ...၊ ပရိသတ်နဲ့ တွေ့ရတယ်...ပရိသတ်အသံကို ကြားရတယ် ...ဒေသအခြေအနေကို မြင်ရ ခံစားရတယ်...ကောင်းတဲ့ ကိစ္စပဲ"

ဆရာကံချွန်က အားပေးပါသည်။ ကျွန်မမှာ စင်အလို ကတော့ စင်ကြောက်စိတ် သိပ်မရှိပါ။ စာရေးဆရာ ဆိုမှတော့ ကိုယ်သိသမျှ ကိုယ်ခံစားရသမျှ ဝေငှနိုင်ရလိမ့်မည်။ အဟောအပြော ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ တစ်ချိန်မဟုတ်တစ်ချိန် အများရှေ့မှာ စကားပြောစရာရှိလာနိုင်လေတော့ အစကောင်းနိုင်သမျှ ကောင်းအောင် ပြင်ဆင်ရတော့သည်။ ပထမဆုံးပွဲမှာ အဆင်ချောခဲ့ ပါသည်။ တစ်နာရီသာသာလောက် ဟောပြောနိုင်ခဲ့ပါ၏။ ပရိသတ် က လက်ခံရဲ့လား ဆိုတာမျိုးပင် အကဲမခတ်နိုင်ဘဲ ကျွန်မ စင်ပေါ်က ဆင်းလာခဲ့သည်။ ပထမဆုံးစာမေးပွဲကို ကျွန်မ အောင်ပြီ။ ဒါက လည်း ကိုယ့်ကိုယ်ကိုယ် ပေးခဲ့သည့် အောင်မှတ်ဖြစ်၏။ ကျွန်မနှင့် အတူ ဟောဖက်ဆရာတွေက လိုအပ်တာတွေ ဖြည့်ပေးကြသည်။ အားပေးကြသည်။ လေယူလေသိမ်း၊ မျက်နှာခံ၊ အသံနေအသံထား





အဖြတ်အတောက် အရပ်အနားကအစ။ နောင် ပွဲတိုင်းမှာ အစ်ကို ဆရာတွေ ဟောသမျှ လေ့လာရင်း ဆည်းပူးရင်းက နည်းနည်း ကလေးတော့ ဟုတ်လာသလိုလို။ ကျွန်မပြောချင်တာက ဘယ်အရေး ကိစ္စမှာမဆို အစတော့ ခက်ကောင်းခက်ပါလိမ့်မည်။ သို့သော် ခက်ခဲ သောအစကို ကျော်လွှန်နိုင်ဖို့သာ လိုသည်။

အခုတော့လည်း ဝေးခရီး နီးခရီး၊ ကုန်းခရီး ရေခရီး၊ တောင်ခရီး ချောက်ခရီး ခရီးများစွာ ရောက်ခဲ့ရပါပြီ။ သူ့နေရာနှင့် သူ့ဌာန ပဝါတစ်စ ဖျင်တစ်စ ဟောနေရပါပြီ။

(၄)

ဟောပြောပွဲတွေမှာ အတွေ့ရအများဆုံးက စာရေးဆရာကို လေးစားချစ်ခင်ကြသော၊ ထိုစာရေးဆရာ၏စာနှင့် ရင်းနှီးကြသော ပရိသတ်ဖြစ်သည်။ သည်ပရိသတ်ထဲမှာ လူငယ်ပရိသတ်တွေ များများ ပါလို့ ဝမ်းသာရပါ၏။ သည်ကနေ့ ခေတ်လူငယ် အတော်များများ ခေတ်၏ယဉ်ကျေးမှုသစ် ရေစီးကြောင်းထဲ အစုန်အဆန် ကူးခတ်နေ ကြတာကို ကျွန်မ သတိထားမိပါသည်။ ကွန်ပျူတာလောက်ကတော့ နိုင်လိုမွှနိုင်အောင်ကို တတ်ထားပါမှ၊ ဟန်းဖုန်းလောက်တော့ လက်ထဲ ဆိုင်ထားနိုင်ပါမှ၊ နားထဲ ပလပ်ကလေးထိုးကာ ဟစ်ဟော့၊ ဒီဂျေ၊ ဒန့် တေးသီချင်းတွေ ဆူဆူဝေနေပါမှ၊ အင်တာနက်ကို နေ့မီးညမီး ကြိတ်နိုင်ပါမှ အရာဝင်သလို ဖြစ်နေလေတော့ အိပ်ချိန်ကလွဲလို့ လူငယ် အတော်များများ အီလက်ထရွန်းနစ်နှင့် အတူရှိနေကြတာကလည်း ကျွန်မတို့ခေတ်နှင့် မတူတော့ပါ။ သူတို့ကလေးတွေ မွေးကြပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုကတည်းက အီလက်ထရွန်းနစ် နည်းပညာကို စတွေ့ကြရတာ မဟုတ်လား။ အီလက်ထရွန်းနစ် နည်းပညာကို ပိုက်ပွေ့ရင်း မွေးလာကြသူတွေလို့ တင်စားကြတာကိုလည်း မငြင်းသာပါ။ အင်တာနက်ကြောင့် သိဒ္ဓိပေါက်ပြီလို့ ယူဆကြပြီ။ စက္ကူစာအုပ်တွေခေတ်ကုန်တော့မှာလိုလို ဟောကိန်းထုတ်သူတွေလည်းရှိလို့ နှောင်များ ကိုယ်ရေးတဲ့ စာအုပ်တောင် ဝယ်ကြပါ့မလား၊ ဖတ်ကြပါ့မလားလို့ပင် ပူမိရပါ၏။

"အန်တီထူးရဲ့ ကွန်ပျူတာထဲ သမီးဆော့ဖ်ဝဲတွေ ထည့်ပေးမယ်...စာအုပ်တွေလည်း အများကြီးပဲ...ဂန္ထဝင်ရော၊ ခေတ်ပေါ်ရော...သီချင်းတွေဆိုရင်လည်း ခေတ်ဟောင်းရော ခေတ်သီချင်းတွေရော အစုံထည့်ပေးမယ်...ဗုဒ္ဓကျမ်းစာတွေ၊ တရားတော်တွေ၊ မြန်မာမှုတွေ၊ အနုပညာ၊ သမိုင်း၊ ပထဝီ၊ မနုဿဗေဒကအစ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး အချက်အလက်တွေ အစုံပါတယ်...၊ ကောင်းတာက အန်တီထူး အင်တာနက်နှိုက်တော့..."

ကွန်ပျူတာထဲကို လက်ညှိုးလောက် Memory Stick ကလေး ထိုးထည့်ကာ ဟိုချောက်ချောက် သည်ချောက်ချောက် နှိပ်ရုံနှင့် ဖယောင်းတိုင် မီးကူးသလို ကူးလိုက်တာများ အံ့သြစရာ။

"စာပေဟောပြောပွဲတွေလည်း ကြိုက်တာ နားထောင်လို့ရပြီ အန်တီထူးရဲ့...အန်တီထူး စက်ဘူမှာဟောတာ သမီး နားထောင်ပြီးပေါ့..."

ကနေ့ဟော မနက်ဖြန် ကောင်းကင်ပေါ်ရောက်နေပြီဆိုတော့ တစ်ပွဲနှင့်တစ်ပွဲ မထပ်ရအောင် ဟောရဖို့က လွယ်လှတာမဟုတ်။





သို့သော် တားလို့လည်း မဖြစ်ပြန်။ လူငယ်တွေက အင်တာနက်မှာပဲ စာဖတ်ကြသတဲ့။ အင်တာနက်မှာပဲ ဟောပြောပွဲတွေ နားထောင်ကြသတဲ့။ ဟောပြောပွဲစီဒီ ခတ်ပြားတစ်ချပ်ရှိလျှင် အရာရာ အထောင်ထောင် ပြန့်ပွားနိုင်သတဲ့။ စာရေးဆရာအဖို့ရာ ရယ်ရခက် ငိုရခက် ဆိုသော်လည်း တစ်မျိုးတော့ ကောင်းတာပါပဲလေလို့ တွက်ရပါ၏။

"သမီးကော စာပေဟောပြောပွဲတွေ နားထောင်ဖြစ်ရဲ့လား"

"တချို့ Website တွေမှာ ဖတ်ရတယ်...တချို့က ကောက်နုတ်ချက်လောက် တင်ကြတယ်...တချို့က အပြည့်အစုံတင်ကြတယ်...နားထောင်ဖြစ်ပါတယ်"

"လူငယ်တွေ တော်တော်များများ နားထောင်ဖြစ်ကြတယ်လို့ ပြောနိုင်သလား"

"ပြောနိုင်တယ်...၊ သမီးတို့အချင်းချင်းကြားမှာ ပြောဖြစ်ကြတယ်...သမီးတို့က အင်တာနက်မှာလည်း ဖတ်ချင်စရာ စာအုပ်တွေ တင်ထားကြတော့ ဖတ်ဖြစ်ပါတယ်...လူငယ်တွေအားလုံး သည်လိုပဲလို့တော့ ပြောဖို့ခက်တယ် အန်တီထူးရဲ့..."

"စာပေဟောပြောပွဲ ခံစားမှုကို...သမီးမြင်သလောက်...ပြောပါဦး..."

"ကောင်းပါတယ်...ဟောပြောချက်တွေက စာရေးဆရာချင်း ထပ်နေတာတွေတော့ တွေ့ရတယ်...တချို့ကလည်း နိုင်ငံရေး ဓောင်းပေးလွန်းတယ်...စာပေနဲ့အနုပညာရသ နည်းတာမျိုးပေါ့...ကြိုက်သူက ကြိုက်ကြတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်…တချို့စာရေးဆရာတွေကျတော့ ဝေဝေဆာဆာ ရှိတယ်…တချို့ကတော့ ခြောက်တယ်"

သူ့အမြင်ကို ကျွန်မ ချေပစရာ မရှိပါ။ ကျွန်မတို့မှာ ပင်မအလုပ်က စာပေရေးသားခြင်းသာဖြစ်၍ ဟောခြင်းပြောခြင်း အနုပညာမှာ အားနည်းနိုင်သည်။ တချို့လူငယ်တွေက တို့မှ ထိမှ ကြိုက်သတဲ့။ တချို့လူငယ်တွေက ရယ်ရမှမောရမှ ကြိုက်သတဲ့။ တချို့လူငယ်တွေက ဘဝကို ထင်ဟပ်နိုင်သည့် ဟောပြောချက်၊ အားမာန်ပေးနိုင်သည့် ဟောပြောချက်တွေကို ကြိုက်ကြသည် ဆိုပါ၏။

"ဟောတာပြောတာကတော့ အဆင်ပြေတာ၊ မပြေတာ ရှိကောင်းရှိမှာပေါ့သမီးရယ်…အရေးကြီးတာက ဟောပြောတဲ့ စာရေးဆရာရဲ့ စေတနာပါ…တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ လူ့ပတ်ဝန်းကျင်အတွက် ဟောတာ ပြောတာ ဖြစ်လို့ စေတနာတော့ မနည်းကြပါဘူး…အရေးကြီးတာက သည်စေတနာကို ကောက်ကိုင်မိဖို့ပါ"

ကျွန်မပြောတာကို တူမကလေးက သဘောတူပုံရပါသည်။

(၅)

လူငယ်တွေအကြောင်း စိတ်ရောက်သွားပြန်တော့ ကိုယ်ငယ်ငယ်က လူငယ်ဘဝကို ဘယ်လိုဖြတ်သန်းခဲ့ပါလိမ့် ဆိုတာလည်း ပြန်တွေးမိသည်။ ကျွန်မတို့ လူငယ်ဘဝ ၂၀ ရာစု နှစ်လယ် နှစ်နှောင်းကာလများဆီက ပျော်ဖြေမှုရယ်လို့ ကျယ်ကျယ်ပြန့်ပြန့် သိပ်မရှိလှ





သေး။ ရုပ်ရှင်ရုံကြီးတွေဆီ တကန့်တက သွားကြည့်ရတာမျိုး၊ ဘုရားပွဲ ကျောင်းပွဲရှိမှ ဇာတ်သဘင်၊ အငြိမ့် ကြည့်ရတာမျိုး၊ ကက်ဆက်ကလေး တစ်လုံး ရှိပါမှ စတီရီယိုတေးတွေ နားထောင်ရတာမျိုးလောက်သာ ရှိခဲ့သည်။ ခေတ်ပေါ် စတီရီယိုတေးတွေကို လူကြီးမိဘတွေက နားမဝင် ကြလေတော့ လူကြီးတွေအလစ်မှာ ခိုးဖွင့်ရတာမျိုးနှင့်သာ ပြီးခဲ့ရသည်။ သည်တော့ ကိုယ်ရင့်တတူ အေးအေးဆေးဆေး ခံစားနိုင်သော စာအုပ်တွေသည်သာ ဘဝအသိရစရာ အဖော်ကောင်း ဖြစ်ခဲ့သည်။

ကျွန်မတို့ တက္ကသိုလ်ကျောင်းသူဘဝတုန်းက စာအုပ်ဖတ်သော ယဉ်ကျေးမှုသည်သာ ခေတ်အမီဆုံးဖြစ်၏။ စကားဝိုင်းမှာ စာအကြောင်းပေအကြောင်း မပြောနိုင်လျှင် မျက်နှာငယ်ရသည်။ အချင်းချင်းကြားမှာ စာမဖတ်သူအဖြစ် အထင်သေးခံရသည်။ စာအကြောင်းပေအကြောင်း ဝေဝေဆာဆာ ပြောနိုင်သောသူက အလိုလိုမျက်နှာပွင့်ရသည်။ လူငယ်တွေ စာအုပ်စာပေနှင့် ကင်းကွာ၍ မရကောင်းခဲ့။ ဟိုတုန်းကတော့ စာအုပ်သည် အင်တာနက် ဖြစ်ပါ၏။ စာအုပ်ကပဲ အသိတွေပေးသည်။ ပညာပေးသည်။ ဗဟုသုတတွေပေးသည်။ ခံစားမှုကိုပေးသည်။ စာဖတ်ရာက စာရေးဆရာတွေကို အဝေးက လေးစားကြည်ညိုရသည်။ သည်စာရေးဆရာကြီးတွေ ကိုယ်တိုင် လာရောက်ဟောပြောကြသည့် စာပေဟောပြောပွဲတွေ ဆိုလျှင် ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲတွေထက် ပိုတန်ဖိုးထား၊ ပိုအလေးအနက်ထားကာ တကန့်တက သွားရောက် နားထောင်ကြသည်။ သည်စာပေဟောပြောပွဲများသည်လည်း ဘဝတစ်သက်တာ မမေ့နိုင်စရာ အတွေ့အကြုံ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်ပိုင်း စာပေဟောပြောပွဲတွေ ဆက်ထုံးပြတ်မသွားသော်လည်း လူငယ်တွေ အာရုံကျမှု တစ်စတစ်စ လျော့ပါးလာခဲ့သည်ဟု ထင်ပါသည်။ ဒါကလည်း စောစောက ကျွန်မပြောသလို ကွန်ပျူတာယဉ်ကျေးမှု၊ အင်တာနက်ယဉ်ကျေးမှုတွေနောက် ကောက်ကောက်ပါအောင် လိုက်ကြရင်းက လူငယ်တွေ စာအုပ်စာပေနှင့် အလှမ်းဝေးကွာသွားလေသလား တွေးမိပါ၏။

"သည်ခေတ်မှာ စာပေအကြောင်းအရာတွေ များတာလည်း ပါတယ်ဆရာမရဲ့…ဘာသာရေး၊ စီးပွားရေး၊ နည်းပညာ၊ ဂန္ထဝင်၊ ခေတ်ပေါ်နိုင်ငံရေး၊ မျက်မှောက်ကမ္ဘာရေးရာ၊ အတိတ်သမိုင်း၊ အတ္တုပ္ပတ္တိ၊ ဂမ္ဘီရ စသဖြင့် ကိုယ်သန်တဲ့ဘက်မှာ ဖတ်ကြတယ်…ဟောပြောပွဲတွေကျတော့ ကန့်သတ်မှုရှိတယ်လို့ ထင်ကြပုံရတယ်…တချို့က စာပေဟောပြောပွဲကို အာရုံနည်းကြတယ်…ဟောပြောပွဲခန်းမထဲ မရောက်ကြတော့ဘူး"

ကျွန်မအိမ်ကိုလာသည့် လူငယ်တစ်ယောက်၏ ထင်မြင်ချက် ဖြစ်ပါသည်။ ဒါလည်း စဉ်းစားစရာပင်။ ကျွန်မ အတွေ့အကြုံအရတော့ ဟောပြောပွဲကျင်းပရာ မြို့တွေ ရွာတွေမှာ ကျွန်မတို့ရောက်ကြပြီဆိုသည်နှင့် လူငယ်တွေ ဝိုင်းကြတာတွေရှိသည်။ သူတို့ဖတ်ထားသမျှစာတွေကို မေးကြတာမျိုး၊ ဆွေးနွေးကြတာမျိုး၊ သဘောထားပေးကြတာမျိုးတွေ ကြုံရ ကြားရသည်။ တချို့ကတော့ ဝတ္ထုအဖတ်သန်ကြသည်။ ဝတ္ထုကို ဝတ္ထုလိုပဲ ဖတ်ကြပုံရပါ၏။ ဇာတ်လမ်းကို အားပြုပြောတာတွေ များသည်။ ဇာတ်ကောင်တို့၏





ခရိုက်သဘောတွေကို ပြောတာ၊ ဇာတ်ကပေးသော အသိကို နှိုက်ယူတာမျိုး ပါးရှားသည်။ တချို့များကျတော့လည်း စာရေးဆရာ ရေးထားတာထက် ကျော်လွန်ကာ နက်နက်နဲနဲ ဆွေးနွေးနိုင်ကြလို့ လေးစားမိရပါသည်။

"စာပေဟောပြောပွဲတွေရောက်ရတော့ ကျွန်တော်တို့ကိုယ်တိုင် စာရေးဆရာ၊ ဆရာမတွေနဲ့ ထိတွေ့ခွင့်ရတယ်…စာကိုသာမက လူကိုယ်တိုင်တွေ့ရတော့ မေးချင်တာ၊ သိချင်တာတွေ မေးနိုင်တယ်…တချို့ ဟောပြောပွဲတွေမှာ ရေးသူ ဖတ်သူ ဆွေးနွေးပွဲပါလို့ အချိန်များများ စကားပြောခွင့်ရပါတယ်…ကျွန်တော်တို့ မြင်တာကိုလည်း ပြောနိုင်တာပေါ့"

စာဖတ်ဝါသနာပါသူ လူငယ်တစ်ဦးက ပြောပြခြင်းဖြစ်ပါ၏။ လူငယ်တွေ သိချင်တာတွေက များသည်။ တစ်ခါတစ်ရံ ကျွန်မတို့ မတွေးမိတာတွေကို ဆွေးနွေးကြလို့ ချီးမွမ်းဝမ်းသာ ရှိရတာတွေလည်း ကြုံခဲ့လှပြီ။ ကန့်လန့်တိုက်ချင်သူကလေးတွေ ရှားရှားပါးပါး ပါတော့လည်း တတ်နိုင်သမျှ ဖြောင့်ကြရပါသည်။

(၆)

တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားသော စာရေးဆရာတွေကို လေးလေးစားစား ပင့်ဖိတ်ကာ ဟောပြောစေသည်။ အဟောအပြောထက် ထိုထိုသော ဆရာ၊ ဆရာမတို့ကို ပရိသတ်နှင့် ထိတွေ့ပေးလိုရင်းက အဓိကဖြစ်သည်။ အခုတော့ အဟောအပြော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသူတို့ကို ပိုပြီးစိတ်ဝင်စားကြပုံရပါသည်။ တချို့ပွဲတွေက ရည်မှန်းချက်တွေ ရှိတတ်ပါ၏။

"ကျွန်တော်တို့မြို့မှာ လူငယ်တော်တော်များများ အရက်သောက်ကြတာ၊ မူးရစ်ဆေးသုံးကြတာတွေ၊ ဂိမ်းဆိုင်သွားကြတာတွေများလာလို့ လူငယ်တွေ လမ်းမှန်ရောက်အောင် ဟောပြောပေးစေချင်ပါတယ်...မိန်းကလေးတွေ ဆိုရင်လည်း စကားအသုံးအနှုန်း၊ အဝတ်အဆင်၊ နေပုံထိုင်ပုံတွေ အဆန်းတကြယ် ဖြစ်လာကြလို့ ပြုပြင်စေချင်ပါတယ်...ဆရာ၊ ဆရာမတို့က အမျိုးသားယဉ်ကျေးမှုတန်ဖိုးကို ထင်သာမြင်သာအောင် ဟောပေးစေချင်ပါတယ်"

သည်လိုဆိုပြန်တော့ လူငယ်ချင်း ထိန်းကျောင်းပဲ့ပြင်သည့်သဘောတွေ မြင်ရသည်။ ဝမ်းသာရသည်။ လူကြီးတွေက လူငယ်တွေကို ယဉ်ကျေးမှုသဘောပါအောင် ဟောပြောစေချင်ကြသလို လူငယ်တွေကလည်း တိုင်းပြည်နှင့်လူမျိုး အကျိုးကို ရှေးရှုဟောပြောစေချင်ကြတာ ကျွန်မ သတိထားမိပါသည်။ လူငယ်တို့၏ နှလုံးသားထဲမှာ တိုင်းပြည်၊ လူမျိုးနှင့် ပွင့်လင်းလွတ်လပ်သော အနာဂတ်ရှိနေခြင်းသည်ပင် ကောင်းသောလက္ခဏာဖြစ်သည်။ စာရေးဆရာတို့မည်သည့် ခေတ်ကို လုံးလုံးလျားလျား ပြင်ဖို့ထက် အသိကောင်းကို နှလုံးသွင်းပေးဖို့သာ တတ်စွမ်းနိုင်ကြသည်ဖြစ်၍ စေတနာနှင့်ယှဉ်သော စကားဆိုကြဖို့သာ လုံးပမ်းကြရသူတွေဖြစ်သည်။ ဟောပြောချက်တွေကို လေးလေးစားစား ခံယူကြလို့လည်း ကျွန်မတို့အဖို့ရာ ခရီးရောက်လေခြင်းဟု သဘောပိုက်ရပါ၏။





မလေးရှားနိုင်ငံ စာပေဟောပြောပွဲကို ကျွန်မ ရောက်ခဲ့ပါသည်။ မလေးရှားရောက် မြန်မာလူငယ်တွေက မေးခွန်းတွေ မေးကြသည်။ နိုင်ငံရပ်ခြားကို မြန်မာလူငယ်တွေ ရောက်လာပြီး အလုပ်လုပ်တာ မှန်သလား၊ မှားသလားတဲ့။ ကျွန်မ ဘယ်လိုဖြေရပါ့။ သည်မေးခွန်းက ကျယ်ပြန့်လွန်းလှသည်။ လူငယ်တွေကို နိုင်ငံရပ်ခြားဆီ အခြေအနေတွေကပဲ တွန်းပို့နေတာ မဟုတ်လား။ သည်ပြဿနာက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေနှင့်ဆိုင်နေတော့ ဘဝင်ကျအောင် ပြောနိုင်ဖို့ ခက်သည်။ တစ်ပါးတိုင်းပြည် ရောက်သခိုက် မြန်မာစိတ် ပျောက်ကြဖို့၊ မြန်မာအချင်းချင်း စောင့်ရှောက်ကြဖို့တော့ ကျွန်မ ဆွေးနွေးခဲ့သည်။

စင်္ကာပူနိုင်ငံရောက်တော့လည်း စာပေဟောပြောပွဲအတွက် စုစည်းစည်း လုံးပမ်းနေကြတာ တွေ့ရပါသည်။ စင်္ကာပူမှာတော့ မြန်မာမိန်းကလေး အတော်များများ စာပေကော်မတီမှာ ပါကြသည့်အပြင် တက်တက်ကြွကြွရှိကြတာ သတိထားမိပါသည်။ ရည်ရွယ်ချက်ကောင်းဖြင့် ကျင်းပသည့် စာပေဟောပြောပွဲတွေဖြစ်လို့ ဝမ်းသာရသည်။ သည်ဘက်ကာလတွေမှာ တောင်ကိုရီးယား၊ ယူအေအီး၊ ဂျပန်လို နိုင်ငံတွေမှာပါ ဟောပြောပွဲတွေ ကျင်းပကြပါပြီ။ စာရေးဆရာ၊ ဆရာမတို့ သွားရောက်ဟောပြောခဲ့ကြပါပြီ။ အောင်မြင်ပေါက်ရောက်သည့် ဟောပြောပွဲများပင်။ ကျွန်မတို့နိုင်ငံမှာတော့ စာကြည့်တိုက်တွေ ရွာစဉ်ရွာဆက် ရှိလာသလို စာကြည့်တိုက်ကို အကြောင်းပြု၍ စာဖတ်ရှိန်မြှင့် ဟောပြောပွဲ၊ စာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် ဟောပြောပွဲတွေ ရှိလာသည်။ စာသင်သား



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်များ၊ ရဟန်းပျိုများ၊ ဘွဲ့တံဆိပ်တော်ရ ရဟန်းတော်များကလည်း မိမိရပ်ရွာအတွက် အသိအမြင် အကြားအနာ များစေချင်တော်မူကြသဖြင့် ဦးဆောင်ကျင်းပကြသည်လည်းရှိသည်။ ကျေးလက်လူငယ်တွေ တစ်ခဲနက် တက်ရောက်နားထောင်ကြသည့် ဟောပြောပွဲတွေဖြစ်လို့ စာပေစကား နာတိုင်း ကြားနိုင်ကြပြီ။

(၇)

ကျွန်မ သည်စာကို ရေးနေစဉ်မှာပင် ဟောပြောပွဲ ဖိတ်ကြားမှုတွေကို အကြိမ်ကြိမ် ဖြေကြားနေရသည်။ မနေ့ကပဲ မြို့တစ်မြို့ ရွာတစ်ရွာက ပြန်ခဲ့သည်။ မနက်ဖြန်မှာပဲ မြို့တစ်မြို့ ရွာတစ်ရွာကို သွားရောက်ဟောပြောရပါဦးမည်။ ရေးလက်စ ကလောင်ကို ချကာ ရောက်နိုင်သမျှရောက်အောင် ခရီးတွေ သွားကြရသည့်ကာလပင်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သေးသော် ကိုယ်သွားတိုင်းတော့ စိတ်ပါရပြီ။

စာပွဲသဘင်တွေ အခွန့်ရှည်ပါစေ...။ ကျင်းပနိုင်သမျှ စာသဘင်တွေမှာ လူငယ်တွေ ကြားနိုင်၊ နာနိုင်၊ ခံစားနိုင်ပါစေ။ ထိုလူငယ်တွေကပဲ သည်လိုစာပေယဉ်ကျေးမှုအောင်လံကို ဆက်လက်မြှင့်တင်နိုင်ပါစေလို့ ဆုတောင်းမိပါ၏။ စာပေဟောပြောပွဲတိုင်းမှာ လူငယ်တွေနှင့် များများကြီး တွေ့ချင်သည်။ စာစကားပေစကား များများကြီး ပြောခွင့်ရချင်သည်။ သူတို့က ပြောပြသော ဘဝကျွမ်း ဘဝစာတွေကိုလည်း ကျွန်မတို့က တစ်လှည့် ဖတ်ချင်ကြားချင်သည်။

*Beauty မဂ္ဂဇင်း၊ ဒီဇင်ဘာ ၂၀၀*





# စိတ်ကောင်းရှိသူ

"ခင်ခင်ထူး...ညည်းပေးလိုက်တဲ့ ပင်လယ်ဖြတ်တဲ့လှည်း ငါဖတ်ပြီးပြီ...၊ ဖတ်ပြီးပြီးချင်း ညည်းကို ရိုက်ချင်လိုက်တာ မပြောနဲ့တော့...ဘယ့်နှယ့်ဟာ လုံးချင်းဝတ္ထုကြီး ဖြစ်ရမယ့်ဇာတ်ကို ညည်းက ကပျာကသီနဲ့ သိမ်းလိုက်တာ နှမြောစရာ ကောင်းချက်ကတော့...၊ မောင်ကြိုင့် အကြောင်းကလည်း နည်းတယ်...တောက အေးသီ ဘဝကလည်း နည်းတယ်...ဒါတွေ ဖြန့်ရေးရမှာလို့ တွေးမိရင်...ကြားက နှမြောလိုက်တာ မပြောနဲ့တော့..."

တစ်ရက် မနက်ပိုင်း ကျွန်မ ကော်ဖီသောက်နေသခိုက် ရာချုပ်ဆီက ဖုန်းလာသည်။ ကျွန်မ ကောက်ကိုင်လိုက်တော့ မဆင့် ဗုံမဆင့်ပါဘဲ ဆရာချုပ်က တွန်းငေါက်နေလို့ ကျွန်မ လိုက်ရပါ၏။ ဆရာချုပ်က ကျွန်မတို့မိသားစုကို ချစ်ခင်သည့် လျော့စွာ မြို့ထဲကအပြန် ဝင်တာမျိုး၊ ဖုန်းဆက်တာမျိုး လုပ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ မရောက်ဘူးဆိုလျှင် တစ်ပတ်တစ်ခေါက်လောက်တော့
ရောက်လာတတ်သည်။ ရောက်လာတိုင်းလည်း သပ်သပ်ရပ်ရပ်၊
ပြုံးပြုံးရွှင်ရွှင်။ ဘယ်သောအခါကမှ ကပိုကရို ဖိုသီဖတ်သီမရှိ။
ဆရာနေက "မိုလ်ချွန်တော့ မိန်းမလိုချင်နေပြီနဲ့ တူပါတယ်ဟာ"
လို့ စလျှင် "ငါ့မြေးတွေတောင် ချစ်လို့ မဝပါဘူး" လို့ ဆိုမြဲ။

ကျွန်မနှင့် ဆရာစိုးဘားဒိုင်တို့ နှစ်ယောက်ပေါင်းတစ်အုပ်
(ဝတ္ထုလတ်တစ်ပုဒ်စီ) ထုတ်ဖူးပါသည်။ လင်းလွန်းခင် စာပေက
ထုတ်ဝေခဲ့သော 'ပင်လယ်ဖြတ်တဲ့ လှည်း' စာအုပ်မှာ ကျွန်မက
'မင်္ဂလာလှည်း' ဝတ္ထုလတ် တစ်ပုဒ်ရေးသည်။ ဆရာစိုးဘားဒိုင်က
ပင်လယ်ဝတ္ထု 'ရေစီးကြောင်းများတဲ့ ပင်လယ်'။ ကျွန်မဝတ္ထုကို
အရင်ဖတ်ဖြစ်ပုံရပါ၏။ ချက်ချင်း ဖုန်းကောက်ဆက်လိုက်ခြင်း
ဖြစ်သည်။ ကျွန်မကိုယ်တိုင်က သည်အချက်ကို ဂရုမပြုမိပါ။
ဆရာစိုးဘားဒိုင်က သူ့ဝတ္ထုလတ်ကို ရေးပြီးတာ ကြာပြီ။ ကျွန်မက
လက်စမသတ်နိုင်တော့ ပြီးချင်စိတ်က များနေသည်။ သည်တော့
ဇာတ်ကို မကွန့်တော့ဘဲ ခပ်သုတ်သုတ်ကလေး သိမ်းလိုက်ခြင်း
ဖြစ်သည်။ ကျွန်မစိတ်ထဲတော့ ဝတ္ထုလတ်တစ်ပုဒ်အဖြစ် အဆင်ပြေ
သွားတာပါပဲလေလို့ တွေးမိခဲ့သည်။ ဆရာချွန် ထောက်ပြတော့မှ
စရိုက်တွေ ဘဝတွေ ထပ်ဖြည့်လိုက်လျှင် ဝတ္ထုကြီးတစ်ပုဒ် ဖြစ်နိုင်
တာ သဘောပေါက်မိခဲ့ရသည်။

"ဟုတ်ပါ့ဆရာရယ်...ကျွန်မက ဇာတ်ကို ချုံ့လိုက်
တယ်...ဇာတ်လမ်းက ကျွန်မမောင်တစ်ယောက် ကိုယ်
တွေ့ ဖြစ်ပျက်ခဲ့တာလေး ပြောပြတော့ သဘောကျတာနဲ့
စိတ်ရှိတုန်း ရေးလိုက်တာ ဆရာရဲ့ ...ကျွန်မမောင်က





တပည့်တစ်ယောက် မိန်းမသွားတောင်းတာမှာ လမ်းခရီး
မှာ ဒုက္ခရောက်ရတာကို ပြောပြတာလေ...ဒါကို ကျွန်မ
က ဇာတ်ထည့်ပြီး ချုံ့လိုက်တာပါ...ဆရာချွန်ပြောပြတော့
မှ နှမြောတောင်နေသေးတယ်"

"နှမြောစရာပေါ့ဟ...၊ ငါပြောမယ်...စာရေးဆရာဆိုတာ
ရေးစရာရှိတာ ကုန်အောင်ရေးရတယ်...ဘယ်သူ့မှ မငဲ့
နဲ့...စိတ်က ချုပ်ထားတာရှိရင်...မလွတ်လပ်သလိုဖြစ်နေ
ရင်...Pressure တစ်ခုခုရှိရင် အပြည့်မလှတော့ဘူး...
ညည်းဝတ္ထုတွေ ငါ စောင့်ဖတ်ဖြစ်တယ်...မြင်တာရှိ ပြော
မယ်...ငါက ညံ့ရင် ညံ့တယ်ပြောမှာပဲ...ကောင်းရင်လည်း
ချီးကျူးမှာပဲ"

"ကျေးဇူးတင်ပါတယ် ဆရာရယ်...အိမ်ဘက် မလာတာ
ကြာပြန်ပြီ..."

"ငါ ပန်းချီပြပွဲလေးတစ်ပွဲ လုပ်မလို့ စီစဉ်နေတယ်...
အသက်ကြီးလာတော့ လုပ်ချင်တာတွေ များလာတယ်
ထင်ပါရဲ့ ခင်ခင်ထူးရယ်...၊ လုပ်လက်စတွေကလည်း
အများကြီး"

ထိုနေ့မနက်က ဆရာနှင့် စကားတွေ တော်တော်ပြောဖြစ်ခဲ့
သာ ကျွန်မ မှတ်မိပါသည်။ ကျွန်မတို့ ဖနီးမောင်နှံကို သူ ခင်သည်။
ဆရာချွန်၏ ဝေဖန်အကြံပေးချက်များက မေတ္တာရှိသူတို့၏ ဝေဖန်မှု
မျိုး ဖြစ်သည်။ သူကိုယ်တိုင်က အလုပ်တွေ များများလုပ်သူဖြစ်၍
အချိန် အတော်ကြာကြာ ယူတာမျိုး မရှိသော်လည်း သူစိတ်ပါပြီ
ဆိုရင် ဝေဝေဆာဆာ ပြောတတ်သည်။ ဆရာပြန်သွားလျှင် ရယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မောစရာတွေ ကျန်ရစ်ခဲ့တတ်ပါသည်။ ဘယ်အရာမဆို ဆရာက ခွင့်လွှတ်စိတ်ဖြင့် ကြည့်လို့လားတော့ မသိပါ။ ပေါ့ပေါ့ပါးပါး သတိထားမိရုံမက စိတ်ညစ်စရာထဲက ရယ်စရာတွေထုတ်ပြီး ဖြေလျှော့လေ့ရှိတာ သတိထားမိပါသည်။ တစ်ခါတစ်ရံ ကျွန်မက ကျွန်မရင်ထဲ စနောင့်စနင်းရှိတာကလေးတွေ ပြောပြသည့်အခါ ဆရာချွန် ပြောလေ့ရှိသည့် စကား ရှိပါ၏။

"အဲဒါတွေ ညည်းရှေ့ လာပြောနေတာတွေလား…အဲဒါဆိုရင်တော့ ပါးရိုက်လွှတ်လိုက်ဟ…၊ ကွယ်ရာမှာပြောတာဆိုရင်တော့ ရှိပါစေအေ…၊ ညည်းမပြောနဲ့ ငါတောင် ခုထိအပြောမလွှတ်သေးဘူး…ပြောနေတဲ့ လူတွေက မရေးဘူးဟ…ရေးနေတဲ့လူတွေက မပြောအားဘူး…ကိုယ့်အလုပ်ကိုယ်လုပ်…"

ကျွန်မ ဆရာ့အကြောင်း ရေးရမည်ရှိသောအခါ သည်အကြောင်းအရာက ကျွန်မရင်ထဲ အရင်ရောက်လာခဲ့ပါသည်။ ဝတ္ထုတိုလေး တစ်ပုဒ်စ နှစ်ပုဒ်စ ပါစဉ်ကတည်းက ကျွန်မ စာသင်ရာကျောင်းကို ရောက်လာတတ်သော ဆရာချွန်…။ အားပေးတတ်သော ဆရာချွန်…။ ဆရာနှင့် ကျွန်မတို့ စာပေဟောပြောပွဲခရီးတွေ တော်တော်များများ သွားခဲ့ရပါသည်။ ခရီးသွားမှ တစ်ယောက်အကြောင်းတစ်ယောက် နားလည်ရတာတွေရှိသည်။ အနုပညာနှင့် ပတ်သက်လျှင် ဆတ်ဆတ်ထိမခံတတ်သူ ဆိုသော်လည်း အချင်းချင်း ညှာစရာရှိလျှင် ကမ်းကုန်အောင် ညှာခဲ့သူပင်။

စာပေဟောပြောပွဲ အတော်များများကို သွားကြရသည့် အကြောင်းတွေထဲမှာ ဆရာ့ကြောင့် ကျွန်မတို့ ခရီးတွေသွားဖြစ်သလို





ကျွန်မတို့ကြောင့်လည်း ဆရာ ပါလာရတာတွေ ရှိပါသည်။ မြို့ခံစာပေ ကော်မတီတွေက ဆရာ့အိမ်ရောက်လာပြီး ဆရာကချွန်နဲ့ နှစ်ယောက်လောက် စီစဉ်ပေးပါဗျာ ဆိုရုံရှိသေး ကျွန်မတို့ဆီ ဖုန်းဆက်ပြီ။ ကျွန်မတို့အမည်တွေ ပေးနှင့်ပြီ။

"ခင်ခင်ထူးရေ ကိုနေကော…မြို့က လာဖိတ်နေတယ်ဟ… ငါ ငြင်းမရတဲ့လူတွေ ဖြစ်နေတယ်…ညည်းတို့လင်မယားကို နာမည်ပေးလိုက်ပြီ…ငါ့ပွဲလို့ သဘောထားကြပါဟာ…လိုက်ခဲ့ကြပါဦး…"

သည်လိုနှင့် ပါရတာတွေ များသည်။ ကျွန်မတို့ဆီရောက်လာကြသည့် စာပေကော်မတီများကိုလည်း ကျွန်မတို့က သည်လိုပင် ဆရာချွန်ကို ခေါ်ရန်၊ ဖိတ်ရန် ဆန္ဒပြုမြဲ။

"ဆရာချွန်…ကျွန်မတို့တော့ ဆရာကို စာရင်းပေးလိုက်ပြီ…မငြင်းပါနဲ့တော့ ဆရာ…၊ ခရီးမသွားရတာ ကြာပြီလေ" ဆိုလိုက်ရုံဖြင့် "အေး…ကောင်းသားပဲ" လို့ လက်ခံသည်ချည်း ဖြစ်ပါသည်။ ဆရာနှင့်ကျွန်မ ပထမဆုံးသွားခဲ့သည့် စာပေဟောပြောခရီးမှာ ကျောက်ပုထိုးရွှေစက်ရုံစာပေဟောပြောပွဲ ဖြစ်သည်။ ကျွန်မမှာ ပထမဆုံး စင်ပေါ်တက်ရမည့်ပွဲမို့ မရှုမရဲ။ စမ်းတဝါးဝါး။

"ဟောပါအေ…သည်လိုပါပဲ…ပြောရင်းက ကောင်းသွားရတာမျိုးပါ…ညည်းဟောပြောတာ လိုအပ်တာရှိရင် ငါပြောမယ်…စာပေဟောပြောပွဲဆိုတာ လမိုင်းကြီးတယ်ဟ…စာပေပရိသတ်ထဲမှာ ကိုယ့်ထက်တော်တဲ့ တတ်တဲ့ပညာရှိတွေ အများကြီးပါတယ်…ဒီတော့ ကိုယ်ပိုင်နိုင်တာပဲပြော…ခွင်တစ်ခုလုံး စည်းစည်းလုံးလုံး ရှိပါစေ…



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ် မငြီးစေနဲ့…နာရိုက်စာရှိရင် နာရိုက်ပဲပြော… နောက်တော့ ဘာတွေထည့်ရမယ်…ဘာတွေ နုတ်ရမယ် ဆိုတာ သိလာလိမ့်မယ်"

သည့်လိုနဲ့ ကျွန်မ ဟောရဲပြောရဲ ရှိလာရပါသည်။ ပွဲတွေ အတော်များလာတော့ ကျွန်မ သဘောပေါက်လာပါပြီ။ ရယ်စရာ မောစရာကလေးတွေ ညှပ်သုံးတတ်ပြီ။

"ပရိသတ် ရယ်ပြီဆိုရင် သူတို့ရယ်တာ စောင့်ဟ…ဟာသ ဆိုတာ တစ်ခါတလေ နှစ်လုံး သုံးလုံး ဆက်ဖြုတ်ရတာ လည်း ရှိတယ်…ပရိသတ်ငြိမ်မှ စောစောက အလုံးကို ဆက်ယူတဲ့ ဖြုတ်လုံးကို ထပ်ဖြုတ်…ဒါမှ ပရိသတ်နဲ့ ကိုယ်နဲ့ ပိုနီးတယ်…"

ဆိုတာမျိုးကအစ ဆရာချွန်က သွန်သင်ပေးတတ်ပါသည်။

တချို့စာပေဟောပြောပွဲတွေမှာ ပွဲမစခင် ဆိုင်ရာကော်မတီ လူကြီးများနှင့် မိတ်ဆက်စကားတွေ ပြောကြ၊ ညှိခဲ့တာကို စားကြ သောက်ကြရှိသည့်အခါ ဆရာချွန်ဆီက စာတိုကလေးတွေ ကျွန်မ လက်ထဲ ရောက်လာတတ်တာလည်း ရှိသေးသည်။ စာတိုကလေး တွေကို ကျိတ်ဖတ်ရတိုင်း မရယ်မိအောင် အောင့်ထားခဲ့ရတာတွေက လည်း အများကြီး။

"ခင်ခင်ထူး…ညည်းနဲ့ ကပ်ထိုင်နေတဲ့ လူကြီးကို အသာ ကြည့်လိုက် ငါ့စိတ်ထဲ ဦးစံမတူနဲ့ တူသလားလို့…"

ကျွန်မက ဆရာ့စာတိုကလေးဖတ်ပြီး ကိုယ့်ဘေးက ပုဂ္ဂိုလ်ကြီးကို အသာ ငုံ့ကြည့်ရသည်။ ဟုတ်ပါ့။ ရုပ်ရှင်သရုပ်ဆောင် လူရွှင်တော် ဦးစံမတူနှင့် တကယ်တူသည်။ သည်တော့ ရယ်ချင်စိတ်





ကို မျိုချထားရသည်။ ဆရာချွန်ကို လှမ်းကြည့်တော့ ကျွန်မကို ကြည့်။ ခပ်တည်တည်နှင့် စကားတွေပြောနေသည်။

"ညည်းလှမ်းကြည့်မိရင် ငါက ရယ်မိတော့မှာလေ…ငါ့ ကိုယ်ငါ ထိန်းထားတဲ့ သဘောပေါ့ဟာ"

တစ်ခါကလည်း စာပေကော်မတီ အမျိုးသမီးက စကားတွေ ဆိုင်နေအောင် ပြောနေသည်။ တခြား ဘယ်သူမှ ပြောမဖြစ်အောင် သူချည်းပြောနေခြင်း ဖြစ်ပါ၏။ ကျွန်မတို့အားလုံး 'အင်း'လိုက်နေရ သည့်အတွက် အီတောက်နေကြပြီ။ ခရီးပန်းလာသဖြင့် နားလည်း နားချင်ပြီ။ သည်တစ်ခါတော့ ကျွန်မ စာတိုကလေးရေးကာ ဆရာချွန်ကို ကမ်းလိုက်သည်။

"ဆရာချွန်ကို မဲပြောနေတာ…ဆရာချွန် နေခဲ့တော့… ကျွန်မတို့ အဆောင်ပြန်နားတော့မယ်"

ဆရာချွန်က ကျွန်မစာတိုကလေးကိုဖတ်ပြီး စာတိုကလေး ပြန်ရေးပေးသည်။

"ငါတို့ကို ဘာလို့ ဖိတ်ဟောခိုင်းတာလဲမသိဘူးဟာ…သူ့ စင်ပေါ်တင်ပေးလိုက်ရင် ပြီးရော…ညည်းတို့ ငါ့ကို ထား မသွားကြနဲ့ အခုတင် ငါ နားတစ်ဖက် အူသွားပြီ"

ကျွန်မတို့မှာ ရယ်လိုက်ရတာ။ ဆရာနှင့် ခရီးသွားရတာ ပျော်စရာကောင်းသည်။ ဆရာက ကိုယ်ပိုင်ဟာသဉာဏ်လည်း ရှိသူ ဆိုတော့ သူ့စာ၊ သူ့ကာတွန်း ဇာတ်ကောင်များကို ဖန်တီးရာမှာ ဝင်မက လူ့သဘာဝကိုလည်း ဟာသဉာဏ်ဖြင့် ရှုမြင်တတ်သူ ဖြစ်သည်။ ဆရာချွန်ကတော့ စွယ်စုံရ မင်းသားကြီးပင်။ ဟောတတ် ပြောတတ်သည်။ ရယ်စရာ မောစရာတွေ ပြောသည့်ကြားက ဘာ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဖိုးတန်တာတွေ ထည့်သွားတတ်သည်။ လေးနက်သည့် အကြောင်းအရာကိုပင် ဟာသကလေးတွေစွက်ကာ နားထောင်ချင်အောင် ပြောတတ်သည်။ ဆရာချွန် ဟာပြောချက်တွေက များလှပါသည်။ သည်အထဲကမှ Tour guide အေးကိုကိုအကြောင်း ပြောရင်း ဝတ္ထုရေးသူနှင့် ဝတ္ထုဖတ်သူတို့ကြားက ခံစားမှုရသ အကြောင်း ဟာပြောသွားတာကို မမေ့နိုင်ပါ။ နားထောင်ရတိုင်းလည်း ရိုးသည်မရှိ။

"အေးကိုကို လုပ်ကျွေးနေတာကို များလှပါပြီဟာ... လူသာ တကယ်ရှိရင် ငါ့ကို နရင်းအုပ်လိမ့်မယ်"

တစ်ခါတော့ အေးကိုကို ဟာပါဆိုလို့ ပြန်ပြောတာကို ကျွန်မ မှတ်မိနေသည်။ ဆရာချွန့် အမှတ်တရတွေ ပြောလျှင်တော့ မကုန်နိုင်လောက်ပါ။

ဆရာနှင့် ဟာပြောပွဲ နောက်ဆုံးခရီးကတော့ မူဆယ်လားရှိုးခရီးဖြစ်သည်။ လားရှိုးစာပေဟာပြောပွဲက ဆရာဝန်များကမကထပြုသည့်ပွဲဖြစ်၍ လားရှိုးပွဲအပြီးမှာ မူဆယ်ကို ဆက်ကူးကာ ဟာခဲ့ရသည်။ မူဆယ်ပွဲက စာပေနှင့် စာနယ်ဇင်းပွဲ။ ကျွန်မတို့ကို နမ့်ခမ်း၊ ရွှေလီ၊ ကျယ်ခေါင် စသည့်နေရာတွေကို လိုက်ပို့ကြသည်။ ပျော်စရာကောင်းသည့် ခရီးပင်။ သည်တုန်းက ဆရာနှင့်အတူ သွားရသည့်ခရီးတွေထဲမှာ သည်တစ်ခေါက် နောက်ဆုံးဆိုတာ ကျွန်မတို့ မသိပါ။ ကျန်းကျန်းမာမာပင်။ ဆေးတွေဝါးတွေ အစုံပါသလို စနစ်တကျ သောက်သည်။ အစားအသောက်ကို ချင့်ချိန်စားသည်။ နွေးနွေးထွေးထွေးနေသည်။ လားရှိုးဆောင်း၏ နှင်းမှုန်တွေကြား စောစောထ၍ လမ်းလျှောက်နေခဲ့သေးသည်။ ဘယ်ခရီးသွားသွား သူကြိုက်





ည့် အနွေးထည်အင်္ကျီ၊ ဘောင်းဘီတွေ ဝယ်တတ်သည်။ အဓိက တော့ မြေးတွေအတွက် စဉ်းစားခြင်းဖြစ်သည်။

"ခင်ခင်ထူးရဲ့...ငါဟယ်ဟယ်က ဆင်းရဲတယ်...ငါ စင်ပေါ်က ဟာနေတာတွေ ဇာတ်နာအောင် ပြောနေတာ မဟုတ်ဘူး...တကယ့်ဘဝတွေ...ဘယာကြော်နှစ်ကွင်းနဲ့ ပြီးရတဲ့နေ့တွေရှိတယ်...ငါ ဘယ်တုံးကမှ စိတ်ဓာတ်မကျခဲ့ဘူး...ငါ့မြေးတွေကျတော့ ကံကောင်းကြပြီ...ကလေးတွေကို ငါ မချုပ်ချယ်ဘူး...အငုံ့စိတ် အဝင်မခံဘူး ဇွတ်ပုံမသွင်းဘူး...အခုတော့ မြေးတွေက ငါ့ဘဝကြီး ဖြစ်သွားပြီ...သည်ကောင်တွေနဲ့နေရတာ စိတ်ချမ်းသာတယ်ဟ..."

မှန်ပါသည်။ ဆရာချွန်က သူ့မြေးတွေအကြောင်း ပြောရ တ အမော။ သမီးက လိမ္မာကြောင်း၊ သမက်က လိမ္မာကြောင်းတွေ ခဲ့ပြောလေ့ရှိသည်။ သည့်အတွက် ကျွန်မတို့မှာ ဝမ်းသာရသည်။ အပျော်တွေ ကူးစက်ရပါသည်။

လားရှိုး–မူဆယ် စာပေဟာပြောပွဲအကြောင်း ရွှေမန္တလေး နယ်မှာ ဆရာရေးတော့ ကျွန်မတို့ ဇနီးမောင်နှံအကြောင်းကို တ်တရ ရေးရှာသည်။ သည်ဆောင်းပါးတွေက ခါတိုင်း ဆရာချွန် နေကျ ဟာသမဆန်ဘဲ ဘဝဆန်သည်။ ရသတွေ တစ်ထွေးကြီး လာတာ သတိပြုမိသည်။ သည်အကြောင်းကို ကျွန်မက ဆရာချွန့် ဖုန်းဆက် ဖြစ်ခဲ့ပါသည်။

"အေး...ဟုတ်တယ်ဟ...၊ အသက်အရွယ်ကြောင့်ပဲလား...ခံစားမှုပဲလား မပြောတတ်ပါဘူးဟာ...ရသစာပေ ရေးချင်နေတယ်...ငါ လုံးချင်းဝတ္ထုကြီးတွေရေးဖို့ စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်…အသက်ကြီးလာရင် အထိုင်နဲ့ပဲ လုံးချင်းဝတ္ထုတွေ ရေးတော့မယ်အေ…ညည်းတို့လည်း ငယ်တုန်း ကြိုးစား ရေးဟ…မပျင်းနဲ့…”

ဆရာ လုံးချင်းဝတ္ထုတွေ ရေးသွားဖြစ်လေသလား။ ဆရာ့ချွန် အသက်ဆက်ရှည်နေဦးမယ်ဆိုလျှင်တော့ ဆရာကံချွန်၏ လုံးချင်း ဝတ္ထုကြီးတွေ ဖတ်ရဖို့ သေချာသည်။ ဆရာက လက်တွေ့အလုပ်လုပ် သော စာရေးဆရာ မဟုတ်လား။

ဆရာ့အကြောင်း တကယ်တမ်းချရေးတော့လည်း ဆရာ့ ကို သတိရမိပါသည်။ စာဆိုတော်ရာသီ၊ ပွင့်လင်းရာသီကို ရောက်ပြန် တော့မည်၊ သည်နှစ်တော့ ဆရာ့ဆီက ဖုန်းလာစရာ မရှိတော့။ ခရီး တွေ အတူသွားဖို့ မဖြစ်နိုင်တော့ပါ။ ဆရာက ချစ်သောပရိသတ် ဆရာ့ကို ချစ်သောပရိသတ် ဆုံခွင့်မရနိုင်တော့ပြီ။ ဘာပဲဖြစ်ဖြစ် အနုပညာအားဖြင့် ဆရာချွန် တာဝန်တွေများခဲ့သလောက် တာဝန် ကျေပွန်ခဲ့ရပါသည်။ သည့်အတွက် ကျေနပ်တန်သလောက် ကျေနပ် သွားခဲ့လိမ့်မည်ဟု ထင်ပါသည်။ စာပေပရိသတ်အတွက်ရော မိသားစု အဖို့ရာပါ စိတ်ကောင်းနှလုံးကောင်းရှိခဲ့ရာသူဆိုတော့ အားလုံး၏ မေတ္တာကို ခံယူနိုင်သူအဖြစ် အမှတ်တရရှိကြတာ မဆန်းပါ။

ကျွန်မကတော့ ဆရာပါလျှင် ပျော်ရသည့် စာပေခရီးတွေ ကိုသာ အောက်မေ့ အမှတ်ရနေမိပါသည်။ ကျွန်မတို့နှင့် ဆုံခဲ့ရသော ဆရာ့အပေါ် မှတ်ချက်ပေးပါဆိုလျှင် ဆရာသည် စိတ်ကောင်းရှိသူ တစ်ယောက်လို့သာ ဆိုချင်ပါသည်။

*ကံချွန် အမှတ်တရ စာစုများ၊ ဩဂုတ် ၂၀၀၀*

ဥဒယ ကျေးရွာ စာပေ

# ခရီးသွား

www.burmeseclassic.com

www.burmeseclassic.com



# နမ့်တော

(၁)

ဟုမ္မလင်းလေဆိပ်ကို ကျွန်မတို့ စီးလာသည့် လေယာဉ် ရောက်သွားချိန်မှာ ဆွမ်းခံပြန်ချိန်လောက် ရှိနေပါပြီ။ သို့သော် ယာဉ်ပေါ်က ဆင်းလိုက်သည်နှင့် အအေးဓာတ်က နှင်းခဲနှင်းဖတ် ထဲ ထိုးနှစ်လိုက်သလို ဆီးကြိုလိုက်သည့်အခါ မန္တလေးလိုမြို့ သာခဲ့ကြသော ကျွန်မတို့အဖို့ သွေးခဲသွားတော့မလို အောက်မေ့ သည်။ ကျွန်မတို့ကို လာကြိုသည့်ကားက တောင်ပေါ်သွားကား မြင့်ကြီးဆိုတော့ ကျွန်မစိတ်ထဲ တောင်ပေါ်ကိုများ တက်ရဦး းလို့လည်း တွေးမိပါသည်။ ကျွန်မတို့ သွားရမည့်ခရီးစဉ်က လင်း၊ နောင်ပိုအောင်၊ နမ့်တောဆိုတာလောက်ပဲ အကြမ်းဖျင်း ပါ၏။ ကျွန်မတို့ကို ကြိုနေသည့် အင်ဂျင်နီယာ ဦးအောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် နမ့်တောချောင်းကြီးဒေသ ရွှေလုပ်ကွက်များမှ တာဝန်ရှိသူ ဦးနေဝင်းတို့ လေဆိပ်မှာပဲ အစီအစဉ်ရေးဆွဲပြီးချိန်မှာတော့ ကျွန်မ တို့ နမ့်တောကို အရင်ကူးကြဖို့ သေချာသွားပြီ။

အင်ဂျင်နီယာ ဦးအောင်မြင့်တို့ ရုံးမှာ နေ့လယ်စာစားပြီး ကားကြီးပေါ် ကျွန်မတို့ တက်ကြပြန်သည်။ ဆရာညိုထွန်းလူ၊ ဆရာ နေဝင်းမြင့်နှင့် ဆရာစိုးဘားဒိုင်တို့ကလည်း ကားပေါ်ကို အတင်းထိုး တက်ကြရင်း ဘယ်ဆီမှန်း မသိနိုင်သေးသည့်နေရာကို လိုက်ဖို့ ပြင်ကြ ရပြီ။ ကျွန်မတို့ သားအမိကိုတော့ ကားရှေ့ခန်းက နေရာပေးကြ သဖြင့် ကျေးဇူးတင်ရပါသည်။

ဒရိုင်ဘာကြီးက –

"ခင်ဗျားတို့ လေယာဉ်နဲ့ လာလို့ဗျ… ရော်တယ်နဲ့ဆိုရင် ဘယ်သက်သာမလဲ…မြစ်ထဲက မတရားအေးတယ်… မခံနိုင်ဘူး"

လို့ ပြောရှာပါသည်။ ရော်တယ်တွေ မရောက်ခင်က မုံရွာ–ဟုမ္မလင်း ရေကြောင်းခရီးကို တစ်ပတ်,ဆယ်ရက်ကြာသည် ဆိုပါသည်။ ကျွန်မ တို့ ဟုမ္မလင်းက ထွက်လာတော့ပဲ မှန်းလွဲတစ်ချက်ထိုးသာသာရှိပြီး

"ဟုမ္မလင်း – နောင်ပိုအောင်က ၁၈ မိုင်ဝေးတယ်… နောင်ပိုအောင် – နမ့်တောက ၁၉ မိုင်ဝေးတယ်…လမ်းခင်း က သိပ်မဝေးပါဘူး…လမ်းတွေက ဆိုးတော့ ခရီးက မရောက်နိုင်ဘူးလေနော…၊ မိုးချုပ်လို့ရောက်ရင် ခင်ဗျား တို့ ကံကောင်းတာပဲ"





ကျွန်မတို့က ကံကောင်းတာပဲဆိုလို့ ကျွန်မ ပြုံးမိရပါသည်။ နောင်ပို့ရသူက ခရီးမှာ သူ မပါသလိုလိုကိုး။ လမ်းက တကယ်လည်း ဆိုးလှပါသည်။ ဟုမ္မလင်းကအထွက် မသိသာသေးသော်လည်း မြို့နှင့် ဝေးလာသောအခါ ဆိုးစပြုလာပါသည်။ "ဒါတောင် တော်တော် ကောင်းသွားတာ…အရင် သည်လိုဘယ်ဟုတ်မလဲ…အိုး…"ဟု ဆိုတာ စကားဖြတ်လိုက်သဖြင့် 'အိုး'ဆိုသည့် အသံကို ကျွန်မ ခေါင်းကူးဖြင့် မှန်းဆကြည့်ရပါသည်။ ညနေ ၃ နာရီလောက်မှာ နောင်ပိုအောင်ကို ရောက်ပါပြီ။ နောင်ပိုအောင်သည်လည်း ဥရုမြစ် ကမ်းက ရွာကြီး တစ်ရွာ ဖြစ်သည်။ ကျွန်မတို့ ဒေါက်မြင့်ကားကြီး ဖြင့် ဥရုချောင်းဖြတ် လှေနှစ်စင်းပူး ဇက်ကူးတို့ဖြင့် ကူးရသည်။ ထိုကတ်လက်စ ဥရုမြစ်ကူးတံတားကြီးက ကျွန်မတို့နှင့် မလှမ်းမကမ်း မှာ ရှိနေပြီ။ တံတားကြီးပြီးလျှင်တော့ မိုးရာသီမှာပါ ကူးဖြတ်နိုင်ကြ တော့မည်။ ဥရုမြစ်ကတော့ မြစ်ဝါမြစ်ဖြစ်နေသည်ကို ကျွန်မ သတိ ထားမိသည်။ နောင်ပိုအောင်မှာ အဆာပြေ ကောက်ညှင်းပေါင်းတင်း ခြင်းနှင့် ဥရုမြစ်ထွက် ငါးပေါင်းကြော်ကို တဝ စားလိုက်ရသေးသည်။

"မြစ်ရေက ဒီလို ဝါတာပဲလား…ဥရုမြစ်ကို ကျွန်မ ပထမဆုံး မြင်ဖူးတာမို့ မေးတာပါ"

"အား…ဘယ်ဟုတ်လိမ့်မလဲ…ကျုပ်တို့ငယ်ငယ်က ရေထဲ ကူးနေတဲ့ ကျောက်ငါးကြင်းကလေးတွေ၊ ကျောက်ခဲလုံး ကလေးတွေ အတိုင်းတိုင်းမြင်နေရတာ…အခုကတော့ မဝါဘဲ ရှိပါတော့မလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကြီးက စကားတွေ ချန်ထားပုံ ရပါသည်။ ကား
ရွာတွေကို ပန်းပြီး မောင်းသည်။ ရွာတွေထဲက ဖြတ်သည်။ ရွာခြေ
မောင်းသည်။ သဲကျင်းသောင်ကုန်းတွေကို ဖြတ်ပြီး မောင်းသည်။
မျောမီးခုံ ခေါ်ကြသည့် မျောစာပုံဟောင်းတွေပေါ်က မောင်းတာ
ကိုလည်း ကြုံရသည်။ လမ်းရွာတွေကတော့ ရွာကြီး ရွာခိုင်တွေ
များသည်။ များသောအားဖြင့် ရှမ်းရွာတွေဟု ပြောပြ၏။ အေးချမ်း
လှသော ရှမ်းကျေးရွာများ၏ လူနေမှုဘဝကို ဖျိုးဖျိုးဖျပ်ဖျပ် မြင်
ရသည်။

နောင်ပိုအောင်က စားလာသည့် ပေါင်းတင်းကင်းနှင့်
ငါးကြော်သည် နောင်ပိုအောင် နမ့်တော ၁၉ မိုင်မှာ ကြေညက်သွား
လောက်ပြီ။ ညနေမိုးချုပ်လေ ပိုအေးလာလေ။ ကားပက်လက်ပေါ်
လိုက်ရသည့်ဆရာတွေ အေးကြရှာမည်။

တော်တော်ကြီးမှောင်မှ ကျွန်မတို့ကားဒေါက်မြင့်ကြီး
နမ့်တောရွာကို ဝင်သည်။ တောကြီးတောင်ကြီး၊ တောလမ်းတောင်
လမ်း၊ တအိအိ မောင်းလာခဲ့ရာက မီးရောင်တွေ ဖွေးခနဲ မြင်လိုက်
ရတော့ ဝမ်းသာသွားမိပါသည်။ နမ့်တောနဲ့ ဟုမ္မလင်း ဘယ်
ပိုအေးသလဲ မေးတော့ ကားဆရာကြီးက "အိုး...အေးပြီကော...
နမ့်တောမှာ နေရောင်မမြင်ရတာတောင် ကြာပြီလေ" လို့ဆိုသည်။
ကျွန်မတို့ကို နေရာချပေးသည့်အိမ်ကြီးမှာ ကျယ်လွင့်ရုံမက ဥ
ဦးမောင်နိုင်က မီးသွေးမီးဖိုကြီး ဖိုပေးထားသဖြင့် ရောက်ရောက်ချင်း





ပေါင်းတင်ကင်သလို ကင်ကြရပါသည်။ ကျွန်မတို့ အိပ်ရာဝင်တော့
နမ့်တော နှင်းပေါက်များ ကြွေသံကိုပင် ကြားနေရသည်။

နေရောင် မထိုးသော်လည်း နမ့်တောမနက်ခင်းကတော့
လှပနေပါသည်။ နမ့်တောကို အလင်းရောင်ထဲမှာ မြင်လိုက်ရတော့
စည်ကားသော မြို့တစ်မြို့ကို ရောက်နေရသလို ခံစားရပါသည်။ ဈေးဆိုင်
တွေ ဟီးနေအောင် ဖွင့်ထားကြသည်။ ရွှေလုပ်ကွက်တွေကို အမှီပြု
လို့ လိုသမျှ ရနိုင်အောင် ခင်းကျင်းရောင်းဝယ်နေကြတာဆိုတော့
အသေးမရှိ ဈေးခင်းကြီး ဖြစ်နေပြီ။

"ကျွန်မ ရောက်ခါစက အိမ်ခြေ ၁၇၀ လောက်ပဲ ရှိတာယ်...
အခုတော့ တစ်ထောင်ကျော်ပြီ...ဟိုတုန်းက ရွှံ့တွေ၊ ဖွက်
တွေဆိုတာ အိုး...ဒူးခေါင်းမြုပ်တယ်...ခြင်တွေဆိုတာ
ညမိုးချုပ်ရင် ဖွဲ့နဲ့ ဆုပ်ပက်နေသလိုပဲ...လူမှုရေး၊ ကျန်းမာ
ရေး၊ ပညာရေး သိပ်နောက်ကျခဲ့တာပေါ့...ကျွန်မက
သူနာပြုဆိုတော့ ကျန်းမာရေးကိစ္စတွေဆိုရင် ဒိုင်ခံဖြေရှင်း
ပေးခဲ့ရတယ်"

ဟုမ္မလင်းတစ်ဖက်ကမ်းက ကက်သာရွာသူ ရှမ်းအမျိုးသမီး
သူနာပြုဆရာမကြီး ဒေါ်သိန်းဝင်းက အနှစ်နှစ်ဆယ်ကျော် အခြေကျ
ခဲ့သော နမ့်တောကို သူ့ဇာတိရွာလို သံယောဇဉ်ရှိရှာသူဖြစ်သည်။
အခုတော့ ဥရုမြစ်ကို မေးတင်ထားသည့် နမ့်တောသည် ရူပါမားကတ်
ကြီးတွေလို ဆိုင်ကြီးကနားကြီးတွေ ရှိနေပြီ။ ရွှေလုပ်ငန်း စက်မှုပစ္စည်း
တွေ၊ အင်ဂျင်သုံးပစ္စည်းတွေသာမက စက်အင်ဂျင်အမျိုးမျိုးကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာ ရွေးဝယ်နိုင်သည်။ အရင်ကတော့ တစ်ခုခုလိုချင်လျှင် ဟုမ္ဘလင်းကို ပြေးရသည်။ မိုးရာသီဆိုလျှင် ဥရုမြစ်ကိုသာ အားကိုး ရသည်။ လူနာ ဆေးရုံပို့တော့လည်း ထိုးလှေကလေးများဖြင့် တနေ့နေ့ စုန်ဆင်းခဲ့ကြရသည်။ အခုတော့ ကားတွေ ရှိလာပြီ။ စက်တပ် မော်တော်ငယ်တွေ ရှိလာပြီ။ ဆိုင်ကယ် ကယ်ရီတွေပင် ရှိနေပြီ။ နမ့်တော–ဟုမ္ဘလင်းကို ကြိုက်သည့်ယာဉ်ဖြင့် ကြိုက်သလို သွား ပါလေ။ နမ့်တောမှာ စာကြည့်တိုက်ကြီးဖွင့်ဖို့ လုံးပမ်းနေကြသည် ကိုလည်း မြင်ခဲ့ရသည်။ နယ်လှည့် ပဒေသာကပွဲမှာ မင်းသားညီ နှင့် လင်းဇာနည်ဇော်တို့ ခေါင်းဆောင်ကာ နမ့်တောလူထုကို ဇာတ် ကြီးဖြင့် ညစဉ် ဖျော်ဖြေနေသည်။ ကျွန်မက ပွဲကြည့်ကြသလား ဆိုတော့ ညစဉ် ရုံပြည့်သည်ဟု ဆိုပါသည်။

နမ့်တောမှာ မနက်ခင်းဈေး၊ ညနေခင်းဈေး ရှိသည်။ ဆရာမကြီး ဒေါ်သိန်းဝင်းက စိုင်းဖေသွင်ဆေးရုံ၊ တွဲဖက်အထက်တန်း ကျောင်း၊ နမ့်တောဈေး စသည်ဖြင့် နေရာအနှံ့ ပို့ပေးပါသည်။ နမ့်တောတွဲဖက်အထကမှ ဆရာမဒေါ်သန်းရီက နမ့်တောပညာရေး ကို ပြောပြသည်။

"ဟိုတုန်းက လယ်လုပ်ချိန်ဆိုရင် လယ်ထဲကို မိဘနဲ့ လိုက် ဝင်သွားကြတာ...ကျောင်းဆရာက ငုတ်တုတ်ထိုင် နေရတာပဲ...လယ်သိမ်းပြီးလို့ ရွာကို ပြန်လာကြတော့ နွေကျောင်းပိတ်လို့ ဆရာက မြို့ပြန်ပြီ...၊ စာသင်ချိန်က တစ်လ,တစ်လခွဲလောက်ပဲရှိတာ...ဒါနဲ့ ကြာတော့ မဖြစ်





ချေဘူးဆိုပြီး ကျွန်မတို့က နွေရာသီမှာ ကလေးတွေကို စာသင်ပေးကြရတယ်...၊ အခုတော့ ပညာတတ်တွေ များလာပြီ...ဝမ်းသာစရာပေါ့"

ကာလတစ်ခုတုန်းက နမ့်ဖယ်ချောင်း ပုံပြင်တွေကို ဒေါ်သိန်းဝင်းက ပြောပြသဖြင့် ကြက်သီးထမိသည်။ ရဲရဲနီနေသည့် နမ့်ဖယ်ချောင်း ရေတွေအကြောင်းလည်း ပါသည်။ ပျဉ်နှစ်ချပ်တံတား ကလေးပေါ်မှာရပ်ရင်း နမ့်ဖယ်ချောင်းကို ကျွန်မ ငေးကြည့်နေမိသည်။ အခုတော့ နမ့်ဖယ်ချောင်း ရေကြည်ကြည်က ဥရုမြစ်ထဲကို ပြေးလွှား စီးဆင်းနိုင်ခဲ့ပြီ။ ဟိုတုန်းက နမ့်တောတစ်ဖက်ရှိ မိုင်းကိုင်းမှာ အကောက်မြို့ပိုင် ရုံးစိုက်သည်။ ရဲစခန်းရှိသည်။ ဘဏ်တိုက် ရှိသည်။ ဆေးပေးခန်းရှိသည်။ နမ့်တောက မိုင်းကိုင်းရိပ်ကို မှီကာ ခိုတည်ခဲ့ရသည်။ အခုတော့ နမ့်တောက ရုံးစိုက်ရွာဖြစ်သွားခဲ့ပြီ။

နမ့်တော ရွာလမ်းတွေပေါ်မှာ ဈေးသွားဈေးလာတွေ များပန်းခပ်နေသည်။ နောင်မိုး၊ သပြေကုန်း၊ နောင်ဆိုင်း၊ သက်ကယ် ဆောင်၊ ပုံနွဲ့ ရှမ်းရွာကလေးတွေက လာကြသူ ဈေးသည်တွေမှာ ဘယ်အချိန်က လာကြရသည်မသိ။ သံပုံးကို ဖောက်ထားသည့် ရေနံ မီးအိုင်ကလေးတွေ ဘေးချကာ ဈေးရောင်းနေကြသည်။ ရွှေကျင် သည့် အင်ဝိုင်းတွေကတော့ နယ်မှာ မရှိမဖြစ် ရွှေကျင်ကိရိယာ ဆင်ပါ၏။ ယမနေ့သား ရွှေအင်ဝိုင်းတစ်ချပ်ကို လေးထောင်ဆို၏။

'ယူလီဟား...'၊ 'ယူလီယူ...' အချင်းချင်း ရှမ်းစကားဖြင့် နှုတ်ဆက်သံကလေးတွေက ချစ်စရာကောင်းလှပါသည်။ ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းကြသော ရှမ်းသွေးချင်းများ ချစ်ခင်မှုတွေကို မြင်နေရသည်။ ကျွန်မကတော့ သည်လိုနေရာမှာ သည်လို ရွာကြီးတစ်ရွာ ရှိနေတာကိုပဲ အံ့ဩနေမိပါသည်။ ကျွန်မက နမ့်တောဆိုတာ ဘာအဓိပ္ပာယ်လဲဆိုတော့ 'ရေခေါင်းရွေ့တဲ့ နေရာပေါ့' လို့ ပြောသည်။ ဥရုမြစ်ရေဦးတိုက်သည့် ရွာကလေးလို့ ဆိုချင်ပုံရပါ၏။ ညနေကလေးစောင်းလာတော့ နမ့်တောသည် အေးစပြုလာပြန်ပြီ။ ကိစ္စမရှိပါ။ တည်းအိမ်မှာ မီးဖိုကလေးရှိနေမှာ သေချာပါသည်။ မနက်ဖြန်မှာတော့ ကိုအိုက်ဆမ်း၊ ကိုအောင်ကြွယ်၊ ကိုဇော်မင်းဦး၊ ကိုဖိုးသိကြားတို့အဖွဲ့က ရွှေလုပ်ကွက်တွေဆီ ပို့ပေးကြဦးမည်။ ကိုမင်းဇော်နှင့် မခွေခွေတင့်တို့ မောင်နှမက နွံ့ပတ်တောင်ဆရာတော်ကို ဖူးဖို့ ပို့ပေးကြဦးမည်။ ကျေးဇူးတင်မိရပါသည်။

*မြန်မာ့တိုင်းမ်ဂျာနယ်၊ မတ် ၂၀၀၇*





# ဟုမ္မလင်းဈေး

နှင်းရောမြူပါဆိုင်းနေသည့် ဆောင်းမနက်ခင်းထဲမှာ ဟုမ္မလင်းဈေးရှိရာ ကမ်းနားလမ်းအတိုင်း ကျွန်မတို့ လျှောက်လာခဲ့ကြသည်။ မြို့အနောက်ကမ်းခြေ ချင်းတွင်းမြစ်သည့်ပင် နှင်းတွေထဲမှာ မြုပ်နေသည်။ ရေငွေ့နှင့် နှင်းမြူတွေ ရောထွေးနေတာကို ဒေသခံတွေက မှိုင်းတိုက်သည်ဟု သုံးကြသည်။

ကျွန်မတို့ တည်းခိုသည့် နဝရတ် တည်းခိုခန်းမှ ချင်းတွင်းမြောက်ဘက် လမ်းလျှောက်ထွက်လိုက်လျှင်ပင် ကမ်းနားလမ်း တာပေါင်ကြီးက မြစ်နှင့်အပြိုင် ဖြောင့်တန်းနေသည်။ ကျွန်မတို့ လျှောက်လာကြသည့် မြစ်ကမ်းနားလမ်းမကြီးကလည်း ရှည်လျားသလောက် ကျယ်ပြန့်ပါသည်။ လမ်းမကြီးတစ်ဘက်မှာတော့ မြစ်ကို မျက်နှာမူထားသော စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်များ၊ တည်းခိုခန်းတွေက အခန်းချင်း ဆက်ရှိနေသည်။ ဟုမ္မလင်းကို ...သမ်းက ရောက်လာကြသော ခရီးသည်တွေက တာရိုးလမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်မိကြပြီဆိုလျှင် ဈေးကိုရောက်ပြီ။ မြစ်ကမ်းပါးလမ်းတစ်လျှောက် လမ်းလျှောက်လာကြရင်းက ကျွန်မတို့ သတိထားမိသလောက် ဟုမ္မလင်းဈေးက ဝက်ဝက်ကွဲအောင် စည်ကားနေပြီ။ ဘယ်အချိန်ကများ ဈေးစည်နေတာပါလိမ့်။ သူ့ဒေသနှင့် သူ့ရာသီဆိုတော့ သည်လောက် အအေးဒဏ်ကို မှုကြပုံမပေါ်။

“မနက်သုံးနာရီ လေးနာရီကတည်းက ဈေးစစည်တာပဲ ဆရာမ...အဝေးက လာကြတဲ့ ဈေးသည်တွေရော၊ ဈေးဝယ်တွေရော ဟုမ္မလင်းကို အစောကြီး ရောက်လာတတ်ကြတယ်...ဈေးကြီးတင်မကပါဘူး...တစ်လျှောက်လုံး ဆိုင်ခန်းတွေက ဆက်နေတာ ဆရာမရဲ့...ဟိုဘက် သည်ဘက် ဆုံးအောင် လျှောက်ဖို့တောင် မလွယ်ဘူး”

ကျွန်မတို့ကို မနက်စောစော ဟုမ္မလင်းဈေး လိုက်ပို့သော ကိုနိုင်နိုင်ကျော်က သူ့မြို့ကလေးက ဈေးတန်းအကြောင်း ပြောပြသည်။ ဟုတ်လည်းဟုတ်ပါသည်။ ဈေးဆိုင်တန်းတွေက တစ်ရှော် တစ်ခေါ်ကြီး။ ဟုမ္မလင်းသည် အထက်ချင်းတွင်းဒေသ၏ ရောင်းဝယ်ပန်းလှသော အချက်အချာမြို့ကလေးဖြစ်သည်။ သည်မြို့ကလေးမှာ တစ်ပတ် တစ်ကြိမ် လေယာဉ်ဆင်းသည်။ စည်ကားသော သင်္ဘောဆိပ်ရှိသည်။ ရွှေလုပ်ကွက်တွေ ဟုမ္မလင်းမြို့နယ်ထဲမှာ အနှံ့အပြားရှိသည်။ သည်တော့လည်း မြို့ဈေးစည်ရတော့သည်။ ကမ်းနားလမ်း တစ်လျှောက် မောင်းနှင်လာတတ်ကြသော ကုန်တင်ယာဉ်ငယ်တွေ ထော်လာဂျီတွေပေါ်မှာ လူတွေရော ကုန်တွေပါ အပြည့်၊ အနီးဝန်းကျင် ကျေးရွာတွေက ဈေးမနက်ခင်းအမီ လာကြသူတွေဖြစ်သည်။





‘မြို့မဈေး၊ ဟုမ္မလင်းမြို့’

ဈေးရှေ့ဆိုင်းဘုတ်စိမ်းစိမ်းရှေ့မှာ ကျွန်မတို့ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ဈေးခင်းဈေးကွက်ကို လမ်းမနှင့် သီးသန့်ဖြစ်အောင် သံဆန်ခါကွက်ကျဲဖြင့် ကာရံထားသည်။ ဈေးမကြီးက သန့်ရှင်းလှပါသည်။ ကျွန်မတို့ ဈေးအတွင်းသို့ ဝင်လိုက်သည်ဆိုလျှင် ...င် နှင်းမှုန်ကြားက ဈေး၏ရနံ့ကို ရနေကြပြီ။ ဈေးကို စနစ်တကျ အကွက်ချထားသဖြင့် ဈေးဝယ်ရတာ အဆင်ပြေသည်။ ကုန်ပစ္စည်း ခင်းကျင်းကြပုံမှာလည်း စနစ်တကျရှိသည်။ ဈေးဝယ်တို့ လိုချင်တာ မှန်သမျှ စုံလင်အောင် ခင်းကျင်းကြတာကို သတိထားမိပါသည်။ ရန်ကုန်–မန္တလေးမြို့ကြီးတွေမှာ ဝယ်လို့ရနိုင်သမျှ ဟုမ္မလင်းဈေး မှာလည်း ရှိသည်။ စတိုးဆိုင်ပစ္စည်းတွေ၊ အထည်အလိပ်၊ လူသုံးကုန် တွေ...။ ဆောင်းဝတ် အထည်တွေကလည်း ရာသီထည်ဆိုတော့ ဆောင်ပုံယာပုံ။ အနွေးထည်တွေ၊ သိုးမွေးဦးထုပ်၊ ခြေလုံးဖိနပ်၊ ခြေအိတ် တွေကတော့ သည်ဒေသမှာ အရောင်းအသွက်ဆုံး ကုန်ပစ္စည်းတွေ ဖြစ်လိမ့်မည်။

ဈေးအတွင်းထဲကို ကျွန်မတို့ တိုးဝင်လာခဲ့ကြတော့ ဈေး ဆိုတာတို့ထုံးစံ သားငါးဆိုင်၊ အသီးအနှံရောင်းသည့် ဆိုင်တွေက လည်း သူ့ဆိုင်ခန်းနှင့်သူ သန့်သန့်ရှင်းရှင်း ခင်းကျင်းထားသည်။ သည်နေရာမှာတော့ ဈေးအခင်းအကျင်းက ခေတ်ပေါ်မဆန်ပါ။ ရိုးရာဆန်သည်။ ဒေသဆန်သည်။ ကြီးမားလှသော ဇလုံကြီးများဖြင့် ပြည့်အမောက်သိပ်ထားသည့် မုန်ညင်းချဉ်များ၊ ဟင်းပေါင်းများ လည်း ဝယ်ချင့်စဖွယ် ကောင်းလှသည်။ စိုစိုဖန့်ဖန့် မွှေးမွှေး



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်း ရနံ့ကြောင့် ကျွန်မ စိတ်ဝင်စားသွားမိသည်။ ဟင်းပေါင်းမှာ မုန်ညင်းကို ဆန်မှုန့်ဖြင့် ပေါင်းထားသော ရိုးရာစာဖြစ်သည်။

"ဟင်းပေါင်းက ဘယ်လိုရောင်းတာလဲ..."

"တစ်စည်းကို တစ်ရာ...၊ သည်ဘက်က ပေါင်းချောင်နဲ့ ပေါင်းထားတာ...ဟိုဘက်ကတော့ ရိုးရိုးပဲ ချက်ထားတာ...ယူလေ...၊ ပေါပေါပေးမယ်လေ"

ရှမ်းသံဝဲဝဲ ဈေးသည်မိန်းကလေးက အစည်းလိုက်ပေါင်းထားသော မုန်ညင်းဟင်းပေါင်းတစ်စည်းကို မြှောက်ကာ ကျွန်မကို ဝယ်ဖို့ ပြောနေသည်။ မျက်နှာကလေးပင် ပြုံးထားလိုက်သေး၏။ အချို့ ဈေးသည်တွေက ဆိုင်ကြီးကနားကြီးခင်းကာ ရောင်းကြသည်မဟုတ်။ ဖန်းခင်းကာ ရောင်းချနေသည့် ဈေးသည်တွေ။ ခံတောင်းပက်လက်ဖြင့် ရောင်းချနေသည့် ဈေးသည်တွေ၊ ပီနံအိတ်တွေခင်းကာ ရောင်းချနေသူတွေ၊ ခြင်းတောင်းထဲမှာပဲ သည်အတိုင်း ချပြရောင်းချနေသူတွေ စသဖြင့် အမျိုးမျိုးရောင်းချကြသည့် နေရာဖြစ်သည်။ သည်နေရာမှာ ပကာသန မလိုပါ။ လတ်ဆတ်ခြင်းနှင့် ဖော်ရွေခြင်းသာ ရှိပါသည်။

"သူတို့က တောင်ပေါ်က လာရောင်းကြတဲ့ ဈေးသည်တွေလေ...နာဂဈေးသည်တွေလည်း ပါတယ်...ချင်းဈေးသည်တွေလည်း ပါတယ်...ရှမ်းဈေးသည်တွေကတော့ အများဆုံးပေါ့...ဟိုတုန်းကဆိုရင် ကျွန်မတို့ ဟုမ္ဗလင်းဈေးက မနက်ကိုးနာရီအထိပဲ စည်တာ...အခုတော့ တစ်နေကုန် ရောင်းဝယ်နေကြတာပါပဲ...တောင်ပေါ် ဈေးသည်တွေကတော့ ည တစ်ချက် နှစ်ချက်လောက်ကတည်းက ရွာ





တွေကနေရောက်နေကြပြီ...သူတို့ပါလာတဲ့ပစ္စည်းကုန်ရင် ဈေးလေးဘာလေး ဝယ်ခြမ်းပြီး ပြန်ကြတာပါပဲ..."

"သည် မြို့မဈေးသစ်ကြီးနေရာက ဟိုတုန်းက စစ်တန်းလျားဟောင်းတွေရှိတဲ့ နေရာပေါ့...အရင်ဈေးနေရာက အခု မြို့တော်ခန်းမနားမှာပါ...သည်နေရာပြောင်းလိုက်တော့ ပိုကျယ်ပြန့်သွားတယ်"

ကျွန်မတို့ကို လိုက်ပို့ကြသော ဟုမ္ဗလင်းသူ မသန်းမြင့်ရွှေနှင့် မခင်ဌွေးမြင့်တို့က ရှင်းပြကြခြင်း ဖြစ်သည်။ ကျွန်မကတော့ အခုလုမတတ် အေးစက်နေသော ဆောင်းကြမ်းကြမ်းဥတုကို တိုးကာ ရှုကာ မနက်စောစော သန်းခေါင်သာသာလောက်ကတည်းက ရောင်းစရာပစ္စည်း အနည်းအကျဉ်းနှင့် တောင်ပေါ်က ဆင်းလာကြသူတွေကိုသာ တအံ့တသြ ငေးမောကြည့်နေမိပါသည်။ ဘယ်လောက်များ အေးချမ်းရှာကြလိမ့်မလဲ။ ခြင်းတောင်းကြီးတွေကို ထမ်းပိုးလျှိုကာ သမ်းဆိုင်းများဖြင့် အဝေးခရီးက လာရောက်ကြသည်ဟု ဆို၏။ အချို့ကလည်း ပလိုင်းခြင်းတွေကို နဖူးမှာသိုင်းကာ ခြင်းတောင်းထဲမှာ ထိုးထောင်နေသည့် ကောက်ညှင်းပေါင်း (ပေါင်းတင်းကျည်) တွေ ထည့်ပြီး လာရောင်းကြသည်။ ဈေးမေးတော့ တစ်ချောင်းကို တစ်ရာ၊ အစ်ရှာငါးဆယ်၊ နှစ်ရာ။ ကျည်တောက်ဝါးက နုနုပါးပါး၊ အထဲက ကောက်ညှင်းကလေးတွေကလည်း မွှေးမွှေးစီးစီး။ ကောက်ညှင်းချောင်းကလေးတွေက ဝါးစိမ်းနံ့ကလေးသင်းကာ နူးညံ့လှပါသည်။ လေယာဉ်နှင့် ပြန်ဖို့စီစဉ်ထားသော်လည်း ကျောက်ညှင်းချောင်း တော်တော်များများ ကျွန်မ ဝယ်ဖြစ်ပါသည်။ မသကာ လေယာဉ်မှူး တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ရုံ။ ဈေးသည်က တစ်ချောင်းချင်း ရွေးပေးရှာသည်။ "ကြော်စားရင် မာတယ်…မီးနဲ့ကင်စား မွှေးလိုက်တာမှ"။ စားပုံစားနည်းကိုပါ လမ်းညွှန်လိုက်သေး၏။ ပုစွန်ကျပ်တင်၊ ငါးကျပ်တင်ကလေးတွေကို ငှက်ပျောဖက်ပေါ်ပုံကာ တစ်ပုံ ငါးရာ ရောင်းကြတာလည်း တွေ့ပါသည်။ ပိန်းဥကြီးတွေက အုန်းသီးလုံးတွေလောက်ရှိ၏။ မြေရောင်ထနေသော ဥရှည်ရှည်ကြီးတွေကကော ဘာပါလိမ့်။

"အဲဒါ သဘောကန်စွန်းလို့ ခေါ်တာပဲ ဆရာမရဲ့… သူက အခွံခွာပြုတ်ရတယ်…မဟုတ်ရင် ခါးတယ်…ကျွန်မတို့ ဆီမှာတော့ ဆန္ဒင်းမကင်း ဖုတ်စားကြတယ်"

ကျွန်မက ဈေးသည်အမျိုးသမီးကို သည်ဥတွေအကြောင်း မေးတော့ 'ချင်းခေါ်ခန်း'လို့သာ ဖြေသည်။ ဘာလူမျိုးလဲဆိုတော့ နာဂတဲ့။ နှင်းရည်တွေ ဝနေသည့် မျက်နှာကလေးက နာဂတောင်တန်းက ပန်းပွင့်ကလေးနှင့်တူသည်။ ကျွန်မနှင့် နာဂအမျိုးသမီးကြားကို မသန်းမြင့်ရွှေက လိုအပ်လျှင် ဝင်ရှင်းပြသည်။ ငရုတ်သီးကျပ်တိုက်တွေကတော့ တစ်ပြည် ထောင့်ငါးရာ။ ဒေသအခေါ်အားဖြင့် ရွှေလုံပိုလ်ငရုတ်လို့ ခေါ်ကြောင်း၊ အလွန်စပ်ကြောင်း ပြောပြတော့ စောစောက စားခဲ့သော ရှမ်းမုန့်ဟင်းခါးကို ပြေးသတိရမိသည်။

"ရှမ်းဆန်ကို မုန့်ဖတ်ကြိတ်ထားတာပဲ…ဘာအသားငါးမှ တော့မပါဘူး…ဒါပေမဲ့ စားလို့ကောင်းပါတယ်…ရွှေလုံပိုလ် ငရုတ်သီးမှုန့်ကလေး ဖြူးရင် ပိုအရသာရှိတယ်… နွေးသွားတာပေါ့"

ဟုမ္မလင်းသူ အိမ်ရှင်တွေ ကျွေးလိုက်သော ရှမ်းမုန့်ဟင်းခါးနှင့် ရွှေလုံပိုလ်ငရုတ်သီးမှုန့်က စွမ်းလှပါ၏။ အေးစက်စက်မနက်ခင်း





[illegible] ရွှေလုံပိုလ်ငရုတ်သီးကြောင့် ကျွန်မ နွေးသွားခဲ့သည်။ ရွှေလုံပိုလ် [illegible]တ်သီးစိမ်း တစ်ပုံကို ငါးဆယ်၊ တစ်ရာ။ သည်ဒေသမှာ အတွေ့ရ [illegible]သော အဖြူနှင့် ပန်းရောင်ပြောက်ထိုး ပဲစာဥလုံးလုံးကလေးတွေ [illegible]ည်း တစ်ပုံနှစ်ရာ၊ သုံးရာ။ ရှမ်းနှမ်းဖြူဖြူကလေးတွေက နို့ဆီဘူး [illegible]ဘူးကို တစ်ရာ့ငါးဆယ်။ မန်ကျည်းသီးစိမ်းတွဲ တစ်တွဲတစ်ရာ။ [illegible]တစ်ပိဿာ တစ်ထောင်တဲ့။ ရှစ်ရာတဲ့။ ချင်းတက်ကလေးတွေက [illegible]ကလေးများဖြင့် လှတောင်လှသေးတော့။ နာမည်ကျော် ဒေသ [illegible] စွန်ကင်းလိမ္မော်သီးကလေးတွေက တင်းတင်းပြောင်ပြောင်နှင့် [illegible]လှသည်။ ခြင်းတောင်းထဲမှာ ထိုးစိုက်ရောင်းချနေသော ဂန္ဓမာ [illegible]ဖျော့ဖျော့ကလေးတွေကလည်း ချစ်စရာ။ အက်စတာပန်းရောင်စုံ [illegible]လေးတွေက နှင်းဆမ်းထားတော့ လန်းကော့နေသည်။ ဒေါင်းစကြာ၊ [illegible]ကြာပန်း စသည့် တောပန်းတောပွင့်ကလေးတွေကိုလည်း ဖူးတ်ခနဲ [illegible]တွေ့ရသည်။ ဟင်းချိုခပ် ကြိမ်ဖူးနုနုကလေးတွေကို မျှစ်များလို [illegible]တာစည်းကာ ရောင်းနေသူတွေလည်းရှိသည်။ ကြိမ်ဖူးဟင်းချိုကို [illegible]တောရွာမှာကတည်းက ကျွန်မ သောက်ခဲ့ရသည်။ တစ်နေရာမှာ [illegible] အရွက်ကလေးတွေ ပုံရောင်းနေကြတာ တွေ့ရသည်။

"ဒါက နေပူဟင်းခါးရွက်ခေါ်တယ်လေ…ဟင်းခါးချက် သောက်ရတယ်…ဆေးဖက်လည်း ဝင်သတဲ့"

ဟုမ္မလင်းဈေးထဲမှာ ဆေးဖက်ဝင် သစ်ဥသစ်ဖုတွေ တော် [illegible]များများ တွေ့ရသည်။ လောက်သေရွက်၊ ဆေးမြင်းခွာ၊ ပေါက် [illegible]ဥ၊ ရှဉ့်မတက်ဥ၊ ဇော်ဂျီတောင်ဇေး၊ မင်းရိုးသော၊ မနန်းတာ၊ ဝံအူ၊ [illegible]ခါး၊ ဂုံခါး၊ ကညင်ခါး၊ ငှက်ဖျား အမြစ်ပြတ်သည်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



မြေမကပ်၊ ခပ်ထုံးနေ၊ ယာလိမ်ဟီး။ ပိန်းဥ၊ မျောက်ဥ၊ သင်းတောက်ဥ၊ ကြွေးဥ စသည်တွေလည်း ရှိသည်။ သဘာဝကပေးသော သစ်သီး သစ်ဥသစ်ဖုတွေကြောင့် ထင်ပါရဲ့။ ဟုမ္မလင်းသူကလေးတွေ လှကြသည်။ ရိုးသားဖြောင့်မတ်ခြင်း၊ နူးညံ့လှပခြင်း၊ အေးဆေး တည်ငြိမ်ခြင်းသည်ပင် ဟုမ္မလင်း၏ ကိုယ်ပိုင်အလှဖြစ်သည်။ ဈေးထဲက မပြန်ချင်သေးသော်လည်း ခရီးက ဆက်ရဦးမည်။

ဈေးထဲက ကျွန်မတို့ ထွက်လာတော့လည်း လမ်းမပေါ်မှာ ထမ်းပိုးထမ်းဖြင့် ဈေးရောင်းပြန်ကြသူ ဒေခံတိုင်းရင်းသားမျိုးနွယ် သွေးချင်းတွေကို တွေ့ရပြန်သည်။ ထူထဲသော အဝတ်အထည်များကို ဝတ်ထားကြသည်။ ခေါင်းပေါင်းတဘက်ကြီးတွေကို ပေါင်းထားကြသည်။ အများစုကတော့ ဝါးခမောက်တွေ ကိုယ်စီဆောင်းကြလျက်။ ဟုမ္မလင်းဈေးကအပြန် အိမ်မှာ လိုအပ်သမျှဝယ်ကာ သူတို့နေထိုင်ကြရာ တောင်ပေါ်ရွာကလေးတွေဘက် ပြန်ကြပြီ။ ထမ်းပိုးဆိုင်းထမ်းကလေးကို ထမ်းရင်းပြန်ကြတာကိုက လွမ်းစရာ။ သူတို့ ရွာကလေးတွေက ဘယ်မှာလဲ။ တောင်ပေါ်မှာလား။ တောင်ခြေမှာလား။

ကျွန်မစိတ်က သူတို့နောက် တကောက်ကောက်လိုက်နေမိသေးသည်။ သူတို့ကတော့ ဟုမ္မလင်းဈေးကို ညကြီးသန်းခေါင်တစ်ခေါက်ပြန်လာကြလိမ့်ဦးမည်။ ကျွန်မကတော့ ဟုမ္မလင်းဈေးကို နောက်ထပ်တစ်ခေါက်ရောက်ဖို့ ကြာဦးမည်ထင်သည်။

*မြန်မာတိုင်းမ်ဂျာနယ်၊ ဖေဖော်ဝါရီ ၂၀၀၇*





# ကပ်မဟိန်လမ်

ကျောက်မဲမြို့တွင် 'အမေနေ့' အထိမ်းအမှတ် စာပေဆောပြောပွဲ ဖိတ်ကြားလာကတည်းက ဆရာမြသန်းတင့် ရေးသော 'ရွှင်းမောဖွယ် ကမ္ဘောဇ' ကို ကျွန်မ ပြန်ဖတ်ဖြစ်ပါသည်။ ကျောက်မဲမြို့ကို ၁၉၀၂ ခုနှစ်က မြို့ပန္နက်ချခဲ့သည်ဟု ဆိုသဖြင့် မြို့သက် ၁၀၅ နှစ်ရှိခဲ့ပြီ။ သီပေါစော်ဘွားကြီး ဆာစောချယ်၊ လားရှိုးအရေးပိုင် ဘာသွန်တန်၊ ကွဲကုန်းနယ်ပိုင်ကြီး ဦးခွန်ထွန်း၊ ကျောက်မဲကြီးရွာ ယ်ပိုင်ကြီး ဦးဆံမှူးတို့ လာရောက် ပန္နက်ရိုက်ပေးကြသည် ဆိုပါ၏။ သစ်ကို သူအပိုင်၊ ကိုယ်အပိုင် တည်စေချင်ကြရာက မြို့နှစ်မြို့ ကြားက ဈေးနေရာကို မြို့အဖြစ် ရွေးခဲ့ကြသည်။ ထိုနေရာမှာ ယခင် ရှမ်းကုန်သည်နှင့် မြန်မာကုန်သည်တို့ ကုန်စည်ဖလှယ်ကြရာ ကျောက်တုံးမည်းများရှိသည့် ကုန်းကလေးဖြစ်သည်။ ရှမ်းတို့က 'ကပ်မဟိန်လမ်'ဟု ခေါ်ကြသည်။ ရှမ်းဘာသာဖြင့် ကပ်ဆိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဈေး၊ 'မဟိန်'ဆိုသည်မှာ ကျောက်တုံး၊ 'လမ်'မှာ မည်းနက်သည်ဟု အဓိပ္ပာယ်ရသည်။ ကပ်မဟိန်လမ်ခေါ် ကျောက်မဲဈေးကို အစွဲပြု ကျောက်မဲမြို့ဟု ခေါ်ခြင်းဖြစ်သည်ဆိုပါ၏။

ဒီစာအုပ်ကို ဖတ်ရကတည်းက ကျောက်မဲဈေးကို ကျွန် ရောက်ဖူးချင်ခဲ့ပါသည်။ ကံကောင်းထောက်မစွာပါပဲ။ ညဘ စာပေဟောပြောပွဲအပြီး မနက်ခင်း နေ့တစ်ဝက်စာလောက် လည်ခွင့်ရခဲ့သည်။

ကျွန်မတို့ ရောက်သည့်ရက်တွေက ကျောက်မဲမြို့ အအေးဓာတ်မှာ နှစ်ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနေသည်။ မဝေ၊ မြူမဆိုင်းပါဘဲ တောင်ကုန်းတွေ ဝိုင်းရံနေသည့် ချိုင့်ဝှမ်း အေးစက်နေသည့် မြို့ကလေး။ မြို့က သန့်ရှင်းသလောက် ကလည်း သန့်ရှင်းသည်။ ဈေးအဝင်ကတည်းက တရုတ်ကတ္တီ စောင်ကြီးတွေက အသွေးစုံအရောင်စုံ ဖိတ်ဖိတ်တောက်နေကြသည် တရုတ်ပြည်ဘက်မှ လုံးကြီးခဲရ ဝင်လာတတ်သော ဆောင်း တွေကို နေရာတိုင်းမှာ မြင်နေရသည်။ အလှကုန်တွေ၊ အိမ်သုံး တွေ၊ မီးဖိုချောင်သုံးပစ္စည်းတွေကို ဈေးတကာမှာ မြင်နေကျ များဆိုသော်လည်း ဈေးဆိုင် အခင်းအကျင်းကြောင့် ထင်ပါ မက်မက်စက်စက် ဝယ်ချင်စရာ ကောင်းလှသည်။ ဈေးနှုန်း မေးကြည့်တော့လည်း ကျွန်မတို့မန္တလေးမှာထက် သက်သာသလို

"မန္တလေးက ဝင်လာတာတွေလည်း ရှိတယ်...မူ ဘက် သွင်းတာတွေလည်း ရှိတာပေါ့နော်...ကျွန်မတို့





အလယ်မှာဆိုတော့ ဒီကနေ ထိုင် ဝယ်ရောင်းနေကြတာပါ ပဲ...ရောင်းလို့ ဝယ်လို့ ကောင်းပါတယ်"

ဖန်စီပစ္စည်းကလေးတွေလို့ အလွယ်တကူခေါ်ပြီး ထူးထူး ခြား ဆွဲဆောင်နိုင်သည့် ပစ္စည်းမျိုးစုံရောင်းသည့် ရှမ်းအမျိုးသမီး က ပစ္စည်းကလေးတွေ တစ်ခုစီ ထိုးပြရင်း ပြောပြပါသည်။ ွင်း ဝင်မိရင်တော့ ရှမ်းရိုးရာအစားအစာများဖြစ်သော ပဲပုပ်၊ ၊ ပဲပြား၊ စွန်တန်၊ မုန်ညင်းချဉ်၊ ကြက်သွန်ချဉ်၊ လက်ဖက်စို၊ ပက်ခြောက်၊ နှမ်းထောင်းခေါ်ပုတ်၊ တိုဟူးခြောက်၊ ရှမ်းဆန် ခြောက်ကအစ နမ့်ဆန်ဘက်ကလာသော ဆီတို့ဟူး စသဖြင့် ယ်ပေါင်းစုံကို တွေ့ရပါပြီ။ အလိပ်လိုက် အခြောက်ခံထားသော ားတုတွေကတော့ ကြော်လိုက်ရင် ဝက်ခေါက်နဲ့တူသတဲ့။ မ်းကြော် ကြော်စားရင် ခါးသက်သက်နှင့် ဆိမ့်သည်ဆိုသော ဘူးတွေကို ဝယ်ရကောင်းနိုးနိုး။ အပြင်ဘက်ဈေးတန်း ခေါ်သည့် အပြင်ဘက် လမ်းပေါ်က ဈေးတန်းကို မြင်လိုက်ရချိန်မှာတော့ သီးခင်း၊ ပန်းခင်းကြီးတွေ အချပ်လိုက်၊ အကွက်လိုက် ရွှေ့ထား မှတ်ထင်မိပါသည်။ တဘက်ပွပွကြီးတွေကို ဖိုးဖိုးကြီး ပေါင်း သော ရှမ်းအမျိုးသမီးကြီးများ၏ ရှမ်းသံဝဲဝဲဖြင့် ဈေးခေါ်နေကြသံ ချစ်စရာ ကောင်းလှသည်။ ဈေးမဝယ်ခင်က အပြုံးတစ်ဝက်ကို ။ ကျွန်မတို့ မြေပြန့်မှာ မြင်ရခဲ့သော တရုတ်ပဲခေါ် ပဲပင်ထောင် မ်းပွပွကြီးတွေကို တစ်ခွက်ကို ၁၀၀။ အတောင့်လိုက်ဝယ်လျှင် တစ်ပိဿာကို ၄၀၀။ တစ်ခွက်ဆိုတာက နို့ဆီဘူးတစ်ဘူးစာ



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ခြင်းဖြစ်၏။ ဆောင်းသီးနှံတွေက ရွှန်းရွှန်းလဲ့လဲ့၊ စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ် ရှိလှသည်။ ဟင်းရွက်မျိုးစုံမှာလည်း အပင်ထဲက ချက်ချင်း ခူးဆွတ်ဖြတ်တောက်လာသလို လန်းဆန်းနေကြသည်။ သဘာဝတရားက ရေခဲသေတ္တာတစ်လုံးလို အေးမြနေတာဆိုတော့ မလတ်ဆတ်မှာ မပူရ။ ကျောက်မဲမြို့ အနီးအနားက ခိုအုံ၊ ခိုမှန်၊ ကွဲကုန်း၊ ချောင်းခြောက်၊ ကျောက်မဲကြီး ရွာတွေဘက်က လာရောင်းကြသည်ဆို၏။ မုန်ညင်းချဉ်ဇလုံကြီးတွေကတော့ ဖြိုးဖြိုးမောက်မောက် ရောင်းလို့ မလောက်နိုင်ပါ။

"မုန်ညင်းရှင် ဝယ်ဦးလေနော…ဒါက အစုံပါတယ် မုန်ညင်းရှင်၊ ကြက်သွန်ရှင်၊ မှို၊ ပဲပိုးတီ၊ ခါချက်ဥအစုံပဲ ရှင့်ရှိရှိကလေး အရသာကောင်းတယ်လေ…ဒါက မုန်လာ ရယ်၊ ခါချက်ဥရယ်၊ ဂျူးမြစ်ရယ် သုံးမျိုးပေါင်းထား သူက အရှို…ဒါကတော့ မုန်ညင်းချည်းပဲ အရှင်သက်သ ပေါ့…ဘာယူယူ အစိတ်သား ၅၀၀ ပဲလေနော့"

တရုတ်သွေးပါသည့် ရှမ်းကြီးတော်က မုန်ညင်းချဉ်တွေ တူနှင့်ညှပ်ကာ ပါးစပ်ထဲ ခွံ့မတတ် ထိုးပေးနေသည်။ ခုံတန်းရှ မြင့်မြင့်မှာ ခင်းကျင်းရောင်းချနေသည့် ဇနီးမောင်နှံနှစ်ယော လက်မလည်အောင် ရောင်းနေရသည်။ ဘာတွေများပါလိမ့်။ တရု ကုန်ပစ္စည်း ဆန်းဆန်းကလေးတွေ။ မြင်ရုံဖြင့် ပစ္စည်းကောင်း မှန်း သိသာပါသည်။

"မူဆယ်ကနေ တစ်ပတ်တစ်ခါ သယ်လာပြီး ရောင်း ပါ…ကားနဲ့ တက်ရတာပေါ့…ကျောက်မဲကနေ လား





မုန်လုံကားနဲ့လိုက်တယ်…ဟိုဘက်ကျ ဘင်ကားနဲ့ပေါ့… နေ့လယ်ပိုင်း တစ်နာရီ နှစ်နာရီလောက် ရောက်တယ်… ချက်ချင်း တရုတ်ပြည်ဘက်ကို စာအုပ်နဲ့ကူးပြီး ဝယ်ရ တယ်…ဝယ်ပြီးတော့ ပစ္စည်းကယ်ရီပေးတယ်…အကြီးက နေ အသေးဖြစ်အောင်လို့ တစ်ညလုံး ပစ္စည်းတွေ ပြန်ထုပ် ရတာ…ည ၁ နာရီ၊ ၂ နာရီ…အဲဒီလောက်မှ အိပ်ရ တာ…ပြီးမှ မနက်ပြန်ဆင်းလာ…တစ်ညအိပ်ပဲ…လမ်းမှာ တော့ အခက်အခဲတွေက အမျိုးမျိုးရှိတာပေါ့နော်…ဒီလို ပါပဲ…၊ ဟော…ဈေးသိမ်းဖို့ အော်နေပြီ"

အပြင်ဈေးတန်းက မနက် ၄ နာရီလောက်ကတည်းက …ည်နေပြီ။ မနက် ၉ နာရီလောက်မှာ ဈေးသိမ်းကြရသည်။ …ခေါင်းက လက်ကိုင်ဟွန်းတိုကလေးဖြင့် အော်ရင်း သတိပေး …ပြီ။ တစ်မနက်ခင်းဈေး ဆိုသော်လည်း အပြင်ဈေးတန်းကလေးက …ောင်းသူဝယ်သူ ကြိတ်ကြိတ်တိုး စည်ကားလှသည်ကော။ သူတို့ …ခေါင်းနှင့် သူတို့ဈေးသူဈေးသားတွေဆိုတော့ ဖေးဖေးမမ ရှိကြပုံ …ပါသည်။

ကျွန်မက ဂျပ်ဘူးထဲထည့်ထားသည့် ဆေးစဉ်းတီးတုံး …တာကို ကိုင်ကြည့်မိသည်။ ဝါးကို ကြိတ်ပြီး ပေါင်းထားသဖြင့် …အဆိပ်သင့်ခြင်း ကင်းဝေးသည်ဟု ဆိုပါသည်။ ကျွန်မက …မေးတော့ "ယူလေ အစ်မ…၅၅၀၀ လျှော့ပေးလို့ရပါတယ်". …လို့ ပြုံးမိရပါသည်။ ဆိုဈေးကတော့ ၅၅၀၀ ပါ။ လိုချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပေးမယ် ဆိုတာကို တစ်ခါတည်း ပြောလိုက်တာ မဟုတ်လား။
လျှော့ပေးလို့ရတယ်ဆိုကတည်းက တစ်ဖက်သတ်မရှိ။ ညှိနှိုင်းနိုင်ခွင့်
ရှိသည့်သဘောကို ဆောင်သည်။ ဈေးဆစ်နိုင်ခွင့်ကို ကြိုတင်ခွင့်ပြု
ထားခြင်းဖြစ်သည်။

ဈေးသိမ်းဖို့ အော်ဟစ်နေသည့်ကြားမှပင် ဝက်မြေဥသည်
တွေ၊ ထင်းရှူးဆီသည်တွေ၊ ပန်းသီးသည်တွေမှာ ဒီးတိုက်ရောင်းနေ
ကြရသည်။ မူဆယ်၊ လားရှိုးဘက်တွေက လာရောင်းသည်ဆိုသော
ဈေးသည်တွေကတော့ တာလပတ်ကြီးတွေခင်းကာ အနွေးထည်တွေ
ပုံတိုက် ချရောင်းနေကြသည်။ သူ့ဈေးနှင့်သူ့ဟာ ဝယ်လိုက်ကြစမ်း
ဆိုတာများ။ တာမိုးညဲ၊ ကွတ်ခိုင်ဘက်က ဈေးသည်တွေကတော့
ဒေသထွက် သစ်ဥသစ်ဖုကလေးတွေ တစ်မျိုး နည်းနည်းစီယူလာပြီး
ရောင်းကြတာလို့ ဆိုပါတယ်။

"ဒါက ဂျုံးနီမြစ် တစ်စည်း ၁၀၀…ဒါက ပါခေါ်ရှာခေါ်
လေ…အဲဒီနှစ်မျိုး ရောထောင်းထားတဲ့ အမှုန့်က တစ်ထုပ်
ကို ၅၀၀…၊ ဒါက ဗကပ်တဲ့…သူများ မာလာဟင်းထဲ
ထည့်တာလေ"

သူများဆိုတာ အခြားတစ်ပါးသောသူတို့ကို ပြောခြင်း
ဖြစ်သည်။ ချဉ်စော်ကားသီးခြောက်၊ ရှမ်းခရမ်းချဉ်သီး၊ တရုတ်ငရုတ်မှု
တရုတ်မဆလာ၊ ငရုတ်မှုန့်၊ တရုတ်ဆပ်ပြာမှုန့်၊ ခေါက်ဆွဲခြောက်
ထုပ် စသည်ဖြင့် အမျိုးစုံလှသည်။ သီပေါလိမ္မော်တွေကလည်း
တောင်းကြီး တောင်းငယ်ဖြင့် ဝင်းထိန်နေပါ၏။ ဈေးမျက်နှာစာ





ဆိုက်တန်းတွေမှာ ရန်ကုန် – မန္တလေးဘက်တွေက ဝင်လာသည့်
စက်မှုအထည်ဆန်းတွေလည်း ရှိသည်။ ဒေသထွက်ကုန်ပစ္စည်းများ
ဆင်ရောင်းသည့် ကုန်စုံဆိုင်တွေလည်း မနည်းလှပါ။ ကျွန်မက
ကွမ်းဝါးဆေး နုနုဖပ်ဖပ်ကလေးတွေကို ကိုင်ကြည့်မိသည်။ ကွမ်း
တောင့် ခေါ်သည့် နွယ်တစ်မျိုးကလည်း ကျွန်မတို့ မြေပြန့်မှာ
မြင်နေကျမဟုတ်။ ထုံးထုပ်ကလေးတွေက နီနီ။

"ပလောင်တွေ၊ ရှမ်းတွေက ကွမ်းဝါးဆေးနဲ့ ကွမ်းတောင့်
တွဲစားကြတာလေ…ကွမ်းရွက်မပါဘူး…ဒီအတိုင်း ဝါးကြ
တာ…တစ်ခါဝယ်ရင် ၁၀ သား၊ ၂၀ သား ဆိုပေမယ့်
သာရေး နာရေးရှိရင်တော့ တစ်ပိဿာလောက် ဝယ်တတ်
ကြတယ်"

ကွမ်းတောင့် မည်းမည်းကလေး တစ်တောင့်ကို ဝါးကြည့်
သော့ စပ်ရှိန်းရှိန်း ခါးသက်သက်ဖြင့် ကွမ်းအရသာလိုလို ဘာလိုလို။
ကွမ်းပင်လိုပဲ အရွက်များပါသည့် နွယ်တစ်မျိုးဟု ဆိုပါသည်။ ကွမ်းနုဝါ
တစ်ပိဿာ ၁၀၀၀၀ ဈေးဆိုတော့လည်း ကွမ်းတောင့် ၁၀ သား
၅၀၀၊ ကွမ်းဝါးဆေး ၁၀ သား ၄၀၀ က ပိုပြီး တာသွားမပေါ့။
မျှစ်ခြောက်ပြားကြီးတွေ၊ မှိုခြောက်ပန်းခြောက်တွေကတော့ သစ်တော
ချေးတောကြီးတွေထဲက သဘာဝ စားကုန်တွေဖြစ်သည်။

"ဒါက အပ်ကောတဲ့…ရေစိမ်အခွံနွှာပြီး ရေနွေးနဲ့ဖျော
အစိမ်းကြော်ထဲ ထည့်ကြော်စားရင် အသားတောင် မလို
ဘူး…စားလို့ အားကြီးကောင်းပေါ့…တရုတ်ပြည်က
လာတာ"



www.burmeseclassic.com

www.burmeseclassic.com



ငုံးဥကလေးတွေ ခွာထားသလို ဖြူဖြူလုံးလုံးကလေးတွေ အပ်ကောတဲ့။ ကွမ်တုံဘက်က ဝင်လာသော ခရုပုံ၊ ကြယ်ပွင့်ပုံ ရောင်စုံမုန့်ခြောက်ကလေးများကလည်း ဆီပူထဲ ထည့်ကြော်လိုက်လျှင် ငါးမုန့်ကြော်တွေလို ပွကြွလာကာ စားလို့ကောင်းသည်ဆိုသဖြင့် ကျွန်မ ဝယ်လိုက်သေးသည်။

ကျွန်မတို့ ဈေးထဲက ပြန်ထွက်လာတော့ နေကောင်းကောင်းပွင့်နေပြီ။ တောင်ကုန်းတွေ ဝိုင်းရံထားသော မြို့ကလေးကို အနွေးဓာတ်ကလေး မဆိုစလောက် ပေးထားတာနှင့် တူပါသည်။ မူဆယ်၊ လားရှိုး၊ သီပေါ၊ နမ့်ဆန်၊ နမ္မတူ၊ မိုင်းလုံ၊ မိုင်းငေါ့ဘက်တွေက ကားများဆင်းရာ မြို့ကလေးဆိုတော့ ကျောက်မဲမြို့သည် လမ်းဆုံမြို့ကလေးမို့ စည်ကားလှသည်။ အရပ်လေးမျက်နှာမှ လာသမျှကုန် ပစ္စည်းတွေ၊ သစ်သီးသီးနှံတွေ ဒီလမ်းဆုံမြို့ကလေးမှာ ချရောင်းကြတာဆိုတော့ ကျောက်မဲမြို့ကလေးသည်ပင် ဈေးနှင့်တူနေပြီ။ ကပ်မဟိန်လမ် ခေါ် ကျောက်မဲဈေးကို နွေရာသီမှာ တစ်ခေါက်လာချင်ပါသေးသည်။ နွေမှာကော ဘာတွေ ပေါမှာပါလိမ့်။

*မြန်မာတိုင်းမ်ဂျာနယ်၊ မေ ၂၀၀၄*





## ချောက်ဈေး

လက်ပဗျား(လက်ပံပျား) ကို ကျွန်မတို့ကား ရောက်သွား[illegible]ာ့ ဆယ့်တစ်နာရီသာသာ။ ကျွန်မတို့ ခရီးဆုံးက ချောက်မြို့။ [illegible]ည့်တစ်ခေါက်တော့ ခါတိုင်းလာနေကျ ပုဂံက ဖြတ်လာတာမျိုး [illegible]ာ့တ်ဘဲ ကျောက်ပန်းတောင်း ချောက်လမ်းအတိုင်း လာခဲ့ကြခြင်း [illegible]သည်။ မိုက်ခရိုဘတ်စ် ခေါ်ကြသည့် ပေါင်မုန့်ကားလုံးလုံးကလေး [illegible] လေအေးစက်ဖွင့်ထားသော်လည်း ရာသီကပူတော့ အအေးဓာတ် [illegible] မတိုးနိုင်ပါ။ ချောင်ချောင်ချိချိတော့ ရှိပါ၏။ မန္တလေးက မနက် [illegible]စော ခြောက်နာရီသာသာမှ ထွက်ခဲ့ရသော်လည်း လက်ပဗျား [illegible]တော့ စောစောရောက်သား။ လက်ပဗျားက ကြက်သားကြော် [illegible]တဖုံစီ စားကြပြီးနောက် ကျောက်ပန်းတောင်းကို ခရီးဆက်ခဲ့ [illegible]ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကျယ်ကြီးကို ကျော်လိုက်သည်နှင့် ချောက်မြို့အရိပ်ကို နိမိပြီ။ ချောက်မြို့ကို သည်နှစ်ထဲမှာပဲ ကျွန်မတစ်ခေါက်ရောက်ခဲ့သေးသည်။ ညောင်ဦးကထိန်အလှူလာခင်းကြရင်း စိတ်ကူးကလေးရကြသည်နှင့် ချောက်ကို နေ့ဝင်ရိုးရီ ခဏတစ်ဖြုတ် အပြေးကူးခဲ့ရခြင်းဖြစ်ပါ၏။ အပြန်မှာတော့ မှောင်ပြီ။ ချောက်မြို့ကိုရောက်မြို့မှ စာပေမိတ်ဆွေများကိုပါ ကောင်းကောင်း အချိန်ယူမတွေ့ခဲ့ရဘဲ ကသုတ်ကရက် ပြန်ထွက်လာခဲ့ခြင်းဖြစ်သည်။ သည်တစ်ခေါက်တော့ နေ့အလင်းနှင့် ဝင်ခွင့်ရခဲ့ပါ၏။ တောင်ကုန်း အဆင်းအတက်များနှင့် လှပသောမြေလတ်မြို့ကလေးကို ကားပေါ်က လှမ်းကြည့်ရင်း ချောက်မြို့ ရေနံမြေသပိတ်တပ်ကြီး ချီကြပုံကို စိတ်ကူးနှင့် မှန်းကြည့်မိသည်။

၁၉၃၈ ခုနှစ် ချောက်ရေနံမြေသပိတ်ကြီး သည်မြို့က စခဲ့တာပါလား။ ရေနံအလုပ်သမားများနှင့် ဘီအိုစီစာရေးဝန်ထမ်းများပါဝင်သော သပိတ်ကြီးက ချောက်ရေနံမြေကတစ်ဆင့် ရေနံချောင်း လမ်းရွာ၊ ရေနံချောင်းမြို့များအထိ ကူးစက်သွားတာကိုလည်း သတိရမိသည်။ သည်ကမှ ရန်ကုန်မြို့ကို ချီတက်ခဲ့ကြသော ထိုသပိတ်ကြီးကို ၁၃၀၀ ပြည့် အရေးတော်ပုံ ခေါ်ခဲ့ကြသည်။ သမိုင်းတွင်ရစ်ခဲ့သည့်မြို့။ စိတ်ကူးမဆုံးခင် ချောက်မြို့ထဲသို့ ဝင်လေပြီ။

နှင်းဆီလမင်း ဆေးခန်း။ ဒေါက်တာဌေးမောင် (ဆရာနတ်မှူး) နှင့် ဇနီး ဒေါ်ရီရီမြင့်တို့က ဝမ်းသာအားရ ကြိုကြသည့်အတွက် အပန်းပြေရပါ၏။ ရောက်ရောက်ချင်း ရေမိုးချိုး ထမင်း





…င်ကြပြီး စာပေမိတ်ဆွေများနှင့် တွေ့ရတာလည်း ဝမ်းသာစရာပါ။ ကျွန်မကတော့ သမီးကလေး ပါလာတော့ ကြာကြာမထိုင်နိုင်။ အကြောင်းပေကြောင်း စကားဝိုင်းက မှောင်မှပင် သိမ်းလိုက်ကြရပါ၏။

နောက်တစ်နေ့ မိုးလင်းတော့ ဆရာတို့အိမ်ရှေ့မှာ အနယ်နယ်က ဈေးသည်တွေ ဈေးဝယ်တွေကို မြင်ရပါပြီ။ အညာဖျင်ကြမ်း လက်ရှည်အင်္ကျီတွေ ထပ်ဝတ်ထားကြသော မြေလတ်သူတွေက ကျွန်မတို့ မြင်းခြံ တောင်သာနယ်က မြန်မာအမျိုးသမီးများနှင့် မခြားလှပါ။ မြန်မာဆန်သော ရုပ်ရည်များနှင့် အညာဆန်သော လေဖြင့် စကားသုံးနှုန်းကြတာချင်းလည်း တူသည်။ ဆရာတို့ အိမ်ရှေ့က ဆင်းသည်နှင့် ဈေးရိပ်ကို နင်းမိပြီ။ ဈေးခင်းရောင်းနေသော ကျောက်လမ်းကလေးထဲတွင် ကျွန်မတို့ လျှောက်ခဲ့ကြတော့ ဈေးကွဲစပင်ပြုနေပါပြီ။ မနက်စာစားပြီးမှ ထွက်ခဲ့ကြတော့ ဈေးစည်ချိန်တော့ မမီ။

မြေလတ်မြို့ဈေး ဆိုသော်လည်း အခင်းအကျင်းက ကျေးလက်ဆန်သည်။ ဒေသထွက် ရွာသီးရွာနှံတွေ ပုံတိုက် အောက်ကိုက် ရောင်းနေကြတာကပင် သစ်ခင်းထဲက ဆင်းလိုက်ရတာနှင့် ထူးတော့သည်။ ဘူးသီး၊ ဘူးညွန့်၊ ပြောင်းဖူးစိမ်း၊ ပဲစိမ်း၊ ပန်းမုန်လာဥအစ အရိုးရင့်ရင့်မှာ ပရစ်နုတွေ စီထိုးနေသော သပြေညွန့်ခက်များ။ မြင်ကွင်းထဲမှာ စိမ်းနေသည်။

သနပ်ခါးတွေကကော။ ဘယ်ကလာတာပါလိမ့်။ ရေဒီယိုသီချင်းတစ်ပုဒ်ထဲမှာတော့ 'မင်းဘူးနဲ့ မဝေးကွာ…ထောက်ရှာပင်ဆက်နားက…သနပ်ခါးနာမည်ကျော်' လို့ ကြားဖူးပါ၏။ မင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ဆီမှာ၊ ထောက်ရှာပင်က ဘယ်နားမှာ ကျွန်မ မသိ။ သည်နယ်တစ်ဝိုက်မှာ နာမည်ကျော် သနပ်ခါးရှိတာတော့ သေချာလောက်သည်။ သနပ်ခါးတုံးတွေကို မြေအရေခွံအိတ် ဖြန့်ခင်းကာ စီစီရီရီ ရောင်းနေကြသည်။ အရွယ်အစား။ လက်သွေးလက်ဆုပ် အရွယ်ကအစ အတုံးကြီးတွေအထိ အပွေးမာ၊ အနှစ်ကောင်းတွေ ဖြစ်၏။ နမ်းကြည့်တော့လည်း မွှေးတေးတေး။

"နမ်းကြည့်စရာ မလိုပေါင်တော်...သနပ်ခါးစစ်လိုက်သာမှ...ပွင့်ဖြူအနောက်ဘက်ရွာတွေက ထွက်သာ...ကျုပ်တို့ဆီမှာ အကောင်းဆုံးသနပ်ခါးပဲ...ဝယ်ဦး..."

အပြန်တော့ ဒေသထွက် သနပ်ခါးကလေး အမှတ်တရ ဝယ်ဦးမည်။ ဈေးထဲ လျှောက်ချင်သေးသဖြင့် သနပ်ခါးတုံးကို အသာ ပြန်ချထားလိုက်ပါ၏။

"ကျုပ်က တောသည်ရယ်...ဈေးပိုမပြောဘူး...မပေါက်သဲ့ဈေးပြောရင် ဈေးထဲ ညအိပ်ရမှာ"

မဝယ်ဘဲ လှည့်ထွက်ခဲ့သော ကျွန်မကို ရန်ထောင်တာများလား။ ဟုတ်မည်မထင်ပါ။ သူ့အသံထဲမှာ သူ့သနပ်ခါး စစ်မှန်ကြောင်း အာမခံနေသည်။

ကုန်စိမ်းတွေက နုနုထွားထွား စိုရေဖတ်ရေ ရှိလိုက်တာ။ ဆင်ဖြူကျွန်းနယ်ထွက် ချောင်းထဲခရမ်း၊ ကျွန်းထဲခရမ်း ဆိုပါ၏။ ညဦးက ဆွတ်၊ မနက် မြစ်ကူးပြီး ပြေးလာတာဆိုလို့ ပြုံးမိသည်။ ဟုတ်လောက်ပါရဲ့။ ခရမ်းသီးတွေက အစိမ်းရောင်ပွပွကြီးတွေ





အစိတ်သား နှစ်ရာ၊ ပိသာလုံး ခုနစ်ရာ။ ကျွန်မက ငါးဆယ်သား ယူမယ်ဆိုတော့ ငါးရာဖိုးယူလိုက်၊ ဈေးကွဲဈေး ပိုပိုသာသာ ထည့်ပေးလိုက်မယ်တဲ့။ တကယ်လည်း ဖောဖောသီသီ ထည့်ပေးရှာပါ၏။ အိတ်နှင့်မဆံ့ပါဘူး ဆိုသည့်ကြားက ကျွန်မလက်ထဲကို သုံးလေးလုံး ထိုးထည့်ပေးလိုက်သေး၏။

"ခရမ်းချဉ်သီးကလေးတွေ... ဘယ်ရွာက ထွက်တာလဲ"

"တစ်နယ်လုံးက ထွက်သာပဲ...သည်အလုံးလေးတွေက ပုပ္ပားသီးလေ...ဓားမလိုဘူး...ချဉ်မှာစိုးရင် ဗျိဗျိနဲ့ အစေ့ညှစ်ထုတ်ပစ်လိုက်...မီးနဲ့ထိ အိ...၊ အနှစ်ကောင်းချက်ရက်စက်သယ်ရယ်..."

နာမည်ကျော် ဆင်ဖြူကျွန်းငရုတ်တွေကတော့ ရန်ကုန်-မန္တလေးအထိ နာမည်ရကြပါ၏။ ဆပ်ပြာမွှေးခဲတွေကိုတော့ တံဆိပ်တော် အခွံချွတ်ထားလို့ ဆပ်ပြာကို အတုံးလိုက်မြင်နေရသည်။ ဆပ်ပြာဆောင်စုံခဲတွေက ဗန်းကြီးနှင့် အမောက်အလျှံ၊ ဈေးမေးစရာမလိုပါ။ အစ်တုံးတစ်ရာ ကတ်ပြားကလေးထောင်ထားသည်။ ဘယ်လိုများ ဆောင်နိုင်တာပါလိမ့်။ ဗန်းချပ်ကြီးတွေထဲက မာလကာသီး၊ သြဇာသီး၊ ဒီးသီး၊ ငှက်ပျောသီး၊ တရုတ်ပန်းသီး၊ ပျားလိမ္မော်၊ ဆီးသီးတွေ အလည်း ဝယ်ချင်စရာ။

"ငှက်ပျောသီးတစ်ဖီး ဘယ်လောက်လဲ..."

"အစားစားပဲ...ခုနစ်ရာ ရှစ်ရာ... နေ့ချင်းစားချင်ရင် သည်ဘက်ကယူ...ဖြုတ်ဖြုတ်နဲ့ ဖြုတ်စားရုံပဲ... ရက်ထားခံချင်ရင် ဟိုဘက်အဖီးတွေယူ...မှည့်လိုက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာတာလဲ..."

"ပုပ္ပားငှက်ပျော...အထားခံလိုက်သာမှ...၊ သဘာဝ ငှက်ပျောတွေ...ဆေးထိုးငှက်ပျော မဟုတ်ဘူး..."

ရှစ်ရာတန် နှစ်ဖီးယူတော့ တစ်ထောင့်ငါးရာပဲ ပေးခဲ့ပါ တဲ့။ သဘောကောင်းလှချည့်။ နဂါးမောက်သီး ပန်းဆီရောင်ကြီး တွေက ပတ္တမြားရောင်ထလို့။ နဂါးမောက်သီးတွေကကောဆိုတော့ ဈေးသည်မက "ကျုပ်တို့ တရုတ်နဂါးမောက်သီး ယူမရောင်းဘူး... ပုပ္ပားတောင်ပေါ်က ဆင်းလာသဲ့အသီးတွေလို့" ဆိုးဆိုးဆတ်ဆတ် ပြောလေ၏။ အမျိုးစစ်ချက်တော့ ဆိုတာပင် အဆစ်ထည့်လိုက် သေးသည်။ ဘယ်လိုအမျိုးစစ်တာလဲ ဆိုတာတော့ ကျွန်မလည်း နားမလည်ပါ။

နဂါးမောက်သီးသည်ဘေးမှာ ပုဆိုးနွမ်းကလေးခင်းကာ ရောင်းချနေသော မှိုသည်ကလေးကတော့ တောသည် ဖြစ်ပုံရပါ၏။ မှိုပွင့်တွေက ပွင့်တာပွင့်၊ ငုံတာငုံ၊ ကြေတာကြေ၊ တစ်ဆယ်သား ယူတော့ တစ်ထောင်...၊ အစိတ်သားယူရင် နှစ်ထောင်...၊ လျှော့ဦး ဆိုတော့ –

"မှိုတစ်ကျင်းတွေ့ဖို့အရေး တောထဲ ခြေကွဲခံ ရှာရသာပါ အစ်မရယ်" တဲ့။

ပါးအပြည့်ကွက်ထားသော သနပ်ခါးပါးကွက်မှာက ခေါင် လိုက် ချွေးစီးကြောင်းကြီး ထင်းလို့။ အနောက်တောက လာရ သည်ဆိုသော မှိုကိုတော့ ကျွန်မ မဝယ်ဖြစ်ခဲ့။ အပြန်ခရီး လှမ်းဝေး လို့ ဖြစ်၏။





"အစ်မတို့ ရှမ်းပြောင်းစေ့ ယူဦး...ဆီပူထိုးစားလေ... ဖောက်စိဖောက်စိနဲ့ စားလို့ကောင်းလိုက်သာမှ...နို့ရည် ခဲတွေ..."

ချောက်ဈေးထဲရောက် ရှမ်းပြောင်းစေ့တွေက ခရမ်းသွေးထ နေသည်။ ဈေးသည်တွေအားလုံး သဘောကောင်းကြသလို အပြော ကောင်းကြသည်။ အညာလေ အညာစကားနိုင်းတွေ သုံးကြတာကို ကျွန်မ သတိထားမိသည်။ သူတို့မျက်နှာတွေမှာ ရိုးသားမှုတွေ မြင်နေ ရသည်။ ပခုက္ကူ၊ ပွင့်ဖြူတို့ဘက်က လာသည်ဆိုသော တောင်သူသုံး ပုဆိုး၊ နီးဝါးပစ္စည်း၊ လှည်းပစ္စည်းတွေကတော့ တစ်မျှော်တစ်ခေါ် ရှိပါ၏။ လက်ဖြစ်ပစ္စည်းတွေ တောင်းဈေးတန်းကြားမှာ နုတ်အုန်း ဘော်ပျော့တွေ ရောင်းနေကြတာလည်း ဒေသ၏ 'ရိုးရာအလှ'လို့ပင် ထင်မိပါသည်။

"ဘယ်တွေက လာရောင်းကြတာလဲ"

"ဆင်ဖြူကျွန်းဘက်ကလည်း လာသယ်...ပွင့်ဖြူလယ်ကိုင်း ဘက်ကလည်း လာသာပဲ...ကျောင်းတော်ရာကလည်း ရှိသာပဲ...၊ မလွယ်ပါဘူး...ကားခတွေက ဝီခေါ်လို့... တစ်ကျပ်တစ်ပြားမြတ်ဖို့ အော်ရသာက ပုစဉ်းရင်ကွဲပါပဲ တော်..."

"အဝေးကြီး ပြန်ကြရတာပါလား..."

"ဝေးပေါ့... ဈေးရောင်းရသာ ပျော်တယ်...ဈေးမထွက် ဖြစ်သဲ့နေ့ ကိုယ်တွေ ယားနေတော့သာ...လာရသာတော့



www.burmeseclassic.com

www.burmeseclassic.com



မြင်းပြေးသလိုပါပဲတော်…ပန်းဆက်သဲ့ ကိုဗျတ္တ ကျုပ်တို့ ဘယ်မီလိမ့်မတုံး…”

ဈေးသည် အဒေါ်ကြီးတွေစကားကို ကျွန်မ ပြုံးမိသည်။ စကားထဲမှာ ဘဝသရုပ်ပါအောင် ပြောနိုင်ကြသူတွေ။ နေကလေး ရင့်လာ ပြီ။ သိမ်းသူကသိမ်း၊ ပြန်သူတွေက ပြန်ကြပြီ။ ဘယ်အရပ် ဘယ်ဖိနပ်စီးလို့ ဘယ်ခရီး ဘယ်ထီးနဲ့များ ပြန်ကြမှာပါလိမ့်။ ဈေးကလေးဆုံးအောင် လျှောက်ချင်မိသော်လည်း ကျွန်မတို့ကလည်း ခရီးဆက်ရဦးမှာ မဟုတ်လား။

ဖျိုးဖျိုးဖျပ်ဖျပ်ဆိုသော်လည်း ချောက်ဈေးတန်းကလေးဆီက ရခဲ့သော ဒေသအငွေ့အသက်ကို မေ့နိုင်စရာမရှိ။ နောက်တစ်ခေါက် ရောက်ရကောင်းပါရဲ့။

*Hot News ဂျာနယ်၊ အောက်တိုဘာ ၂၀*





# ကုသိုလ်ခရီး

(၁)

သည်တစ်ခေါက် ဥဒယရွာက အပြန်မှာ ကျွန်မတို့ ခါတိုင်း …ရိုးပြန်စဉ် သင်္ဘောခရီးဖြင့် မဟုတ်ပါ။ ခါတိုင်း ရွာကို အသွား …ချင် ‘ရွှေကိန္နရီ’ သင်္ဘောစီးကြတာ များသည်။ သည်စဉ်က ရွှေကိန္နရီသင်္ဘောခကလည်း သာမန် တောသူတောင်သား ခရီးသွား များပင် စီးနိုင်ကြသည့်နှုန်းဆိုတော့ ကျွန်မတို့ရွာက ရောက်လာ ကြသမျှသော ဆွေတကာ မျိုးတကာတို့ ရွှေကိန္နရီသင်္ဘောနှင့် …သားတည်း ရှိကြတာ များသည်။ ရွှေကိန္နရီသင်္ဘောက သန့်ပြန့် …ည်။ ခရီးတွင်သည်။ သင်္ဘောပေါ်မှာ ဗီဒီယိုကလည်း ပြပြန်သေး …တော့ ငေးရင်းမောရင်း မန္တလေးကို ရောက်လာကြသည်သာ။ …လေးက ပြန်တော့ကော။ ရွှေကိန္နရီသင်္ဘော အစီးများကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကူးတို့လုံးခေါ်သည့် ပြည်ကူးတို့များပင် မျက်နှာငယ်ခဲ့ရသည့် ကာလပင်။

ကျွန်မတို့မိသားစုလည်း မထူးပါ။ ရွာပြန်ဖြစ်ကြသည်နှင့် ရွှေကိန္နရီ သင်္ဘောထွက်မည့်ရက်နှင့်တိုက်ပြီး ခရီးထွက်ကြမြဲဖြစ်၏။ ပြန်တော့လည်း ဂင့်ဂဲ သောင်ဆိပ်ကို ရွာက စောစောကြိုထွက်၊ မြစ်ကွေ့က ဆန်တက်လာမည့် ရွှေကိန္နရီ သင်္ဘောကိုမျှော်။ သင်္ဘောဆိုက်လာတော့ ညနေ မန္တလေးဆိပ်ကမ်းဝင်ဖို့ သေချာပြီ။ ကျွန်မကတော့ ဧရာဝတီမြစ်ကို သံယောဇဉ်ရှိသူပီပီ ရေကြောင်းခရီးဖြင့် သင်္ဘောကလေး တအိအိစီးရသည့် အရသာကို နှစ်သက်မိတာလည်း ပါပါ၏။ အခုတော့လည်း ရွှေကိန္နရီ အထွက်ကြဲပြီ ကြားရသည်။ ကျွန်မတို့လည်း ရွာမရောက်တာကြာပြီဆိုတော့ ဧရာဝတီသင်္ဘောများ၏ ဝေဒနာကို မမှန်းတတ်အောင် ဖြစ်ရပါ၏။

ထိုထိုသော တစ်ခေါက်ကတော့ ရွှေကိန္နရီသင်္ဘော ရက်ပတ်စဉ် မှန်မှန်ပြေးဆွဲနေသော ကာလများ ဆိုသည့်တိုင်အောင် အပြန်ခရီးကို လိုင်းကားနှင့်ပြန်ဖို့ စီစဉ်ဖြစ်ကြသည်။ အကြောင်းရှိပါ၏။ ကျွန်မတို့ဆွေမျိုးတွေထဲက ဂျဒိုင်း၊ ဆင်းဂွတ် (ကျားကိုင်းဟင်းဝတ်) ရွာမှာ အလှူကြီးလှူမည့် အလှူပွဲကြီး ရှိသည်က တစ်ကြောင်း၊ သိမ်လေးရွာဖြစ်သော ဂျဒိုင်း၊ ဆင်းဂွတ်၊ မရိုးကုန်း သိမ်ရွာဆီက အနေဝေး အတွေ့ဝေးရသော ဝမ်းကွဲမောင်နှမများ ယောက်မများနှင့် တွေ့ချင်သည်ကတစ်ကြောင်း၊ မန္တလေး-ကတော (ခံတော) လိုင်းမော်တော်ကား ပြေးနေပြီဆိုသည်ကို စီးကြည့်ချင်





သည်ကြောင်းတို့ကြောင့် မော်တော်ကားဘက် ဦးလှည့်မိကြခြင်း ဖြစ်ပါသည်။

"မမထူးတို့ကို ဂျဒိုင်း-ဆင်းဂွတ်အထိ ကျွန်တော် လှည်းနဲ့ လိုက်ပို့ပေးမယ်...ဆင်းဂွတ်မှာ တစ်ညအိပ်ကြ...မနက် စောစော နှစ်နာရီလောက် ဆင်းဂွတ်ကနေ ကတောကို အစ်ကို ကိုသန်းဝင်း လှည်းနဲ့ လိုက်ပို့လိမ့်မယ်"

"အဲ...မနက် နှစ်နာရီကတည်းက ထ,ရမှာလားဟဲ့"

"ကတောကားက မနက် လေးနာရီထွက်မှာ...ဆင်းဂွတ်နဲ့ ကတောက လှမ်းသေးသဲ့ဟာကို..."

ကျွန်မမောင် မောင်သန်းစိုး တွက်ပြတော့လည်း အဟုတ် [illegible] တကယ်လည်း ကျွန်မတို့ စီစဉ်ထားသည့်အတိုင်း ဖြစ်ခဲ့ပါ [illegible] ဥဒယမှ ဆင်းဂွတ်အသွား ခရီးသည်လှည်းနှင့်ဆိုသော်လည်း [illegible]ရိပ်ဝါးရိပ်၊ တောရိပ် တောင်ရိပ်များကြောင့် မပင်ပန်းလှပါ။ [illegible]တာတွေ၊ သရက်တောကြီးတွေ၊ လဲ့ဝါပင် ခေါ်ကြသော လက်ပံ [illegible]ကြီးတွေ၊ ပင်လုံး ရင့်ကြလှပြီဖြစ်သော ကုက္ကိုပင်ကြီးတွေကြောင့် [illegible]အေးလှပါ၏။ သည်ခရီးက ဝေးသလား ဆိုတော့လည်း မဝေး [illegible] နီးသလား ဆိုပြန်တော့လည်း မနီး။ သို့သော် ဥဒယနှင့် [illegible]ဂွတ်လောက်တော့ ကျွန်မဆွေမျိုးတွေက ကုန်းကြောင်း ခြေကျင် [illegible]ိုက် လျှောက်သွားကြရုံသာပါ။ ကျွန်မတို့နှင့် အတူလိုက်ကြမည့် [illegible]ောင်သန်းစိုး၏ အမေနှင့် နှမတွေဆိုလျှင် ကျွန်မတို့လှည်းကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေကြတာ မဟုတ်။ တဘက်တစ်ထည် ခေါင်းပေါ်တင်ပြီး သစ်ခင်း ကိုင်းခင်းတွေထဲက ဖျိုးဖျိုးဖျပ်ဖျပ် သွားနှင့်ကြပြီ။

"ညည်းတို့လှည်းများ စိတ်မရှည်ပေါင်အေ...၊ ကိုယ့်ခြေထောက်နဲ့ကိုယ်မှ အားရသာ..."

ဟု ဆိုကာ သုတ်ခနဲ ထ,သွားကြခြင်းဖြစ်၏။ လှည်းစီးရတာ ကျွန်မအိမ်သား 'ဆရာနေ'ကြောင့် ဖြစ်သည်။ ကျွန်မကိုယ်တိုင်ကတော့ အရီးတို့နှင့်အတူ လိုက်သွားရလည်း မဆန်းပါ။ ဆရာနေကတော့ ခရီးကိုလည်း မသိသလို၊ လျှောက်နိုင်လိမ့်မည် မထင်တာကြောင့် လှည်းနှင့် တကန်တက လိုက်ပို့ရတော့၏။ ရွာက ဆရာနေကို 'လူနု'တဲ့။ ကျွန်မက 'ဆရာ'လို့ ခေါ်တော့ သူတို့ကလည်း ဆရာခေါ်ကြရာက အလိုလိုနေရင်း မြို့သား လူနု ဖြစ်ရတော့သည်။ ရွာမှာက 'ရမ်' လို၊ 'ဝီစကီ' လို နတ်ဆက် အရက်ကောင်းကို 'အရက်ချော' ခေါ်ကြသည်။ ချက်အရက်၊ တောအရက်၊ ရွာထွက်အရက် မဟုတ်သော အရက်ကောင်း၊ အရက်နု ဆိုသည့်သဘောပင်။ ကျွန်မအိမ်သားကို 'လူနု' ခေါ်တာကလည်း သည်သဘော ဖြစ်ပါလိမ့်မည်။

"ညည်းယောကျ်ား မလျှောက်နိုင်လောက်ပါဘူးအေ... ညည်းပါ လှည်းနဲ့လိုက်ခဲ့တော့...၊ နှစ်ယောက်စလုံး ကိုယ်ကြီး လက်ကြီးတွေနဲ့..."

ကြီးတော်တွေက ပေးကြသော မှတ်ချက်ဖြစ်ပါ၏။ သည်လို နှင့် ဂျဒိုင်း၊ ဆင်းဂွတ်ရွာကို ကျွန်မတို့ ထွက်လာခဲ့ကြတော့သည်။



www.burmeseclassic.com



ထမ်းမှာ သိမ်တိုင်နှင့် ရွာသစ် (ယသစ်လို့ အသံထွက်ကြပါသည်) ရွာတွေကို ခဏတစ်ဖြုတ်စီဝင်ကာ ဆွေမျိုးတွေကို မျက်နှာပြနှုတ်ဆက်ရပါ၏။ ကျွန်မတို့မှာ ပါလာသမျှ စာအုပ် တစ်အုပ်စ၊ နှစ်အုပ်စကို ရွာစာကြည့်တိုက်တွေမှာ လှူရသည်။ ကျွန်မ၏ ကျောင်းပဋ္ဌင်း၊ ဆရာတော် ဦးသာသန၏ လုံ့လကြောင့် သည်ဘက်ရွာတွေမှာ စာကြည့်တိုက်တွေ ပွင့်လန်းနေတာ ကြာပါပြီ။ စာကြည့်တိုက် အဆောက်အဦရော၊ စာအုပ်များပါ ဖြည့်ဆည်းထားကြရုံသာ ရွာကပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ပါဝင်နေကြသဖြင့် ကျွန်မတို့ ဝမ်းသာရပါ၏။

သည်လိုနှင့် ဆင်းဂွတ်ရွာရောက်တော့ နေတိမ်းလုပြီ။

(၂)

ဆင်းဂွတ်ရွာက 'ဒေါ်ဝီ' အိမ်မှာ ခဏ တအောင့်နား၊ ရေမိုးချိုးကြသည်။ အလှူအိမ်ဘက်ဆီက အသံချဲ့စက်သံက ရွာလုံးကြီးဆိုတော့ ရွာမှာ အလှူရှိသည့် ခံစားမှုကို ရစေသည်။ အလှူအိမ်ဘက်ကို အရင်မသွားသေးဘဲ သိမ်တော်ရှင်မြတ်စွာဘုရားကို ဖူးမြော်ဖို့ စီစဉ်ကြရသည်။ တန်ခိုးတော် ပွင့်လန်းလှ သည့် ဘုရားရှင်ဆိုတော့ အနယ်နယ် အရပ်ရပ်ကပင် လာရောက်ဖူးမြော်ကြသော တန်ခိုးကြီးဘုရား ဖြစ်ပါ၏။ ကျွန်မတို့ယယ်ယယ်က မိဘများနှင့် မကြာခဏ ရောက်ရဖူးရသော်လည်း သည်ဘက်ပိုင်းမှာ ကျွန်မ မရောက်ဖြစ်တာပင် ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်ရွာတွေကို ကျွန်မတို့ မြစ်နားကမ်းနားရွာတွေက ကြည်းတော ရွာတွေလို့ သုံးကြပါသည်။ 'ကြည်းတော'ဆိုတာက နှိမ်ချခေါ်ခြင်း မဟုတ်ပါ။ ကုန်းတွင်းရွာတွေဆိုသည့်သဘော ဖြစ်ပါသည်။ ရေနားကမ်းနား နီးသည့်ရွာ တွေကိုတော့ 'အောက်တော' တဲ့။ အောက်တောနှင့် ကြည်းတော ရေမြေသဘာဝ ကွာချင်ကွာနိုင်သော်လည်း စိတ်ဓာတ်တွေ မကွာကြပါ။ သံယောဇဉ်ချင်း မကွာကြပါ။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများလည်း မကွာကြ။ ကြည်းတောက ဆွေမျိုးတွေက အောက်တောကို ရောက်ကြရသလို၊ အောက်တောက ဆွေမျိုးတွေက ကြည်းတောရွာတွေကို မရောက်မရှိ။ သာမှုနာမှု အကြောင်း တစ်ခုခုကို အရင်းခံကာ အကူးအလူး ရှိကြစမြဲပင်။ ရှေးရွာကြီးတွေဆိုတော့ ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးတွေကလည်း ရွာဦးရွာထိပ် ကျက်သရေရှိစွာ တည်ထား ကိုးကွယ်ထားကြပါ၏။ အထူးသဖြင့် ပေါင်လောင်ရှင်ကဿပ မထေရ်ကြီး တည်ထားတော်မူခဲ့သော သိမ်ကျောင်းတော်ကြီးကို စွဲမှတ်၍ 'သိမ်တော်ရှင်ဘုရား' လို့ ခေါ်တွင်ခဲ့ကြသော်လည်း ဝေးနီး တစ်နံတစ်လျား ထင်ရှားကျော်စောလှပါ၏။

သိမ်တော်ရှင် ဘုရားပရဝုဏ်အတွင်း ဝင်လိုက်လျှင်ပင် အေးမြခြင်းနှင့်အတူ သတိရစရာတွေက ရင်ထဲ တိုးဝင်လာတော့သည်။ ကျွန်မငယ်ငယ်က သိမ်တော်ရှင်ဘုရား လာဖူးတိုင်း ကျွန်မ၏အဘ (အဘိုး) နှင့် အမေကြီး (အဘွား) တို့ ပါတတ်စမြဲ။ အဘနှင့် အမေကြီးတို့ ကွယ်လွန်သွားကြသည့်နောက် အဖေနှင့် အမေ ခါ





မဟုတ် ကျွန်မကြီးတော်များ၊ အရီးများ အတူပါလာတတ်ကြသည် မဟုတ်လား။ လူကြီးသူမများ၏ ဆုံးမသွန်သင်စကားများကို နာခံခဲ့ရသော ကလေးဘဝအရွယ်ကတည်းက လာရောက်ဖူးမြော် ကြည်ညိုခဲ့ရပါသော သိမ်တော်ရှင်ဘုရားကို ကျွန်မကိုယ်တိုင် လူကြီးတစ်ယောက်အဖြစ် လာရောက် ဖူးမြော်နေရပြီ။

"မနက်ဖြန် သိမ်တော်ရှင်ဘုရားဖူးရင်း ကြည်းတောက အမျိုးတွေဆီ သွားလည်ကြရအောင်ဟေ့..."

စိတ်ကူးရှိသူက သည်လိုဆိုလိုက်လျှင် နဂိုက စိတ်ကူးမရှိကြသူတွေကလည်း လိုက်မယ်ဖြစ်ကြပြီ။ ကျွန်မကတော့ ကလေးပီပီ လှည်းအကြာကြီး စီးရမှာကိုတွေးပြီး ပျော်ခဲ့ရသည်။ သည်တုန်းက ကျွန်မ ဂါဝန်ကလေးဝတ်သော မူလတန်းကျောင်းသူအရွယ်ပဲ ရှိပါသေးသည်။ မြင်းခြံမြို့မှာနေကြသော ကျွန်မတို့မိသားစုမှာ တစ်နှစ်တစ်ခါ နွေရာသီ ကျောင်းပိတ်ရက်ရောက်တိုင်း အဘနှင့် အမေကြီးတို့ရှိရာ ဥဒယရွာကို ပြန်ကြစမြဲ။ အဘတို့ကလည်း မြို့က ပြန်လာကြသည့် မြေးငုတ်စိကလေးတွေကို မျှော်ကြစမြဲ။ ရွာရောက်လျှင် တစ်နှစ်လုံး မြို့မှာ အနေကျဉ်းကြပ်ခဲ့သမျှ အတိုးချကာ မီးကုန်ယမ်းကုန် ဆော့ကြရပြီ။ ရွာလယ်ညောင်ပင်အောက်မှာ၊ တောထဲ သစ်ခင်းထဲမှာ၊ ဆွေမျိုးတကာတို့၏ ဝိုင်းတိုက်တွေထဲမှာ၊ ရွာဦးဆရာတော်ကျောင်းမှာ၊ မြစ်ကမ်းပါးမှာ။ နေဝင်ချိန်ဆိုလျှင် ဧရာဝတီမြစ်အနောက်ဘက်မှာ ပုစွန်ဆီရောင်တွေ ဖိတ်စင်နေတတ်ပါ၏။ ထိုအခါ ဧရာဝတီမြစ်သည်လည်း နီရဲနေတတ်ပါသည်။ ထိုအချိန်တွင် ကျွန်မတို့တစ်ရွာလုံး



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးရေခပ်ဆင်းကြပြီ။ မြစ်ရေချိုချိုနှင့် ကြီးပြင်းခဲ့ရလို့လား မသိပါ၊ ရွာကို လွမ်းမိတိုင်း မြစ်ကိုပါ လွမ်းမိရပါ၏။

သိမ်တော်ရှင်ဘုရားဖူး သွားကြမည်ဆိုလျှင် အမေတို့၊ ကြီးတော်တို့က မြစ်ငါးတွေ ရအောင်ဝယ်ကာ စိုစိုစိမ်းစိမ်း ချက်ကြ ကြော်ကြသည်။ ရတတ်သမျှ ငါးကို ဆားကလေးနယ်ကာ ကျောက်ဖိထားတတ်ကြသည်။ မြစ်နှင့်ဝေးသော ရွာတွေဆီက ဆွေမျိုးတွေကို ပေးဖို့ အကောင်းဆုံးလက်ဆောင် မြစ်ငဆနယ် (ငါးဆားနယ်) တွေ လုပ်ကြတာကိုက မေတ္တာရေ စေတနာပါ ရောယှက်နေကြလေ၏။ မနက်စောစော ကြက်ဦးတွန်ချိန်လောက်ကတည်းက မြူတွေကြား လှည်းလမ်းစိုစိုကို တအိအိ ဖြတ်မောင်းလာခဲ့ကြသော်လည်း နေကလေး ကြွသည်နှင့် ဖုန်တွေ တဖျောဖျော ပက်လေပြီ။ ရွာစဉ် တိုက်ကာ ဆွေဆွေမျိုးမျိုးတွေကို နှုတ်ဆက်ကြရတာကလည်း ဟိုရွာတအောင့်၊ သည်ရွာ တစ်ခဏ။ အမေကြီးက –

"တို့လူကြီးတွေ မရှိသည့်နောက်...ညည်းတို့တစ်တွေ ဆွေမှန်းမျိုးမှန်း သိရစ်ခဲ့အောင်လို့ဟဲ့..."

ဟု ဆိုပါသည်။

အမေကြီးပြောခဲ့တာ မှန်ပါ၏။ အခုဆိုလျှင် ကျွန်မကိုယ်တိုင်ကပင် ဆွေမျိုးစပ်တတ်ခဲ့ပြီ။

လှည်းကလေး တအီအီနှင့် သိမ်တော်ရှင်ဘုရား ဖူးသွားတိုင်းလမ်းမှာ အမေကြီးတို့ပြောခဲ့ကြသော စကားတွေကလည်း





ဆွမ်းစရာကောင်းလှသည်။ များသောအားဖြင့် သိမ်တော်ရှင်ဘုရားဘန်ခိုးတော်ကြီးလှကြောင်း ပြောဖြစ်အောင် ပြောကြသူချည်းပင်။

"ညည်းမှတ်မိလား အစ်မကြည်...တို့ အပျိုတုန်းက ဘိုးကျိုင်းနဲ့ ဘပုံတို့အမှုလေ..."

"မှတ်မိပါ့တော်...မြင်းခြံမယ် တရားဆိုင်နေသဲ့ကြားက သူမှန်သယ် ကိုယ်မှန်သယ် ငြင်းကြရော...ရင်ဆိုင်လက်စ တရားတဲပေါင် ခဏ နားထားပြီး ဘုရားရှင်ရှေ့မှောက် ဝင်ကြသာကောအေ့...ဘုရား ညောင်ရေအိုးမယ် သပြေခက်တွေထိုးပြီး သိမ်တော်ရှင်ဝင်သာ...ဘုရားပန်းညှိုးသူက ရှုံးတမ်း ကတိထားကြသာလေ..."

"အဲသာက သည်လိုအေရဲ့...မြေက ပြောကြစို့ဆိုရင် မယ်လှရင်ရဲ့ မြေ၊ ဘိုးကျိုင်းတို့ဖအေများနဲ့ အကြောင်းပါတော့ လင်ပိုင်မယားဆိုင် ဖြစ်ကြရော...ဒါကို မယ်လှရင်က........"

ဇာတ်လမ်းက မဆုံးနိုင်တော့ပါ။ မယ်လှရင်ပေါက်တွေအကြောင်းပါ စကားရောက်ကြတော့ လှည်းပေါ်ပါသူတွေနှင့် ဆွေမျိုးတော်ကြသူတွေချည်း။

"မယ်သိန်းတို့ မယ်ငြိမ်းတို့ကော ဘာထူးလို့တုံး...သက်ဝါရှင်းကြရာက ဘုရားဝင်မယ် ဖြစ်ကြသာလေ...ဘုရားရှင်ရှေ့မှောက် သပြေတစ်အိုးစီနဲ့ဝင်တော့ မယ်ငြိမ်းပန်းက



www.burmeseclassic.com

www.burmeseclassic.com



ညှိုးလို့ ငါရှုံးပါသအေသဲ...ဘုရားရှေ့တော်တောင် မဝင်လိုက်ရဘူး"

တကယ်တော့ အမှန်တရား မြတ်နိုးသူတွေက မတရားခြင်းကို လက်မခံ ဆိုသည့် သာဓကများပင်။ ကိုယ်ကျင့်သီလကောင်းနှင့် နေထိုင်ကြရင်း ဘဝကို ဖြတ်သန်းကြသူများဖြစ်ရာ၊ မတော်မတည့် ရှိလာလျှင် ဘုရားရှင်ကိုသာ အားထားသည့်သဘောလည်း ပါပါလိမ့်မည်။ အမှန်တရားက အမှားတရားများအပေါ် အမြဲတမ်းကျော်လွှားနိုင်သည် ဆိုသည့်သဘောကို သက်သေထူကြခြင်းပင်။ သစ္စာ၏တန်ခိုးကား စွမ်းလှပါ၏။

ငယ်ငယ်က သိမ်တော်ရှင်ဘုရားနှင့် ပတ်သက်သော ဖြစ်ရပ်တွေ ကြားခဲ့ရဖူးသည်။ 'သိမ်တော်ရှင် ဝင်မလား' ဆိုသည့်စကားကို ကျွန်မတို့ အကြားနာခဲ့ရပါ၏။ တစ်ဦးနှင့်တစ်ဦး အမှုသင်းကဲ အငြင်းအတင်ရှိလျှင် ဓမ္မနှင့် အဓမ္မ ယှဉ်ဖက်ရာတွင် ဘုရားရှင်ရှေ့တော်မှောက် အဖူးရောက်ဝံ့ရဲ့လား ဆိုသည့်သဘောကို ဆိုလိုပါသည်။ တချို့က အရက်ဖြတ်၊ ဖဲဖြတ်၊ မကောင်းမှု အကုသိုလ်ကို ဖြတ်ချင်ကြသဖြင့် သိမ်တော်ရှင်ဘုရား ရှေ့တော်မှောက်တွင် ကတိသျှောက်ထားကာ မိမိကိုယ်မိမိ ဆေးကြောသန့်စင်တတ်ကြသည်။

"မင်းတို့ ကိုယ့်စိတ်ကိုယ် မနိုင်ကြဘဲ ဘုရားရှေ့မှောက် ပေါ့ပေါ့တန်တန် မလုပ်ချင်ကြနဲ့...ဘုရားရှင်က မေတ္တာတော်နဲ့ ခွင့်လွှတ်တော်မူပေမယ့် မင်းတို့ကတိနဲ့ မင်းတို့သစ္စာကြောင့် မင်းတို့မှာ ပြန်ပြီး ဥပါဒ်ကျနိုင်တယ်...မနိုင်ရင် မလုပ်ကြနဲ့"





ကျွန်မတို့အဘက မကြာခဏ ဆုံးမတတ်သော စကားတွေကို ကျွန်မ အမြဲကြားခဲ့ရသည်။ ငယ်စဉ် ကလေးသဘာဝ ကျွန်မတို့တစ်တွေ ဇယ်တောက်တမ်း၊ ဖန်ခုန်တမ်း၊ ထွေပစ်တမ်း၊ ဂုံညင်းထိုးတမ်း ကစားကြလို့ အငြင်းအခုံ သဲသဲမဲမဲ ဖြစ်ကြရပြီဆိုလျှင် အဘကို ကျစ်ကျစ်ပါအောင်ဝတ်ပြီး နပမ်းလုံးဖို့ မကြိုးစားဘဲ၊ သိမ်တော်ရှင် ဝင်ဝံ့ရဲ့လား မေးကြတာက အရင်။

"နင်ညစ်တာမဟုတ်ရင် သိမ်တော်ရှင် ကျိန်လေ...ကိုင်း"

"ရှုံးရစေ..."

သည်လိုအသံမျိုး ကြားလို့ကတော့ အဘက ဝါးခြမ်းပြားနဲ့ထုတ်လာကာ ရိုက်ပါတော့သည်။ အဖေတို့ အမေတို့ကလည်း ဆူငေါက်၊ ကြားမိသူ လူကြီးသူမတွေကလည်း ကြိမ်းမောင်း။ ကျွန်မတို့မှာ သည်လောက်ကလေး ရေရွတ်မိကြတာနှင့် လူကြီးတွေ ဘာဖြစ်လို့ သည်လို ဆူရငေါက်ရ ဖြစ်ကြတာပါလိမ့်လို့ မတွေးတတ်ခဲ့တာလည်း အမှန်ပင်။ အဘကတော့ ညဘက် အိပ်ရာဝင်ချိန်မှာ မြေးတွေကို အေးအေးသက်သာ ဆုံးမတတ်ပါသည်။

"ငါ့မြေးတွေ ကစားတာ ဘုရားရှင်ဘွဲ့တော် ပါနေသာ မကောင်းဘူး...ဘုရားရှင်ရဲ့ဂုဏ်တော်ဆိုသာ အတိုင်းအဆမရှိ ကြီးမားတော်မူသယ်...ဇယ်ဝိုင်း၊ ဒိုးဝိုင်းမှာ ရေရွတ်တိုင်တည်ရမယ့်တွဲ့တော်မဟုတ်ဘူး...စကားကို လက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



စပယ် မပြောရဘူး…မငြင်းခုံရဘူး…**သုဘာသိတဝါစာ** စကားကောင်း ပြောရသယ်…**သစ္စဝါစာ** မှန်သဲ့စကား ပြောရသယ်…**ပီယဝါစာ** လူချစ်အောင် ပြောရသယ်… **ဓမ္မဝါစာ** တရားတော်နဲ့ ယှဉ်တဲ့စကား ပြောရသယ်… ကြားကြလား…အဘပြောတာ…"

နောင်မှာတော့ ဘုရားရှင်ဘွဲ့တော်ကို တလွဲမသုံးမိအောင် ဆင်ခြင်ခဲ့ပါ၏။ သို့သော် ကျွန်မတို့ သိမီသလောက် ကျွန်မတို့နယ်က ဆွေခွေမျိုးမျိုးတို့ နှုတ်ဖျားမှာ ဘုရားရှင်ဘွဲ့တော်ကို တပ်ကာ တိုင်တည်တတ်ကြသလို၊ အမှုအခင်းဖြစ်ကြလျှင် ပန်းကိုင်၊ ညောင်ရေ အိုးကိုင်ကာ ဘုရားရှင်ထံတော်မှောက် အရောက်သွားနေကြဆဲ ဖြစ်ပါသည်။

(၃)

သည်လို သည်အကြောင်းတွေကို တစ်နယ်တစ်ကျေးသား ခင်ပွန်းဖြစ်သူအား ကျွန်မ ပြောပြနေမိပါသည်။ ခင်ပွန်းသည်ကတော့ ကျွန်မပြောနေတာတွေကို ကြားလေသလား၊ မကြားလေသလား မသိပါ။ ဘုရားစေတီကို လှည့်ပတ်ကြည့်ရှုရင်းက ရုပ်ပွားတော်ထို စိတ်ဝင်တစား ဖူးမြော်နေပါ၏။ ကျား၊ မိချောင်း ပလ္လင်ခံ၍ လက်ယာ ဘက်၌ ယပ်ကိုထမ်း၊ လက်ဝဲဘက်၌ တောင်ဝှေးတော် ကိုင်ဆောင် ထားသော ပေါင်လောင်ရှင်မဟာကဿပ ရုပ်ပွားတော်ကို အနီးကပ်





ဖူးတွေ့သည်။ ပြီးတော့ ကျွန်မတို့ အရှေ့ဘက်မုခ်ဦးဆီ ထွက်ခဲ့ကြ ပါသည်။

အရှေ့တောတစ်ခွင်မှာ ညို့ညို့ဆိုင်းနေသော သစ်ခင်း ခင်းများ၊ တောရိပ် တောင်ရိပ်များက အညာဒေသ၏အလှကို ဆောင်ပြနေသလိုပင်။ တောင်ဘက်ဆီမှ မောင်းလာသော လှည်း တစ်စီးပေါ်မှာ ပြောင်းပင်တွေ အပြည့်အမောက်။ ပြောင်းဆန် ညည်းမည်းကလေးတွေက လှည်းပေါ်မှာ တလှုပ်လှုပ် ယမ်းခါလျက်။

"ဗုဒ္ဓဘာသာဝင်များပီပီ ဘုရားရှင်ကို ကိုးကွယ်ယုံကြည် ဆည်းကပ်ကြတာ ကောင်းတဲ့အလုပ်ပါကွာ…၊ ဘယ်လို အကြောင်းတရားနဲ့ကြောင့်ဖြစ်စေ မိမိကိုယ်ကို ယုံကြည်မှုရှိဖို့ အဓိကပါ…တို့ဗုဒ္ဓဘာသာတရားရဲ့ အနှစ်ချုပ်ကိုက မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကို ဖြူအောင် ထား ဆိုတာပဲ…သည်နယ်က ကျေးလက်တောရွာတွေနဲ့ တည်ဖွဲ့ထားတဲ့ နယ်ဆိုတော့ တောသူတောင်သားတွေဟာ ရိုးသားဖြူစင်တဲ့စိတ်ထား ရှိကြသူတွေပါ…သိမ်တော်ရှင် ဘုရားရဲ့တန်ခိုးတော်အလျောက် လူတွေကလည်း မကောင်းမှုရှောင်၊ ကောင်းမှု ဆောင်လာကြတာ ကောင်းတာပေါ့ ကွယ်"

ကျွန်မပြောပြခဲ့သော ဇာတ်လမ်းများနှင့်စပ်လျဉ်း၍ ခင်ပွန်း သည် ပေးသော မှတ်ချက်ဖြစ်ပါ၏။ ဘုရားက အပြန်မှာတော့ ဆင်ခွတ်ရွာဦးက ရေကန်ကြီးမှာ ရေခပ်နေကြသူတွေကို ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံရိုက်ကြသည်။ တချို့ လုံမလေးတွေက ရှေးမူမပျက် ဆံရစ်ဝိုင်းကလေးတွေ ထုံးကြတုန်း။ ဘုရားဖူးက အပြန်မှာတော့ အလှူ့အိမ်ကို ဝင်ကြသည်။ အလှူ့အိမ်မှာပဲ ရွာထမင်း ရွာဟင်းဖြင့် ထမင်းစားကြသည်။ အလှူကြီးရက် ဝေးသေးသော်လည်း မဏ္ဍပ်ဆောက်ပါပြီဆိုကတည်းက အလှူ့ရှ် စမ်းကြရပြီ။ အလှူ့မဏ္ဍပ်ကြီးကလည်း ကြီးလှပါ၏။ အလှူ့အတွက် ဝိုင်းကြ ဝန်းကြသူတွေကလည်း တရုန်းရုန်း။ ကိုယ့်နှီး ကိုယ်ဖြာ၊ ကိုယ့်ထင်း ကိုယ်ပေါက်၊ ကိုယ့်မဏ္ဍပ် ကိုယ်ဆောက်၊ ကိုယ့်ဆန် ကိုယ်ရွေး မဟုတ်ကြပါ။ တစ်ရွာလုံးက ဝိုင်းကြသည့်ကုသိုလ်တော် ပွဲကြီးဆိုတော့ မြင်ရတာကပင် သဒ္ဓါစိတ် ကြည်ညိုစိတ် ပွားရပါသည်။

သည်ရွာများနှင့် သည်ဘုရား၊ သည်စိတ်ထားနှင့် သည်ယဉ်ကျေးမှုသည် နှစ်ကာလတွေ ရှည်သော်လည်း ပျောက်ပျက်စရာမရှိ။ ကျွန်မတို့ခရီးက ဘုရားလည်း ဖူးရ၊ ဆွေမျိုးတွေလည်း တွေ့ရ၊ အလှူလည်း ရောက်ရ။ ကြည်နူးစရာ ခရီးပင်။

(၄)

ညဘက်တွင် ကျွန်မအိမ်သားက ဆင်းဝှတ်ရွာ ရောက်တုန်းရောက်သနိုက် ကျွန်မတို့အဘ သိုင်းမင်းသားကြီး 'ဘိုးလူပျို'ကိုပင့်ဖိတ်ပြီး ဘုန်းကြီးပျံ သိုင်းသီချင်းများ၊ ရှေးခေတ် လေ့ပြိုင်သီချင်းများ၊ ရပ်ဓလေ့ ရွာဓလေ့ ကျေးလက်သီချင်းများကို အသံသွင်းယူနေခဲ့သည်။ တချို့ သီချင်းတွေကို အဖွဲ့နှင့် သံပြိုင်ဆိုပြကြသည်။





တချို့သီချင်းတွေကိုတော့ ဘိုးလူပျိုတစ်ယောက်တည်းက ဆိုပြပါ၏။ ဓာတ်ပုံမှတ်တမ်း၊ အသံမှတ်တမ်း ယူခဲ့ကြသည်။

ကျွန်မတို့ တစ်ညလုံး မအိပ်ကြ။ တွေ့ရသနိုက် ဆွေမျိုးများနှင့် ရွာအကြောင်း ရပ်အကြောင်းတွေ သောသောကြွယ်အောင် ပြောဖြစ်ကြပါ၏။ ကျွန်မအိမ်သား အသံတွေသွင်းပြီးတော့ မနက်မိုးမှာရီလိုးတော့မည်။ ရွာခံ အလှူ့ရှင် ကိုသန်းဝင်းတို့ညီအစ်ကိုလည်း ကျွန်မတို့ကို ကတောရွာ (ခံတောရွာ) ကားဂိတ်ကိုပို့ရန် လှည်းဆောက်ကြပြီ။

အညာနွေရက်များ ဆိုသော်လည်း မနက်စောစော အအေးဓာတ်က စိမ့်နေသည်။ လှည်းပေါ်မှာ လိုက်ပို့ကြမည့် ဆွေမျိုးတွေလည်း ပါကြသေးသည်။ အရင်က မြစ်ကြောင်းကို အားကိုးကြသည်။ ဘယ်ရွာကပဲဖြစ်ဖြစ် မြစ်ဆိပ်ကို တကန်တက လာကြရသည်။ အခုတော့ ရွာတွေမှာ ကားလမ်းတွေ ပေါက်လာကြတော့ နွေလေးကို ကောက်ကာငင်ကာ လာနိုင်ကြပြီ။

"ကောင်းစွာ မြင်ကြတယ်...ကောင်းစွာ ကြံစည်ကြတယ်...ကောင်းတဲ့စကား ပြောကြတယ်...ကောင်းတဲ့အမှုကို ဆောင်ကြတယ်...ကောင်းတဲ့ အသက်မွေးမှုနဲ့နေကြတယ်...ကောင်းစွာ အားထုတ်ကြတယ်...ကောင်းသောသတိ...ကောင်းသောသမာဓိ ရှိကြတယ်...ဒါ မဂ္ဂင်ရှစ်ပါးနဲ့အညီ နေထိုင်ကြတယ်ဆိုတဲ့ သဘောပဲ...ရွာကိုတို့ မကြာခဏ လာကြရအောင်..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအိမ်သားက လှည်းပေါ်မှာ ကျွန်မကို ပြောနေခြင်း ဖြစ်ပါ၏။ ရွာကအထွက် သိမ်တော်ရှင်မြတ်စွာဘုရားကို ရည်မှန်းကာ ဦးတော်တင်လိုက်သည်။ ပေါင်လောင်ရှင်ကဿပ မထေရ်မြတ်ကို ရည်မှတ်ကာ ဦးတော်တင်သည်။ သည်ရွာတွေကို ကျွန်မတို့ လာကြ ရပါဦးမည်။ ဆွေတွေ မျိုးတွေကို တွေ့ကြရပါဦးမည်။

အညာမနက်ခင်းကတော့ အေးမြလျက်...။

*သိမ်တော်ရှင်ဘုရား နှစ် ၁၀၀ ပြည့်မဂ္ဂဇင်း*

ဥဒယကျေးရွာစာဂဇပ

# ရသစာစု

www.burmeseclassic.com

www.burmeseclassic.com



# ညောင်ဦးဆိပ်

ပုဂံမြို့ကို ကျွန်မ အခေါက်ခေါက်အခါခါ ရောက်ဖူးခဲ့လှပါပြီ။ ရောက်ရလေတိုင်းလည်း ဖူးမဝ မြော်မဝ ရင်နှင့်အမျှ ဝမ်းမြောက်သော ရသတစ်မျိုးကို ကျွန်မ ရနေကျဖြစ်ပါ၏။ များသောအားဖြင့် ပုဂံမြို့သစ် ဟိုတယ်တစ်ခုခုတွင် တည်းနေကျဆိုသော်လည်း သည်တစ်ခေါက်မှာတော့ ပုဂံ သံတဲဟိုတယ်တွင် တည်းဖြစ်ခဲ့ပါသည်။ ရှုခင်းနှင့် ထနောင်းပင်ကြီးတွေကို တဖွဖွ စွဲလမ်းလာခဲ့သော မိတ်ဆွေက သည်တစ်ခေါက် သံတဲဟိုတယ်မှာ တည်းပါလို့ မှာလိုက်သဖြင့် ကျွန်မတို့ မိသားစု ဆိုက်ဆိုက်ကြီး ရောက်သွားခဲ့ရပါသည်။ သာရပါတံခါးမှ ပုဂံမြို့တွင်းသို့ဝင်ကာ ဂေါတော့ပလ္လင်ဘုရား ခြေတော်ရင်းနှင့် နီးသော သံတဲဟိုတယ်ကို ရောက်တော့ ပြောသလောက် ငြိမ်းအေးလှပါသည်ဟု ခံစားမိရပါ၏။ ကျွန်မတို့ရောက်တော့ ညနေခင်း နေဝင်ချိန်။ သံတဲဟိုတယ်မှာ မြင်ရသော ပုဂံနေဝင်ချိန်သည်



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်ကိုပါ သီတင်းစေ့ရောင် ထိုးထားသည့်ပမာ အပြာနှင့် ပန်းသွေး ပုစွန်ဆီသွေး ရောလျက်ရှိပါ၏။

မြစ်အနောက်ဘက်ကမ်းမှာတော့ ဆောင်းပီပီ မြူငွေ့ငွေ့ သဲ့ဝေ့ဝေ့။ သမီးကလေးက နေဝင်ချိန်ကို အမိအရ ဓာတ်ပုံရိုက်နေကြ သော နိုင်ငံခြားသားတွေကြားရောက်နေပြီ။ ကျွန်မတို့ကလည်း လှပ သော နေဝင်ချိန်ကို ဓာတ်ပုံရိုက်ကြသည်။ တန့်ကြည်တောင်စွယ် နှင့် သောင်ပြင်ပြန့်ပြန့်သည်လည်း ပန်းသွေးမှအဝါ၊ အဝါမှ အနီသို့ တဖြည်းဖြည်းချင်း အရောင်ပြောင်းသွားကာ နောက်ဆုံး အနီမှ လိမ္မော်သွေးတွေသာ ကျရောက်တော့မည်။

ပုဂံ ..။

သည်တစ်ခေါက် ပုဂံခရီးကတော့ ဒါနခရီးဖြစ်သည်။ ညောင်ဦးဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ မိတ်ဆွေများက ကထိန်ခင်းကြသည်ကို အကြောင်းပြု၍ ကျွန်မတို့မိသားစုကလည်း တတ်အားသမျှ ကုသိုလ်ပါဝင်ကြရင်း လိုက်ပါလာခဲ့ကြခြင်းဖြစ်သည်။ နောက်တစ်နေ့မနက် ကထိန်ခင်းပြီးသည်နှင့် ပထမဆုံး ရောက်ရှိခဲ့ သည့် ဘုရားမှာ ဗူးဘုရားဖြစ်သည်။ ပုဂံရောက်သည့်အခါတိုင်းလည်း ဗူးဘုရားနှင့် လောကနန္ဒာစေတီတော်ကို မရောက်မဖြစ် ကျွန်မ သွားလေ့ရှိသည်။ ဧရာဝတီ မြစ်ကမ်းနဖူးတွင် တည်ထားသည့် စေတီတော်များဖြစ်၍ ဖတ်ဖူးမှတ်ဖူးသော ပုဂံရာဇဝင်များနှင့် တွဲ၍ ကာ ကြည်ညိုနေကျ ဖြစ်ပါ၏။

ဧရာဝတီသည် ကျွန်မမိဘများ၏ အိုးအိမ်ဖြစ်သည်။ တောသူတောင်သား ကျွန်မမိဘများကို နှစ်ဖက်မိဘများက အိမ်ထောင်





ချပေးပြီးနောက် ရေးလှေကြီးတစ်စင်း လက်ဖွဲ့လိုက်ကြပါသည်။ မြင်းခြံနယ် လှေရွာများတွင် ကြီးပြင်းခဲ့ကြရသော ကျွန်မ မိဘနှစ်ပါး မှာ ရေးလှေကြီးတစ်စင်း ရလိုက်သည်ကိုပင် ဝမ်းသာဝမ်းမြောက် ဖြစ်ကြရှာပါသည်။ ထိုလှေကြီးကို အကြောင်းပြု၍ အဖေက လှေ သူကြီး၊ အမေက လှေသူကြီးကတော်ဘဝ ချက်ချင်းပြောင်းကာ ဧရာဝတီမြစ်ရိုးတစ်လျှောက် ကူးသယ် ခေါက်သယ် ရှိခဲ့ကြရသည်။ ခေါင် ကျွန်မတို့ ကြီးပြင်းလာသည့်အခါ အမေက 'တို့လှေကြီး အနန်းရောက်တော့…'၊ 'တို့လှေကြီး ညောင်ဦးရောက်တော့…'၊ 'တို့လှေကြီး တကောင်းရောက်တော့…' ဆိုသည့် 'ရောက်တော့ အတ်လမ်း' တွေ များစွာ ကြားနာခဲ့ရပါ၏။

"ဗူးဘုရားများတော့ အဖေတို့က ဆွေဘုရားမျိုးဘုရား ဖြစ်နေပါပြီ…အဖေတို့လှေကြီး ဗူးဘုရား အနောက်ဘက် အခြေ ဆိုက်ထားပြီး တစ်ခါတလေ လေးငါးရက် ကုန် တင်ကြသေးသာ…အဖေနဲ့ ညည်းအမေများ လှေမှာ လှေသားတွေ ထားခဲ့ပြီး ပုဂံဘုရားတွေ ကုန်းကြောင်း လျှောက်ဖူးကြသာ…မြင်းလှည်းမစီးကြဘူး…"

အဖေပြောပြလေ့ရှိသည့် စကားများ ဖြစ်ပါသည်။ တချို့ ခေါက်တွေမှာ အမေ လိုက်မသွားတတ်ပါ။ သားသမီး မတီမတာ ကလေးတွေ တစ်ပြုံတောင်နှင့် အမေက ရွာမှာ နေရစ်ခဲ့တတ်သည်။ ထို့နောက် အဖေ လှေထွက်သွားပြီး ဘယ်လောက်ကြာလျှင် အဖေ့ လှေကြီး ညောင်ဦးဆိပ်ရောက်ပြီဆိုတာ အမေသိသည်။ လွဲလျှင် တစ်ရက် နှစ်ရက်။ ဘုရားဖူးလိုက်ကြစို့ဆိုကာ ဘုရားဈေးက အိုးစည်



www.burmeseclassic.com

www.burmeseclassic.com



တွဲလို ကျွန်မတို့မောင်နှမ တစ်တွဲကြီးနှင့် လိုက်ရတာကိုလည်း ကျွန်မ မှတ်မိသည်။ ဖူးဘုရားရောက်တော့ သောင်စပ်ကိုဆင်း။ အနောက်ဘက်ကမ်းကို မျှော်လိုက်ရင် အဖေ့လှေကြီး 'ကမ္ဘာဦး'ကို ကျွန်မတို့ မြင်ရပြီ။ မြစ်မကူးခင်ကတည်းက အဖေ့ကို အသံပေးကြမြဲပင်။

"အဖေ...အဖေ...အဖေရေ..."

တစ်ဖက်ကမ်းက လှမ်းအော်ကြသော ကျွန်မတို့ မောင်နှမတစ်တွေ၏ အော်သံကို အဖေ ကြား,မကြား မပြောနိုင်သော်လည်း ဖူးဘုရားတော့ ကြားတော်မူတာ သေချာပါသည်။ မိဘနှင့် သားသမီးများ ခြေတော်ရင်းလာဆုံကြတာကို ငုံ့ကြည့်တော်မူရင်း ပြုံးတော်မူမှာပဲလို့ အခုမှ ကျွန်မ တွေးမိပါ၏။ အမေက လှေကြီးပေါ်က လှမ်းဖူးရသော ဖူးဘုရားကို ပျူစောထီးမင်း တည်တာပေါ့လို့ အမြဲ ပြောတတ်သည်။ သည့်ထက်လည်း ပိုမပြောပါ။ ကျွန်မတို့ငယ်ငယ်ကတည်းက ပျူစောထီးမင်းကို အမေ့ကျေးဇူးကြောင့် ကြားဖူးခဲ့ရသည်။

"နှင့်မလဲ ပျူစောထီးတည်တာနဲ့တင် ပြီးရော့လားဟ... ဆက်ပါဦးမှပေါ့..."

"ဘယ်ဘုရား ဘယ်မင်းတည်တယ်ဆို တော်ပြီပေါ့... တော်ဆက်ပြောပါလား..."

အဖေတို့ အမေတို့ လှေပေါ်က ရာဇဝင်သည် သည်မှာတင် ပြီးရတာများသည်။ အဖေ့လှေကြီးပေါ်က မြင်ရသော ပုဂံမြင်ကွင်းသည် သိပ်ကြီးမကျယ်ပါ။ မိုးကောင်းကင်နောက်ခံနှင့် ဖူးဘုရားကတော့ ဖူးမြင်ရတိုင်း သပ္ပာယ်လှပါသည်။ ပုဂံ၊ ဖူးဘုရား၊ ရောဝတီ၊ အဖေ့ လှေကြီးနှင့် အဖေ။ ကျွန်မတို့ ရောက်သွားလျှင် အဖေပျော်သည်။





သားသမီးတွေကို တွေ့ရတော့ မောသမျှ ပြေရသည်ဟု ဆိုရှာသည်။ အမေက ညောင်ဦးဈေးသို့သွားကာ ဟင်းချက်စရာတွေ ဝယ်တာလည်း မှတ်မိပါ၏။

"ညည်းအဖေ လှေသူကြီး နွားစငုတ်နဲ့ပြီး ထင်ပါရဲ့အေ..."

အမေက အဖေမခံချင်အောင် စ,သည့်စကားဖြစ်၏။ နွားစငုတ် ဆိုတာက မြစ်ကမ်းတစ်လျှောက် စိုက်ပျိုးတတ်ကြသည့် ရှမ်းချဉ်သီး၊ ခရမ်းသီး၊ ချဉ်ပေါင်၊ ပဲရွက် စသည့် စိုက်ခင်းများက ကျန်ကောင်းကျန်ရာ နွားစာငုတ်ကို ပြောခြင်းဖြစ်သည်။ အခင်းရှင်က ခူးထွတ်လို့ အားရတော့ လက်လွှတ်လိုက်သည့်အပင်တွေကို နွားတွေက ဝင်စား၊ နွားစားသည့်အပင်က အငုတ်အတက်ထွက်တာကို လှေကမ်းကပ်သခိုက် တက်ခူးကာ ဟင်းတစ်ခွက်ဖြစ်အောင် ချက်စားကြတာကို ဆိုလိုပါသည်။ အဖေကလည်း ဟုတ်ပုံရပါသည်။ ဘာမှ ပြန်တုံ့မပြန်။ ကျွန်မတို့ မောင်နှမတစ်တွေကတော့ အဖေ့ဆင်းရဲမှုကို သိတ်မကောင်း ဖြစ်ကြရသည်။ ရေထဲမိုးထဲ၊ မြစ်ထဲချောင်းထဲ၊ လှေကြီးတစ်စင်းနှင့် သွားလာနေရသည့်ဘဝ။ မိုးရွာ အစို၊ နေပူ အခြောက်။ အစားဆင်းရဲ၊ အနေဆင်းရဲ၊ လူဆင်းရဲ။ အဖေ့ကိုကြည့်ရင် ဖျင်သဘက်ကြီး ခေါင်းပေါင်းထားသော်လည်း ကျောက ကျောပြောင်ကြီးဖြစ်၏။ ပြောင်းဖူးဖက်လိပ်ကိုတော့ အမေက ရွာကတည်းက လိပ်ပေးလိုက်ခြင်းဖြစ်သည်။ လှေနားလျှင် အဖေက လှေဦးထိပ် သာကြောင်းမှာထိုင်ရင်း ပြောင်းဖူးဖက်လိပ်ကြီး ငေါ့သောက်လေ့ရှိ၏။

ရောက်ရာအရပ်က ကြုံရာလှေနှင့် ရွာကို ပြန်လာတတ်သော လှေပိုင် ဦးဖိုးသွယ်က သတင်းပါးတာမျိုးလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမြတင်…ကိုရင်ညိုတို့လှေကြီး နဝလီအပြည့်နဲ့ပါဗျာ…ခေါင်းဒင်္ဂါးဘယက်နဲ့ ကျားခေါင်းလက်ကောက် ဝတ်ဖို့သာပြင်ရော…ညည်းယောကျ်ားလှေတော့ နယုန်လပြည့်ကျော်လောက် ညောင်ဦးဝင်မယ်မှန်းသာပဲ…ကနေ့ လဆန်းဆယ်ရက်ဆိုတော့ ညည်းတို့ လေးငါးရက်လောက်နေလိုက်သွားရင် ကွက်တိဗျား…"

သည်သတင်းစကားမျိုးနှင့် လိုက်ရတာမျိုးလည်း ရှိသည်။ ကြေးနန်းဆိုတာ ဘာမှန်းမသိ၊ တယ်လီဖုန်း ဝေလာဝေး။ လူကြုံကိုသာ အားကိုးရသည့်ခေတ် မဟုတ်လား။ ကျွန်မတို့မိသားစုလိုက်သွားသော်လည်း အဖေ့လှေကြီး ညောင်ဦးဆိပ် မရောက်သေးတာလည်း ရှိသည်။ အဖေ့လှေ ရောက်ပြီးလို့ ထွက်သွားပြီလားမေးရတာ မခက်ပါ။

"ကမ္ဘာဦးလှေကြီး ရောက်သေးပေါင်ဗျာ…မြေတော်လက်လှေကြီးမှတ်လား…စောင့်သာနေပါရော…"

မြစ်ရိုးတစ်လျှောက် လှူးလာစုန်ဆန်သွားလာနေကြသော အညာဆန်လှေကြီးတွေကို လှေပုံ ကြည့်၍ ဧရာဝတီမြစ်တွင်းသွားမန်းလက်၊ ချင်းတွင်းလက် စသဖြင့် ခွဲခြားပြီး သိကြပါသည်။ လှေရိုက်သည့်ရွာကို အစွဲပြု၍ ပခုက္ကူလက်၊ မြေတော်လက်၊ အမြင့်လက်၊ ဓောင်ချမ်းတောင်လက် စသဖြင့် ခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသည်။ ကျွန်မတို့လှေကြီးက မြင်းခြံနယ် မြေတော်ရွာက ထွက်သည့်မြေတော်လက်လှေကြီးဖြစ်ပါ၏။ အဖေ့လှေကြီး ညောင်ဦးဆိပ်ကမ်းမရောက်သေးလျှင်တော့ ဘုန်းကြီးကျောင်းမှာ တည်းခိုရင်း စောင့်ကြ





ရသည်။ ကျွန်မတို့ မောင်နှမတွေကတော့ ဘုန်းကြီးကျောင်းမှာ တည်းကြသော်လည်း ဖူးဘုရားဆိပ်မှာချည်း အနေများသည်။ အမေနှင့် အဖေ့လှေကြီးကို မျှော်ကြခြင်းဖြစ်သည်။

တစ်ခါသားများ အဖေ့လှေကြီးက ညောင်ဦးဆိပ်ကိုတော်တော်နှင့် ရောက်မလာ။ ကျွန်မတို့ မိသားစုမှာလည်း ဘုန်းကြီးကျောင်းမှာ ရက်ညောင်းကြပြီ။ အဖေ့လှေကြီး ရောက်မလာတာအကြောင်းမဟုတ်သော်လည်း အဖေနှင့် အဖေ့လှေကြီး ဘယ်သောင်ဘယ်ကမ်းမှာ ဘာတွေဖြစ်နေသလဲဆိုတာက အကြောင်းဖြစ်သည်။ အမေလည်း စိတ်ပူပြီ။ ကျွန်မတို့လည်း မျှော်ရတာ မောပြီ။ အဖေဘာများဖြစ်နေလို့ပါလိမ့်။ အဖေ ဘယ်နားရောက်နေပါလိမ့်။ ရှေးလှေကြီးတွေဆိုတော့ စိတ်ရှိတိုင်း ခရီးမပေါက်နိုင်ပါ။ လေလာတော့ရွက်တင်၊ ရေအိတော့ ထိုးဝါးကူ၊ ရေသာတော့ ကြိုးဆွဲ။ တစ်နေ့တစ်လံ ပုဂံဘယ်ရွေ့မလဲဆိုတာ အဖေ့လှေကြီးကို ပြောတာများလား။

နောက်တစ်ရက်မှာတော့ အဖေ့လှေကြီး ရောက်လာပါသည်။ ကျွန်မတို့က ဖူးဘုရားရင်ပြင်မှာ ခုန်ကြပေါက်ကြရာက အဖေ့လှေကြီးကို လှမ်းမြင်လိုက်ကြရခြင်းဖြစ်သည်။ ရေနံချေးတွေ မည်းမှောင်နေအောင် သုတ်ထားသော ဆယ့်ခြောက်ပြားခင်း လှေကြီးကိုအဝေးက လှမ်းမြင်တာနှင့် ကျွန်မတို့ မှတ်မိနေကြပြီ။ အစ်ကိုတွေက ဘုန်းကြီးကျောင်းပြေးကာ အမေ့ကို သွားပြောကြသည်။ ကျွန်မသာ ဘုရားရင်ပြင်ပေါ်မှာ တစ်ယောက်တည်း။

"အဖေရေ…အဖေ…"

အဖေ မကြားနိုင်လောက်သောအရပ်က လှေကြီးကို ကျွန်မအော်ခေါ်နေမိခြင်းဖြစ်၏။ အဖေ့လှေကြီးက တရွေ့ရွေ့။ ပြိုင်လှေလို



www.burmeseclassic.com

www.burmeseclassic.com



တလျှားပြီးတလျှား တက်လာနိုင်တာမျိုးမဟုတ်။ အိခနဲ့ အိခနဲ့ တိုးရခြင်းဖြစ်သည်။ လှေပေါင်းမိုးထိပ်မှာ စာလုံးဝိုင်းကြီးများဖြင့် ရေးထွင်းထားသော 'ကမ္ဘာဦး'ဆိုသည့် ဆိုင်းဘုတ်သစ်ပြားကို ကျွန်မ မြင်နေရပြီ။ အဖေ့လှေကြီး ဗူးဘုရားဆိပ်ကပ်တော့ မိုးချုပ်ပြီ။ ပုဂံနေဝင်ချိန်။ သည်တုန်းကတော့ ပုဂံ Sunset ဆိုတာ ဘာမှန်းမသိ။ မိုးလင်းတော့ လှေထွက်။ မိုးချုပ်တော့ လှေဆိုက်။ အဖေတို့ကိုယ်တိုင်က ခံစားနေနိုင်တာမျိုး မဟုတ်။ နောက်တစ်နေ့ လှေဆန်နိုင်ဖို့ တစ်ညတာ အားယူကြရဦးမည်။

"ပြည်မှာ ကြာသွားသာပါဟာ...ကုန်ရတော့ လောဘလေးနဲ့ ရှာချင်သေးသာကိုး...ငါ ထင်တော့အထင်သား...သားအမိတစ်တွေ ခွေးသအုပ်မလို တစ်တွေကြီး ရောက်နေရော့မယ်လို့...၊ ကိုင်း ကိုင်း...ဘုန်းကြီးကျောင်းက ရွှေခဲကြ...လှေထိုးသား စံလှ ခေါ်သွား...၊ ရော့...ဆရာတော်ကြီးကို ငါးပိငါးခြောက် လှူလိုက်ကြဦး..."

အဖေ့တွေ့ရတော့လည်း အမောပြေသား။ ထိုညက အဖေ့လှေကြီးပေါ်မှာ မောင်နှမတစ်တွေ ပြားအိပ်ကြရတာ မမေ့ပါ။ အဖေက အမေနှင့် လုပ်ငန်းအကြောင်းတွေ ပြောနေကြသည်။ အမေ့ကို ငွေအပ်သည်။ အမေ့ကိုကြည့်ကာ သနားနေပုံလည်း ပေါ်ပါသည်။ အမေကလည်း အဖေ့ကိုကြည့်ကာ ထိုနည်းတူစွာ။ လှေနှင့်တက်နှင့် ပခုံးပေါက်အောင် ရှာရှာသူ လင်သားကို ကြည့်ကာ ကရုဏာသက်နေရှာပါ၏။ သည်မြင်ကွင်း သည်ခံစားမှုကလေးက ကျွန်မတို့ငယ်ဘဝ မီသားစုဘဝကလေး ဖြစ်လေသည်။





သည်အဖြစ်တွေက ကြာခဲ့ပါပြီ။ အဖေဆုံးရှာတာတောင် ဆယ့်ခြောက်နှစ်တင်းတင်း ရှိခဲ့ပြီ။ ရှေးလှေကြီးတွေခေတ် မဟုတ်တော့ ဒီ အဖေလည်း အနားရခဲ့ရှာတော့သည်။ သားသမီးခြောက်ယောက်ကို လှေကြီးတစ်စင်းနှင့် ရှာဖွေကျွေးမွေးခဲ့သော အဖေ့ကျေးဇူးတရားကို အောက်မေ့လေတိုင်း ညောင်ဦးဆိပ်ကမ်းမှာ အဖေ့လှေကြီး မျှော်ခဲ့တာကိုပါ တွဲ၍ သတိရမိနေပါသည်။ အခုတော့ အဖေလည်း မရှိရှာတော့ပြီ။ အဖေ့လှေကြီးလည်း မရှိတော့ပြီ။ သားသမီးတွေ အိမ်ထောင်ကျတော့ ကျွန်မတို့အိမ်ကြီးမှာ အမေနှင့် အိမ်ထောင်မကျသေးသည့် သားလူပျိုကြီးတစ်ယောက်သာ ကျန်ခဲ့သည်။

ကျွန်မတို့သားအမိသားအဖ သုံးယောက် ပုဂံကိုရောက်တိုင်း ဧရာဝတီကမ်းနဖူးက ဘုရားနှစ်ဆူကို မဖူးမဖြစ် ဖူးကြလေ့ရှိပါသည်။

တစ်ဆူက ဗူးဘုရား၊ တစ်ဆူက လောကနန္ဒာ။

လောကနန္ဒာနေဝင်ချိန်ကို ကျွန်မ ပုဂံရောက်တိုင်း မီအောင်သွားလေ့ရှိသည်။ ဗူးဘုရားကိုတော့ နေလုံးညိုချိန်ကျမှ ကျွန်မ သွားလေ့ရှိသည်။ ဗူးဘုရားရောက်တိုင်းလည်း လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်လောက်က လှေသမားသားအဖတစ်တွေကို ကျွန်မ လွမ်းနေခြင်း ဖြစ်ပါ၏။ အဖေ့လှေကြီးပေါ်ကနေ မြင်ရသော ပုဂံကို ကျွန်မ မမြင်ရတာ ကြာပြီ။ ဗူးဘုရားပေါ်က မြင်ရသော အနောက်ဘက်ကမ်းကိုတော့ ရောက်တိုင်း မြင်နေကျ။ ဧရာဝတီမြစ်ကြီး တစ်နေရာက နှံ့ချေးသုတ် လှေဟောင်းကြီးတစ်စီး ဆန်တက်လာတာ တွေ့ရနိုးနိုး မျှော်ကြည့်မိနေဆဲလည်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရင်ပြင်က လှမ်းဖူးမြော်နိုင်သော တန့်ကြည် တောင်တော်။ ညိုညစ်ညစ် သဲစိုရောင်ဇရာဝတီ…။ ရေနံချေးရောင် မည်းမည်း ရှေးလှေကြီးတစ်စင်း။ အနောက်ဘက်ကမ်း သဲမှုန်မှုန် မြူမှုန်မှုန်။ အဖေ့ကို သတိရသည်။ သူက စာတော့ ကျွန်မတို့ကို မျှော်တတ်သော အဖေ၊ ကျွန်မတို့က စာတော့ ကျွန်မတို့က မျှော်ရ ပါသော အဖေ။

တစ်ရက် အမေ့အိမ်ကိုရောက်တော့ အမေက အဖေ့စာတို ကလေးတွေကို ပြပါသည်။ အဖေ့လက်ရေးနှင့် စာတစ်စောင်ကိုလည်း တွေ့ရသည်။ အမေက 'ညည်းအဖေစာတွေ့တော့ ညောင်ဦးဆိပ် သွားပြီး ဘုရားပေါ်ကနေ လှေကြီးတောင် မျှော်လိုက်ချင်သေးအေ' ဆိုတော့ ကျွန်မ မျက်ရည်ဝဲမိသည်။

'မြတင်

လှေကြီး ညောင်ဦးဆိပ်ကို တော်သလင်း

လဆန်းလေးရက်လောက် ရောက်ဖို့မှန်းတယ်။

ကလေးတွေခေါ်ပြီး လာနိုင်ရင် လာခဲ့ပါ။

လာဖြစ်ရင် ရွာက မုန့်ဆီကြော် ကြော်ခဲ့ပါ။

ဘယ်လိုစားချင်မှန်း မသိဘူး…။

မောင်ညို'

စာကိုဖတ်ပြီးချိန်မှာတော့ ကျွန်မနားထဲမှာ ဘုရားထ ဆည်းလည်းသံတွေကိုသာ ကြားယောင်နေမိလေ၏။

ညောင်ဦးမြို့နယ်မဂ္ဂဇင်း ၂၀





## မျိုးရိုးသစ်ပင်

'အညာသူ အညာသား ကျွန်မဆွေမျိုးများ' စာအုပ်ကို ကျွန်မရေးခဲ့စဉ်က ကျွန်မတွင် ခံစားမှုတစ်ခုရှိခဲ့ပါသည်။ သည်စာအုပ် ကို ရေးသည့်အခါ ပါဝင်ခဲ့ကြသော ဇာတ်ရုပ်များမှာ တစ်ခါက တကယ်ရှိခဲ့ကြသော ဆွေမျိုးများ ပါဝင်သလို ယနေ့အထိ ရှင်သန် နေဆဲ ဆွေမျိုး သားချင်းများလည်း ပါဝင်ကြပါသည်။ ကျွန်မ စိတ်ကူး ယဉ်ဖွဲ့သော ဆွေမျိုးများ မပါခဲ့ပါ။ အခြေအနေအရ အမည်ပြောင်း သာမျိုး ရှိခဲ့သော်လည်း အမှန်တကယ်ရှိခဲ့ကြသူများသာ ဖြစ်ပါ၏။ ထိုဆွေမျိုးများအားလုံး၏ ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သည့် အချက်အလက် များကို သာစေ၊ နာစေစိတ်မရှိဘဲ ကျွန်မ ရေးခဲ့သည်။ ရိုးသားမှု အခြေခံ တူကြသော်လည်း တချို့ကို ပုံဖော်ရာတွင် အရိုးလွန်ကြရာက သူကြ၊ အကြသလိုလို ကျွန်မ ရေးခဲ့သည်။ ကျွန်မဆိုလိုသည့်အချက်



www.burmeseclassic.com

www.burmeseclassic.com



မှာ တောသူတောင်သားများပီပီ သူတို့ထင်မိထင်ရာ၊ သူတို့တွေးမိတွေးရာ ပြောကြဆိုကြ ကျင့်ကြတာကို ပေါ်လွင်စေချင်ခြင်းသာဖြစ်၍ သည့်အတွက်လည်း ဆွေးမျိုးများက ကျေနပ်ခဲ့ကြပါသည်။ နောက်ထပ်လည်း သူတို့ဘဝ အတွေ့အကြုံ၊ သူတို့ ထူကြ၊ အ,ကြပုံတွေကို ရိုးရိုးသားသား ဖြည့်စွက် ပြောကြရှာပါသည်။ “ညည်း...ငါတို့အကြောင်းရေးသာ နည်းသယ်” လို့ပင် ပြောကြရှာပါသည်။

ကျွန်မ ပြောချင်သည့်အချက်မှာ အထက်တွင်ရေးခဲ့သော ခံစားမှု ဆိုသည့်ကိစ္စဖြစ်ပါသည်။ တောကျေးလက်တွင် ဘဝကို ပင်ပန်းဆင်းရဲခြင်းကြီးစွာ လုပ်ကိုင်စားသောက်ရင်း ကျော်ဖြတ်ခဲ့ကြသူတို့ခမျာ ကျရာဘဝတွင် ပျော်ပိုက်ခဲ့ကြသူများပါလားဆိုသည့် အချက်ပေါ်တွင် ဝမ်းသာဝမ်းနည်း ခံစားခဲ့ရခြင်းကို ဆိုလိုပါသည်။ အမျိုးတွေထဲမှာ သောင်သာသူတွေ ပါသည်။ အိုးကြီးအိမ်ကြီးနှင့် နေရသူတွေ ပါသည်။ ယာနှင့်အခင်းနှင့် လှည်းနှင့်နွားနှင့် နေနိုင်ကြသူတွေပါသည်။ အိမ်ရှေ့မှာ ပဲပြန့်၊ ပဲမှော်တိုက်ပေါ်မှာ, ကျီထဲပုတ်ထဲမှာ ပဲအပြည့်၊ ကြက်သွန်အပြည့် နေနိုင်ကြသူတွေ ရှိကြသလို၊ ဆွေမျိုးတကာတို့၏အိမ်မှာ သူရင်းငှားလုပ်ရင်း၊ ဆွေမျိုးများ၏အခင်းထဲမှာ ပဲနှုတ်လိုက်ရင်း၊ ကြက်သွန်တူးရင်း ဘဝကုန်ခဲ့ကြရသူတွေလည်း များစွာ ပါကြပါ၏။ အချို့ဆိုလျှင် ဆင်းရဲတာရှည်လွန်းလှသည်။ ဆင်းရဲတွင်း နက်လွန်းလှသည်။ နိမ့်ပါးချို့ငဲ့ခြင်းဝန်ကို ရွက်ရင်း တစ်ဝမ်းတစ်ခါး ရှာစားကြရသူတွေလည်း ပါပါ၏။ သို့သော် ကျွန်မ





ဝမ်းသာရသည့်အချက်မှာ သူတို့အားလုံး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မိကိုယ့်ဖ၊ ကိုယ့်ဆွေကိုယ့်မျိုးဆိုသည့် အမျိုးကို စောင့်ရှောက်ကြခြင်း၊ အချင်းချင်း မေတ္တာစေတ် မခန်းခြောက်ကြခြင်း၊ ဘဝတွင် နေပျော်အောင် စိတ်ကောင်း နှလုံးကောင်းနှင့် နေထိုင်ကြီးပြင်းခဲ့ကြသူတွေဖြစ်နေကြခြင်းပင်။ ဆွေစိတ်မျိုးစိတ် ကြီးကြသည်။ မိသားစုအသိုင်းအဝိုင်းစိတ် ကြီးကြသည်။ မနာလိုဝန်တိုခြင်း ကင်းကြကာ ဥမကွဲသိုက်မပျက် အချင်းချင်း စောင့်ရှောက်ကြသည်။ ဒါကို ကျွန်မ မြင်ခွင့်ရခဲ့ပါသည်။

ကျွန်မကိုယ်တိုင်က ရွာနေရွာကြီး၊ ရွာနှင့် အလှမ်းမကွာခဲ့သူ ဆိုတော့ သူတို့အကြောင်းကို အရူမချေးခါး သိထားတာတွေ ရှိသလို ကျွန်မ လက်လှမ်းမမီသည့်ကိစ္စ၊ ကျွန်မ မသိမီလိုက်သည့်ကိစ္စ၊ ကျွန်မ ရေးလို့မကောင်းနိုင်သည့်ကိစ္စ၊ ရေးဖို့ကောင်းသော်လည်း မရေးဖြစ်လိုက်သည့် ကိစ္စတွေလည်း ရှိခဲ့ပါ၏။ ထိုစာအုပ်ကို ရေးစဉ်က သက်ကြီးဝါကြီး သိမီသူတို့၏ အကူအညီဖြင့် ကျွန်မ ဘိုးဘေးအစီးအဆက် မိသားစုဇယားစောက် (Family tree) အရင်ရေးရပါသည်။ ကျွန်မ အဘင်ကြီး ဖိုးရွှေလုံးဆိုလျှင် မင်းတုန်းမင်းကြီးလက်ထက်တော်က တလုပ်မြို့တွင် ရုံးထိုင်ရသော တလုပ်ကိုးမြို့ဝန်ဖြစ်ပါ၏။ မင်းကြီး ‘သမိန်ဗေဖြတ်ဇ’ ဆိုသည့် ဘွဲ့မည်ရည်ဖြင့် သွေးသောက်ကြီးအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။ ကျွန်မ အဘေး၊ အဘိ၊ အဘင်ကြီးများ သွေးသောက်စုဖွဲ့ရာတွင် သုံးခဲ့ကြသော ငွေဖလားနှင့် သွေးဖောက် ဓားရှည်တစ်ချောင်း၊ တိုက်မောင်းတစ်လုံး၊



www.burmeseclassic.com

www.burmeseclassic.com



အင်းထိုးစုတ်နှင့် ဆေးခွက်များကအစ ကျွန်မမိခင်ဘက်မှ ဘကြီးဘုန်းကြီးများတွင် ရှိပါသေးသည်။

တလုပ်ကိုးမြို့ဝန် ဖိုးရွှေလုံးက ပေါက်ဖွားသော သမီးမယ်စိမ်းညို…။ ထို မယ်စိမ်းညိုမှ ပေါက်ဖွားသော ဖိုးသာထန်၊ မယ်ရွှေယာ၊ မယ်မှုယာ၊ မယ်လိမ္မာ…။ ကျွန်မ၏မိသားစုဇယားစောက်တွင် သည်လိုကစ ဆင်းသက်ခဲ့ကြသူများ ပါသကဲ့သို့ ဘဝအခြေအနေ ခြားလွန်းကြသော မထင်မရှားကြသူတွေလည်း ပါခဲ့ကြသည်။ သူတို့ကိုလည်း ချန်ထား၍ မဖြစ်ပါ။ သစ်ပင်ကြီးတစ်ပင်၏ ကိုင်းခက်ကိုင်းလက်တိုင်းတွင် အရွက်တွေ မစည်နိုင်ကြ။ အသီးတွေ မတင်နိုင်ကြ။ အပွင့်တွေ မဝေနိုင်ကြပါ။ သို့သော် ကျွန်မအဖို့သည်သစ်ပင်ကြီးသည်ပင် မျိုးရိုးသစ်ပင်ကြီး ဖြစ်လေရာ အားလုံးပါအောင် ရေးဆွဲရပါသည်။

ထိုဆင်းသက်မှုတွင် မိသားစုတန်ဖိုးဆိုသော ခပ်ပါးပါးဖုံးကွယ်နေသည့် အဓိပ္ပာယ်တစ်မျိုးကို ကျွန်မ အမှတ်မထင် တွေ့လိုက်ရပါသည်။ အမေကတော့ "တို့က ကိုးမပေါက်တွေအေ့…" လို့ဂုဏ်ယူစွာပြောတတ်သည်။ ကိုးမပေါက်ဆိုတာက ညီအစ်ကိုမောင်နှမကိုးယောက်က ဆင်းသက်ပေါက်ဖွားလာကြသူများဟု ဆိုလိုပါသည်။ ဆွေမျိုးပေါများခြင်းကို ဂုဏ်ယူခြင်းလည်း ဖြစ်သည်။ ဆွေကြောင်းမျိုးကြောင်း ပြောကြပြီဆိုလျှင် လွမ်းစရာနှင့် ချစ်စရာတွေချည်း ကြားရတတ်ပါသည်။ အမေမှမဟုတ်ပါ။ ရွာသွားတော့လည်း ဘယ်သူက





ဘယ်သူ့အကြောင်း အဆိုးမထင်၊ အမြင်မစောင်းကြဘဲ မေတ္တာဖြင့်ပြောကြဆိုကြတာကိုပဲ ကြားရတတ်သည်။ ဆိုးသူ သွမ်းသူတွေအကြောင်းကို ပြောကြသည့်တိုင် ထိုအဆိုးတရားများကို ဖုံးနိုင်လောက်သည့် အကောင်းတရားများနှင့် အုပ်ကြ၊ ဆိုင်းကြတာ သတိထားမိပါ၏။ အကောင်းမြင်တတ်ကြသူများပင်။

မိသားစု သစ်ပင်ဖျားမှ အောက်ဘက်ကိုဆင်းလာချိန်မှာတော့ နောက်ပေါက်ငယ်ရွယ်သူတွေ များများပါကြပြီ။ အနေခြား၊ ဘဝခြား၊ စီးပွားဥစ္စာခြားနားကြသူတွေ ဖြစ်ကြပြီ။ သူ့မှာလည်း သူ့မိသားစုကိစ္စ၊ ကိုယ့်မှာလည်း ကိုယ့်မိသားစုကိစ္စတွေနှင့်သာ လုံးချာလိုက်နေကြရပြီ။ ကျွန်မလည်း မထူးပါ။ ပြောင်းလဲလာသော ခေတ်အခြေအနေ၊ စိတ်နေသဘောထားအခြေအနေ၊ ခံယူမှုအခြေအနေတွေကြောင့်လည်း ဖြစ်ပါ လိမ့်မည်။

* * *

ကျွန်မကိုယ်တိုင် တစ်ခါက သိုက်သိုက်ဝန်းဝန်းရှိခဲ့ရသော မိသားစုဘဝထဲမှာ နေခဲ့ရသည်။ အဖေ၊ အမေနှင့် မောင်နှမများ။ ငယ်စဉ်က ကလေးအတွေးနှင့် သည်လိုပဲ သည်အမြဲထဲမှာ တစ်သက်လုံး နေခဲ့ရလိမ့်မည်ထင်ခဲ့သည်။ သည်လိုပဲ ထာဝရ အေးမြနေလိမ့်မည် ထင်ခဲ့သည်။ အဖေက လှေသူကြီး၊ အမေက ဆယ့်နှစ်ပွဲဈေးသည်။ အဖေက လေထဲမိုးထဲမှာ၊ အမေက ဘုရားပွဲတကာ မီးရောင်



www.burmeseclassic.com

www.burmeseclassic.com



မှိန်မှိန်အောက်မှာ။ ဘဝဝမ်းကို မိဘနှစ်ပါး ကျောင်းခဲ့ကြရှာသည်။ ကျွန်မတို့ မောင်နှမများ၏ နေ့ရက်တွေမှာ 'မိဝေး ဖဝေး' နေ့ရက်များသာ ဖြစ်ခဲ့သည်။

သို့သော် ကျွန်မတို့မောင်နှမတစ်တွေ ချစ်ခင်ခဲ့ကြသည်။ ပျော်ခဲ့ကြသည်။ သူ့ကိုယ်ညာ၊ ကိုယ့်သူညာ ရှိခဲ့ကြသည်။ ဘယ်လို မျိုးရိုးသစ်ပင်က ဆင်းသက်ကြသည်ဖြစ်စေ တကယ်တော့ လူဖြစ်ပါပြီ ဆိုကတည်းက ကိုယ့်တာဝန်ကိုယ် ယူကြရတော့မည်ဆိုသည့် အချက် ကို ထိုစဉ်က ကျွန်မတို့ခေါင်းထဲမှာ မရှိကြပါ။ အဖေ့လှေကြီး ဆိပ်ကမ်းကပ်လာလျှင် ပျော်သည်။ ဆယ့်နှစ်ပွဲသိမ်းလို့ အမေပြန် ရောက်လာလျှင် ပျော်သည်။ သည်အဖေ သည်အမေ သည်သားသမီး သာလျှင် ဘဝ ဖြစ်ခဲ့ရပါ၏။ အဖေက ချွေးသအုပ်မ,မြို့လို့ပင် သုံး ခဲ့ပါသည်။

နှစ်ကာလတွေ လွန်မြောက်ပြီးသည့်နောက်မှာတော့ အဖေ လည်း မရှိတော့ပြီ။ အမေနှင့် မောင်ငယ်က အဖေထားခဲ့သော မန္တလေးမြစ်ဆိပ်က အိမ်မှာ ကျန်ရစ်ခဲ့ကြပြီ။ ကျန်မောင်နှမတွေ ကိုယ့်မိသားစုနှင့်ကိုယ်။ တစ်ယောက်ဆီ တစ်ယောက်အကြောင်း ရောက်ကြရပြီ။ အမေ့ဆီမှာ ဆုံကြတော့လည်း အားသူက အားသ ရောက်ရတာဆိုတော့ အမေ့ခမျာ သည်သားသမီးတွေကို တစ် တစ်စည်းတည်း တွေ့ခွင့်မရရှာပါ။ ဟိုတုန်းက သည်အမေ့ရင်ခွင် မရှိအတူ ရှိအတူ နေခဲ့ကြသည့် ဘဝကလေးကို ပြန်မရနိုင်တော့





အတူနေခဲ့ကြစဉ်က အဓိပ္ပာယ်ရှိခဲ့သော ဘဝတွေကို ပြန်အောက်မေ့ ကြရုံသာ။

မိသားစုကို အသိုက်အမြုံအဖြစ် တင်စားကြပါသည်။ ကျွန်မတို့ပတ်ဝန်းကျင်မှာလည်း မိသားစုတွေ ရှိကြပါ၏။ ချမ်းသာသူ တွေလည်း ရှိကြသလို ဆင်းရဲကြသူတွေလည်း ရှိကြသည်။ တချို့ ဆိုလျှင် ကိုယ့်မိသားစုဘဝကလေးထဲမှာ ပျော်ရွှင်ချမ်းမြေ့မှု မရကြ တာတွေ မြင်နေကြားနေရသည်။ မိသားစုထဲမှာပင် အနိုင်ကျင့်ချင် ကြတာ၊ ကိုယ်ကျိုးကြည့်ချင်ကြတာ၊ မာန်မာနထောင်လွှားကြတာ တွေ မြင်နေရသည်။ မိသားစုတွင်း သံသယများသည် ဆိုးကျိုးများကို ဖြစ်စေတာ ကျွန်မ မျက်မြင်ပင်။ ဘယ်လိုကြောင့် သည်လိုဖြစ်ကြရ တာပါလိမ့်။

တကယ်တော့ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝသည် ကံကောင်းထောက်မစွာ၊ ရတောင့်ရခဲစွာ ရလာသည့် ဘဝလက်ဆောင် တ်ပါ။ မိသားစုအချင်းချင်း ညာတာကြသရွေ့၊ စာနာကြသရွေ့၊ တစ်ဦးအပေါ်တစ်ဦး နားလည်နိုင်ကြသရွေ့၊ မေတ္တာစေတနာထားနိုင်ကြ သရွေ့ စိတ်မချမ်းသာစရာတွေ ဖြစ်လာရန်မရှိ။ အကျိုးနည်းစရာလည်း ဒါကိုတော့ ကျွန်မ ယုံကြည်ပါသည်။

ကျွန်မတို့ မချမ်းသာပါ။ စာပေရေးသားခြင်းကရသော သဖြင့်ဝင်ငွေကိုသာ အမှီပြုရတာ အမှန်ပါ။ ရသည့်အခါလည်း ။ မရသည့်အခါလည်း ပြေးပြေးလွှားလွှား။ ကျွန်မကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မတောင့်တသလို မကြောင့်ကြမိအောင်လည်း ကြိုးစား နေထိုင်သည်။ ကျွန်မ ဖတ်ချင်သည့်စာအုပ်တွေ ကျွန်မအိမ်မှာ ရှိပြီး ကျွန်မ ခံစားရသမျှ ချရေးကြည့်နိုင်ခွင့်လည်း ရှိပြီ။ သမီးကလေးကို စာသင်ပေးမည်။ သစ်ပင်ပန်းပင်ကလေးတွေ စိုက်မည်။ ခရီးခတင်း သွားစရာရှိတော့ ထ,သွားလိုက်သည်ပင်။ မိတ်ဆွေတွေ လာကြတော့ လည်း ဘဝအကြောင်း၊ စာအကြောင်းတွေ ဝေမျှဖြစ်ကြသည်။

ဘဝ, ဘဝက ရေစက်ရှိလို့ ဖွဲ့စည်းတည်ဆောက်မိကြ သော အသိုက်အမြုံကလေး လှပသာယာနေဖို့က အရေးကြီးသော အကြောင်းဟု ကျွန်မမြင်ပါသည်။ ကျွန်မကိုယ်တိုင်လည်း စိတ်ချမ်းသာ အောင် နေချင်သည်။ မိသားစုကိုလည်း စိတ်ချမ်းသာအောင် ထားချင် သည်။ တစ်မိုးအောက်မှာ အနီးစပ်ဆုံးနေကြသခိုက် အဓိပ္ပာယ်ပြည့် သော ဘဝသာလျှင် လိုအပ်မှုဟု ခံယူပါသည်။ များများမရှိပါ။

* * *

ကျွန်မ ရေးဆွဲထားသည့် Family tree ကို ပြန်ကြည့် မိလေတိုင်း ရိုးသားဖြူစင်စွာ နေထိုင်ခဲ့ကြသော ဘေးကြီးဘိုးကြီး မိကြီးဖကြီး ဘွားကြီးဘွားလေးတို့ကို ကျွန်မ မေတ္တာပို့ဖြစ်ပါသည်။ သည်မျိုးရိုးဆီက ကောင်းမွေတွေချည်း ချပေးခဲ့တာမဟုတ်ပေသိ ကျွန်မ တို့ လုံခြုံပါသည်။ ဆင်းရဲချမ်းသာဘဝတွေ ကွာကြသော်လည်း ဘယ်သူ့ကိုမှ စိတ်ဒုက္ခ ကိုယ်ဒုက္ခ မပေးခဲ့ကြသဖြင့်လည်း ကျွန်မတို့





သားမြေးတွေမှာ နောင်တတွေ ကျိုလုံး ပုတ်လုံးလောက် တစ်ပွေ့ကြီး ကျန်ရစ်ခဲ့တာမျိုး မရှိ။ ရာဇဝင်ရိုင်းလောက်စရာလည်း မရှိ။ သကာ ရှင်းစရာတွေ ချန်မထားရစ်ခဲ့။ သူတကာ လက်ညှိုးထိုးလောက်စရာ အမည်းစွန်းကွက်တစ်စက်ကလေးပင် မရှိခဲ့။

မေတ္တာတွေသာ ထားခဲ့ကြသည်။ ရိုးသားခြင်းကိုသာ ထားခဲ့ ကြသည်။ စာနာညှာတာစိတ်အရင်းခံသော သိမ်မွေ့သည့် စိတ်နှလုံးကို သာ ပေးခဲ့ကြသည်။ မိသားစုကောင်းဆိုသည့် အနှစ်သာရကိုသာ ထားခဲ့ကြသည်။ ဆွေချစ်မျိုးချစ်စိတ်ကိုသာ သွင်းပေးခဲ့ကြသည်။ ကျွန်မ ကိုယ်တိုင်လည်း သည်အမွေကောင်းကို မိသားစုထံ သယ်လာနိုင်ခဲ့ သည်ဟု ရိုးရိုးသားသား မြင်ပါသည်။

ဘိုးဘေးမိဘများ၏ ဘဝဖြတ်သန်းမှုအလျောက် ချမ်းသာသူ တွေကလည်း ချမ်းသာသကောရယ်လို့ အကုသိုလ်အလုပ်တွေ မလုပ် ခဲ့ကြသလို၊ ဆင်းရဲသူတွေကလည်း ဆင်းရဲလှသကောရယ်လို့ ကောင်းမှုကို မတပ်မက်ခဲ့ကြပါ။ သမိုင်းမှာ မျက်နှာပန်းမလှစရာ တွေ သားစဉ်မြေးဆက် ချန်မထားရစ်ခဲ့သော ကျေးဇူးတရားသည်ပင် ကြီးမားလှပါ၏။ ရိုးဖြောင့်သောစိတ်ဓာတ်၊ မျိုးဂုဏ် ရိုးဂုဏ်ကို မညစ်နွမ်းစေရ ဆိုသည့် စောင့်ရှောက်သောစိတ်ဓာတ်၊ မေတ္တာကြီး သော စိတ်ဓာတ်၊ ကျောကပ်ရင်ကပ် တစ်လုံးတစ်စည်းတည်းသော စိတ်ဓာတ်၊ အများသူငါအပေါ် တတ်စွမ်းသမျှ ရိုင်းပင်းကြသော စိတ်ဓာတ်များဖြင့် ဘဝကို ကုန်လွန်ခဲ့ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအလှည့်မှာလည်း မနွဲ့သာတော့ပြီ။ သည်စိတ်ဓာတ်မျိုး ထားနိုင်ရတော့မည်။ ကျွန်မက ပေါက်ဖွားသော မျိုးဆက်လည်း သည်ကောင်းမွေကို လက်ဆင့်ကမ်းရပါဦးမည်။ မျိုးဂုဏ်ရိုးဂုဏ်ကို စောင့်ရှောက်နိုင်ကြသရွေ့ တိုင်းဂုဏ်ပြည်ဂုဏ် လူမျိုးဂုဏ်ကို စောင့်ရှောက်ပြီးသား ဖြစ်ရသည်။

ကျွန်မအဖို့ရာ သည်အချက်သည်လည်း အရေးကြီးသည် ထင်ပါ၏။

*ဘာအရေးကြီးဆုံးလဲ (စီစဉ်သူ–ဆရာကောင်းသန့်)၊ မေ ၂၀*





# သစ်ပင်မြို့

ကျွန်မတို့အိမ်ကို ရောက်လာကြသူတိုင်းက 'အေးလိုက်တာ' လို့ ပြောတတ်ကြပါသည်။ ကျွန်မတို့ နေထိုင်သည့် မန္တလေးမြို့သစ်သည် နောက်တိုးမြို့သစ် ဖြစ်သည့်အားလျော်စွာ နဂိုကပင်ရှိခဲ့သော သစ်ပင်များရော၊ နောက်စိုက်သည့်အပင်များပါ ဝေဝေညီစည် ရှိလှပါ၏။ မြို့သစ်တည်စက စိုက်ခဲ့ပုံရသော ထနောင်း၊ ဘာမာနှင့် ကုက္ကိုပင်ကြီးတွေလည်း အထင်ကရ အပင်ကြီးတွေ ဖြစ်နေပါပြီ။ တောရိပ် တောပင်လို သန်စွမ်းကြသည်။ အိမ်တိုင်းလိုလိုကလည်း အရိပ်ရပင်တွေ စိုက်ထားကြသဖြင့် နှစ်သက်ကလေးရလာသည်နှင့် သစ်ပင်တွေ ကြီးထွားလာကြတာလည်း ရှိပါ၏။

ကျွန်မတို့လည်း မြို့သစ်ကို ရောက်ပါပြီ ဆိုကတည်းက ကျွန်မကိုယ်တိုင် သစ်ပင်တွေစိုက်ဖို့ ပြင်ရပါသည်။ အရိပ်ရအပင်



www.burmeseclassic.com

www.burmeseclassic.com



တွေရော၊ သီးပင်စားပင်၊ အလှစိုက်ပန်းပင်တွေပါ စိုက်တာဆိုတော့ ရောက်စနှစ်က ပျိုးဥယျာဉ်ကို ပြေးရသည့် အခေါက်ပေါင်းကလည်း မရေနိုင်ခဲ့။ မြန်မြန်ကြီးသည့်အပင်၊ အရိပ်ဖားဖား ရနိုင်သည့်အပင်၊ မန္တလေးရာသီဥတုနှင့် ကိုက်ညီမည့်အပင်ကိုလည်း ရွေးရပါသည်။ မယ်ဇယ်တို့၊ ခရေတို့ဆိုလျှင် အရိပ်သိပ်သော်လည်း ပင်လုံးထွက်ဖို့ ကြာသည်။ ပိတောက် တစ်ပင် နှစ်ပင် စိုက်ရမည်။ စိန်ပန်းကလေးကတော့ အမြင်စိမ်းသည်။ ငုပင်တွေကတော့ အရွက်မသိပ်အပင် မဖားသော်လည်း ပွင့်ချိန်ဆိုလျှင် အပွင့်ဝါကလေးတွေ တွဲလောင်းနှင့် ချစ်စရာကောင်းသည်။ အမေ့အိမ်မှာတော့ ပုန်းညက်ပင်ပေါက်ကလေးတွေ တွေ့သည်။ ဒါကိုလည်း ကျွန်မတို့ခြံဝင်းထဲ ရွှေ့စိုက်ရဦးမည်။

ကျွန်မ၏ ဝါသနာအလျောက် သစ်ပင်ပန်းပင်ကလေးတွေ စိုက်ပျိုးတာကို ထုံလေတော့ စိုက်ချင်တာတွေက ခပ်များများ။ ပေလေးဆယ် ခြောက်ဆယ်အကွက်ကလေးထဲမှာ အိမ်က သုံးချိုးနှစ်ချိုး နေရာယူထားတော့ မြေက သိပ်ကျန်လှသည် မဟုတ်။ မြေကျန်ကောင်းကျန်ရာထဲမှာ စိုက်ချင်သည့်အပင်တွေက များသလိုဖြစ်နေသည်။ ပျိုးထုပ်ကလေးများ ချစိုက်စဉ်က သိပ်ကြီး အခက်အခဲ မရှိသော်လည်း အပင်ကလေးတွေ ထွားလာတော့ ပြဿနာဖြစ်ရပြီ။ အပင်တွေ ကျပ်ကုန်သည်။ ဟိုအပင် သည်အပင် အပင်ချင်း လောင်းကျလာသည်။ သည့်ထက်ကြီးလာလျှင် ဟိုအမြစ်ထိုး သည်အမြစ်ထိုး ဖြစ်လာတော့မည်။ မဖြစ်သေးပါဘူးလေဆိုပြီး





စိတ်ကြိုက်အပင်တွေ ချန်ထားကာ ပြန်နုတ် ပြန်ရွှေ့။ အပင်သန္ဓေကျတော့ နလံမထူသည့်အပင်က မထူတော့။ ရှင်တာလည်းရှင်၊ မြို့သစ်မြေက လယ်မြေဖေး မည်းကျစ်ကျစ်။ သစ်ပင်တွေက အမြစ်ခွေမချင်း ကျစ်ခံနေတာတွေ ရှိသည်။ တော်တော်နှင့် ရှန်းမတက်နိုင်ဘဲ တတေတေ တမျှင်းမျှင်း ဝပ်ခံနေကြသည်။ အမြစ်စွဲမိပြီဆိုလျှင်တော့ ထိုးတက်လာကြပါ၏။ တချို့အပင်တွေဆိုလျှင် နှစ်တွေသာကုန်ခဲ့သည်။ ဘွန်ဆိုင်းပင်ကလေးတွေလို လိမ်လိမ်ကျစ်ကျစ် ပုပုဘွားကွေးက မတက်။

"မင်း သုတေသနက အောင်မြင်သားပဲကွ…အပင်ကြီးတွေကို dwarf ဖြစ်အောင် နည်းပညာမသုံးဘဲ လုပ်နိုင်တာကို ဂုဏ်ယူသကွာ"

ကျွန်မ အိမ်သားက ကျွန်မအပင်တချို့ကို ကြည့်ကာဆိုသည်။ သူပြောလည်း ပြောစရာ…၊ ကျွန်မက မြန်မြန်ကြီးစေချင်သို့လား မသိ၊ ကိုယ်တော်တို့က တော်တော်နှင့် ရှန်းမထလာနိုင်ကြတာတွေ ရှိပါ၏။ အာဟာရ မပြည့်စုံသည့် ကလေးတွေလို ကြုံကြုံချုံ့လို ဖြစ်နေတတ်ကြသည်။

အခုတော့လည်း ကျွန်မတို့ ပြောင်းလာသည့် ငါးနှစ်အတွင်း အပင်တွေ စိုစိုစိမ်းစိမ်း ရှိကြပါပြီ။ သန်သန်စွမ်းစွမ်း ရှိကြပါပြီ။ တစ်နေ့တစ်လံ ပုဂံကို ရောက်ခဲ့ပါပြီ။ အရိပ်ရသည့်အပင်ကကြပြီ။ ပန်းအလှပင်တွေက ပွင့်ကြပြီ။ သီးပင်၊ စားပင်တွေက



www.burmeseclassic.com

www.burmeseclassic.com



သီးကြစားကြရပါပြီ။ အိမ်ကို ရောက်လာကြသည့် မိတ်ဆွေတွေက 'အေးလိုက်တာ' လို့ ဆိုကြတိုင်း ကျွန်မကိုယ်တိုင် အေးမြသွားတတ်ပါသည်။

သည်လိုအေးမြဖို့ နေပူထဲမှာ ကျောကော့ခံကြရင်း ရုန်းကန်တက်လာကြသည့် အပင်တွေကို ကျေးဇူးတင်မိရ၏။ သူတို့၏ ဖွဲ့နွဲ့ကို အားလည်း ကျရပါ၏။ အညာဆိုလျှင် ထနောင်းကြောင်ခြစ်ဆူးရစ်ပွင့်ရာအရပ်၊ ဆူးဖြူထနောင်း ကန္တာရတို့နှင့်သာ ဝေစည်ရာအရပ်လို့ ထင်ခဲ့ကြသည်။ အခုတော့ ကျွန်မတို့ မန္တလေးမှာ ခရေတွေလည်း ပွင့်ကြပြီ၊ ပိတောက်တွေလည်း ပွင့်ကြပြီ၊ စိန်ပန်းနှင့်စွယ်တော်တွေလည်း ဝေကြပြီ။

ကျွန်မတို့ခြံကလေး ပိစိကွေးထဲမှာပင် တောပင် တောင်ပင်ရှာပင် ရုပ်ပင်ကလေးတွေ စိမ်းကြပါပြီ။

(၂)

သည်ခြံကလေးကို ကျွန်မတို့ ဝယ်ကြမည်ဆိုတော့ မိတ်ဆွေတွေကလည်း အားတက်သရော ဝိုင်းကြဝန်းကြပါ၏။ သည်ကျေးဇူးကို ကျွန်မတို့ မမေ့နိုင်ကြ။ ငွေကြေး ရုပ်ဝတ္ထုသာမက မေတ္တာစေတနာများနှင့်ပါ ဝိုင်းကြဝန်းကြလို့သာ ဝယ်လိုက်နိုင်ခြင်း ဖြစ်ပါ၏။ မူလမြေပိုင်ရှင်ကလည်း ကျွန်မတို့စာရေးဆရာ ဇနီးမောင်နှံကို ချစ်ခင်စွာပင် ဖေးမ,ရှာပါ၏။ ခြံကလေး ဝယ်ရတော့ စည်းကလေးလုံအောင် ကာဖို့ ခြံကလေး ရှင်းဖို့လင်းဖို့ ပြင်ရပါသည်။ ဝင်းခြံတစ်ကွင်းလုံး အဓေရာပင်





များဖြင့် ပြည့်နှက်နေသည်။ လက်မောင်းလက်ရုံးလောက် အပင်ကြီးတွေကို အရင်ရှင်းရသည်။ အိမ်ဝိုင်းအလယ်က သီးပင်ကြီးက သီးသီးတွေ ခဲလို့။ ဆီးဖြူပင်ကြီးက လူ့လက်တစ်ပိုက်စာမက ကြီးသည်။ ဆီးဖြူသီးတွေ လှိုင်လှိုင် သီးကြလို့။ အရှေ့ဘက်ခြမ်းက မနက်ျည်းပင်ကြီး သုံးလေးပင်ကလည်း နှစ်သက်တမ်း ရင့်လှပါပြီ။ အိမ်ဆောက်ဖို့ပြင်တော့ သည်အပင်ကြီးတွေ ခုတ်ရမည် ဖြစ်လာသည်။ သစ်ပင်ကြီးတွေ နှမြောလွန်းလှသော်လည်း မတတ်နိုင်ပါ။ ခုတ်ပါတော့လို့သာ အင်ဂျင်နီယာကို ပြောရပါ၏။

"သစ်တစ်ပင်ဖြစ်ဖို့ လွယ်မှတ်လို့အေ... နှမြောစရာ"

အမေက ပြောတော့ ကျွန်မမှာ ပိုလို့ပင် နှမြောမိရသည်။ ဟုတ်ပါရဲ့။ သစ်ပင်တစ်ပင်ဖြစ်ဖို့ နှစ်ပေါင်းများစွာ စောင့်ရတာ မဟုတ်လား။

ကျွန်မတို့ ခြံဝိုင်းကလေးက လမ်းမကြီးဘေးမှာ မဟုတ်၊ ဒုကြားလမ်း ခေါ်ကြသည့် လမ်းသွယ်လေးထဲမှာ ရှိသည်။ လမ်းအလေးကလည်း ဟိုဘက်သည်ဘက် နံပါတ်တပ် လမ်းကြီးနှစ်ခုဖိတ်ထားသည့် လမ်းတိုကလေးသာ ဖြစ်ပါ၏။ ခြောက်အိမ်တန်းသမ်းကလေး။ သည်ကြားထဲ မျက်နှာချင်းဆိုင်က တစ်အိမ်ပဲ ကျွန်မတို့ လမ်းဘက်ကို လှည့်ထားတာဖြစ်ပြီး ကျွန်မတို့အခြမ်း အိမ်နေရာလေးကွက်မှာလည်း လူမနေကြသေး။ ဝိုင်းပက်လက်တွေ များသည်။ ချုံတွေ ပေါင်းတွေကလည်း ခဲကြလို့။ အရှေ့ဘက်ကဆို လုံးဝအွက်မဖြစ်တော့၊ တစ်ဖက်ပိတ်လမ်းကလေး ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချုံတွေပေါင်းတွေ တောထနေတာမို့ သည်လမ်းက အသုံးမတွင်ဘဲ ရှိခဲ့သည်။ ကျွန်မတို့မှာ တောကြီးခေါင်ခေါင်ထဲ ရောက်နေသလို ဖြစ်နေခဲ့ပါ၏။ ပင်ကြီးပင်ကောင်းတွေ မဟုတ်၊ တောရှုပ်ပင်တွေ ချည်းပါ။

အိမ်ကလေးဆောက်ဖို့ ဖြစ်လာတော့ အဝေရာတောကြီး ကို ရှင်းလင်းရပါပြီ။ ကိုယ့်ရွေ့ကိုယ့်လမ်း သွားဖြစ်အောင် လမ်းဖော် ရသည်။ ကိုယ့်ပတ်ဝန်းကျင် စိုပြည်အောင် ကိုယ်တိုင် မျက်နှာဖွင့် ရသည်။ ဆံထုံးကလေးထုံးရပြီ၊ သနပ်ခါးလေး တင်ရပြီ။ တတ်နိုင် သမျှ ယဉ်အောင်၊ သန့်အောင် ကိုယ့်အားကလေးနှင့် ပြုရပြင်ရ ပါသည်။ သည်နေရာက အိမ်၊ သည်နေရာက မြေလွတ်၊ ပန္နက် ကျင်းတူးကြပြီ ဆိုကတည်းက လွတ်ရာလွတ်ကင်း နေရာတွေမှာ သစ်ပင်စိုက်ရပြီ။ အမေက –

"အိမ်ရှေ့ တမာ၊ အိမ်နောက် ခံတက်…စီးပွားတက်သဲ့…
အဆိုရှိသယ်…စိုက်ဟဲ့…"

ဆိုလို့ ခံတက်ပင် ရှာရသည်။ အိမ်ရှေ့စည်းရိုးမှာ တမာပင် စိုက်ရ သည်။

ကျွန်မတို့ဇနီးမောင်နှံနှစ်ဦးစလုံး စာရေးကြသူတွေဆိုတော့ ကျေးဇူးရှင် စာပေမိဘများကို ရည်မှတ်၍ သစ်ပင်ကလေးတွေ စိုက် ဖြစ်ကြပါ၏။ ဆရာဇော်ဂျီအထိမ်းအမှတ် ပိတောက်ပင်၊ ဆရာ မင်းသုဝဏ် အမှတ်တရ ပျဉ်းမပင်၊ ဆရာပါရဂူအတွက် ပုန်းညက်ပင် ဆရာဒဂုန်တာရာအတွက် မယ်ဇယ်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်





အတွက် စွယ်တော်ပင်၊ ဆရာမြသန်းတင့်နှင့် ဆရာသိန်းဖေမြင့် တို့အတွက် တမာ။

ကျွန်မတို့ရောက်ပြီး နှစ်နှစ်အတွင်း မြေကွက်တွေမှာ လူတွေ နေလာကြပြီ၊ လမ်းဆိုးကို ပြင်ကြသည်။ သစ်ပင်ဆိုးတွေကို ခုတ် ထာ သစ်ပင်ကောင်းတွေ စိုက်ကြပြီ။ ကျွန်မတို့အိမ်က အပင်တွေကို ကျွန်မကိုယ်တိုင် ကြည်နူးရသလို၊ သူတကာတို့ စိုက်ကြသည့် အပင် တွေကြောင့်လည်း စိတ်ချမ်းသာရပါသည်။ ကျွန်မတို့ အိမ်ဆောက် ဒုံက မေတ္တာဖြင့် ငွေချေးပေးခဲ့သော ကျေးဇူးရှင်တစ်ဦး ရှိခဲ့သည်။ ကျွန်မတို့ပိုင် ကန်တော်ကြီးတိုက်ခန်း ရောင်းရတော့ အကြွေး ဆပ်လောက်သွားသဖြင့် ညတွင်းချင်းပင် သွားရောက်ပေးဆပ်ရင်း ဘန်တော့ခဲ့ကြပါသည်။ အကြွေးကျေတော့ ခေါင်းပေါ့ရပြီ၊ ကိုယ့်မြေ ကိုယ့်အိမ်ကလေးနှင့် နေခွင့်ရသည့် အအေးဓာတ်ကို ခံစားရပြီ။ အစ်သက်တာ ပျော်ရွှင်ချမ်းမြေ့ချင်လျှင် သစ်ပင်စိုက်ပါတဲ့။ မှန်လိုက် သည့် စကား။ ကျွန်မကိုယ်တွေ့ပင်။

အိမ်ရှေ့အဝင်ပေါက် ခြံတိုင်မှာ ရှံတင်ထားသော ခိုင်ရွှေဝါ န်းတွေက ဆုပ်ဆုပ်ခဲခဲ၊ ခရာဝါပွင့်တွေက ဝင့်ဝင့်ဝဲဝဲ၊ ပုန်းညက် တွေက ပုလဲဥစီရရီ၊ ဇလပ်တွေက ဖွေးဖွေးဆွတ်ဆွတ်၊ နှင်းဆီတွေက ဆောင်စုံ၊ ဂမုန်းတွေက မျိုးစုံ၊ ဇော်ကျား၊ ဇော်နီ၊ ဇော်မုတ်ဆိတ်၊ နှင်း၊ စံပယ်၊ မြလေး၊ ညောင်ဝါ၊ သဇ္ဇဗြဲ၊ ယုဇန၊ သနပ်ခါး… အစုံ အစုံ။ သစ်ပင်တွေရတိုင်း ပျိုးထုပ်ထုပ်ပြီး မျိုးပွားထားတာတွေလည်း ရှိသည်။ အိမ်ကို လာကြသမျှ မိတ်ဆွေတွေကို စိုက်လို ယူလိုက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပျိုးပင်ပေါက်ကလေးတွေ လက်ဆောင်ပေးရပါ၏။ ကျွန်မ အိမ်မှာ ပျိုးပင်ထုပ်ကလေးတွေကိုက ပျိုးခြံတစ်ခြံစာလောက် ရှိနေပြီး သစ်ပင်လက်ဆောင် ပေးရခြင်းသည် အေးမြသော ကုသိုလ်တစ်မျိုးလို့ ကျွန်မ ခံယူပါသည်။

အေးမြခြင်းကို ရယူလိုလျှင် အေးမြခြင်းကို စိုက်ပျိုးရမည်။ အေးမြခြင်းကို စိုက်ပျိုးပါမှ အေးမြခြင်းကို ရိတ်သိမ်းရမှာမဟုတ်လား။

(၃)

တစ်ခါက တောမြင်းခွာရွက်များဖြင့် ပြည့်နှက်နေသော လမ်း၊ ချုံနွယ်တွေ ရှုပ်ရှုပ်ထွေးထွေး တစ်ဖက်ပိတ်လမ်း၊ အမှိုက်သရိုက် စုပုံရာလမ်း၊ မြွေပါးကင်းပါး ကြောက်ရွံ့ခဲ့ရသော လမ်း ရေတာသောသော ဗွက်တစိစိ နင်းခဲ့ရသောလမ်း။ အခုတော့ လမ်းကလေး ပွင့်ပါပြီ။ လမ်းကလေး သာပါပြီ။ ချုံနွယ်တို့ ကင်းပါပြီ ငုနှင့် တမာ၊ စိန်ပန်းနှင့် ခရေတွေလည်း ပွင့်ကြပါပြီ။ တစ်ခါထ ယောင်းလောင်း ပက်လက်ခြံတွေမှာလည်း လူသူလေးပါး ရောက်လာ ကြပါပြီ။ သစ်ပင်တွေ စိုက်ကြပြီ။ အိမ်ဝိုင်းလေးထဲမှာ စိုက်လို့ အားမရကြလေတော့ လမ်းဘေးမှာ လေကာမီးကာ စိုက်လာကြ သည်။ မယ်ဇယ်၊ ထနောင်း၊ ကုက္ကို၊ တမာ။ အခုတော့ သာယာ သော တောလမ်းကလေး ဖြစ်နေလေပြီ။

တစ်ခါက အိမ်နှင့် မလွတ်သဖြင့် ခုတ်ပစ်ခဲ့ရသော ဆီးဖြူ ပင်၊ ဆီးပင်နှင့် မန်းကျည်းပင်တွေကို နှမြောစိတ်တွေလည်း ပြေလျော့





ခဲ့ရသည်။ သစ်တစ်ပင်လျော့တော့ နှစ်ပင်စိုက်ရုံပင်၊ နှစ်ပင်လျော့ တော့ လေးပင်စိုက်ကြတာပေါ့။ ဖြစ်ခဲ့တာတွေ၊ ဆုတ်ယုတ်ခဲ့တာတွေ မြန်မတွေးချင်တော့။ အသစ်တဖန် ရှင်သန်ဖို့ရာသာ အရေးကြီးသည်။ စိတ်လိပ်ပြာသန့်သန့် သစ်ပင်တွေ စိမ်းကြမည်။ ပန်းတွေ ပွင့်ကြ သီမှမည်။ တိုးကာ တိုးကာ စိုက်ချင်လှသော်လည်း နေရာမရှိလို့ အရိုက်အုပ်ထားရပါ၏။

(၄)

မန္တလေးမြို့တည် နန်းတည်သက်နှစ် (၁၅၀) ရှိခဲ့ပါပြီ။ ပွဲတော်ကြီးလည်း ကျင်းပခဲ့သည်၊ ကျွန်မစိတ်ကူးကတော့ တစ်မျိုး၊ မန္တလေးမြို့တည်နန်းတည်သက် နှစ် (၁၅၀) အထိမ်းအမှတ်သစ်ပင် ကလေးတွေ စိုက်စေချင်သည်။ တစ်အိမ်လျှင် သစ်ပင်တစ်ပင်ပဲ စိုက်ဦးတော့ မန္တလေးမြို့ အိမ်ခြေ ငါးသိန်းရှိလျှင်ပင် အပင်ရေ ငါးသိန်း၊ ထို့ထက်မက ဆယ်သိန်း။ ကိုယ်စိုက်သည့်အပင် ကိုယ် တာဝန်ယူကြလျှင် မရှင်သန်စရာ မရှိ။ ထိုအခါ မန္တလေးသည် သစ်ပင်မြို့တော်ကြီး ဖြစ်လာမည်။ မစိုက်ခဲ့သူတို့ စိုက်ကြစေချင် သည်။ စိုက်ခဲ့သူတို့လည်း ထပ်မံ စိုက်ကြစေချင်သည်။

ကျွန်မတို့ မိသားစုအတွက်တော့ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် မိတ်ဆွေတစ်ယောက်က သစ်ပင်ပန်းအိုးတွေ လက်ဆောင် ပေးလာပါ၏။ ကေရာဇ်ပင်ကလေး သုံးပင်၊ အိမ်ရှေ့မျက်နှာစာမှာ တစ်ပင်၊ အိမ်ခေါင်းရင်းမှာ တစ်ပင်၊ လမ်းဘက်မှာ တစ်ပင်၊



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးနှစ် (၁၅၀) ကို ဂုဏ်ပြုပြီး ကျွန်မ စိုက်ဖြစ်ခဲ့ပါ၏။ နှစ် (၁၅၀) အပင်ကလေးတွေပေါ့။

ကျွန်မကတော့ မန္တလေးမြို့တည်နန်းတည် နှစ် (၁၅၀) ပြည့်တုန်းက စိုက်ခဲ့သော အပင်များဖြင့် နောက်မျိုးဆက်ကို အမွေကောင်း ပေးချင်ပါ၏။

သစ်ပင်စိုက်ကြရအောင်ပါ။

မန္တလေးမြို့တည်နန်းတည် နှစ် (၁၅၀) ပြည့်မဂ္ဂဇင်း။ ၁၃၇၁ ခုနှစ်





# ကျွန်မ၏ မန္တလေး

မြင်းခြံမြို့သည် ကျွန်မ၏ ဇာတိဖြစ်၍ မန္တလေးကတော့ ကျွန်မ၏ ပဝတ္တိမြို့ဟု ဆိုရပါမည်။ မြင်းခြံမှာ ကျွန်မအသက် ၁၀ နှစ်ကျော်ကျော် နေထိုင်ခဲ့ရာမှ မိဘများ ပြောင်းရွှေ့ရာ မန္တလေးမြို့သို့ ကျွန်မတို့မိသားစု ရောက်ခဲ့ရသည်။ မန္တလေးမှာ နေခဲ့ရသည်ပင် နှစ်ပေါင်း ၃၀ ကျော်ခဲ့ပါပြီ။ ဇာတိအရပ်ထက် ပဝတ္တိအရပ်မှာ အနေကြာတော့လည်း မန္တလေးသူပင် ဖြစ်ရပြန်ပါ၏။

သို့သော် ကျွန်မ၏ မန္တလေးကတော့ မြို့ကြီးပြကြီးပုံရိပ်များနှင့်ဝေးသော မြစ်ကမ်းနားမန္တလေးသာဖြစ်သည်။ လှေနှင့်တက်နှင့် ဘဝဝမ်းစာ ရှာရသော ကျွန်မတို့ မိဘများမှာ မြစ်နှင့်ဝေးလို့ မရပါ။ ကျွန်မတို့မိဘများမှာ လှေခေတ်တုန်းကလည်း လှေမှီ၊ စက်တပ်ယာဉ်ခေတ်ကျတော့လည်း စက်တပ်ယာဉ်မှီ ရေထဲက ရုန်းတက်ခဲ့ရသည်ချည်း။



www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံက ပြောင်းလာကတည်းက ဧရာဝတီမြစ်ရိုးတာ ပေါင်ပေါ်မှာ ကျွန်မတို့ ကျင်လည်ကြရသည်။ ကျောင်းသွားတော့ လည်း မြစ်ရိုးတာပေါင်ပေါ်က။ ကစားတော့လည်း မြစ်ရိုးတာပေါင် ပေါ်မှာ။ ကျွန်မတို့ရပ်ကွက်ကို ချော်ဆိပ်ခေါ်ကြသည်။ လှေသမား ဖောင်သမား၊ သဲသမား၊ သစ်သမား၊ သံရည်ကျိုသမား၊ လက်လုပ် လက်စားများဖြင့် စည်ဝေနေတတ်သော မန္တလေးသည်ပင် ကျွန်မ ၏ မန္တလေး ဖြစ်ရပါသည်။

ကျွန်မတို့ ချော်ဆိပ်ကနေ မြောက်သို့ ဆက်သွားလျှင် ရွှေလှေစု၊ ရွှေလှေစုကဆက်လျှောက်တော့ ကနောင်မင်းသားကြီး တည်ထောင်ခဲ့သည့် ရတနာပုံသင်္ဘောကျင်း။ ပြီးတော့ ထုံးပုံဆိပ် ဒါတွေကျော်တော့ ရှေးက စည်ကားခဲ့ဖူးသော ကမ်းနားဈေးကြီး ကမ်းနားဈေးကလွန်တော့ ဂေါဝိန်၊ ချော်ဆိပ်နှင့် ဂေါဝိန်က ရေချိုး နှင့် ရေမှုတ်ဆိုတော့ မန္တလေးမြို့ကြီးက ကုန်စည်များ၊ တစ်နယ် တစ်ကျေးက ကုန်စည်များ သည်နေရာမှာ ပုံတိုက်ကြီးဟည်းနေတာ အမြဲမြင်ရသည်။ တစ်ချိန်က သီပေါဘုရင်နှင့် မိဖုရား၊ နောက်လိုက် နောက်ပါတို့ သည်ဆိပ်ကမ်းက ပါတော်မူခဲ့သည်ဆိုသည့် သမိုင်း ထဲက အမှတ်အသားကို ဂေါဝိန်ကိုယ်တိုင်ပင် မေ့နေလောက်ပါပြီ။ ကုန်တင်ကုန်ချ အလုပ်သမားတွေ၊ ဈေးသည်တွေ၊ ခရီးသည်တွေ ကုန်ပစ္စည်းတွေ၊ လှည်းတွေ၊ ကားတွေ ဟိုးဟိုးညံသည့်နေရာဆိုတော့ သင်္ဘောကြီးတွေပင် ငုတ်တုတ်ငြိမ်နေရသလိုပင်။

ကျွန်မတို့ မန္တလေးကို ရောက်စက ချော်ဆိပ်နှင့် ရွှေလှေ ကြားမြစ်ကမ်းပါးမှာ ဟိန္ဒူသင်္ချိုင်းရှိသည်။ ကုလားသင်္ချိုင်းဆိပ်၊ ရွှေ စုရပ်ဆိပ်နှင့် ချော်ဆိပ်ဆိပ်ကမ်းတွေမှာ ထင်းလှေတွေ၊ အိုးလှေတွေ





သစ်ဖောင်တွေ၊ ဝါးဖောင်တွဲတွေဆိုက်နေကျ။ ထင်းတွေကလည်း ကမ်းတစ်လျှောက် တောင်ပုံရာပုံ၊ ပေါက်ခြမ်း၊ ခွဲထင်းကအစတုံးတို ထုံးရှည်တွေပါသလို ပဲလှော်ထင်းလို၊ ဘိန်းနွယ်စည်းလို ထင်းငုတ်စိ ခေါင်းစင်း ကလေးတွေလည်း ပါသည်။ ထင်းလှေကြီးတွေ၏ ဝမ်းဗိုက် ထဲမှာ ထင်းတွေ ဘယ်လောက်တောင် ဝင်အောင်းလာခဲ့ကြသည်မသိ။

ရေပေါ်မှာ လှေဖောင်း တစ်ထွာခန့်သာ ပေါ်တော့ကာ လှေကို မှုဉ်းလို့၊ ထင်းပုံကြီးတွေနှင့်အတူ ထင်းကား၊ ထင်းလှည်း တွေကလည်း ဆိပ်ကမ်းတစ်လျှောက် ရှောင်လို့မလွတ်ချင်။ တစ်ပြူး၊ နှစ်ပြူး ထင်းလံတွေ ရေတွက်ကြသည့်အသံတွေကလည်း စဲသည် မရှိ။ ထင်းလှေ၊ ဆွဲမော်တော်တွေဆီက ညမီးမှိတ်တုတ်ကလေးတွေ ခြင်ရတိုင်း တစ်သက်လုံး သည်လိုနေကြရတာ ထင်ပါရဲ့လို့ အောက်မေ့ ခဲ့သည်။

ရတနာပုံသင်္ဘောကျင်းကတော့ မြန်မာမင်းလက်ထက်က စက်ရုံအမှုထမ်း ၁၂၇ ယောက်ရှိခဲ့သည့် ခေတ်မီသင်္ဘောစက်ရုံကြီး ဖြစ်သည်။ သင်္ဘောစုအမှုထမ်း၊ သမ္ဗန်စုအမှုထမ်း၊ လှေခုတ် လက်သမား၊ သရပတ်အမှုထမ်း၊ လှေအစု အမှုထမ်း၊ ဖောင်တော် အမှုထမ်းများလည်း ရှိခဲ့သည်ဟု ဖတ်ရဖူးသည်။ သင်္ဘောကျင်းနှင့် ဆက်စပ်ဆက်တည်း ထုံးပုံဆိပ်မှာတော့ ထုံးအိတ်တွေ၊ မီးသွေးအိတ်တွေ၊ ငါးတွေ၊ ရေနံချေးတွေ တင်းကြမ်း။ မြစ်နှင့်တာရိုးကြားက အပြန့်ကြီး မှာ ထုံးတဖွေးဖွေး၊ မီးသွေးတမည်းမည်း၊ ရေနံချေး တစိုစိုတွေက အမြဲမြင်နေကျ မြင်ကွင်းဖြစ်သည်။ ထုံးပုံဆိပ်က မော့တက်လိုက်တော့ ကမ်းနားဈေးကြီးကို ဘွားဘွားကြီး မြင်နိုင်သည်။ မနက်မိုးလင်းလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဈေးတစ်ဝိုက်မှာ လူပုရွက်တွေ တရွရွ။ အနောက်ဘက်ကမ်းက ငှက်နှ ကူးလာကြသော ခိုတောင်မှန့်တီ ခံတောင်းပက်လက်ကလေးတွေ ဈေးထိပ်မှာစီလို့။ ဈေးရုံကြီးနှင့် ကုန်ကြီး ကုန်သေးလက်လီလက်က ရနိုင်သည့် အထင်ကရဈေး ဖြစ်ပါသည်။ စစ်ကိုင်းဘက်ကမ်းက ကူးလာကြသော ဈေးလှေ၊ ဈေးမော်တော်တွေကလည်း ဈေးဆိပ်မှာ ကြက်တောင်စိုက် ဆိုက်နေကြသည်။

ဂေါဝိန်ရေဆိပ်ကတော့ သမိုင်းဝင် ဆိပ်ကမ်းဖြစ်သည့် မန္တလေး၏အစည်ကားဆုံး ရေဆိပ်လည်း ဖြစ်သည်။ မြို့ထဲက ဖြောင့် လာသော ၃၅ လမ်းခေါ် အေလမ်းသည် ဂေါဝိန်ဆိပ်ကမ်းကို ခေါ် တိုက်သည်။ ကျွန်မတို့ မန္တလေးရောက်စက ကုန်တင်လှည်းတွေ ခရီးသည်တင် မြင်းလှည်းတွေ၊ ငှက်လှေတွေ၊ မြစ်ကူးသမ္ဗန်ငှက်လှေ ပဲ့ထောင်တွေ မွမွတက်လို့။ ကုန်ပို့တာဝန်ခံကို လှည်းခေါင်း ခေါ် ကြသည်။ သည်ဘက်ခေတ် ထော်လာဂျီတွေ၊ ကုန်တင်ကားတွေ ဖြစ်လာတော့လည်း ကားခေါင်းမခေါ်ကြ။ လှည်းခေါင်းအမည်ကို ဆက်လက်သုံးစွဲကြပါ၏။

ဂေါဝိန်၏ ရှုခင်းတွေထဲမှာ သင်္ဘောများ၊ မော်တော်လှေ များနှင့်အတူ ရှားရှားပါးပါး ဆိုက်ကပ်ထားကြသော ရွေးလှေကြီးတွေ လည်း တွေ့နိုင်သည်။ ပဲ့စင်ကောက်ကြီးတွေက ကော့ကော့ထောင် ထောင်၊ လှေကိုကြည့်ပြီး မန်းလက်၊ ချင်းတွင်းလက်၊ ပခုက္ကူလက် မြေတော်လက် စသည်ဖြင့် ခွဲခြားနိုင်ကြသည်။ ဂေါဝိန်ဆိပ်မှာ ပထား ရပ်ထားသော ကျောက်ကာပြားများပေါ်တွင် ခဝါသည်များ၏လက်ရာ အဝတ်ရောင်စုံတွေ လှန်းထားတာကလည်း မြင်ကွင်းတစ်မျိုးဖြစ်ပါ၏





ဂေါဝိန်အထက် ဆန်တက်လျှင်တော့ သစ်ထုတ်လုပ်ရေးရုံး ခေါ်ကြသည့် မန္တလေး ဖောင်ဖွဲ့ရုံးရှိသည်။ ဆိပ်ကမ်း ကုန်တင်ကုန်ချရုံး ရှိသည်။ သည်ရုံးတွေကို အကြောင်းပြု၍ ရုံးဆိပ်ခေါ်ကြသည်။ ပြီးလျှင်တော့ ကုလားညောင်ပင်ဆိပ်၊ မင်းကွန်းမော်တော်ဆိပ်၊ ချင်းဝင်းဆိပ်၊ မရမ်းခြံဆိပ်၊ ဂျွဲစွန်းဆိပ်။ သည်နေရာတွေကလည်း မြစ်နှင့် အသက်မွေးရသူတို့၏ မန္တလေးဖြစ်ပါ၏။

မန္တလေးမြစ်ရိုး တာပေါင်ပေါ်ကနေ အနောက်ဘက်ကမ်း ကို လှမ်းကြည့်လျှင်တော့ သဲခြောက်ရောင်ထနေတတ်သည်။ မင်းဝံ တောင်ရိုး၊ စစ်ကိုင်းတောင်ရိုးနောက်ခံဖြင့် ညနေဆည်းဆာချိန်ဆိုလျှင် တမှုန်မှုန်၊ သဲတမှုန်မှုန် ရှိတတ်ပါသည်။ ရေလယ်ကောင်မှာ ထွန်း သည့် သောင်ကျွန်းကလေးပေါ်မှာတော့ ရာသီသီးနှံစိုက်ခင်းတွေ သလောက် စိုက်ပျိုးထားကြသည်။ သည်သောင်ပြင်မှာ လှေ၊ မော်တော်တွေအတွက် ဝပ်ရှော့ဖြစ်သည့် လွှန်းရုံ နှစ်ရုံ သုံးရုံရှိသည်။ လှေသမား၊ မော်တော်သမားတို့ စုရာအရပ်လည်း ဖြစ်သည်။ တဲငါ တဲကလေးတွေကလည်း ဟိုတစ်စု သည်တစ်စု။ ဟင်းရွက်စု၊ သံပို ရုန်း၊ အာလောင်၊ ဝါးချက်၊ ပယ်ငါးဆယ်၊ ညောင်ပင်သာ၊ ခိုတောင်၊ ချောင်းပေါက် စသည့် အနောက်ဘက်ကမ်းရွာတွေကလည်း မန္တလေး ဘက်ကမ်းကို ရေလမ်းကပင် ဖြတ်ကူးကြသည်။

ဂေါဝိန်ကို ဗဟိုပြု၍ တောင်ဘက်၊ မြောက်ဘက်၊ မြစ်ရိုး ဆိပ်ကမ်း ထမ်းပိုးထမ်း တန်းနေသည့်နေရာဆိုတော့ လူသူမပြတ်၊ ကုန်စည်မပြတ်၊ သစ်ဖောင်ဝါးဖောင်တွေကလည်း သစ်တောဝါးတော ကြီးတွေ ရွေ့ယူလာသည်နှင့်ပင် တူတော့သည်။ မြစ်ထဲမှာ သစ်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဝါးတွေ အပျစ်လိုက်ကြီးခင်းထားသည်။ မန္တလေးဆိပ်ကမ်းကို နေ့ည
မတော် ဝင်နေကြသည့် ပြည်ကူးတို့ တဝမ်းပူသင်္ဘောတွေ၊ ဗန်းမော်
သင်္ဘောတွေဆီက ဥသြသံ တဘော်ဘော် ကြားရပြီဆိုလျှင် မြစ်ဆိပ်
လည်း လှုပ်လာလေသည်။ အသံတွေလည်း ကျယ်လောင်လာသည်
အရောင်တွေလည်း စုံလာသည်။

ကျွန်မတို့ ငယ်ငယ်ကတည်းက မြင်ခဲ့ရသည့် မြင်ကွင်းများ
ပင်။ ခုထိလည်း မြင်ရတုန်း။ တာရိုးဘေးက ရပ်ကွက်တွေ ရွှေ့သွား
လို့လားတော့ မပြောတတ်ပါ။ မြစ်ဆိပ်သဘာဝ လှုပ်လှုပ်ရှားရှား
ရှိသည်ဟု ပြောနိုင်သော်လည်း ဟိုတုန်းကလောက် မစည်ကားတော့
သလိုတော့ ခံစားရသည်။ တချို့ရုံးတွေ ပြောင်းရွှေ့သွားကြပြီ
ကမ်းနားဈေးကြီးလည်း မရှိတော့။ သစ်ပုံကြီးတွေဆိုတာတော့ မမြင်
သလောက်ပင်။ သစ်ဖောင်၊ ဝါးဖောင်တွေလည်း အမြင်နည်းလာပြီ
စဥ့်အိုးဖောင်၊ အိုးလှေ၊ ထင်းလှေတွေလည်း အရင်ကလို ကိန်းကြီး
ခန်းကြီး မရှိတော့။ မန္တလေးမြို့ကြီးမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ
များလာလို့လားတော့ မသိပါ။ သဲလုပ်ငန်းက ပိုတွင်ကျယ်လာသည်
မြစ်ကမ်းတစ်လျှောက် သဲပုံတွေက ဟိုတစ်စု သည်တစ်ပုံ။

ညနေမိုးကြီးချုပ်ပြီးဆိုလျှင်တော့ မြစ်နားကမ်းနားသား
တစ်နေ့တာ ကြေးညှော်တွေကို သန့်စင်ရန် ဧရာဝတီကို ဆင်း
ရပြီ။ ကျွန်မ၏ မန္တလေးကတော့ ထူးပြီး ပြောင်းလဲမသွားခဲ့
မြစ်ကြီးကို ခိုတွယ်နေရသော ဘဝဆန်သည့် မန္တလေး၏ ပုံရိပ်
လို့တော့ ဆိုနိုင်ပါသည်။

*မြန်မာတိုင်းမ်ဂျာနယ်၊ မေ၂၀*





# အေးအိုး

## (၁)

ကျွန်မတို့ အညာမှာတော့ တောင်လေကလေး ပြက်၊
မြူငွေ့ကလေးဆိုင်း၊ သစ်ရွက်တွေ ကြွေပြီဆိုသည်နှင့် နွေဦးပေါက်
နိမိတ်လက္ခဏာအဖြစ် ခံစားနိုင်ပါပြီ။ ကျွန်မတို့ အိမ်ထောင်ဦး
ရက်တွေတုန်းက မန္တလေး–မြစ်ကမ်းနား တိုက်တန်းမှာ လေးငါးနှစ်
နေခဲ့ရဖူးပါသည်။ မြစ်ကမ်းနားလမ်းအတိုင်း တောင်ဘက်ထိုထို
လျှောက်လျှင် ရှမ်းကလေးကျွန်းရွာ မရောက်တရောက်ကတည်းက
လက်ပံတွေ ပွင့်ချင်ကြပြီ။ သူတကာထက် စွာချင်သော လက်ပံတွေက
တောင်လေ မပြက်ခင်ကပင် ရဲရဲကြီး မှည့်နှင့်ကြပြီ။ လက်ပံပင်
တစ်တန်းလုံး ညီညီညာညာ ပွင့်ကြပြီဆိုလျှင်တော့ မြေတလင်းမှာ
လက်ပံပွင့်တွေ ခဲခဲလှုပ် ကြွေတာက ကြွေ၊ ပင်ထက်ဆီက ဝဲကာ
ဝဲကာ ဆင်းတာက ဆင်း။ အရွက်တွေ ခြွေထားလို့ ပေါင်းစင်းစင်း



www.burmeseclassic.com

www.burmeseclassic.com



ရိုးတံမည်းမည်း အပင်အိုကြီးတွေဆိုတော့ အကျည်းတန်သလိုလိုတော့ ရှိသား။

သို့သော် တစ်ပင်လုံး အပွင့်နီနီတွေ မြင်မကောင်းအောင် ပန်ထားကြမြဲပင်။ ပွင့်သမျှ ကြွေကြရောလား။ ပင်ခြေအောက်မှာ ပန်းဖျာကြီး ခင်းထားသလို ရှိတတ်ပါ၏။ မြို့မှာဆိုတော့ လက်ပံပွင့်ကောက်သည့်အလေ့ နည်းကြတာ သတိထားမိပါသည်။ ရွာမှာဆိုလျှင်တော့ မိုးတွင်းစာ လက်ပံပွင့် ကောက်ကြရသည်။ ပွင့်ဖတ် မျက်သီးခံတွေ ခြွေပြီး အခြောက်လှန်းကြရသည်။ မိုးတွင်းစာ လက်ပံခေါင်းခြောက် ကျိုနိုင်ဖို့ရာ နွေဦးကတည်းက စုနှင့်ကြရသည်။ နွေဦးပေါက်ပြန်ပေါ့…။

ရွာတောင် လွမ်းမိသေးတော်…။

"အိမ်က သောက်ရေအိုးတွေ လဲကြရအောင်…ရွာကိုပြာသိုအိုးကောင်းကောင်း မှာရဦးမယ်…"

လက်ပံတွေပွင့် နွေကလေးပေါက်ပြီဆိုလျှင် အိမ်က ရေအိုးတွေ လဲနေကျ။ သင်္ကြန်အခါတော်ရက် နီးပြီမဟုတ်လား။သင်္ကြန်ရက်တွေမတိုင်ခင် ရေအိုး၊ ချက်အိုးတွေ လဲရပြုရတာကလည်း ရိုးရာဓလေ့ပင်။ မိဘဘိုးဘွားတွေဆီကလာသော သည်ဓလေ့ကို ကျွန်မမြတ်နိုးပါသည်။ ကျွန်မတို့ငယ်ငယ်က ရွာတောင်ဘက် တော်တော်လေးလှမ်းသော ရန္တပိုရွာကို ရေအိုး သွားဝယ်ကြရသည်။ တစ်ရွာလုံးလိုလို ဝယ်ကြတာဆိုတော့ ရေအိုးဝယ်ဓလေ့ပင် ဖြစ်နေကြပြီ။ လှည်းလော်လေ့၊ စက်လှေများနှင့် စုန်လျှင်တော့ ရန္တပိုရွာကို သိပ်ကြာကြာမသွားရပါ။ ကျွန်မတို့ရွာတွေမှာတော့ ခြေကျင်နှင့် ကုန်းကြောင်း





ခြေကုန်အောင် သွားရသော်လည်း ပန်းကြသည်မထင်။ စကားတပြောပြော သီချင်းတကြော်ကြော်။ ကျွန်မ မိဘများကတော့ ရန္တပိုရွာမှာ ညအိပ်လေ့ရှိသည်။ ဆွေတွေ၊ မျိုးတွေက ချက်ချင်းပြန်ကြဖော့ မရှိ။ အိုးဝယ် ဆိုသော်လည်း ငွေနှင့်ကြေးနှင့် ဝယ်ခဲ့ရတာမျိုးမရှိပါ။ မေတ္တာဖြင့် ပေးလိုက်တာ များပါ၏။ အိုးလုံးညီညီ၊ ပါးပါးလျားလျား၊ ကျောက်ပြုတ် သဲပြုတ်ကလေးတွေ ထိုးသောအိုးကိုအမေ ရွေးတတ်တာကိုလည်း မှတ်မိပါ၏။

"ကျောက်ပြုတ် သဲပြုတ်ကလေးပါတော့ ရေစိမ့်သယ်…ရေစိမ့်မှအေးသယ်…ရေစိမ့်တော့ အိုးတစ်အိုးလုံး ရေစိမ်ထားသလို စိုဖန့်နေသာပေါ့ သမီးရဲ့…အိုးထဲ ရေလျော့သာ ဖြည့်လို့ရသယ်…အိုးလှောင်နေရင် မအေးတော့ဘူး"

အမေက အိုးခေါက်တုတ်ကလေးနှင့် တင်တင်တောင်တောင် ခေါက်ကြည့်သည်။ အိုးနှုတ်ခမ်းကို ကြည့်သည်။နှုတ်ခမ်းပန်းတွန့်ပါလျှင် မကြိုက်။ နှုတ်ခမ်း ညီညီလုံးလုံးမှ။

"နှုတ်ခမ်း ပန်းတွန့်က လှသာရှိသာ…ပိုးကောင်မွှားကောင်ဝင်တတ်သယ်…နှုတ်ခမ်းလုံးတော့ အိုးဖုံးနဲ့ အံကျ ပုရွက်ဆိတ်တောင် မသိနိုင်ဘူး"

သို့ ကျွန်မတို့ကို အိုးဝယ်နည်းကိုပါ တစ်ပါတည်း သင်ပေးတတ်ပါသည်။ အလကားပေးသည့် အိုးတွေကို တစ်လုံးချင်း ရွေးနေသောအမေ့ကို ရန္တပိုရွာက အမျိုးတွေက သည်းခံနေကျ။ အမေ့အကြောင်းသိတာကိုး။

"ညည်းအမေတို့များ မထူးရယ်…အလကားပေးသာကိုဂျီညောင်ပညောင် များနေသာကြည့်တော့…ပြောသာပြော



www.burmeseclassic.com

www.burmeseclassic.com



ရသာပါအေ...တို့အမျိုးထဲ သူလောက် ရှိတော့သာ...
သည်လို သည်းခံရသာပဲ"

ရန္တပိုရွာသူ ကြီးတော်ဒေါ်မှန်ကူက အမေ အိုးရွေးတာကို ကြည့်ရင်း အမြဲပြောတတ်သည့်စကား ဖြစ်သည်။ ဂျီညောင်ပညောင် ဆိုတာက ကြေးထူတာကို ပြောခြင်းဖြစ်သည်။ အမေက မြင်းခြံဈေးမှာ အိုးရောင်းလာသူဆိုတော့ အိုးပေါင်းစုံကို နှောကျေလှပြီ။ ရန္တပိုအိုး နဘက်အိုး၊ ကတောအိုး၊ ရသာအိုး၊ နွယ်ငြိမ်းအိုး၊ စစ်ကိုင်းအိုး... အမေက အိုးညိုညိုကို ရွေးသည်။ အသံကောင်းတာကို ရွေးသည်။ "ဒေါင်ဒေါင်မြည်မှ အိုး မဟုတ်ဘူးအေ့...တောင်တောင်မြည်မှ အိုး" လို့ ဆိုလိုက်ပါသေးသည်။ အိုးညိုတော့ အိုးကျက်ညီသည်။ အိုးသံ ကောင်းတော့ အအက်အကျေ ကင်းသည်။ ကျွန်မ သတိထားမိ သလောက် ဖြောင်အိုးတွေကို အမေကြိုက်ပုံရပါ၏။ အိုး ပန်းမပေါ် တော့ ကြေးညှော် အတင်အပြုနည်းလို့ ဖြစ်ပါလိမ့်မည်။

"ညည်းတို့အိုးက ပြာသိုအိုး ဟုတ်ကဲ့လားအေ့...ညည်း တို့ဟာ အိုးတစ်ဖိုလုံး ပြာသိုအိုးလို့ ရေးထားလို့ မေး သာ..."

"ပြာသိုအိုး အစစ်ပါ ကြီးတော်ရယ်...မဟုတ်သာလုပ်ပါ့ မလား...အိုးကုန်သည်က ကြီးတော်ထက်တောင် သေချာ သေး...ဖို၀က စောင့်ယူသာတော်...ပြာသို မြေတူး ကတည်းက စောင့်ယူသာရယ်..."

အိုးလုပ်ငန်းတွေမှာ ပြာသိုလတွင် ဖုတ်သည့်အိုးတွေကို မှတ်မှတ်သားသားရှိစေရန် အိုးပခုံးမှာ 'ပြာသိုလ်'လို့ ရေးထား





လေ့ရှိသည်။ ပြာသိုလမှာ မြေအေးသည်။ စေးစေးပိုင်ပိုင် ရှိသည်။ အအေးဓာတ် မြဲသည်။ ဝယ်သူတွေက ပြာသိုအိုးကို မက်သည်။ ဒါကို အမေမေးခြင်း ဖြစ်ပါသည်။ သဲအိုး၊ ကျောက်အိုး၊ မြေအိုးတွေ ဖုတ်သမျှ မနိုင်။ ရောင်းဂို့မလောက်။ မြန်မာအိမ်မှန်လျှင် သောက် ရေအိုး ရှိစမြဲ။ ဝါတာကူလာခေတ် ရောက်သည့်တိုင် သောက်ရေအိုး နိုမန့်ဖန့်ကို မက်ကြတုန်း။ ပြောသာပြောရတာပါ။ ကျွန်မ သတိထား မိသလောက် ရေသန့်ဘူးကြီးတွေ မှောက်ချထားသော ဝါတာကူလာ ယဉ်ကျေးမှုက မြို့မှာ တော်တော့်ကို တွင်ကျယ်နေပါပြီ။ အမေက ဝါတာကူလာက ရေကို "လတ်ဆတ်သယ်ထင်ပေါင်" ဟု ပြောတတ် ပါသည်။ လျှပ်စစ်နှင့် အအေးဓာတ်ပေးထားတာကို သဘာဝအအေး ဓာတ်လောက် မလတ်ဆတ်တာကို ပြောချင်ပုံရပါသည်။ ကျွန်မတို့ အိမ်မှာလည်း သောက်ရေအိုးပဲ ရှိသည်။ သောက်ရေအိုး ယဉ်ကျေးမှု ကို ခေတ်မမီဘူး ဆိုချင်ဆိုကြပါစေတော့။ ရေအိုးထဲက ရေတစ်ဖလား ခတ်သောက်ရသည့် အရသာ လေးလေးပင်ပင်ကို ကျွန်မ ပိုကြိုက် သည်။ အိုးရေတစ်ခွက်ကလည်း ခံစားမှုကို ပေးတာပါလား။ အမေ ကတော့ ဝါတာကူလာကို မြင်တိုင်း "သောက်ရေအိုးခေတ် ကုန်ချက် တော့အေ..." လို့ ပြောတတ်ပါသည်။

(၂)

ကျွန်မ စာတွေထဲ ဖတ်ဖူးသလောက် ရှေးတုန်းကတော့ ဗျဲနွားသားရေများနှင့် ရေသယ်လေ့ရှိကြသည်။ ဝါးကျည်တောက် တွေကို သုံးကာ ရေကဲ့ရေင် ရှိကြသည်။ ဘူးသီးခြောက်လို



www.burmeseclassic.com

www.burmeseclassic.com



အသီးတွေကို အစာထုတ် ထိပ်ဖွင့်ပြီး ရေသယ်ရေခပ် ရှိခဲ့ကြသည်။ အိုးတွေ ဘယ်တုံးက ပေါ်ခဲ့တာလဲ။ ဆရာကြီးဒေါက်တာသန်းထွန်း၏ အိုးသမိုင်းကို ကျွန်မ ဖတ်ကြည့်ပါသည်။ အိုးနှင့်ပတ်သက်လို့ စိတ်ချလက်ချ ပြောနိုင်သည့်နှစ်ကာလသည်ပင် အစောဆုံး နှစ်တစ်သောင်းရှိပြီလို့ ဖတ်ရပါသည်။ အနောက်အာရှမှာ လွန်ခဲ့သော နှစ်ကိုးထောင်အထိ အိုးမရှိ။ မီးဖုတ်ထားသော ရွှံ့ရုပ်ကလေးတွေကတော့ လွန်ခဲ့သော နှစ်ပေါင်း သုံးသောင်းကပင် ရှိခဲ့သတဲ့…။ ယိုးဒယား နတ်အိုးကွဲတစ်ကွဲကို သိပ္ပံနည်းကျစစ်ဆေးတော့ လွန်ခဲ့သော နှစ်ရှစ်ထောင်ကလို့ အဖြေပေးသတဲ့။ မြေအိုးတွေက ကျေးရွာတွေမှာ လွယ်လင့်တကူ ဖုတ်နိုင်လို့ အသုံးအစွဲ မပျောက်ဘဲ အိုးယဉ်ကျေးမှု ဆက်ရှိနိုင်ပါတယ်လို့ ဆရာကြီးက မှတ်ချက်ပြုတာကိုလည်း ဖတ်ရပါသည်။ ဆရာကြီးရေးသည့် အိုးသမိုင်းမှာ အိုးပေါ်မှာ ရေးဆွဲလေ့ရှိကြသည့် ဒီဇိုင်းဆန်း ကနုတ်ဆန်း အရုပ်ဆန်းတွေအကြောင်း ဖတ်ရပါသည်။ ရန္တပိုရွာက ကျွန်မကြီးတော်တွေကတော့ ရွှံ့အိုးဘဝမှာ ဝါးဘီးကျိုးနှင့် ခြစ်ကာခြစ်ကာ ဒီဇိုင်းဖော်တာကို မြင်ခဲ့ရသည်။

"ကြီးတော်တို့ကတော့ ဝါးဘီးကျိုးနဲ့ ဟိုဘက် သည်ဘက် ဆွဲခြစ်ခြစ်လိုက်သာပဲ…ဝါးဘီးက ဘီးသွားညီတော့ ပုံပေါ်သာပါပဲအေ…နဂါးပုံ၊ ဂဠုန်ပုံ လုပ်နေသာမှတ်လို့…ရေအိုးဆိုမှတော့ ရေထည့်နိုင်ဖို့ လိုသာ…"

ဟုတ်တော့လည်း ဟုတ်သား။ ကြီးတော်က ဝါးဘီးကျိုးနှင့် ကန့်လန့်စင်း၊ ဒေါင်လိုက်စင်း၊ လှိုင်းတွန့်စင်း၊ ကြက်ခြေခတ်စင်းတွေကို ပုံဖော်သည်။ ကျွမ်းကျင်နေတော့လည်း လှသားပင်။





(၃)

ကျွန်မတို့မိသားစု ဘဝတစ်ကွေ့မှာ အိုးများစွာနှင့်အတူ ရှိခဲ့ရသော နှစ်ကာလတွေ ရှိခဲ့ပါသည်။ ကျွန်မအဖေက ရှေးလှေကြီးမှာ လှေသူကြီး၊ အမေက လှေသူကြီးကတော်…။ အမေ ဆယ့်နှစ်ပွဲဈေး လည်ရောင်းတော့ အဖေက အိုးတွေ ပွဲတော်ကွင်းအရောက်ပို့ရတာ ပင်ပန်းလှသည်။ ဆိပ်ကမ်းက ပွဲခင်းကို ကားခေါက်တိုငှားချင်ငှား၊ လှည်းနှင့် တိုက်ချင်တိုက်။ မြေတစ်အိုး၊ အင်တစ်ပျစ် မကွဲပါမှ။ မြစ်ဆိပ်ကမ်းပါး မော့မော့ကိုတော့ လူအားနှင့် တင်ရသည်။ မြေအိုးအမျိုးမျိုး၊ စဉ့်အိုးအမျိုးမျိုး၊ အိုးပျစ်အင်ပျစ်၊ အင်တုံကအစ ဆေးလိပ်ခွက်၊ ဘုရားညောင်ရေအိုး၊ နတ်အိုး၊ အိုးပုတ် ချိုးရုပ်အဆုံး ဆဝေဆာဆာ ခင်းနိုင်ဖို့ လူ့လုပ်အားတွေ များများလိုသည်။ သည်တာဝန်ကို အဖေ ယူရရှာသည်။ အမေက ရောင်း…၊ ကျွန်မတို့မောင်နှမတွေက အမေ့ကိုကူ…။ မြောင်ဘုရားပွဲ၊ ကျောက်ရစ်ဘုရားပွဲ၊ ပေါင်းဝရွာ ဘုရားပွဲ…။

အမေတို့ခေတ်တွေတုန်းက ထမင်းချက်တော့လည်း မြေအိုး၊ ဟင်းချက်တော့လည်း မြေအိုး၊ ငါးပိကျိုတော့လည်း ငါးပိရေကျိုအိုးတွေ အသုံးတွင်လှပါ၏။ အရွာရွာက ပွဲတော်ကွင်း ရောက်ရသူများက ပွဲတစ်ခေါက် အိုးတစ်လုံးတော့ ဝယ်သူချည်းပင်။ ဖျာပေါ်ခင်းထားသော ဆီမီးခွက် အရာအထောင်တွေကြားမှာ ကျွန်မ ကြီးပြင်းခဲ့ရသည်။ အမေက သောက်ရေအိုးတွေကို တုတ်တို ဆစ်ပိတ်ကလေးတစ်ချောင်းနှင့် ခေါက်ပြ တီးပြရသည်။ အမေ့အိုးဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်တင်တင် အသံတွေ ကြားရတိုင်း ကျွန်မတို့ဆိုင် ဇွေဝင်သည်။

"အိုးရောင်းရတာ မြတ်သာတော့မြတ်ပါရဲ့...အိုးရွာကနေ ပွဲတော်ကွင်းရောက်ဖို့ မသက်သာဘူး...ညည်းတို့ အမေများ ကူသယ်ခေါက်သယ်နဲ့...ကိုယ့်မှာ လှေရှိလို့ တော်တော့ သာ...ညည်းအဖေ အိုးညှံ့တွေ ယူခဲ့ရပ့်မလားလို့ အမေက ရန်လုပ်သေးသာ...တို့လူမျိုးများ တစ်ကျပ်ငါးမူး သုံးဖို့ရာ တောင် ဆင်းရဲပါသယ်အေ...အိုးကောင်း မသုံးနိုင်သူတ ထိပ်ပဲ့ နှုတ်ခမ်းပဲ့ ဈေးချောင်ချောင် ဝယ်ကြရသေးသာ..."

တစ်ခါက အိုးသည်ဘဝကို စိတ်ရောက်တိုင်း အမေ ပြောပြ တတ်ပါသည်။ ကျွန်မက ဆီမီးခွက်၊ အိုးပုတ် တာဝန်ခံ။ အမေမှာ မှာသည့်အတိုင်း မလျှော့မပြု ရောင်းတာကို ပြန်ပြောပြတတ်သည်။ ဆီမီးခွက် တစ်ကျပ်ဖိုး လေးခွက်ဆိုလျှင် ငါးခွက်မပေးချင်။ အမေက ယူသွားပါဟုဆိုလျှင် ကျွန်မက နှုတ်ခမ်းစူတတ်သည် ဆိုပါ၏။

"ဈေးဆိုသာ လျှော့နိုင်သရွေ့ ဈေးလျှော့ရောင်းရတယ် သမီးရဲ့...အမေတို့က သူတို့ဆစ်သယ့်ဈေး ရောင်းသို့ရ ပါသယ်အေ...အိုးသည်များ ဝါးတစ်ပြန်စာ ရိုက်ခွဲတောင် အမြတ်တော့ ကျန်ပါသယ်..."

လို့ ပြောတာကိုလည်း ကျွန်မ မှတ်မိနေပါသည်။ တကယ် မြတ် မမြတ်တော့ ကျွန်မလည်း မသိ။ အမေက ရောင်းရသမျှ စက္ကူပိုက်ဆံ အနုတ်ပိုက်ဆံတွေကို အိုးကလေးတစ်လုံးထဲ ထည့်ထားတတ်သည်။ 'ငွေအိုး'လို့ ခေါ်လေ့ရှိသည်။





"အိုးရောင်းရသာ ဂုဏ်မငယ်ဘူး သမီးရဲ့...ရေထည့်သာ ဆိုတော့ အအေးဓာတ်များ ရောင်းရသယ်မှတ်...ရေချမ်းစင် ရေချမ်းအိုး နာမည်ကြားရုံနဲ့ အေးရသာ...ရင်ထဲလည်း အေး၊ နှလုံးလည်းအေး...ကုသိုလ်ရပ့်အေ..."

ဟုတ်ပေသားပဲ...။ အမေပြောပြမှ အေးမြခြင်းကို ခံစား ရသည်။ ကျွန်မတို့အညာမှာ နွေပေါက်ပြီဆိုသည်နှင့် ရေချမ်းစင်တွေ မှာ အိုးသစ်တွေ လဲကြသည်။ အောက်က သဲခံကာ ရေစိုအောင် လောင်း၊ စပါးစေ့တွေ ဖြူးလိုက်တော့ စပါးပင်ကလေးတွေ စိမ်းစိမ်း စိုစို...။ အဝေးရွာတွေက ကူးကြလူးကြသူတွေ၊ လှည်းသမားတွေက ရေအိုးစိုစိုတွေ့တော့ မသောက်ဘဲမနေနိုင်။ ရေတာဝသောက်ပြီး အမျှ ဝေတတ်ကြသည်။ သာဓုခေါ်တတ်ကြသည်။ ရေအကျိုး ဆယ်ပါး ဆောင်းစရာမလိုဘဲ ပြည့်သည်။

အခုတော့ နွေဦးပေါက်ပြီဆိုသည်နှင့် ကျွန်မတို့ကိုယ်တိုင် ရေအိုးတွေ ဝယ်ကြရပါပြီ။ အမေ့အိမ်ဖို့ နှစ်လုံး၊ ကျွန်မတို့အိမ်ဖို့ နှစ်လုံး။ ဧရာဝတီမြစ်ကမ်းပါး ဓါဝိန်မှာ ရေအိုးရောင်းသည့်ဆိုင်တွေ ရှိပါသည်။

"ဘယ်ရွာကထွက်တဲ့ အိုးတွေလဲ..."

ကျွန်မက မေးတော့၊ အိုးသည်က "မြင်းခြံအိုးတွေပါ"လို့ ပြောသည်။ နဘက်အိုး၊ ရန္တပိုအိုး၊ ကတောအိုး...။ မြင်းခြံနယ် အိုးရွာ တွေက ထွက်တာပါလို့ ဖြေခြင်းဖြစ်ပါ၏။ သင်္ကြန် အခါတော်ရက် နီးပြီဆိုတော့ ပရိတ်အိုးကလေးလည်း ဝယ်ရသည်။ သိကြားမင်း ကြိုသည့် ရေစင်တော်အိုးလည်း ဝယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုးသစ်ဝယ်တိုင်း အိုးရောင်းခဲ့ရသည့် ဘဝကို ကျွန်မ သတိရမြဲပင်။

(၄)

မကြာခင်က စာပေဟောပြောပွဲတွေထွက်ရင်း မြို့ကျေးရွာ ဒေသအတော်များများဆီ ရောက်ခဲ့ရပါသည်။ ဘုရားပွဲတော်တွေလည်း မလွတ်ပါ။ အရာတော်မြို့က ခြေရာတော်ဘုရားပွဲ (ခြေတော်ရာ မဟုတ်ပါ) ကို ရောက်ခဲ့ရသည်။ ပခန်း ကိုကြီးကျော် နတ်နန်းရှိရာ ကူနီနတ်နန်းပွဲတော်ခင်းကို ရောက်ခဲ့ရသည်။ ထိုပွဲတော်တွေမှာလည်း အိုးခင်းဈေးသည်တွေ တွေ့ခဲ့ရသည်။ ဘယ်ရွာတွေက လာရောင်း တာလဲဆိုတော့ ကျောက်မြောင်းနယ် နွယ်ငြိမ်းရွာတွေဘက်ကလို့ ဆိုသည်။ ပခန်းအိုးတွေလည်း နာမည်ရပါ၏။ မလှိုင်မြို့ကို ရောက်တော့ မလှိုင်ပန်းအိုင်စေတီတော်ကို ဖူးကြသည်။ ပွဲတော်ရက် မဟုတ်သေးသော်လည်း အိုးသည်တွေ ရောက်ကြပါပြီ။ နွားထိုးကြီး မြို့မှာတော့ ပွဲတွေ၊ ဆိုင်ခန်းတွေ နေရာချတုန်း။ အိုးသည်တွေက ဈေးခင်းနှင့်ကြပြီ။ ဝယ်ကြခြမ်းကြ...။ မလှိုင်ဈေးထဲကို ဈေးဝယ် လည်တော့ အိုးသည်က အိုးဝယ်ပါဦး ပြောလာလို့ မေးကြည့်မိ ပြန်သည်။

“လှိုင်းတက်အိုးတွေလေ ညီမရဲ့...သာစည်အရှေ့ဘက်က လာတာ...နွေသောက်အိုးတွေပေါ့...အေးအိုး ခေါ်ကြ တယ်...ပြာသိုလလုပ်တဲ့ အိုးလေ...အေးလိုက်တာ နော် လို့...သည်ဘက်က အိုးတွေက အိုးပါး...ရွှက်အိုးပေါ့





မိတ္ထီလာအနောက်က သီတက်ကန်ရွာက ထွက်တာ... ဝယ်ဦးလေ...”

ကျွန်မ ဝယ်ချင်သည်။ ကျွန်မတို့ ပြန်ကြမည့်ကားက အမိုးမဆုံသည့် ကားကလေးဖြစ်သည်။ ပြီးတော့ မနိုင်ရင်ကန် ဝယ်ရမှာဆိုတော့ ကားရှင်ကို အားနာရသည်။ ဂေါ်ဝိန်မြစ်ကမ်းနားက မြင်းခြံအိုးတွေ ဝယ်ပါတော့မယ်လေလို့သာ စိတ်ကို ချိုးလိုက်ရ သည်။ အိုးတွေ ရောင်းရရဲ့လား...။ မြေအိုးတွေကို မြန်မာတွေ အာရုံရှိကြသေးရဲ့လား...။ သိချင်သည်။

“ကျွန်မ တစ်ဆိုင်တည်းတင် တစ်နှစ် အိုးအလုံးရေ နှစ်သောင်းလောက် ရောင်းရတယ်...ရောင်းလို့ မလောက် ဘူး...ကျွန်မတို့ ဒါနဲ့စားကြတာပဲ...”

အိုးယဉ်ကျေးမှုလေး မပျောက်လို့ ဝမ်းသာရသည်။ အိုးသည်ကို တွေ့တော့ မြင်းခြံဈေး၊ ဆယ့်နှစ်ပွဲဈေးတွေမှာ အိုးရောင်းခဲ့သည့် အဖေ့ကို သတိရသည်။ ပင်ပန်းတကြီး ရှိခဲ့ရှာသော အဖေ့ကို သတိရ သည်။ ဈေးထဲလိုက်ပို့သော စာပေကော်မတီဝင်တစ်ယောက်ကလည်း သူတို့ရွာဘက်ဆီက ထနောင်းကိုင်းအိုးတွေ ကောင်းလှကြောင်း ပြောပြ သည်။ တစ်ယောက်ကတော့ မြေအိုးတွေ ခေတ်စားလာပြန်ပြီ ဆရာမ ရဲ့...ဟု ဆိုပါ၏။ ကျွန်မက မေးကြည့်တော့ မန္တလေးက တရုတ် ဆိုင်တွေမှာ မြေအိုးငါးရှဉ့်ချက်၊ မြေအိုးမြီးရှည်၊ မြေအိုးငါးပေါင်း ဟင်းတွေ ဈေးကြီးကြောင်း ပြောပြသည်။ မြန်မာမြေအိုးဟုတ်ရဲ့ လား...။ တရုတ်မြေအိုးတွေများလား...။ မြေအိုးနှင့် ချက်တာပဲ လား...။ ချက်ပြီးမှ မြေအိုးထဲ ထည့်တာလား...။ ဖြေသူက မဖြေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မြေထည်တွေ စားပွဲပေါ်ရောက်ရပြန်ပြီ။ ခရီးအပြန်လမ်းမှာတော့ အဖေ ပြောဖူးသည့်စကားကို တစ်လမ်းလုံး ကျွန်မ သတိရနေခဲ့ပါသည်။

"ငါ့သမီးရဲ့…လူဖြစ်ဖြစ် တိုင်းပြည်ဖြစ်ဖြစ် ရေပြည့်အိုးလို ကျင့်ရသယ်…ရေပြည့်အိုးများဟာ တည်ငြိမ်သယ်… ဆောင်ဘင်မခတ်ဘူးပေါ့…ရှင်နာဂသိန် မိန့်သလိုပဲ… ရေပြည့်အိုးများဟာ မယောင်လွှားဘူး၊ မကျူးဝါးဘူး၊ အဆ မပြဘူး…ရေချမ်းအိုး အေးအိုးများဆီ ရေငတ်သူတိုင်း ရောက်ကြရသယ်…"

နွေပေါက်ပြန်ပါပြီ။ တောင်လေကလေး ပြက်၊ မြူ ကလေး ဆိုင်းပြန်ပါပြီ။ သည်နှစ်တွင်လည်း ထုံးတမ်းမပျက် အေး ကလေးတွေ ဝယ်ရပါဦးမည်။ အေးအိုးကုသိုလ် ယူရပါဦးမည်။

*ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ၂…*





# ပန်းမော်ရုံတော

## (၁)

ပုပ္ပားကို မကြာခဏရောက်ရသော်လည်း ရောက်တိုင်း စံကားဝါပွင့်ချိန်နှင့် မကြုံသဖြင့် ပင်စောက်မြင့်မြင့် စံကားဝါပင် တွေကိုသာ မော့ကြည့်ခဲ့ရတာများပြီ။ သြော်…သည်အပင်တွေက စံကားဝါပင်တွေပေါ့…၊ သည်အပင်တွေက စံကားဝါပွင့်တွေ ပွင့်တာ ပေါ့။ ရာသီမတိုင်သေးသဖြင့် မပွင့်ကြသေးသော စံကားဝါပင်တွေကို စိတ်ဖြင့် ပန်းပွင့်ပွင့်ကြည့်ရတာနှင့် ပြီးခဲ့ရသည်ချည်းပင်။ တစ်ခေါက် တော့ တိုက်တိုက်ဆိုင်ဆိုင် စံကားဝါပွင့်တွေ ဝါဝါညွတ်ညွတ်ပွင့်ချိန် နှင့် ကြုံခဲ့ရပါ၏။ မေလ ပူပူခေါင်ခေါင်ရက်ကြီးမှာဖြစ်သည်။ ဟုတ်ပေ သားပဲ။ စံကားပွင့်ဝါဝါသေးသေးကလေးတွေက ရွက်အုပ်အစိမ်းမှာ အပွင့်ဝါဝါ ပြောက်ထိုးကြလို့။ စံကားဝါပင်အောက်မှာ နားကြတော့ စံကားဝါနံ့တွေက ချိုအီလှသည်။ တချို့က စံကားဝါနံ့ကို မကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြပါ။ ကျွန်မကတော့ နှစ်သက်သည်။ ပန်း၏ အပွင့်တည်ပုံကလေးကလည်း ချစ်စရာကောင်းသည်။ ရနံ့သင်းပုံကလည်း ရင်အေးစေသည်။ ကျွန်မက စံကားဝါပန်းကုံးကလေးတွေဝယ်တော့ စံကားဝါက နှစ်မျိုး။ တစ်မျိုးက အဝါနှစ် ရင့်ရင့်ဖြစ်၍ တစ်မျိုးက ငုဝါဘက်ကို လုသော အဝါဖြစ်သည်။ နှစ်မျိုးစလုံး ရနံ့တူသော်လည်း အညိုစွက်သော အဝါနှစ်ရင့်ရင့် စံကားဝါကို ကျွန်မ ပိုစွဲလမ်းပါသည်။

"စံကားဝါပင်မျိုး ဝယ်လို့ရသလား...ကျွန်မတို့ မန္တလေးမှာကော...ရှင်ပါ့မလား..."

ကျွန်မမှာ ပန်းပင်ဝယ်တိုင်း ကျွန်မတို့မန္တလေးနှင့် တည့်ရဲ့လား၊ အဆင်ပြေရဲ့လား အမြဲမေးတတ်နေပြီ။ တချို့အပင်တွေက အပူမကြိုက်တော့ မန္တလေးမှာ ရှင်သော်မှ ကြုံကြုံလိုလိုနှင့် ပြီးတာများသည်။ လူလူကြီး ညွှန့်ညွှန့်လန်းလန်း တက်လာတာမျိုးမရှိဘဲ မရှန်းချင်ရှန်းချင် ဝေ့နေတာနှင့် တစ်ညွှန့်တက်ဖို့ တစ်နှစ်စောင့်ရသည်။ ပန်းပင်အရောင်းဆိုင် တချို့ကတော့ "မဝယ်နဲ့ မန္တလေးမှာ မဖြစ်လောက်ဘူး" လို့ ရိုးရိုးသားသား ပြောတတ်ကြပါ၏။ ပန်းပင်ဆိုတာ အပရာသီဥတုက ဖေးမပါမှ အပင်သန် အပွင့်မှန်သည်။ အဝယ်များသဖြင့် မန္တလေးနေရောင်ပြင်းပြင်းအောက်မှာ လည်စင်းခံရှာသော ပန်းပင်တွေ များလှပြီ။ အထူးသဖြင့် ပြင်ဦးလွင်လို ရာသီဥတုအေးသော တောင်ပေါ်ဒေသက ပန်းပင်တွေဆိုလျှင် မှတ်မှတ်ရရ မေးရသည်။ ပြင်ဦးလွင်မြို့ကလေးကို ကျွန်မ နှစ်သက်ရသည့် အကြောင်းရင်းစံထဲမှာ သစ်ပင်၊ ပန်းပင်တွေ စိမ်းလန်းနေခြင်းသည်လည်း တစ်ချက်ဖြစ်ပါသည်။ တစ်ခါတလေတော့ ရယ်စရာ ကြုံရ





ပါ၏။ ပြင်ဦးလွင်မှာ ဖားဖားဝေဝေ ပွင့်သော ပန်းပင်ကိုကြည့်ရင်း မန္တလေးမှာ ဖြစ်ပါ့မလား မေးမိသည်။

"အဲဒါ မန္တလေးက ပျိုးပင် ယူရောင်းရတာညီမရဲ့...မန္တလေးမှာ ပိုပြီးပေါတယ်...မြောက်ပြင်က ပျိုးပင်ဆိုင်တွေမှာဝယ်...မန္တလေးမှာ ပိုဖြစ်တာပေါ့...အပူကြိုက်တဲ့အပင်လေ"

အပူကြိုက်ခြင်း၊ မကြိုက်ခြင်းကလည်း မေးရသည့်မေးခွန်းပင်။ အပူထဲ ကျပ်ကျပ်ထားလေ ပွင့်လေ သန်လေ ဆိုသည့်ပန်းပင်တွေ ရှိသလို၊ ဟပ်ဖ်ရှိတ် (ပူတစ်ဝက် ရိပ်တစ်ဝက်) ပြိုးပြိုးပြောက်ပြောက်ထဲမှာမှ အဆင်ပြေသော ပန်းပင်တွေလည်း ရှိသည်။ တချို့အပင်က နေထိမခံ။ နေထိသည်နှင့် အရွက်တွေ ညှိုးကုပ်သွားကာ အပူလောင်သလို ရွက်နားတွေ လိပ်ခြောက်ကုန်တာလည်း ရှိပါ၏။ အကျင့်ပါနေတော့ စံကားဝါပင် မန္တလေးမှာ ရှင်ပါ့မလား မေးမိပြန်ပြီ။

"ကျွန်မတို့ပုပ္ပားကလည်း ပူလိုက်တာ ကော့လို့ပါအစ်မရယ်...စံကားဝါတွေက အပူကြိုက်မျိုးပါ...တစ်ခုတော့ရှိတာယ်...အစ်မဝယ်ရင် ပန်းပွင့်ဖို့ တော်တော်စောင့်ရမှာ...သူက အပင်ကြီးမျိုးဆိုတော့ အိမ်ခေါင်လောက်ရှိမှ အပွင့်လိုက်တာရယ်"

ဟုတ်ပါရဲ့။ စံကားဝါပွင့်ဖို့ နှစ်တွေ အကြာကြီးစောင့်ရမှာကိုလည်း ကျွန်မ စိတ်မရှည်ချင်။ ပြီးတော့ ကျွန်မတို့ခြံဝင်းကျဉ်းကျဉ်းကလေးထဲမှာ မြေနှင့်သစ်ပင်က အပြည့်။ စိုက်ချင်သော်မှ နေရာကျယ်ဝန်းတော့ပြီ။ သည်တော့ စံကားဝါပွင့်တွေကိုသာ တွေ့တုန်း

www.burmeseclassic.com



တွေ့သခိုက် လောဘတကြီး ဝယ်ရပါ၏။ ကျွန်မ စိုက်ချင်သည့် သစ်ပင်တော်တော်များများထဲမှာ စံကားဝါပင်လည်း ပါပါသည်။ စံကားဝါပင်သည် ကျွန်မချင်ခြင်းတပ်မိသော အပင်လည်းဖြစ်ပါသည်။ စိုက်ဖြစ်အောင်တော့ စိုက်ဦးမည်။ အရွက်စိမ်းစိမ်းနှင့် အပွင့်ဝါဝါ။ အရောင်သဘောအရကြည့်လျှင် အပူနှင့်အအေး၊ ဓာတ်သဘောအရ ဆိုပြန်တော့လည်း အပူနှင့်အအေး။ ဆန့်ကျင်ဘက်နှစ်ခု ပေါင်းစပ် တော့လည်း လှနေပြန်ပါ၏။ ပုပ္ပားကပြန်တော့ ကျွန်မတို့ကားပေါ်မှာ စံကားဝါနံ့တွေသင်းလို့။

စံကားဝါပွင့်တွေက ပုပ္ပားမှာတုန်းက ခပ်လန်းလန်း ကျောက်ပန်းတောင်းရောက်တော့ မလန်းချင်ပြီ။ မိတ္ထီလာရောက်တော့ နွမ်းချင်ပြီ။ မန္တလေးရောက်တော့ ပန်းလုံးမလှတော့ပြီ။ ကိစ္စမရှိပါ။ ပန်းခြောက်ကလေး ဆိုဦးတော့ ဗီရိုနံ့မပြယ်သည့်အထဲ စံကားဝါ လည်း ပါပါ၏။

ကျွန်မရင်ထဲက ပျောက်ဆုံးမသွားသော သစ်ပင် အတော် များများတွင် စံကားဝါပင်လည်း ပါပါ၏။ ကျွန်မတို့ခြံဝင်းကလေး ထဲမှာ စံကားဝါတွေ တစ်နေ့ပွင့်ရမှာပေါ့။ စံကားဝါနံ့သင်းရမှာပေါ့။

(၂)

ကျွန်မတို့ စာပေဟောပြောပွဲ ထွက်သည့်ရက်တွေမှာ စိုက် ထားသည့်ပန်းပင် အတော်များများ သေကုန်ကြသည်။ ကျွန်မတို့ အိုးပစ်အိမ်ပစ် ခရီးသွားလျှင် တစ်ဖက်အိမ်က မိသားစုကို အိမ်အပ် သည်။ အိမ်အပ်သည့်အထဲမှာ ပန်းပင်ကလေးတွေ ရေလောင်းဖို့ပါ





ပါတော့ လောင်းပေးရှာကြပါ၏။ အပင်က များပြီး ရေက အလျှင် မမီတော့ တချို့အပင်ကလေးတွေ ရေငတ်ရာက သေကုန်ကြခြင်း ဖြစ်ပါသည်။ ခရီးကပြန်လာလျှင် ကျွန်မမှာ အပင်ကလေးတွေကို အရင်ကြည့်ရသည်။ နှင်းဆီတွေကတော့ နေရောင်လုရာက တစ်ပင့် တစ်ပင် ကျော်ကာနင်းကာ ပင်ရိုးကြီးတွေ ရှည်နေကြလေပြီ။ ခေါင် ညွန့်မှာ ပန်းတစ်ပွင့်စီပန်ရင်း ရပ်နေကြသည့် မိန်းမပျိုကလေးတွေ နှင့်ပင် တူတော့သည်။ မြေက ကျယ်ကျယ်မရှိတော့ တစ်ပင့်တစ်ပင် ဆူးချင်းခွေ့နေကြပြီ။ ဝယ်တုန်းကတော့ တစ်ထွာတစ်ညို၊ အရိုင်း ဘက်အခံနှင့် အပင်ကလေးတွေ...။ အခုတော့ ပွင့်လိုက်ကြတာ သောသော ကြွယ်လို့။ နှင်းဆီတွေကအမျိုးမျိုးပင်။ ခေတ်ဆန်းနှင်းဆီ တွေ ပါသလို၊ ဗမာမျိုးခေါ်ကြသည့် နှင်းဆီမျိုးဟောင်းတွေလည်း ရှိသည်။ အပြိုင်းအရိုင်း ပွင့်ကြတော့လည်း နှင်းဆီတောကလေး ဖြစ်ရပါ၏။

ကျွန်မတို့ငယ်ငယ်က ရွာမှာ နှင်းဆီဆိုလျှင် ချုံကြီးတွေ သို့ အပင်ကြီးတွေ အစိုက်လေ့ကြပါသည်။ တစ်ပင်လုံး ခဲနေအောင် ပွင့်နေတာကိုယ်က ခူးမနိုင် ချိုးမနိုင်။ အားရချင့်စဖွယ် ကောင်းလှ သည်။ ကြွေလေးနှင်းဆီဆိုတာကတော့ တစ်ကိုင်းတည်းမှာပင် အပွင့် နှစ်ဆယ် အစိတ်လောက်ပြွတ်ပြွတ်ခဲခဲ ပွင့်ကြသော တောနှင်းဆီ မျိုးဖြစ်၏။ ပန်းပင်သာ မှန်ပါစေ၊ သူ့ရာသီ သူ့သဘာဝ သူ့အစွမ်း ရှိသလောက် ပွင့်ကြရုံပင်။ ရွာမှာဆိုတော့ ပွင့်ဆေးမရှိ၊ အပင်အားတိုး ဆေးမရှိ၊ အမြစ်အားတိုးဆေးမရှိ၊ မှိုဆေးမရှိ၊ ပိုးသတ်ဆေးမရှိ။ မြေဆီသြဇာ ဆိုတာကလည်း မန်ကျည်းရွက်ဆွေးနှင့် နွားချေးမှုန့် လောက်သာဖြစ်၍ စိတ်ကူးရမှ ထည့်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ရွာက ရောတီမြစ်ကို မေးတင်ထားသောရွာ ဆိုတော့ သစ်ကြီးဝါးကြီး ပေါသည်။ မြစ်ထဲကနေ ရွာကို လှမ်းကြည့် လျှင် ရွာအိမ်တွေရယ်လို့ ကောင်းကောင်းမမြင်ရပါ။ တောနက်နက် သစ်တောအုပ်အုပ်ကြီး တစ်အုပ်နှင့်ပင် တူပါသည်။ သရက်၊ ပိန္နဲ ညောင်၊ ကုက္ကို၊ မန်ကျည်း စသည့် အညာရွာတွေမှာ ပေါက်လေ့ရှိကြ သည့် သစ်ပင်ကြီးတွေ လက်တစ်ပုတ်စာ နေရာတိုင်း ရှိကြသည်။ ကျွန်မ အစွဲလမ်းဆုံးကတော့ ဆရာတော့်ကျောင်းပေါက်က အပွင့်နီနီ အဆုတ်လိုက်ပွင့်တတ်ကြသော သော်ကပင်ကြီးနှစ်ပင်ဖြစ်၏။တော ပိတောက်ပင်ကြီးကလည်း အချိန်တန်လျှင် ရွှေရည်ပိတောက်တွေ တွဲလွဲခိုကြမြဲ။ ပိတောက်က မြန်မာ့အထိမ်းအမှတ်ပန်းဆိုတော့ မရှိ မဖြစ် စိုက်ရပါသည်။ ပိတောက်က အပင်ကြီးမျိုးဆိုတော့ လင်းရိပ် ကျတာတော့ ရှိပါ၏။

"ကျုပ်...ပိတောက်ကိုင်းတစ်ကိုင်း နှစ်ကိုင်းတော့ ခုတ်မှ ဖြစ်မယ်ဗော်...ပိတောက်ပင်က နယ်ချဲ့လွန်းတယ်... အပင်တွေ လောင်းရိပ်မိကုန်ပြီ"

ပိတောက်ပင်က အိမ်ဝင်းအတွင်း ခြံထောင့်မှာ စိုက်ထား ခြင်း ဖြစ်ပါသည်။ အပြင်ဘက် ရေမြောင်းနှင့် နီးလို့လားမသိပါ အပင်က ဖြစ်လွန်းလှသည်။ တစ်နှစ်က လေပြင်းမိသဖြင့် တစ်ခြမ်း ပဲ့ကျခဲ့သော်လည်း ကျန်သည့်တစ်ခြမ်းက ထ,လိုက်တာ အခုတော့ သစ်ပင်ကြီးတစ်ပင်လို ဝေဝေဖားဖား ရှိလာခဲ့သည်။ သည်ခြံကလေး ကို ဝယ်ယူကာစ ရက်တွေတုန်းက စိုက်ခဲ့ခြင်းဖြစ်၍ အပင်သက်တမ်း ခုနစ်နှစ်လောက်တော့ ရှိပါပြီ။ ရှည်လျားသော ကိုင်းဆံတွေက သေး





ကို တဖြည်းဖြည်း ကားကြရာက နှင်းဆီပင်တွေအပါအဝင် ပန်းပင် ကလေး တွေအပေါ် ထီးဖြန့်မိုးသလိုရှိလာတော့ ပိတောက်ကိုင်း ချိုင်ဖို့ ဖြစ်လာသည်။ ကျွန်မအိမ်သားက ပိတောက်ပင်ကို အထိမခံ။ မန္တလေးမှာ ပန်းပွင့်ထက် အရိပ်က အရေးကြီးသည် ဆိုသည့်မူကို ကိုင်စွဲထားလေတော့ ပိတောက် ပင်ချိုင်ချင်တိုင်း သူ့ကိုပြောရသည်။ ကျွန်မကိုယ်တိုင်လည်း ပိတောက်ကိုင်း မချိုင်ချင်ပါ။ သို့သော် အရိပ်ကလည်း အရိပ်ဆိုလျှင် အပွင့်ကလည်း အပွင့်ပေါ့။ သည်လို ပြေတွေးတွေးကာ ခုတ်ရတာ များပါပြီ။

ကျွန်မ စိုက်ချင်လွန်း၍ စိုက်ခဲ့သည့်အပင်တွေထဲမှာ ကံ့ကော်ပင်တွေလည်း ပါပါ၏။ လူ့တစ်ရပ်လောက် ကံ့ကော်ပင်ကြီး တွေကို ကျွန်မ သဘောကျသည်။ ကံ့ကော်ပွင့်တွေ ဖွေးဖွေးလှုပ်နေ တတ်သော ဆရာဂျိုးဇော်တို့အိမ်က ကံ့ကော်ပင်ကြီးတွေကို အားကျ တိုင်း ပျိုးပင်ဆိုင်ကိုပြေးကာ ကံ့ကော်တွေ ဝယ်မြဲပင်။ တစ်တောင် တစ်ထွာ အပင်ကလေး တစ်ပင်ကပင် ငါးထောင်၊ တစ်သောင်း ဆိုတော့ နိုင်သလောက်ငွေကလေးနှင့် အပင်သေးသေး ဝယ်ရတာ များပြီ။ အိမ်မှာစိုက်တော့လည်း တစ်ပင်က လို၊ တစ်ပင်က သေ။ ကျန်သည့် အပင်ကလည်း သစ္စာဆိုထားသလိုပင် တစ်ညွှန့်တက်ဖို့ အရေး ကြာလွန်းလှသည်။ သေသည့်အပင်ကတော့ မန္တလေးမှာ ကြုံစဖူး ရွာလိုက်သောမိုးကြောင့် အပင်ခြေ ရေဝပ်တာ ကြာသွားလို့ ဖြစ်ပါလိမ့်မည်။ ဆရာ ဂျိုးဇော့်ဇနီး မကြည်က တစ်ပင်လာပေးလို့ ခြံထဲမှာ တစ်ပင်ရောက်ရပြန်ပါပြီ။ ဘယ်သောဘယ်ခါ ပွင့်လေမည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မြို့သစ်ပတ်ဝန်းကျင်မှာ စွယ်တော်ပင်တွေ ရှိတတ်ကြသော်လည်း ပန်းရောင်၊ ပန်းခရမ်းရောင်တွေသာ များပါသည်။ ကျွန်မက စွယ်တော်ဆို အဖြူရောင်ကို စိုက်ချင်သည်။ သည်တော့ စွယ်တော်ဖြူ ရှာပုံတော်ဖွင့်ရပြန်ပါ၏။ ကံအားလျော်စွာ ကျွန်မတို့ ဝယ်နေကျ ကန်တော်ကြီး ပျိုးပင်ဆိုင်မှ စွယ်တော်အဖြူတစ်ပင် ရခဲ့သည်။

စွယ်တော်ဖြူပင်ကလေးက စိုက်သည့်နှစ်မှာပင် နှစ်ချင်းပွင့်သဖြင့် ပင်ကိုင်းနွဲ့နွဲ့မှာ အပွင့်ကလေးတွေ ပန်ထားကြလေပြီ။

နောက်ထပ် ကျွန်မ လိုချင်သောအပင်မှာ ပျဉ်းမပင်ဖြစ်၏။

(၃)

ကျွန်မ ရန်ကုန်ရောက်တိုင်း မနက်ဖြန်လို မန္တလေးပြန်ရတော့မည်ဆိုလျှင် မြေပဒေသာကျွန်းကို ရောက်အောင်သွားလေ့ရှိသည်။ ကျွန်မ ပန်းပင်ဝယ်ချင်မှန်းသိတော့ ကိုဝင်းချိုတို့၊ ကျွန်မမောင် ကိုရဲတို့က ကားနှင့်လိုက်ပို့တတ်ကြပါသည်။ မြေပဒေသာကျွန်းမှာ ပန်းပင်တွေစုံသည်။ အထူးသဖြင့် မန္တလေးမှာ ဈေးတန်သော ပိန်းပင်တွေ ဝယ်လို့ကောင်းသည်။ ဝယ်လို့သာ ကောင်းတာပါ၊ တစ်ပင်ကို ကိုးထောင်, တစ်သောင်း။ သူတို့ဆီမှာတော့ သူတို့ဆေးနှင့် သူတို့ပန်းပင် ဟုတ်လို့၊ ပွင့်လိုက်ကြတာများ အားရချင့်စဖွယ်။ ကျွန်မကာ ပန်းပင်လောဘကြီးသည်။ စိတ်ထဲရှိသမျှ ဝယ်ပြီးလျှင် ပန်းပင်တွေ များလေပြီ။ ဆိုင်က ပလတ်စတစ်အိတ်ကြီးများနှင့် စုကာထုပ်ကာ သေသေသပ်သပ် ထုပ်ပေးလိုက်သော်လည်း အပင်တွေက ထိုးထိုးထောင်ထောင်။ သည်အပင်တွေ မန္တလေးရောက်အောင် သယ်ရမှာဆိုတော့ အပင်လုံး မကွဲဖို့၊ ကိုင်းမကျိုးဖို့၊ အမြစ်အုံမပွာဖို့ အရေးကြီးသည်။ ကျွန်မတို့သားအမိသားအဖတစ်တွေက ထိုင်ခုံလေးခုံ ဝယ်ရတာဆိုတော့ ပန်းပင်တွေက တစ်ခုံ နေရာယူလေသည်။ ကျွန်မအိမ်သားက ပန်းပင်တွေနှင့်အတူထိုင်ရင်း ပန်းပင်စောင့်ဖြစ်ရသည်။ မန္တလေးကားဂိတ်ရောက်တော့ အသာပွေ့ချ။အိမ်ရောက်တော့ ချက်ချင်းစိုက်။ အုတ်ခဲကျိုး၊ အုန်းဆံ၊ မီးသွေးခဲ ကလည်း အဆင်သင့်ရှိပါဦးမှ။ သည်မျှနှင့်မပြီးပါ။ အိုးသစ်မှာ အမြစ်စွဲလောက်ပြီဆိုတော့ ရွက်ဖျန်းဆေး၊ မှိုဆေး၊ ပန်းပွင့်ဆေးတွေ ဖျန်းရသည်။ ဖျန်းသည်ဆိုရုံနှင့်လည်း မပြီးပြန်။ အချိုးအစားအလိုက် ဖျန်းဘူးထဲ ဖျော်စပ်သည့်၊ နှာခေါင်းစည်းစည်း၊ ပလတ်စတစ်လက်အိပ်စွပ်၊ ပြီးတော့ ဖျန်းဘူးကို လေကျစ်ကျစ်ထိုးပြီး တရှဲရှဲလိုက်ဖျန်း။ ကိုယ့်ဝါသနာနှင့်ကိုယ်ဆိုတော့ မောသည်ပန်းသည် မရှိ။

"ပန်းပင်တွေ တကုန်းကုန်းတကွကွ စိုက်နေလို့လည်း ပန်းအိုးကလေးတစ်လုံး မ,မပေးချင်ဘူး...တော်တို့များ နေနိုင်ချက်တော့...ရေလောင်းတာလောက်တော့ လုပ်ပေးဦး"

ကျွန်မက ငေါက်သလိုလို ချော့သလိုလိုပြောတော့ အိမ်ကလူလည်း မနေသာပါ။ တစ်ရက်ခြား ရေလောင်းတာတွေ ဘာတွေတော့ ရှိလာသား။ လူက ဂရုစိုက်တော့ ပိန်းတွေ ပွင့်ကြပြီ။ သစ်ခွတွေ ပွင့်ကြသည်။ ယုဇနနှင့် ဇလပ်ဖြူတွေ ပွင့်ကြသည်။ ခရာဝါနှင့် နှင်းရွှေဝါတွေကလည်း အိမ်ဝ ပန်းစင်ပေါ်မှာ ထီးဝါမိုးသလို ရှိကြ







www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ စံပယ်ရုံ၊ နှင်းရုံတွေကတော့ ရနံ့တွေ အီတောက်နေအောင် ဖွေးဖွေးလှုပ်လှုပ် ပွင့်နေလိုက်ကြပုံများ…။

"အမေ့အိမ်က ကူးလာတဲ့ ပုန်းညက်ပင်ကလေး ကြည့်ပါဦး…အခုတော့ ပွင့်တောင်နေပြီ…ပုန်းညက်စိမ်းကို သဘောကျလိုက်တာ…အရွက်ကလေးတွေက ဆီသုတ်ထားသလိုပဲ"

ပုန်းညက်ပင်ကလည်း အပွင့်ပြပြီ။ ကျွန်မအိမ်သားက ဆရာပါရဂူက ပုန်းညက်ပင် ပုန်းညက်ပန်းတွေကိုကြိုက်ကြောင်း ပြောဖူးတယ်ဆိုလို့ ကျွန်မ ပုန်းညက်ပင် ရှာခဲ့သည်။ အမေ့အိမ်ဝိုင်းထဲမှာ ပုန်းညက်ပင်ကြီးတစ်ပင် ထီးထီးကြီး ရှိပါသည်။ ပွင့်ချိန်ဆိုလျှင် တစ်ပင်လုံး ဖွေးနေအောင် ပွင့်ကြပါ၏။ လမ်းမဘက် ထွက်သည့်ကိုင်းကြီးကို သဲကား တိုက်သွားသဖြင့် တစ်ခြမ်းပဲ့သွားသော်လည်း နှစ်စဉ် အပွင့်တွေ အူအူလည်အောင် ပွင့်ကြမြဲပင်။ အမေ့ဘာ အပင်ပွား ပုန်းညက်ပင်ပေါက်ကလေးတစ်ပင် တွေ့လို့ မြေကြီးနဲ့ လုံးထားတယ်၊ လာယူလှည့်လို့ လူကြုံမှာရာက ရလာခဲ့သည့်အပင်။ ပုန်းညက်ပင်ကလည်း အမေ့အမွေပေါ့။ အမေမှာလိုက်သည့် စကား ရှိသည်။

"ပုန်းညက်ရွက်နဲ့တွဲပြီး ပုန်းညက်ပန်းတွေ ဘုရားမှာ ဝေနေအောင်ထိုးရသာများ အင်မတန်ကျက်သရေရှိသယ် ရှင်အောင်စိုက် သမီး"

ကျွန်မစိုက်ပျိုးထားသည့်အပင်တွေမှာ ပန်းပွင့်သော အပင်တွေချည်း မဟုတ်ပါ။ ပန်းမပွင့်သော်လည်း အရွက်လှသော၊ အသီး





သီးသော သစ်ပင်တွေလည်း ရှိပါသေးသည်။ ရွက်လှပင် ဆန်းတာတွေ့လျှင် ကျွန်မစိုက်သည်။ စွန်လည်ပျံ၊ ပတ္တမြားတစ်ဖက် မြတစ်ဖက်၊ နှင်းတစ်လိမ်နန်းတစ်လိမ် စသည်ဖြင့် အမည်လှသလောက် အရွက်လှသော အပင်ကလေးတွေကလည်း တစ်မျိုးပသာဒ ရပါသည်။ ဆူးပုပ်၊ ကင်ပွန်း၊ ပြည်ပန်းညို၊ ရဲယို၊ ခရမ်း၊ ဒန့်သလွန်ပင်တွေလည်း ချိုလို့စားလို့ရကြပါပြီ။ သစ်ပင်တွေစိုက်ပြီး နေ့စဉ် ရေလောင်း ပေါင်းသင်အလုပ်ကို ကျွန်မ ဝတ်မပျက် လုပ်နေကျ။ တစ်ခါတစ်ရံ ကျွန်မ စဉ်းစားကြည့်မိပါ၏။ သစ်ပင်တွေကို ဘာကြောင့်များ စိတ်လိုလက်ရ သဲကြီးမဲကြီး စိုက်နေမိတာပါလိမ့်။ သစ်ပင်ခံစားမှု ဘယ်ကများ စီးဆင်းလာပါလိမ့်။ သည်ခံစားမှုကတော့ ထူးဆန်းသောခံစားမှုပါသည်။

(၄)

ကျွန်မတို့အိမ်ရှေ့မှာ လမ်းတိုကလေးရှိ၏။ လမ်းတိုကလေး၏ တစ်ဘက်တစ်ချက်မှာလည်း ကျွန်မကိုယ်တိုင် စိုက်ဖြစ်ခဲ့သော အရိပ်ရသစ်ပင်တွေ ရှိပါသည်။ ကျွန်မတို့ခြံစည်းရိုးနှင့် ကပ်လျက်မှာ သပြေပင်တွေ စိုက်ထားသည်။ သပြေအမျိုးအစားတွေကလည်း အများသား။ ကျောက်သပြေ၊ ညောင်သပြေ၊ ပတ္တမြားသပြေ၊ ကုံကော်သပြေ စသည်ဖြင့်…။ ကျွန်မကတော့ အညွန့်ညိုဖန့်ဖန့်နှင့် သပြေညိုကိုသာ စိုက်သည်။ အောင်သပြေပေါ့။ သပြေတွေက အညွန့်လူလူ သန်သန်ကြီးတွေဆိုတော့ ဘုရားပန်းအတွက် အဆင်ပြေသည်။ အာဆီယံသပြေခေါ်သည့် အညွန့်နီနီ၊



www.burmeseclassic.com

www.burmeseclassic.com



ရွက်စိမ်းသွယ်သွယ် အပင်တွေလည်း ရှိသည်။ ဆေးဘက်ဝင် ရှားစောင်းလက်ပတ်ပင်တွေ၊ သိကြားမကိုင်ပင်တွေလည်း ရှိသည်။ လမ်းတစ်ဘက်မှာတော့ မယ်ဇယ်ပင်ပျိုနှစ်ပင်နှင့် စိန်ပန်းပင်အုပ်အုပ်။

မြို့သစ်မြေက မြေစေးဖြစ်၍ တော်ရုံသစ်ပင် မဖြစ်ချင်။ အမြစ်စွဲပြီဆိုလျှင်တော့ သေချာပါပြီ။ အိမ်ရှေ့တမာ၊ အိမ်နောက် ခံတက် စီးပွားတက်တဲ့။ ရှေးစကားပေမယ့် ကျွန်မ ဖြစ်အောင် စိုက်သည်။ အိမ်နောက် ခံတက်ပင်ကလည်း စားရလှလေပြီ။ တမာ ကတော့ ပင်ပျိုသန်သန်ကလေးဖြစ်၍ ပွင့်သည့်အခါတိုင်း တမာရနံ့ တွေ ကြိုင်သင်းနေတတ်ပါ၏။ တလောက မြိုင်မြို့ကို စာပေ ဟောပြောပွဲ ရောက်ရလို့ မြို့အဝင် တမာတန်းကို ကျွန်မတို့ တကာ တကာ သွားကြည့်ခဲ့ကြသည်။ ကျွန်မတို့ ချစ်ခင်လေးစားရပါသော ဆရာမြသန်းတင့်ကိုယ်တိုင် အမှတ်တရ ဖွဲ့ခဲ့သည့် တမာတန်း မဟုတ်လား။

တရုတ်စံကားပင်၊ အကျော်ပင်တွေကလည်း မြိုင်မြ အောင် ပွင့်ကြပါ၏။ ကျွန်မစိတ်ကူးရသမျှ စိုက်ထားခဲ့သော အပင် တွေ ပွင့်ကြ၊ ဖူးကြ၊ ဝေကြဆိုတော့ စိုက်ရကျိုးနပ်လေခြင်း။ ကျွန်မ ပျဉ်းမပင်စိုက်ချင်လို့ မန္တလေးက ပျိုးပင်ဆိုင်တွေမှာ ရှာသော်လည်း မတွေ့ပါ။ သည်တစ်ခေါက် ရန်ကုန်ရောက်တော့ မြေပဒေသာကျွန်း က ပျဉ်းမတစ်ပင် ရလာခဲ့သည်။ တစ်ပင် တစ်ထောင့်ငါးရာတဲ့။ အပင်က ရီးတီးကလေး သေးလှသည်။ တစ်နှစ်သားပျိုးပင်ဟုဆိုသော် အခုတော့ ပျဉ်းမပင်ကလေးကလည်း ကျွန်မတို့ခြံထဲမှာ အခက်သစ် တွေ ထွက်လာခဲ့ပါပြီ။ ပျဉ်းမပွင့်တွေ ပွင့်ဖို့တော့ စောင့်ရမှာပေါ့။





တစ်ရက်မှာတော့ သစ်ပင်ဝါသနာကြီးသူ ကျွန်မတို့မိတ်ဆွေ မမဂျူး (ဒေါ်ဂျူးလီထွန်း) ကားနှင့်ရောက်လာကာ "ကန်တော်ကြီး ဘက် ဖွားဖက်တော်ပင် သွားရှာကြရအောင်ကွာ" လို့ ဆိုလာသည်။ ကျွန်မလည်း ဖွားဖက်တော်ပင် စိုက်ချင်သည်။ မန္တလေး ကန်တော် ကြီး ပန်းပျိုးပင်ဆိုင် တော်တော်များများမှာ ဖွားဖက်တော်ပင် မရှိ သဖြင့် လက်လွှတ်ခါခါ ပြန်ရတော့မလိုလို ဖြစ်ရပြီ။ မန္တလေးမှာ ပျိုးပင်ရောင်းသည့်နေရာ တော်တော်များများ ရှိသဖြင့် တစ်နေရာ မဟုတ် တစ်နေရာမှာတော့ ရှိနိုင်ကောင်းပါရဲ့။

ကျွန်မနှင့် မမဂျူး ပြန်ထွက်လာတော့ ပျိုးခြံတစ်နေရာ မှာ ပန်းတွေပွင့်နေသော စံကားဝါတစ်ပင် တွေ့လိုက်ရသည်။ ကျွန်မ စိုက်ချင်သည့် စံကားဝါ။ ထိုင်းမျိုး ဆိုသဖြင့် အပင်က သဘာဝ အင်စောက်မျိုး မဟုတ်။ မျိုးစပ်ပင် ဖြစ်သည်။ စံကားဝါ သုံးပွင့် လောက်က ပွင့်လို့၊ အဖူးတွေက ခဲလို့။ မွှေးလိုက်သည့် စံကားဝါနံ့။ နှစ်တောင်လောက်အပင်ကလေးက ဈေးမေးတော့ နှစ်သောင်းတဲ့။ သော...စံကားစိမ်းလည်း ရှိသားပင်။ စံကားစိမ်းပင်က တစ်ပေ မရှိ တရှိဆိုပေသိ စံကားစိမ်းပန်းတွေ အဖတ်လိုက်ကျနေတာ မြင်လို့ပင် ကောင်း။ သူ့ဈေးက အပင်က စံကားဖြူတဲ့။ စံကားစိမ်းနှင့် စံကား ဖြူ နှစ်ပင်က တစ်သောင်း။ စံကားသုံးပင် ဝယ်ချင်လျှင် သုံးသောင်း မျှဖြစ်မည်။ သုံးသောင်း ဆိုတော့လည်း နမြောမိသား။ အပွင့် အန်းလန်းနှင့် ပန်းပင်ကလေးတွေကလည်း လိုချင်ရင် ယူလိုက်ပါ သားလို့ ဆိုနေသလို ရှိကြပါ၏။ ကျွန်မကလည်း မခွာနိုင်။ ပန်းပင် တွေနား တဝဲလည်လည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူလိုက်ပါကွာ...တခြားမှာ သုံးဖြုန်းပစ်တာမှ မဟုတ်ဘဲ...စံကားဝါ, စံကားစိမ်း, စံကားဖြူ သုံးပင်စလုံးတို့အိမ်မှာ ရှိရမှာပေါ့"

ကျွန်မအိမ်သားက ကျွန်မဖြစ်နေပုံကိုကြည့်ရင်း အားပေးစကားဆိုသည်။ ကျွန်မမှာတော့ ဝယ်ရ ကောင်းနိုးနိုး၊ ထားခဲ့ရကောင်းနိုးနိုး ချီတုံချတုံ။ အပြင်ထွက်လိုက်၊ ပန်းပင်ကလေးတွေနား တစ်ခေါက်သွားကြည့်လိုက်။ ပန်းပင်သည်ကို ထပ်လျှော့ပါဦးဆိုတော့ နည်းနည်းပါးပါး လျှော့ပေးပါသည်။ ကျွန်မ ငွေချေလိုက်သည်။ ပိန်းတစ်ပင်တောင် ကိုးထောင်, တစ်သောင်းပေးရတာ၊ စံကားဝါဝင်က ငါတစ်သက်လုံး စိုက်ချင်ခဲ့တဲ့အပင်ပဲ၊ ဝယ်ရမှာပေါ့လို့ ကျွန်မအားယူလိုက်ခြင်း ဖြစ်ပါ၏။ ပန်းပင်ဝယ်မိပြီဆိုလျှင်တော့ ကျွန်မမှာနောင်တ မရှိ။

အခုတော့ စံကားပင်ကလေးတွေ အိမ်မှာ ပွင့်ကြပါပြီ။ မွှေးကြပါပြီ။

(၅)

ကျွန်မတို့အိမ်မှာ အပင်ကလေးတွေ စုံလှပြီလို့တော့ ပြောနိုင်ပါ။ စိတ်ကူးရသမျှ စိုက်ခဲ့လို့ များတော့များပါပြီ။ ခက်တာကမြေနှင့်သစ်ပင် နေရာကျဉ်းလေတော့ သူတို့ခမျာ လူးစရာ လွန့်စရာမရှိသလို ဖြစ်ရခြင်းပင်။ သစ်ပင်ပန်းပင်ကလေးတွေ စိမ်းညှို့လန်းလန်း ရှိလာတာကို ကျွန်မ ဝမ်းသာပါသည်။ ကျွန်မအပင်ကလေးတွေကို မနက်တိုင်း ကျွန်မကြည့်လေ့ရှိသည်။ တစ်ခါတော့ ကျွန်မတို့စာပေမိတ်ဆွေ ဆရာမောင်ရင့်မာ (ကျောင်းကုန်း) အိမ်ကိုလာလည်ရင်း အပင်ကလေးတွေကို ကြည့်သည်။ ကျွန်မက အပင်ကလေးတွေစိုက်ကတည်းက စိတ်ကူးနှင့် စိုက်ခဲ့ကြောင်း ပြောပြလိုက်ပါသည်။





"ကျွန်မတို့ လေးစားကြည်ညိုတဲ့ စာရေးဆရာကြီး... ဆရာမကြီးတွေကို ရည်စူးပြီး စိုက်တာဆရာရဲ့..."

ကျွန်မက သစ်ပင်ပန်းပင် တစ်ပင်ချင်း၏ ခံစားမှုကို ပြောပြတော့ အက်ဆေးဆရာက ပြုံးသည်။ သစ်ပင်နှင့် စိတ်ကူးတွေကိုမေးသည်။ ပြီးတော့မှ မှတ်ချက်ပြုပါ၏။

"ဆရာမ အပင်ကလေးတွေက သစ်ပင်သက်သက် မဟုတ်တော့ဘူး...ဆရာမရဲ့ဝိညာဉ်တွေပါ ပါနေပြီ"

"သူ့ရဲ့ကောင်းကြေးရုပ်တွေ ပေါ့ဆရာရယ်..."

အိမ်ရှေ့က တမာပင်က ဆရာမြသန်းတင့်နှင့် ဆရာသိန်းဖေမြင့်ကို ရည်စူးသည်။ အောင်သပြေပင်တွေကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ပိတောက်က ဆရာကြီးဇော်ဂျီ၊ မျဉ်းမပင်က ဆရာကြီးမင်းသုဝဏ်၊ မယ်ဇယ်က ဆရာကြီး ဒဂုန်တာရာ၊ ပုန်းညက်ခိုမ်းစိမ်းက ဆရာပါရဂူ၊ စွယ်တော်က ဆရာတက္ကသိုလ်ဘုန်းနိုင်၊ မြတ်လေးပန်းရုံကြီးက အမေ လူထုဒေါ်အမာ၊ သနပ်ခါးပင်အုံကြီးက ဆရာမကြီး ဂျာနယ်ကျော်မမလေး။ နှင်းဆီတွေကတော့ ဆရာမမိုးမိုး(အင်းလျား)။

ကျွန်မမှာ စိုက်ကတည်းက သည်စိတ်ကူးရှိတာ အမှန်ပင်။ ဆရာနှတ်နွယ်အတွက် တစ်ပင်စိုက်ရပါဦးမည်။

"သည်အပင်ကလေးတွေကကော..."

"စံကားဖြူက ဆရာမကြီး ဒေါ်ခင်မျိုးချစ်...စံကားစိမ်းက ဆရာမကြီး ဒေါ်ခင်နှင်းယုပေါ့ ဆရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စံကားဝါပင်ကလေးကကော"

"ပန်းတွေ ဝေနေအောင် ပန်တတ်တဲ့ အမေ့အတွက်ပါ ဆရာ"

ဆရာက သည်အကြောင်း စာရေးပါဦးဟု ဆိုသည်။

ကျွန်မကတော့ အရွက်လှပင်တို့ လှကြပါစေ၊ အပွင့်လှပင်တို့ ပွင့်ကြပါစေလို့ ဆုတောင်းနေမိပါသည်။ စိတ်နှင့် ချဲ့ထားသော မြေပြင်ကျယ်ကြီးတွေ၊ စိတ်နှင့်စိုက်ထားမိသော သစ်ပင်တွေ၊ စိတ်နှင့် ပွင့်နေကြသော ပန်းပွင့်တွေ...။ အရင်ကတော့ ကျွန်မမှာ အဲသည် တောင့်တမှုတွေ ရှိခဲ့သည်။ အလိုလောဘအားဖြင့် မပြည့်စုံနိုင်ရ ကောဆိုသည့် ကြောင့်ကြမှုတွေ ရှိခဲ့ပါ၏။ အခုတော့ ထိုစိတ်ကို ကျွန်မ ချိုးနှိမ်နိုင်ပါပြီ။ ပန်းအိုးကလေးတစ်အိုးတည်းက ပန်းပင် တစ်ပင်မှာ ပန်းကလေးတစ်ပွင့် ပွင့်တော့ကော မကောင်းဘူးလား။ တစ်ပင် တစ်ပွင့်ဆိုဦးတော့ ဂုဏ်ငယ်စရာ မရှိပါ။ သစ်ပင်တွေ စိမ်းလန်းနေဖို့၊ ပန်းပင်တွေ အပွင့်ဝေနေဖို့ သာလိုပါသည်။

လေကလေးတစ်ချက်ဝှေ့လိုက်တော့ စံကားဝါနံ့ကလေး သင်းလာသည်။ စံကားဝါပင်ကလေးဆီက စံကားဝါပွင့်ရင့်ကလေး တစ်ပွင့် ကြွေကျလာပါ၏။ ပွင့်ကြွေကလေးကို ကျွန်မ ကောက်ရှူ လိုက်သည်။ အပင်မှာ စံကားဝါနှစ်ပွင့် ပွင့်ကြဆဲ။ အဖူးကလေး တွေကတော့ နောက်ထပ် နောက်ထပ် ပွင့်ကြဖို့ အားယူနေကြသည့် ပင်။ ပန်းပင်ကလေးပေါ်မှာ ပန်းမျိုးဆက် မပြတ်တာကိုဘဲ ကျွန်မ ကြည်နူးရပါသည်။

***People* မဂ္ဂဇင်း၊ ဒီဇင်ဘာ ၂၀၀၀**





## သနပ်ခါးနှစ်

ကျွန်မတို့ ဆယ့်သုံးလေးနှစ်အရွယ်လောက်က ရေဒီယို မှာ မကြာခဏလာတတ်သည့် သီချင်းတစ်ပုဒ်ရှိပါသည်။ တေးသံရှင် ကိုလည်း မမှတ်မိတော့ပါ။ ရွှေစက်တော်ဘုရားပွဲကို ဖွဲ့ရင်းက ထောက်ရှာပင်သနပ်ခါး နာမည်ကြီးတာကို သီဆိုထားခြင်းဖြစ်သည်။ အမေက သည်သီချင်းလာတိုင်း –

"မင်းဘူးနဲ့ မဝေးကွာ...ထောက်ရှာပင် အထက်နားက သနပ်ခါး နာမည်ကျော်ဆိုတော့အေ...မင်းဘူးဆိပ် လှေ ဆိုက်တိုင်း အမေဖြင့် ရှာရသာချည်းပါအေ...သူ့ဟာက ထောက်ရှာပင် အထက်နားဆိုတော့ ခက်သားပဲ" တဲ့။

မင်းဘူးသနပ်ခါးလားဆိုတော့လည်း မဟုတ်၊ ထောက်ရှာ ပင် သနပ်ခါးလားဆိုတော့လည်း မဟုတ်၊ အထက်နားဆိုတော့ ဘယ်ရွာမှန်းမသိတာကို ပြောခြင်းဖြစ်ပါ၏။ အမေတို့က လှေစီးနေကြ



www.burmeseclassic.com

www.burmeseclassic.com



သူတွေ (ကုန်တင်လှေကြီးနှင့် ကုန်ကူးကြတာ) ဆိုတော့ မ မင်းဘူးလို ဆိပ်ကမ်းတွေမှာ လှေဆိုက်ရင်း နားခဲ့ရသည့်နေရာ မဟုတ်လား။ မြို့ဆိပ် ရွာဆိပ်တွေမှာ အမေ သနပ်ခါးရှာခဲ့ ၏။ ကျွန်မတို့ရွာတွေမှာ မနက်မိုးလင်းတာနှင့် သနပ်ခါး ပါး ရောက်ကြသူတွေချည်းပင်။ အမေအိုတွေကလည်း ကျဲကျဲပါးပါး ကြသည်။ မိန်းမကြီးတွေကလည်း ပျစ်ထအောင် လိမ်းကြသည် ကလေးမတွေကတော့ မပြောနှင့်တော့။ သနပ်ခါးလိမ်း၊ ပန်း ဆံတောက်ရှင်းရှင်း ပန်းသင်းသင်းကလေးနှင့် အပျိုလုပ်ကြသူ ဖြစ်သည်။

"ညည်းကလေး ညှော်မစင်ဘူး...မှင်လွှန်းသယ်... မလုပ်ပါနဲ့အေ.. သနပ်ခါးသာ အနှစ်ပါအောင်သွေး လိမ်းတိုင်း ခွဲ့စမ်း...သနပ်ခါးက အဖန်ဓာတ်, အခါး ကလေး ဖန့်ဖန့်ပါတော့ ဆေးဖက်ဝင်လိုက်သာမှ... ကလေးတွေ တစ်နေ့ တစ်နေ့ ဆီးဖြူသီးတစ်လုံးစာ ဝမ်းထဲ မရောက်မရှိဘူး...မွေးကတည်းက သန ဆေးလုပ်ကြီးရသဲ့ ကလေးချည်းပဲ"

ဟုတ်ပါရဲ့...။ ကျွန်မတို့ငယ်ဘဝတစ်လျှောက်လုံး အ တို့ သနပ်ခါးခွဲ့တာနှင့် ကြီးခဲ့ရသည်။ မနက်မိုးလင်းပြီဆိုတာနှင့် သည်ဖြစ်စေ၊ မချိုးသည်ဖြစ်စေ သနပ်ခါး ပါးပေါ်တင်ရော မျက်နှာပြောင်နှင့် နေမိပြီဆိုလျှင် ကြုံသူက ကြုံသလို ပေါ တာဆိုတော့ မလိမ်းမဖြစ် လိမ်းရတာလည်း ပါပါ၏။ သန





ထားလျှင် 'အပူသည်' တဲ့။ အပူသည် ဆိုသည့်စကားက ာက်စရာ ကောင်းသည်။ လင်ပြေး, ကွေးရှုံး အပူတုံး င်းရွက်ထားသူ ဆိုသည့်သဘော ပါပါ၏။ သနပ်ခါးနှင့် ပန်း သည်း အတွဲ။ ကိုယ့်ဝိုင်းတိုက်ထဲရှိသည့် ခြံစိုက်ပန်းတစ်ပွင့်တော့ ခဲ့ချိုး၊ ခေါင်းထိုးပန်လိုက်ရုံ။ မိန်းမကြီးတွေက ပန်းပန်ခဲကြ လည်း မိန်းမပျိုတွေက ခေါင်းတမော့်မော့် ပန်းတထော်ထော်နှင့် မြပင်။ ရွာသူတွေဆိုတော့ ငြိမ်းရသည် မရှိပါ။ နေပူလောင် င်ထဲမှာ တစ်ဝမ်းတစ်ခါး ရှာရသူတွေပီပီ အဖေညို အမေညို ညိုရတာပင်မကတော့ဘဲ နေတစိုစို လေတစိုစိုကြောင့် ညိုရ တွေ များပါ၏။ မျက်နှာကလေးတွေကတော့ သနပ်ခါးရည်ဝလို့ င်းသန့်သန့် ရှိကြပါသည်။

အမေက မြင်းခြံဈေးထဲမှာ ဈေးထွက်သူဆိုတော့ တောသည် နှင့် ခင်သည်။ သနပ်ခါးရွက်ကလေးတွေပါသည့် တစ်ထွာသာသာ ခါးတုံးကလေးတွေ တောသည်တွေဆီက ဝယ်နေကျမို့ ကျွန်မ အိမ်မှာ သနပ်ခါး ပြတ်သည်မရှိ။ မိန်းမသားဆိုလို့ အမေနှင့် မသာရှိသည့် မိသားစုဆိုပေသိ အိမ်က အစ်ကိုတွေ၊ မောင်တွေ လိမ်းကြရသည်။ သနပ်ခါးတုံးကြီးကြီးတွေ ဝယ်ခဲ့ရောပေါ့လို့ တိုင်း အမေက သနပ်ခါးတုံးကလေးနှစ်တုံးယူကာ အတုံးချင်း တိုက်ပြသည်။ ပူသွားသောအပွေးကို နမ်းရင်းက "မွှေးလိုက်သာမှ ...အနှစ်နဲ့သာ, အခေါက်နဲ့သာအေ့...ကျစ်ပွေးခေါ်သယ်" လို့ တာကိုလည်း သတိရမိသည်။ ကျစ်ပွေးဆိုတာ ကျောက်စရစ်



www.burmeseclassic.com

www.burmeseclassic.com



တော၊ ဖြုန်းကျောက်တော၊ ဂဝံမြေနီတောတွေမှာ ရေမရှိ မိုးမရှိ တကျစ်ကျစ် တလိန်လိန် ရှန်းတက်ရင်း ထိုးထွက်ရသော သနပ်ခါးပင်က အပွေးကို ပြောခြင်းဖြစ်ပါသည်။ ကျစ်ပွေးတုံးကလေးတွေက ဝါးပုလွေကလေးလောက်၊ ဒင်္ဂါးတစ်ပိုင်းစာလောက်သာ ရှိတတ်ပေသိပင်ရိုးရင့်ကြပြီ။ လွှမတိုးနိုင်အောင် မာသည်။ အပွေးပွမဟုတ်ဘဲ အပွေးကျစ်ဆိုတော့ အပွေးကြွေတာမျိုးမရှိ။ သွေးလိုက်တော့လည်း ဖျစ်ဖျစ်စေးစေး အနှစ်ဝါဝါက မလိမ်းမီကပင် မွှေးနှင့်လေပြီ။ သည်လို သနပ်ခါးတုံးကလေးတွေက အပွေးကုန်သော်လည်း မပစ်ရက်ကြလို့ သနပ်ခါးဖာထဲမှာ လှူးလှူးလိမ့်လိမ့် နေရာယူကြတုန်း။

"အပွေးကုန်သာတောင် အမွှေးမကုန်ပေါင်အေ…"

ဆံထုံးကလေး ကုပ်သားပေါ်အောင် တင်းတင်းရှင်းရှင်းထုံး။ သနပ်ခါးကို အညက်လိမ်း၊ အပြေလိမ်း၊ အပိန်းလိမ်း၊ အဖုံလိမ်း၊ နေပူခံလိမ်း၊ ချွေးခံလိမ်း။ ပန်းကလေးတစ်ပွင့် ပန်ကြသော မလေ့ တောရွာတွေမှာ မပျောက်ကြသေးတာကိုဘဲ တော်ပါသေးရဲ့ အောက်မေ့မိသည်။ ရွာက ကျွန်မအစ်မဝမ်းကွဲတွေဆိုလျှင် အသက်လေးဆယ်ကျော် ငါးဆယ်တွင်း အပျိုကြီးတွေ။ သနပ်ခါးဖက်ရှင် ပန်းဖက်ရှင်ကတော့ မပျောက်ကြသေးပါ။

"ချဉ်သီးပင်အောက် ချဉ်သီးရှား…မထူးတို့ ယူလာမှ သနပ်ခါး ကောင်းကောင်းမြင်ရတော့သယ်…ဂင့်ဂဲဈေးထဲ ခံတောင်းကြီးနဲ့ ချရောင်းသာတော့ ရှိပါရဲ့…သနပ်ခါးတုံး ဈေးက ကြီးတော့ ငေးပြန်ရသာပါပဲအေ…တို့က တစ်တုံး





ဆို နေရော့…၊ ငါ့ညီမ သနပ်ခါးလို အေး…သနပ်ခါးလို မွှေးပါစီတော်"

ကျွန်မ ရွာပြန်လျှင် ရွာပြန်လက်ဆောင်အဖြစ် သနပ်ခါးတုံးကလေးတွေ ယူသွားနေကျ။ သနပ်ခါးဆိုတာ ရွာ့အလှကုန်မဟုတ်လား။ မက်မက်မောမော ရှိကြပါသည်။ သနပ်ခါးတုံး မြင်လျှင် မျက်နှာတွေ ဝင်းစက်သွားအောင် ဝမ်းသာတတ်ကြသည်။ သည်ဘက်အနှစ် နှစ်ဆယ်လောက်မှာ ခြံစိုက်သနပ်ခါး၊ လူစိုက်သနပ်ခါးတွေ ခေတ်ကောင်းလာသဖြင့် သနပ်ခါး မရှားလှပေသိ ဈေးကောင်းလှသည်။ အပွေးလှပေသိ အမွှေးနည်းလှသည်။ ရှေးတုန်းအခါကလို သဘာဝ သနပ်ခါးတော၊ သဘာဝသနပ်ခါးတောင်ရယ်လို့ မရှိတော့ လူစိုက်သနပ်ခါး မဝယ်မဖြစ် ဝယ်ကြရပါပြီ။ လူစိုက်သနပ်ခါးတွေကတော့ သူ့နယ်နှင့်သူ့ရွာ၊ သူ့ရွာနှင့်သူ့နာမည် ဂုဏ်ကြီးလှပါ၏။

(၂)

သည်နှစ်ကတော့ ကျွန်မအတွက် 'သနပ်ခါးနှစ်' ဆိုရလောက်အောင် သနပ်ခါးတုံးတွေ လက်ဆောင်ရခဲ့သည်။ အိမ်မှာ သနပ်ခါးတောင်းကြီးနှင့်တစ်တောင်း တည်ထားရပါ၏။ ကျွန်မ လိုက်ပါဟောပြောရသည့် စာပေဟောပြောပွဲတွေမှာသာမက ကျွန်မ အိမ်သား သွားရောက်ဟောပြောရသည့် မြို့ရွာတွေကလည်း ကျွန်မအတွက် လက်ဆောင်ထည့်ပေးလိုက်ကြလို့ ကျေးဇူးတင်ရပါသည်။

ထူးထူးခြားခြားလို့ပင် ဆိုရမလားမသိ။ သည်နှစ် ကျွန်မ ရောက်ရသည့် မြို့တွေ ရွာတွေက သနပ်ခါးနာမည်ကြီး အရပ်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ခြင်းပင်။ ရှင်မတောင်နယ်တစ်ကြောက ရေစကြို၊ ပခုက္ကူ၊ မြစ်ခြေ၊ လက်တောင်းကြီး၊ ကျားတက်၊ မြိုင်။ မုံရွာနယ် ကျောက်မှော်ရွာ၊ ရွှေဘို၊ ဆိပ်ခွန်။ မူးမြစ်နှုတ်ခမ်းက ဥယျာဉ်သာရွာ။ ပုပ္ပားနယ်တစ်ဝိုက်က ကျောက်ပန်းတောင်း၊ ချောက်။ မြင်းခြံတစ်ဝိုက်က မြင်းခြံ၊ နွားထိုးကြီး၊ မလှိုင်။ ကျောက်ပန်းတောင်းမြို့ခံ စာချစ်သူ အစ်မဒေါ်ညွန့်ရီက ကျောက်ပန်းတောင်းတောင်က ထွက်သည့် ကျောက်ပျဉ်ကလေးတစ်ချပ်ပင် ထည့်ပေးလိုက်ပါသေး၏။ ရောက်ခဲ့သမျှ ဧကနှင့်ချီသော သနပ်ခါးတောကြီးတွေလည်း မြင်ခဲ့ တွေ့ခဲ့ရပါသည်။ ကျောက်မှော်ရွာဆိုလျှင် အိမ်ခြံစည်းရိုးကပင် သနပ်ခါးပင်တွေဖြစ်နေလို့ အံ့ဩရပါသည်။ ကျွန်မအိမ်သား အရာတော်မြို့နယ်ထဲက သနပ်ခါးရွာတွေကို ရောက်ခဲ့တော့ သူလည်း သနပ်ခါးခြင်းတောင်း နှစ်တောင်းဆွဲပြန်လာလို့ ဝမ်းသာရပါ၏။

"သခွပ်ပင်လယ်, စစ်စီနဲ့ အရာတော်မြို့က သနပ်ခါး လက်ဆောင် ထည့်ပေးလိုက်ကြတယ်...တချို့က မပြန်ပါနဲ့ဦး...သနပ်ခါးပင်ခုတ်ပြီး ဖြတ်နေလို့ပါဆိုလို့ စောင့်ရတာတောင် ရှိတယ်"

အရာတော်မှာ သုံးရွာနှင့် တစ်မြို့ ဟောရတာဆိုတော့ သနပ်ခါးတွေ တစ်ပုံကြီး လက်ဆောင်ရခဲ့ခြင်း ဖြစ်ပါသည်။ သနပ်ခါးတုံးကလေးတွေ အိမ်ရောက်လာတိုင်း သနပ်ခါးတုံးထိပ်တွေမှာ မြို့နာမည်၊ ရွာနာမည်ကလေးတွေကို ကျွန်မ ရေးမှတ်ထားခဲ့သည်။ ဘယ်နယ်က သနပ်ခါး၊ ဘယ်သူတွေက ပေးလိုက်တာ စသည်ဖြင့်





နိုင်အောင်ပါ။ လိမ်းတိုင်းလည်း သတိရနေမိပါ၏။ သနပ်ခါးတွေ အပင်က ခုတ်ပေးလိုက်ကြတာဆိုတော့ စိုတုန်း ဖတ်တုန်း၊ တ်တုန်း ဆတ်တုန်း။ သနပ်ခါးတုံးတွေကို သွေ့နေအောင် တစ်နေ့နေပြ၊ ပြီးလျှင် ထိပ်နှစ်ဖက် လေရအောင် ခြင်းကြားတောင်းထဲ ရှိထည့်သိမ်း။ တစ်တုံးကုန်တစ်တုံး ကျွန်မတို့သားအမိ လိမ်းပါ။ သနပ်ခါးစစ်ရင် အရပ်သားကလည်း ချစ်ပါရဲ့တဲ့။ ဝံသာနု တ်ကအသံ...။

'ရွှေနံ့သာခေါက်ကိုလ၊ ကျောက်ပေါ်မှာ အသာတင်၊ ခန်းခွင်ကသွေး။ လိမ်းမယ်လို့ကြံ၊ မှန်ယူခဲ့ ဆံတောက်သိမ်းရယ်၊ ပိန်းရိုက်စို့လေး။ နံ့သာရေ မတော်လို့ ချော်ကာဖိတ်တယ်၊ ကျောင်းထိပ်ကမွှေး'

သနပ်ခါးတင် မကပါ။ မြန်မာအိမ်မှန်လျှင် အကျော်၊ ရမက်၊ စန္ဒကူး၊ တောင်တန်ကတိုး၊ တောင်တန်ကြီး၊ နံ့သာဖြူ၊ သာနီ စသည့် နံ့သာမျိုးဝင် အတုံးအခေါက်တွေ ဆောင်ကြစမြဲ နံ့သာရေနှင့် အိမ်ဦးတိုင်၊ လှည်းဦးတိုင်ကို ပက်ဖျန်း မင်္ဂလာယူတတ်ကြသည်။ ကျွန်မ အမေကြီးရှိစဉ်အခါက နံ့သာဖြူ၊ ကရမက်၊ ဆောင်တန်ကတိုး သုံးမျိုးရောကာ အမြဲလူးတတ်ပါသည်။ ကျွန်မတို့ကိုလည်း အခါသင့်တိုင်း လူးပေးသည်။ အေးအေးအရသာ၊ မွှေးအရသာ။

"နံ့သာရေကလေး လူးတော့ သွေးဆိုး ချွေးဆိုးစင်ပြီး အမူးအမော် ပြေသဟဲ့...ပြီးတော့ လူတွေမှာ မှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အညှံ့တွေ ပျောက်သယ်...ကိုယ်သန့်သာတွေ ဘာတွေ
ရှိရင်လည်း စင်သယ် ငါ့မြေးရဲ့...နာနာလူးစမ်း"

အမေကြီးအနားကပ်လျှင် အမြဲ မွှေးလို့ကြိုင်လို့။ မြန်မာ အမယ်အိုနံ့ထင်ပါရဲ့။ နံ့သာတုံးသာမက ဆေးဖက်ဝင် တောရှောက်မြစ်၊ ဝံအူမြစ်၊ သက်ရင်းကြီး၊ ပရုတ်၊ လင်းနေ၊ နလိန်ကျော်လို အမြစ်အခေါက်တွေကလည်း ဆေးတောင်း တစ်တောင်းစာတော့ ရှိကြမြဲပင်။ အမြစ်၊ အခေါက်၊ အပွေး၊ ပင်ရိုးကို ကျောက်ပေါ် သွေးလိမ်းကြသည့် လူမျိုးမဟုတ်လား။

(၃)

ကျွန်မတို့ ရေစကြိုမှာဟောပြီး ပခုက္ကူကို ကူးကြပါသည်။ ပခုက္ကူမှာက နေ့ခင်းပွဲ။ ရေစကြိုက ပေးလိုက်ကြသည့် လက်ဆောင် တွေထဲမှာ သနပ်ခါးတွေက အများဆုံး။ ပခုက္ကူ စာပေပရိသတ်က လက်ဆောင်တွေ ဝက်ဝက်ကွဲ ကမ်းကြသည့်အထဲမှာ သနပ်ခါးတွေ လက်ဆောင်တိုင်းမှာ ပါပါ၏။ ပခုက္ကူကကူးတော့ မြစ်ခြေ။ မြစ်ခြေ မှာလည်း ကျွန်မ၏ အမျိုးသမီး စာဖတ်ပရိသတ်က တည်းအိမ်မှာ သနပ်ခါးတုံးတွေနှင့် စောင့်နှင့်ကြပြီ။ သနပ်ခါးခြင်းတောင်းကလေး တွေ ကိုယ်တိုင်ရက်၍ သနပ်ခါးလက်ဆောင် ပေးလာသော ဧလေ့က မမေ့နိုင်စရာ။ မြို့ခံစာပေကော်မတီက ထည့်ပေးသော ဒေသထွက် သနပ်ခါးတုံးတွေကလည်း ခြင်းနှင့်အပြည့်။ ကျွန်မတို့နှင့်အတူ ဟောပြောသည့် ဆရာချစ်ဦးညိုမှာလည်း သနပ်ခါးတွေနှင့်။





"နင်တို့လင်မယား ငါ့သနပ်ခါးတုံးတွေနဲ့ လဲမှာစိုးလို့ အတုံးတိုင်းမှာ ချစ်၊ ချစ်နဲ့ ရေးထားတယ်"

"ကျွန်မကလည်း အစ်ကို့အလစ်ကို ချောင်းနေတာ... သနပ်ခါးတုံးချင်း လဲမလို့"

"ငါသိသားပဲ...မျက်နှာတောင် ထွက်မသစ်ဘူး"

ကျွန်မတို့ကို မန္တလေးအရောက် ကားနှင့် လိုက်ပို့ကြလို့ သာ တော်တော့သည်။ မြိုင်မြို့မှာတော့ သနပ်ခါးတုံးပင် မကပါ။ သနပ်ခါးအမြစ်ခဲကလေးတွေ၊ ဆေးမြစ်စုံခဲကလေးတွေ၊ နံ့သာဖြူ၊ ရုမက်ခဲကလေးတွေပါ ပါလို့ မိတ်ဆွေတွေကို ခရီးပြန်လက်ဆောင် ုပါ၏။

အခြားလက်ဆောင်ပေးကြတာထက် သနပ်ခါးလက်ဆောင် ကြတာကို ကျွန်မ ပိုဝမ်းသာသည်။ သနပ်ခါးတုံး ရတာကို ပြောလိုရင်း မဟုတ်ပါ။ သနပ်ခါးသည် မြန်မာ့နိမိတ်ပုံ မဟုတ်လား။ မြန်မာ့အမှတ်တံဆိပ် မဟုတ်လား။ မြန်မာ့ပါးပေါ်က နံ့သာ မဟုတ် လား။ မြန်မာစိတ်ဖြင့်ပေးသော မြန်မာလက်ဆောင်အဖြစ် ကြည်နူး တာကို ပြောချင်တာပါ။ သနပ်ခါးတုံးကလေးတွေကို စက္ကူဖြင့် ပြီး တကန်တက လာပေးကြသူတို့၏ စိတ်နှလုံးကိုလည်း မြင်ရ ၏။ မေတ္တာစိတ်၊ စာပေစိတ်ဖြင့် ကမ်းလင့်ကြတာမို့ မသွေးခင်က နှင့်ပြီဖြစ်သော မြန်မာသနပ်ခါးစစ်စစ်တွေပင်။ စာဖတ်ပရိသတ် တာကလည်း အရွယ်အမျိုးမျိုး၊ ဘဝအဖုံဖုံ၊ ခံစားမှု အတွေ့တွေ့ ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တောင်သူလုပ်တာပါ...အားတဲ့အချိန်ကလေးမှာ စာဖတ်ရတာပါဗျာ...စာအုပ်ကလည်း ပါးရှားတော့ မြို့က လူကြုံသယ်လာမှ ဖတ်ရတာပဲ ဆရာမရေ... ဆရာမစာတွေက ကျုပ်တို့အကြောင်းတွေ ရေးထားတော့ ဖတ်ရတာ မခက်ဘူးရယ်"

"စာဖတ်ပြီး လူမြင်ဖူးချင်နေတာ...ခုမြင်ရပြီ...ဘယ်လိုဝမ်းသာမှန်းမသိဘူး...ဝတ်လဲတော်ရွှေပုဆိုး ဖတ်ပြီး ငိုလိုက်ရတာ...မအိမ်ကံ ဖတ်ချင်လိုက်တာ ဆရာမရယ်...မဝယ်နိုင်လို့"

"ဆရာမရေ...ကျေးဇူးဆပ်ချင်လွန်းလို့ မျှော်နေသာရယ် ...မနှစ်တုန်းက ကျုပ်ဖျားလိုက်သာ သေရော အောက်မေ့ပါသယ်ဆို...အဲသာ ဆရာမရေးတဲ့စာအုပ်ထဲပါတဲ့ လူမမာခတ်စာ ဟင်းစပ်ဖတ်ပြီး မန်ကျည်းသီးချက်နဲ့ ပဲရေဖွချက်စားပြီး နလံထရသာတော်...ငါ့ဆရာမ လာရင်တော့လား သနပ်ခါးတုံး ပေးရဦးလို့ ညှိုးထားသာရယ်...၊ ရော့...ဆရာမ"

"ရွှေအမြုတေမဂ္ဂဇင်းထဲမှာ သနပ်ခါးဘဲကြားကြီးနဲ့ ခတ်ပုံတွေ့လို့...ဆရာမတော့ သနပ်ခါးလိမ်းလောက်ပါတယ် ဆိုပြီ၊ ပေးရတာပဲ ဆရာမရေ...လိမ်းသမှုတ်လား"

"လိမ်းပါ့ရှင်...၊ ကျွန်မခရီးသွားလေရာ သနပ်ခါး ကျောက်ပျဉ်ကလေးနဲ့ သနပ်ခါးတုံးကလေး အမြဲပါတယ်...သမီးရော...ကျွန်မရော လိမ်းဖို့ပါ"





"ဟုတ်ပါ့ဆရာမရယ်...သူတကာ မိတ်ကပ်, မိတ်ကပ် ဆိုလို့ လိမ်းပါတယ်...ကိုယ့်မျက်နှာ ကိုယ်ရွက်ထားရသလိုပဲ...မျက်နှာတမံသလင်း သရွတ်ကိုင်ထားသလိုပဲ"

တကယ်လည်း ကျွန်မခရီးသွားလျှင် ယူသွားနေကျပါ။ ကျွန်မ စင်္ကာပူနိုင်ငံကို စာပေဟောပြောပွဲ သွားရစဉ်ကလည်း ကျောက်ပျဉ်သေးသေးကလေးတစ်ချပ် ယူသွားခဲ့ပါသည်။ သနပ်ခါးတုံးကလေးက နှစ်တုံး။ နိုင်ငံရပ်ခြားမှာ အပြင်ထွက်လို့ မိတ်ကပ်လိမ်းရသည်ဆိုသော်လည်း တည်းခိုရာ ကွန်ဒို ပြန်ရောက်သည်နှင့် ရေချိုး၊ သနပ်ခါးကို ပိန်းနေအောင် လူးလိုက်ရသည့်အရသာက ပေါ့ပါးပါဘိခြင်း။ ကျွန်မတို့ပြန်မည့်နေ့က ကျွန်မနှင့်အတူရှိနေကျ စာပေကော်မတီဝင် မိန်းကလေးတွေက ကျွန်မကို ကူညီ ထုပ်ပိုးပေးကြ၊ လက်ဆောင်တွေ ပေးကြနှင့်။ ကျွန်မက ဘာပြန်ပေးရမှာပါလိမ့်။ ပါသွားသော စာအုပ်တွေကလည်း မရှိတော့ပြီ။

"ဆရာမ...သမီးတို့ကို ကျောက်ပျဉ်ကလေးနဲ့ သနပ်ခါးတုံးကလေးတွေ ပေးခဲ့ပါလား...သမီးတို့ လိမ်းချင်လို့"

ကျွန်မ အလွန်ဝမ်းသာသွားမိပါ၏။ စင်္ကာပူရောက် မြန်မာမိန်းကလေးတိုင်း၏ ခံစားမှုကို ကျွန်မ မသိနိုင်သော်လည်း ကျွန်မအနားက မိန်းကလေးတွေက ကျောက်ပျဉ်နှင့်သနပ်ခါးတုံး တောင်းနေကြပါပကော။ ကျွန်မစိတ်ထဲ ကြည်နူးလိုက်ခုန်သွားရတာ အမှန်ပါ။ ကမ္ဘာကျော်အလှကုန်တွေနှင့် ရင်းနှီးနေကြသူကလေးတွေဆိုတော့ ကျွန်မကျောက်ပျဉ်နှင့် သနပ်ခါးကို စိတ်ဝင်စားကြလိမ့်မည် မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုလို တောင်းကြပြီဆိုတော့ ဖြစ်နိုင်လျှင် နောက်ထပ် ကျောက်ပျဉ်လေး,ငါးချပ်နှင့် သနပ်ခါး လေး,ငါးတုံး ပြေးယူချင်စိတ်တောင် ပေါက်သွားခဲ့သည်။ သမီးငယ်တစ်ယောက်က –

"သည်မှာတော့ မိတ်ကပ်လူးရတာပေါ့ ဆရာမရယ်... တချို့မိတ်ကပ်တွေက ပူတယ်"

ဟု ပြောပြပါ၏။

"တို့သနပ်ခါးကတော့ အေးတာပေါ့သမီးရယ်...လိမ်းလို့ရတဲ့အချိန်တွေမှာ သနပ်ခါးကလေးနဲ့နေ...ညဘက်လည်း သနပ်ခါးလိမ်းပြီးတော့အိပ်...အပူငြိမ်းတယ်...နေ့စဉ်ကျွ ညမြန်မာပေါ့အေ..."

သစ်ပင်ကို ဖြတ်တောက်ပြီး အကြမ်းအတိုင်း သွေးလိမ်းရတာဆိုတော့ ဘူးလှလှကလေးတွေထဲက တစ်ကော် ကော်လိမ်းရသော မိတ်ကပ်လိုတော့ ဟိတ်ဟန်ရှိချင်မှရှိမည်။ မျက်နှာကလေးအေးရတာတော့ ဘယ်အလှကမှ မမီ။ တိုင်းတစ်ပါးမှာဆိုတော့ သနပ်ခါးအဖွေးသားနှင့် နေဖို့ရာလည်း အခက်သားပင်။ ကျွန်မတို့ငယ်ငယ်က ကျွန်မတို့မြေးမိန်းကလေးတွေကို အဘပြောသလို "မိန်းကလေးဆိုသာ...သနပ်ခါးနဲ့ပါး၊ ဆံထုံးနဲ့ပန်း ကပ်လျက် ချပ်လျက်မှ ကျက်သရေရှိသဟဲ့" လို့ ကျွန်မ မပြောသာပါပြီ။ နိုင်ငံရပ်ခြားမှာနေသူ မြန်မာမိန်းကလေးတို့ သနပ်ခါးမလိမ်းဖြစ်လျှင်လည်း ရှိပါစေတော့။ ကျောက်ပျဉ်နှင့် သနပ်ခါးကို မက်ကြ





တုန်းဆိုလျှင်ပင် ဝမ်းသာစရာပါ။ သနပ်ခါးနဲ့ ကလေးမွေးကြတုန်းဆိုလျှင်ပင် ကျေနပ်စရာပါ။

မနေ့တစ်နေ့က စင်္ကာပူ လူကြုံရှိလို့ ချစ်ခင်ခဲ့ရသော သမီးကလေးတို့အတွက် မြန်မာသနပ်ခါးတုံးကလေးတွေ လက်ဆောင်ထည့်ပေးလိုက်ပါ၏။ လိမ်းကြပေရော့၊ မွေးကြပေရော့။

(၄)

သည်နှစ် သမီးတို့ကျောင်းဖွင့်တော့ ဟောပြောပွဲတစ်ရာသီ တစ်အောင့်နားရပါပြီ။ ဟောပြောပွဲရာသီတုန်းက ကျွန်မတို့ သွားလာသမျှ ဒရွတ်သိုးသီ လိုက်ပါရရှာသူ သမီးအဖို့ရာလည်း အနားရရှာပါပြီ။ ဟောပြောပွဲတစ်ရာသီစာ ရခဲ့သည့် သနပ်ခါးတွေကတော့ အိမ်မှာ ခြင်းကြားတောင်းနှင့်အပြည့်။ သနပ်ခါးကြိုက်သော ကျွန်မတို့သားအမိ လိမ်းလို့မကုန်၊ လူးလို့မကုန်။ ရပ်ဝေးရပ်နီးက မိတ်ဆွေတွေ၊ ညီသည်တွေကို လက်ဆောင်ကမ်းတော့လည်း မက်ရေစက်ရေ လက်ခံကြသည်။ ရန်ကုန်ကို ပို့ရသည်။ ရွာကို ပို့ရသည်။ သနပ်ခါးတုံးအလေးတွေ မျက်နှာပွင့်လန်းကြပါ၏။ လက်ဆောင်ကောင်းရသလို သွေးတွေးပိုက်ပိုက် ရှိကြဆဲပင်။ ကျွန်မ တွေးနေမိတာက ကျွန်မတို့ မိန်းမသားများ အလှအပ ခုံမင်ကြသည်ဆိုပေသိ သနပ်ခါးကိုတော့ မစွန့်ပယ်နိုင်ကြခြင်း ဖြစ်ပါ၏။

နိုင်ငံခြားကုမ္ပဏီတွေက ဝင်လာကြသမျှ အလှကုန်ပစ္စည်းတွေ စာရင်းချလို့ပင် ရနိုင်ကောင်းအံ့ မထင်ပါ။ မျက်နှာ တစ်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



စာအတွက် ထုတ်ထားသည့်ပစ္စည်းတွေကပင် များလှပါ၏။ မျက်နှာ
သစ်ဆေး၊ ကြေးချွတ်ဆေး၊ အောက်ခံလူးဆေး၊ တစ်ထပ်တင်ဆေး၊
နှစ်ထပ်တင်ဆေး၊ မိတ်ကပ်စို၊ မိတ်ကပ်ခြောက်၊ နေ့လိမ်းကရင်၊
ညလိမ်းကရင်၊ အသက်ငါးဆယ်အရွယ်မိတ်ကပ်၊ မျက်ရစ်ကျိုးပျော
ပျောက်မိတ်ကပ်၊ အသားအရေ တင်းရင်းစေသောမိတ်ကပ်၊ အသား
အရေ ခြောက်သွေ့သူတို့အတွက်မိတ်ကပ်၊ အဆီပြန်တတ်သူ
အတွက်မိတ်ကပ်…၊ စုံလို့…စုံလို့။ မျက်တောင်ဆေး၊ မျက်ခွံဆေး၊
ပါးနီဆေး၊ နှုတ်ခမ်းဆိုးဆေး ဆိုတာတွေကလည်း အမယ်စုံ၊ တံဆိပ်
ကြော်ငြာတွေကလည်း တင်းကြမ်း။ ဈေးတွေကလည်း မသက်သာ
ဝယ်နိုင်ဖို့ လုံးပမ်းကြရတာကလည်း မသက်သာ။ မျက်နှာ
သွင်းတယ် ဆိုတာလည်း ကြားရတော့ ဘယ်ရွှေကို ဘယ်လို
သွင်းတာပါလိမ့် အောက်မေ့မိသည်။

ခေတ်ကာလသားသမီးတွေကို ကျွန်မ အပြစ်တင်နေခြင်း
မဟုတ်ရပါ။ ကျွန်မအိမ်က မှန်တင်ခုံပေါ်မှာ ခေတ်အလှကုန်ပစ္စည်း
အချို့ ရှိတာလည်း အမှန်ပါ။ မရှိလို့ကလည်း မဖြစ်။ ခေ
အလျောက် မိတ်ကပ်လူးပြီး တက်ရသည့်ပွဲတွေ ရှိသည်။ ဓာတ်
ရိုက်တော့ သနပ်ခါး ဘဲကြားကြီးနှင့် မဟန်ပြန်။ သည်တော့လည်း
မျက်နှာပေါ် မိတ်ကပ်ရောက်ရပါ၏။ မိတ်ကပ်လိမ်းပြီး ပွဲတက်
ပြန်လာတိုင်း မျက်နှာကို စင်အောင်သစ်၊ သနပ်ခါးရေကျဲက
ကပျာကယာလူး။ သည်တော့မှ နေသာထိုင်သာ ရှိသွားသလို ခံ
ရတာလည်း တောဆန်သည် ပြောရမလား မသိပါ။





ကျွန်မအဖို့တော့ သည်နှစ်ဟောပြောပွဲရာသီကို သနပ်ခါးနှစ်
ဟို့ အမည်တပ်လိုက်ရသော်လည်း နှစ်စဉ် သနပ်ခါးနှစ် ဖြစ်နေမှာ
လည်း အသေအချာပါပဲ။ ကျွန်မတို့သမီးကလေးတွေ၊ မြေးကလေး
တွေအတွက်လည်း ထာဝရ သနပ်ခါးနှစ် ဖြစ်စေချင်လှပါ၏။ တစ်ခါ
တော့ ကျွန်မအိမ်သားက သနပ်ခါးကြိုက်သော ကျွန်မကို ပြောပြ
သည်။

"ရှေးက မိဖုရားတွေက တောင်တွင်းသနပ်ခါး၊ ရှင်မတောင်
သနပ်ခါးတုံးကို သွေးပြီး ရွှေသားအစစ်ကို အချောင်း
လိုက် စို့နဲ့ ရိုက်သွင်းတယ်…ပြီးမှ သနပ်ခါးတုံးကို
သွေးပြီး သွေးခိုင်းတယ်…သနပ်ခါးနဲ့ရွှေ ရောပါတဲ့
အနှစ်ကို တစ်ကိုယ်လုံး လိမ်းကြတာဗျား…"

ကျွန်မကလည်း အားကျမခံ ပြန်ပြောလိုက်ပါသည်။

"မောင်ကိန်းရွှေဆိုင်ရောက်ရင် ရွှေစို့တစ်ချောင်း ငါးကျပ်
သားစီးလောက် ဝယ်ခဲ့စမ်းပါတော်…တော်ဝယ်ပေးရင်
လိမ်းလိုက်ရုံပေါ့"

မိန်းမသားတွေဆိုတော့ နန်းတော်ရှေ့ဆရာတင် ရေးသည့်
သဝန်ကြောင်သီချင်းထဲကလို မစမ်းစမ်း မျက်နှာချေလည်း လိမ်းရ၊
တောင်သနပ်ခါးလည်း လိမ်းရတာပါပဲ။ ကျွန်မက စိတ်လိုလက်ရ
ချင်းကလေး ညည်းပြလိုက်ပါသည်။

"သနပ်ခါးလေးဖွေးမှ ဘေးက လူတွေ ကြည်ဖြူပေမယ်…
မစမ်းစမ်းလိမ်းမှ ဘေးကလူတွေ ကြည်ဖြူပေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအိမ်သားကလည်း –

"လိမ်းလိုက်ဗျား... လိမ်းလိုက်ဗျား"

ဆိုလို့ ရယ်မိရပါသည်။

လေဘာတီမမြရင်က 'ကျွန်မ သနပ်ခါးလိမ်းမှဖြစ်မယ်' တဲ့။ ဟုတ်ပါရဲ့...။ ကျွန်မတို့ သနပ်ခါးလိမ်းမှဖြစ်မယ်။

*Instyle* မဂ္ဂဇင်း၊ ၂၀၁၁





# ရေချိုးဆိပ်

(၁)

ရွာမနက်ခင်း။

မိုးမလင်းခင် လင်းကြက်တွန်ကတည်းက ရွာက နိုးနှင့်ပြီး သည်ခေတ်မှာတော့ တချို့တောင်သူအိမ်တွေမှာ တရုတ်နာရီ ...တွေ ခပ်ကြွားကြွား ချိတ်ထားနိုင်ပေသိ ကျွန်မတို့ငယ်ငယ်က ရွာမှာ ဘုန်းကြီးကျောင်းတွေကလွဲလို့ နာရီမရှိကြပါ။ ရေးကဗျာတွေထဲကလို ကြက်သံကို ဗဟိုပြုရပါ၏။ ဘုန်းကြီးကျောင်းတွေမှာတော့ ချိန်သီး ...ကြီးတွေက ခံ့ညားလှသည်။ နာရီတွေကို ပြောင်လက်နေအောင် ...ချွတ်ထားတာဆိုတော့ ရွာကျောင်းသား အိုချင်အိုမည် နာရီတွေ ... မအိုပါ။ ချိန်သီးတွေက ဘယ်တစ်ချက် ညာတစ်ချက်။ ကျောက်ဂျက် ...ကျောက်ဂျက် မရပ်မနားရှိတာကိုပဲ ကျွန်မတို့ သွားငေးရမြဲပင်။ ...ည်ခေတ်တော့ နာရီကြည့် သွားသည်ဆိုလျှင် ရယ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရော့မည်။ အချိန်ပြည့်လို့ ခေါင်ခေါင်ဒင်ဒင်မြည်တာကလည်း ကျွန်မတို့အဖို့ရာ ထူးဆန်းသည်။ နာရီအကြောင်း ကျွန်မပြောရတာ အကြောင်းရှိပါသည်။ စက်နာရီက နာရီထိုးသံကို တစ်ရွာလုံး မကြားနိုင်ပါ။ သည်တော့ ဦးပဉ္ဇင်းတွေ၊ ကိုရင်တွေက ကြေးမောင်း ထ. ထိုးကြရသည်။

ထလော့...ရွာကလေး။ ရွာသူတော်ကောင်းတို့...ဆွမ်းထမင်း ဆွမ်းဟင်းချက်ကြကုန်လော့။ မိုးသောက် အရုဏ်မှာ ဦးပေါင်းကို ဆွမ်းတော်တင်လော့။ ဝမ်းအာဟာရပြည့်စုံသော သစ်ခင်းကိုင်းခင်းဆင်းကြကုန်လော့။ ရွာသူရွာသားတွေကလည်း မနေ့က ပင်ပန်းခဲ့တာတွေ တစ်ညတာ ကျော့ချွဲကာနှင့်ပင် ပြေပျောက်ရလေပြီ။ ကျွန်မတို့ မိန်းကလေးတွေကတော့ နေကလေး မပြူတပြူမှာ ရေဝတီမြစ်မထဲ ရေခပ်ဆင်းကြရသည်။ ရေတစ်အိုး ခါးထစ်ခွင် ဒါမှမဟုတ် ခေါင်းပေါ်ရွက်ပြီး မျက်နှာသစ် ဆင်းကြရခြင်းဖြစ်၏။ မြစ်ကမ်းသာလုံးကြီးတင်ရသည့် ရွာတွေဆိုပေသိ ရေတစ်ထမ်း တစ်ရွက်တော့ ထမ်းရ ရွက်ရမြဲပင်။ ဆိုးဆိုးဆတ်ဆတ် ရေတစ်ဖလားခပ်ချင်လို့ ရေတွင်းရယ်၊ ရေကန်ရယ် မရှိ။ ရေဝတီမြစ်မကြီး ရွာခြေမှာရှိနေတာကိုက မခန်းနိုင်သော နတ်မြစ်လို အောက်မေ့ကြတာမဟုတ်လား။

"သောက်ပါလေ့အေ...ချိုးပါလေ့...မြစ်ဆိပ်များ ရေ့ရဲ့တစ်လှမ်း ခရမ်းတစ်ခုန်ရှိသာပါ...မြစ်က ထွက်မပြေးဘူးဟဲ့...ရေတွေ ဘောက်ဘက်လန်အောင် ခပ်ထားစရာမလိုပေါင်...သုံးရေတစ်အိုး၊ နရေတစ်အိုးထည့်ထားပြီးရင် ကျန်သာ သောက်ရေလောက် လိုသာပါ"





ကြီးတော်တို့၊ အမေတို့က ကျွန်မအစ်မ အပျိုတွေ မြစ်ဆိပ်မှာဆင်းခပ်တာကို မကြိုက်မရှိ။ ရေဆိုတာ အိမ်မှာ ပြည့်ကောင်းတာ၊ ရှိကောင်းတာ၊ ပေါကောင်း များကောင်းတာ အမှန်ပင်။ သို့သော် ကျွန်မအစ်မတွေမှာ ရေခပ်ကြရင်း စကားပြောကြရသည်။ အပျိုအချင်းချင်းသာ နားလည်နိုင်သော ဘာသာစကားတွေ ရေခပ်လမ်းမှာမှ ပြောဖြစ်ကြရသည်။ ဇာတ်ပွဲအကြောင်း၊ ဘုရားပွဲအကြောင်း၊ ကူနီထဘောရွာက ဘဘကျော်နတ်ပွဲ သွားကြမည့်အကြောင်း၊ ဝတ်ချင်စားချင်ရှိရသည့် အင်္ကျီပုံဆန်းတွေအကြောင်း၊ ရက်ကန်းကျထဘီတွေ အကြောင်း...။ ဒါမျိုးက ရေခပ်တုန်းမှာ ဆုံကြရ၊ ပြောကြရတာ မဟုတ်လား။ သည်တော့ မြစ်ရေကို တစ်ခေါက်ခပ်ရလို့လည်း မမော၊ နှစ်ခေါက်ခပ်ရလို့လည်း မမော။ ဆယ်ခေါက်ခပ်ရဦးတော့ ခပ်နိုင်ကြပါ၏။ သို့သော် မျက်နှာကောင်း မရ။ မြစ်များ ထွက်ပြေးမှာကျလို့တဲ့။ နရေတစ်အိုးဆိုတာက နွားရေအတွက် ခပ်ရခြင်းဖြစ်ပါသည်။ နွားစာကျင်းထဲမှာ ပဲမှော်ပဲရိုးကျေ့၊ ပြောင်းရိုးကျေ့နှင့် မြက်စိုစဉ်းကာ ရေနှင့် စပ်စပ်လောကာ ထည့်ရသည့်ရေကလည်း ကုန်တော့ အကုန်သား။ သုံးရေအိုးကတော့ မီးဖိုချောင်သုံး လက်လေးလက်ပေါ့သုံးဖို့ပေါ့။ သောက်ရေကလည်း မြစ်ရေသောက် ကြီးပြင်းရသူတွေဆိုတော့ မြစ်ရေမှပဲ လေးလေးပင်ပင်နှင့် အာသာပြေရပါ၏။

"မြစ်ရေ အေးအေးကြည်ကြည် မနက်စောစောထခပ်ကြပါဟဲ့...လေ့မလူး နွားမကူးခင်ခပ်မှ သန့်သန့်ကလေး ရသာ...ဘုရားဆွမ်းတော်၊ ရဟန်းဆွမ်းတော်အတွက် ဆွမ်းထမင်း ဆွမ်းဟင်းများ ရေကလေးသန့်သန့်နဲ့ ချက်ကြ၊



www.burmeseclassic.com

www.burmeseclassic.com



လောင်းကြပဲ့…မနက်စောစောထ ငါ့မြေး…ရေချိုးဆိပ်မှာ

မခပ်နဲ့…အထက်နား ဝါးကြိမ်တောခြေ သွားခပ်ချေ"

အဘက အိပ်ရာထ ပျင်းသော ကျွန်မကို စောစောနှိုးပြီး မြစ်ရေချို ခပ်ခိုင်းလေ့ရှိသည်။ ဘုန်းကြီးကျောင်းက စက်နာရီ ငါးနာ မှာ ကြေးမောင်းတစ်တုံ ထိုးလေ့ရှိရာ ထိုအချိန်မှာ မြစ်မရေထဲ အလူ အလူးနည်းကြသေးသည်။ လေ့သမ္ဘာန်၊ စက်တပ်လှေ၊ မီးသင်္ဘော တွေ လှိုင်းကြီးထအောင် မဖြတ်ကြသေးခင် ရေအကြည် ခပ်ခိုင်းခြင်း ဖြစ်ပါ၏။ အဘပြောတာ အမှန်ပါ။ မနက်စောစော မြစ်ဆိပ်ဆင် ရတာ ကြည်နူးစရာ ကောင်းလှပါသည်။ ရောင်နီပြေပြေကလေး အောက်မှာ မြစ်ရေသောင်စပ်လမ်းသည်ပင် ပကတိ အေးမြတည်ငြိမ် လျက်။ မြစ်လေက တသွေးသွေး။ အိပ်မှုန်စုံမွှားစိတ်တို့သည်ပင် ကြည်လင် လန်းဆန်းသွားရပါ၏။

ကျွန်မတို့ငယ်ငယ် လူမှန်းသိကတည်းက ရွာအောက စီးဆင်းနေသည့် မြစ်ကြီး။ အဘတို့ကတော့ အရှေ့မြစ် ခေါ်ကြသည် အနောက်မြစ်က ချင်းတွင်း။ အဘ၏သမီးအကြီးဆုံး (ကြီးတော်) ရေစကြိုနယ် ဖြူဘူးရွာမှာနေတာဆိုတော့ အရှေ့မြစ်နှင့် အနောက် မြစ်ကြားက ကျွန်းရွာတွေဆီ ကျွန်မတို့ ကူးနေ လူးနေကျ ကျွန်းရွာတွေ အရှေ့ဘက်ကမြစ်ကို အရှေ့မြစ်၊ အနောက်ဘက် မြစ်ကို အနောက်မြစ် ခေါ်ခြင်းဖြစ်ပါ၏။ သည်တော့ ကျွန်မ ဥဒယကလည်း ဧရာဝတီမြစ်ကို အရှေ့မြစ်လို့ပဲ သုံးကြတော့သည်





(၂)

*'ငှက်ကလေး စိုးစီစိုးစီ ဝင်းပေါက်မှာမြည်…ချိန်တန်ပြီ ညီမတွေးရဲ့…ဆွမ်းချက်စို့လေး…'*

ကျွန်မ အရွယ်ရောက်လို့ သည်ကဗျာလေး ဖတ်ရတော့မှ ငယ်ဘဝ ရွာမနက်ခင်း၊ ဧရာဝတီမနက်ခင်းကို နောက်ကြောင်းပြန် သွားရပါ၏။ မနက်စောစောကြီးထပြီး မြစ်တစ်မြစ်ကို ကမ်းပါးထိပ်က ငေးကြည့်ပါ။ မြစ်တစ်မြစ်၏ ကျက်သရေအရှိဆုံးအချိန်ကို တွေ့နိုင် ပါ၏။ ကိုယ့်ရွာအောက မြစ်ကြီးတစ်မြစ် စီးဆင်းနေတာကပင် အားရှိချင့်စဖွယ်။ မြစ်ရေကြည်ကြည် ခပ်ချိန်မှာ ငှက်ကလေးတွေ ကျိုကျိုကျာကျာ အော်မြည်ကြပြီ။ အစ်မတွေက မြစ်ရေသန့်သန့်ဖြင့် ဆွမ်းချက်ကြပြီ။ ကျက်ပြီဆိုတော့ ဦးပေါင်းပါအောင် ခူးခပ်ပြီး ဆွမ်းတော်တင်ကြသည်။ ကျွန်မတို့ရွာတွေမှာ မြေအိုးနှင့် ထမင်း ချက်ကြတာဆိုတော့ ဆန်က အိုးတက်သည်နှင့် စလောင်းဖုံးအထိ အက်မောက်ကလေး ရှိတတ်ပါသည်။ စလောင်းဖုံးလက်ကိုင်ကလေး အထိ ထမင်းရောက်တော့ ဦးပေါင်းဖူးဖူးကလေး ရသည်။ ဦးပေါင်း ပျက်အောင် အောက်ဖက်က ယောင်းမနှင့်ကော်ကာ ဆွမ်းထမင်း ကြကပ်ကြရသည်။ ဦးပေါင်းဖူးဖူး ပွဲအောင် ခူးလို့ခပ်လို့ကတော့ အပေါက်ခံရဖို့သာပြင်။ အကြည်ခံထားသော ဘုရားသောက်တော် အိုးထဲက သောက်တော်ရေ ငါးခွက်ခပ်၊ ရှိရှိသေသေကပ်။ ဆွမ်း မင်းပူပူကို ကြွေရေသုတ်အုပ်ကလေးထဲ ရွာကျောင်းလေးကျောင်းက ယ်တော်တွေအဖို့ရာ ခူးနှင့်ခပ်နှင့်ရသည်။ ဝေယျာဝစ္စတွေပြီးတော့



www.burmeseclassic.com

ဆရာတော်ကျောင်းက ခုနစ်နာရီ ကြေးမောင်းထိုးပြန်ပါ၏။ အမေတို့၊ အစ်မတို့၊ ကြီးတော်တို့၊ ဒွေးလေးတို့ အခင်းဆင်းကြရတော့မည်။ ထမင်းပူပူထဲ နှမ်းဆီ နှစ်ပေါက် သုံးပေါက်ဆမ်းပြီး ငါးပိကင်ရှိတော့ ငါးပိကင်၊ ချဉ်ပေါင်ငါးပိချက်ကလေး ညကကျန်တော့ ကျန်တာနှင့် စားကြရုံပင်။ ဒါဆိုလျှင် နေတစ်မွန်းတည့်စာ အဆာခံနိုင်ကြပြီ။

"မထူး...နွားကျောင်းမထွက်ခင် နရေကလေး ဖြည့်ခဲ့ဦး ...မြစ်ထဲ ရေကူးမနေနဲ့နော်...လက်ပံချောက်ဘက် မသွား နဲ့ ကမ်းပါးချောက်ကြီးနက်သယ်...နွားတွေ ဖောင်းကား ကုန်းဘက်လွှတ် မြက်တွေပေါသယ်...ကဘာထိပ် မရောက် စေနဲ့"

မှာလို့သာမှာတာပါ။ မြစ်ကမ်းပါးတစ်လျှောက်က မြက်ကွင်းကို နွားတွေကြိုက်သည်။ တစ်ပြန့်ကြီး စားနိုင်ကြသည်။ ကဘာထိပ်ဆိုတာက မြစ်ကမ်းပါးထိပ်ကိုပြောတာပါ။ တစ်ခါတစ်ရံ မြစ်ကမ်းပါးက အိခနဲ ပြိုတတ်သည်။ မြစ်နားတန်းရွာတွေမှာ နွားတွေ မြစ်ရေထဲကျခဲ့တာများပြီ။ နွားတွေက မြက်စိုနောက်လိုက်ရင်း မြစ်ကမ်းပါးဘက် ရောက်ကြတာကို ဂရုစိုက်ကြရပါသည်။ ကျွန်မတို့က မြစ်ရေထဲကူးကြတော်ကြရင်း နွားကျောင်းရတာကို ပိုပျော်ပါသည်။ နွားတွေကလည်း မြက်စိုမြက်စိမ်း စားကြရ၊ ကျွန်မတို့ ကလေးတွေကလည်း ရေကူးရေဆော့ကြရ။ ဟိုတုန်းဟိုအခါကတော့ ရွာနောက်ကျောထွက်လိုက်သည်နှင့် မြစ်ကို လက်နှင့်ပုတ်နိုင်ပါပြီ။ ကျွန်မတို့ရွာတွေမှာ မြစ်ကမ်းပါးရယ်လို့ သမန်းတော ကိုင်းတော ထူထူကြီးရှေ မရှိ။ ရွာမြေနှင့် မြစ်ကမ်းပါးက တိုးလျှိုပေါက်ဆိုတော့ မြင်ကွင်း





ရှင်းသည်။ ဘယ်နားကကြည့်ကြည့် မြစ်ကိုမြင်ရသည်။ ရေကြီးခါဆိုတော့ ရေကြီးခါအလျောက်၊ ရေငယ်ခါဆိုတော့ ရေငယ်ခါအလျောက် ရေပြည့်မြစ်၊ စည်းတိမ်သောင်ပါးကြားက စီးဆင်းနေသောမြစ်၊ ရေနီကြမ်းတွေ လှိုင်းထနေသောမြစ်၊ တောင်လေက အကြေးလှန်သည့်မြစ်...။ ဧရာဝတီကို နွေနွေ မိုးမိုး ဆောင်းဆောင်း မမြင်ချင်လို့ မရပါ။ မထိတွေ့ချင်လို့ မရပါ။ ရှောင်လွှဲချင်လို့ မဖြစ်ပါ။ ဧရာဝတီမြစ်ကို ခရီးသွားဟန်လွှဲ မြင်ရတာမျိုးမဟုတ်။ သိုးခနဲ သန့်ခနဲ လှမ်းမြင်ရတာမျိုးမဟုတ်။ မိုးလင်းက မိုးချုပ် မြစ်နှင့်အတူနေ၊ မြစ်ဆောမှာအိပ်၊ မြစ်ရေသောက်ကြသူတွေချည်း ဖြစ်၏။

ပြောစကားတွေထဲမှာ "တို့ဖြင့် တစ်သက်လုံး မြစ်ကို မအေလုပ်နေကြသာပါအေ" ဆိုသည့်စကား ပါလေ့ရှိကြတာသာကြည့်တော့...။

(၃)

ကျွန်မ ရေးခဲ့လှပါပြီ။ ကျွန်မတို့ရွာ ဥဒယသည် ဧရာဝတီမြစ်ကို မေးတင်ထားသော ရွာကလေးဖြစ်ပါ၏။ ကျွန်မတို့ရွာ၏မြောက်ဘက် နှစ်ရွာကျော်မှာ ဥမ္မာဒန္တီပျို့ကို ရေးခဲ့သော ဆရာရွှန်းအပိုင်စားခဲ့သည့် ဆီမီးခုံရွာရှိသည်။ တောင်ဘက် နှစ်ရွာကျော်မှာတော့ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲမှာ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည့် ရန္တပိုရွာရှိသည်။ မြစ်အနောက်ဘက်ကမ်း ကျွန်မတို့ရွာနှင့်မျက်နှာချင်းဆိုင်မှာတော့ ကုန်းဘောင်ခေတ်က ရွှေပြည်ဝန်လို့ ထင်ရှားကျော်စောခဲ့သော မြန်မာပညာရှိ သုခမိန် ယောမင်းကြီးဦးဘိုးလှိုင်၏

www.burmeseclassic.com



ဇာတိ ရေပုလဲ (ရွာပုလဲ) ရွာရှိသည်။ သမိုင်းဝင် ထင်ရှားခဲ့သော ထိုရွာသုံးရွာ၏ ဖိုခုံလောက်ဆိုင် အလယ်တွင် ကျွန်မတို့ရွာကလေးကတော့ ရွာ့ဇနပုဒ်ကလေးမျှသာ ဖြစ်ပါ၏။ အဖေက "တို့ရွာက သမိုင်းမကြီးပေသိ ဂိုဏ်းကြီးသယ် သမီးရဲ့" လို့ ကျွန်မတို့တစ်တွေကို ပြောပြတတ်သည်။ ဘိုးဘွားစဉ်ဆက် မြေသီးမြေနှံကိုစား မြစ်ရေကိုသောက် ရိုးရိုးသားသား ရှိခဲ့ကြတာကို ဆိုလိုလေသလား။ ကျွန်မတို့ရွာတွေကို ရှေးက လှေရွာခေါ်ကြသည်။ လှေနှင့် တက်နှင့် မြစ်ရိုး၊ မြစ်မ ထိုထိုပေါက် ဝမ်းစာရှာခဲ့ကြသူတွေ များပါသည်။ ကျွန်မတို့ မျိုးဆက်မှာပင် ရေဝတီနှင့် ခွဲမရချင်ခဲ့။ မြစ်နှင့်အတူ ကြီးပြင်းခဲ့ရတာ မဟုတ်လား။

သည်စာကိုရေးရင်းက ကျွန်မတို့ ရေချိုးခဲ့ကြသည့် ရေချိုးဆိပ်ကို သတိရမိပါသည်။

ကျွန်မတို့ရွာ ရေဆိပ်သည် ညနေတိုင်လျှင် ဘုရားပွဲ ကျောင်းပွဲတမျှ စည်ကားနေတတ်ပါသည်။ လုပ်ခင်းကိုင်ခင်းပြန်တွေ သည်အချိန်ကျမှ ရေခပ်ကြ၊ ရေချိုးကြ၊ လျှော်ကြဖွပ်ကြရတာ မဟုတ်လား။ မြစ်ဆိပ်နှင့်ရွာကြား လမ်းကလေးမှာ လူတွေ ပုရွက်ကြောင်းလိုက်လို့။ အော်ကြဟစ်ကြ၊ ဆူကြညံကြ။ မြစ်ဆိပ်မှာ ဆုံရသခိုက် အကြောင်းစုံကို ပေါင်းလန်အောင် ပြောကြသည်။ ပဲအကြောင်း နှမ်းအကြောင်း၊ ထန်းအကြောင်း ပါသလို သားအကြောင်း၊ သမီးအကြောင်း၊ မရီးအကြောင်းလည်း ပါသည်။ ရွာအကြောင်း ရပ်အကြောင်း ပါသလို ဇာတ်အကြောင်း၊ နတ်အကြောင်းတွေလည်း ပါသည်။ မြစ်ဆိပ် သောင်ခုံမှာ အဝတ်ဟောင်းတွေ ဘေးချကာ





ရှက်နှာချင်းဆိုင် အဝတ်လျှော်ကြရင်း သတင်းစကား၊ အတင်းစကား၊ အဖျင်းစကားတွေ ပါးစောင် အမြှုပ်ထွက် ပြောကြသူတို့က နားကွဲလုတတ် အော်ဟစ်သောင်းကျန်းနေကြသော ကျွန်မတို့ကလေးတွေကို "စကားလုံး မပြောင်လိုက်တာတော်...သွား...တော်ရာသွားဆော့ချေကြ" လို့ ငေါက်နေးတတ်သေး၏။ ငေါက်ကာမှငေါက်ကရော မြစ်ထဲဆောက်လို့ကတော့ ကျွန်မတို့ကလည်း နှုတ်ခမ်းတွေပြာ၊ မျက်လုံးတွေနီ၊ လက်တွေ ပဲကြီးရေပွဖြစ်စေဦး မြစ်ထဲက မတက်ပြီ။ ရေကူးပြိုင်ကြ၊ ရေငုတ်ပြိုင်ကြ၊ ရေထဲငုတ်ပြီး တူတူပုန်းကြ၊ ရေထဲတင်မီးပြေးတမ်း ကစားကြ။ ဝုန်းဒိုင်းကြလို့။ တောထဲက နွားကျောင်းပြန်နွားရေတိုက်ရင်း မြစ်ထဲရောက်ကြတာဆိုတော့ မြစ်ရေကိုက်လှပြီ။

"ဟေး...တို့အိမ်က ကလေးတွေ မြစ်ထဲ ရှိကြသလား ဟေ့...နွားကျောင်းပြန်ကတည်းက အိမ်ပြန် မရောက်ကြတာ...ဆူလိုက် ငေါက်လိုက်ကြစမ်းပါဟေ့"

"ဟဲ့...ကြားလား နင်တို့အိမ်က ဟစ်နေပြီ...ကဲလည်း ကဲတဲ့ဟာတွေ မတက်ဘူးလား တက်မှာလား...ငါ ချည်ရဲ တုတ်နဲ့ လှမ်းထုမှာနော်"

ချည်ရဲတုတ် (ချည်ရိုက်တုတ်) ဆိုတာ အဝတ်လျှော်သည့် တုတ်ကို ခေါ်ခြင်းဖြစ်၏။ ကျွန်မတို့ရွာတွေမှာ ရက်ကန်းစင် တင်ရန် ချည်ခင်များကို ချည်စာနင်းရင်း တုတ်ဖြင့် ထုလှေနက်လှေ ရှိကြသည်။ အရိုက်နာလေ ချည်သားကောင်းလေဆိုတော့ သည်တုတ်ကြီးတွေနှင့် အားရပါးရ လှဲရိုက်ကြရသည်။ သည်တုတ်ကြီးတွေကို အဝတ်လျှော်ဖွပ်သည့်နေရာမှာ သုံးတော့လည်း ချည်ရဲတုတ်ခေါ်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လို ဒေါ်ကြီးဒေါ်လေး၊ အရီးလေးဒွေးလေးတို့က ပေါက်ခန်းလွှတ်လို့သာ နွားတွေဆွဲပြီး အိမ်ပြန်ခဲ့ရသော်လည်း မြစ်ဆိပ်က မခွာချင်သေး။ အပျိုတွေရေခပ်လမ်း ချောင်းကြ၊ ပိုးကြသူတွေကလည်း ဒုနဲ့ဒေး။

ဝါဝင်ပြီဆိုလျှင် ကျွန်မရွာကို သတိရနေမိပါသည်။ ဝါဆိုဦးကတည်းက ရွာခြေ ရေစပ်စပ်ဝင်လေပြီ။ ရွာခြေ ဝါးကြိမ်တောစပ်မှာ ရေတိုးငါးကလေးတွေ မြူးကြပြီ။ ကျွန်မတို့ကလေးများအဖို့တော့ ဝါးကြိမ်တောချုံကြီးထဲတိုးပြီး ငါးနပ်ငါးသန် ဖမ်းကြခြင်းသည်လည်း ကစားနည်းတစ်မျိုးဖြစ်ပါ၏။ ဆန်ခါခုံးများ၊ ဖျင်ထည်စောင်ပါးများဖြင့် ငါးတိုက်ကြသည်။ ကျွန်မကတော့ ကြီးတော်ချုပ်ပေးထားသော စပ်ထဘီကို တိုတိုပါအောင်ဝတ်ပြီး ရေချိုးရင်းငါးတိုက်ရတာ အလွန်ပျော်ပါသည်။ ငါးနုတ်ပေါက်ကလေးတွေရလာတော့ အိမ်က ထင်းမီးဖိုထဲ ပစ်သွင်းကာ ငါးမီးဖုတ်ချိုချိုကိုသားရေစာအဖြစ် စားကြသည်။

မြစ်ရေတိုးပြီဆိုလျှင် ရွာထဲကို အရင်မဝင်သေးဘဲ ရွာတောင်ဖျား ချောင်းပေါက်က ပန်းကာ ရွာအရှေ့ကို ရေဝိုင်းသည်။ ပြီးတော့ ရွာမြောက်ဖျား ဘုန်းကြီးကျောင်းနှစ်ကျောင်းကြား လမ်းနိမ့်ကို ခေါင်းထိုး စီးဝင်လေ့ရှိပါသည်။ သည်အချိန်မှာ ကျွန်မတို့တစ်တွေ၏ ရေချိုးဆိပ်သည်လည်း ရွာမြောက်ဖျား ပြောင်းကြရပြီ။ ကျွန်မတို့ကလေးတွေကတော့ ဘုန်းကြီးကျောင်း ကျောင်းနှစ်ကျောင်းကြားက ရေဝင်ချိုင့်ကျင်းလိုဖြစ်နေသော ရေစီးမြောင်းပက်လက်ထဲ နွားစာကျင်းတိုတွေ စီးကြပြီ။ ရေဆန်ကို တွန်းသွားလိုက်ကြ၊ ရေစုန်ကို





ပြန်မျှောချလာလိုက်ကြ။ သောသောညံလို့။ ဆူလွန်းမက ဆူလာလျှင်တော့ ဆရာတော်က ကျောင်းဝထွက်ပြီး ကြိမ်လုံးပြကာ လူစုခွဲရလေ့ရှိပါ၏။

မြစ်ရေတွေ ရွာထဲ ကမ်းပြည့်ကမ်းလျှံ ဝင်ပြီဆိုလျှင်တော့ တစ်ရွာလုံး ရေဖုံးပြီ။ သည်အချိန်မှာ မြေပြင်ရယ်လို့ မြင်ချင်လို့မမြင်ရတော့။ ကြည့်လေရာရာ ရေတွေ...ရေတွေ။ မြစ်ရေနှင့် ရွာရေတစ်ဆက်တည်း ဖြစ်ရပါပြီ။ တစ်ပြင်တည်း ဖြစ်ရပါပြီ။ ဒါကို အမေတို့က ရွာရေစတုတ်တိုက်ပြီလို့သုံးတာ မှတ်မိပါ၏။ အိမ်အောက်ထပ်တွေ လူနေလို့မဖြစ်တော့ အိမ်အပေါ်ထပ် တက်နေကြရသည်။ မီးဖိုသည်း အိမ်ပေါ်၊ လူနေလည်း အိမ်ပေါ်။ စားလည်း အိမ်ပေါ်၊ အိပ်သည်း အိမ်ပေါ်။ ကျွန်မတို့၏ ရေချိုးဆိပ်လည်း အိမ်ပေါ်ဖြစ်ကြရပြီ။ အိမ်ရှေ့ကပြင်ပေါ်ကနေ ဝုန်းခနဲ ခုန်ချလိုက်ကြ၊ ပြန်တက်လိုက်ကြ။ လူကြီးတွေရှေ့မှာ သိပ်မကဲ့ကြတော့ အိမ်နား သီမနေကြဘဲ ရောက်လေရာရာ လက်ပစ်ကူးသွားကြရင်း ဆော့ကြသည်။ လှေလှော်ပြိုင်ကြ၊ ရေကူးပြိုင်ကြ။ ဒါကလည်း လှေရွာက ကလေးတွေ့အဖို့ ကစားနည်းတစ်မျိုးပင်။ မြစ်နားကမ်းနား ကြီးကြရသူတွေမို့လားမသိ။ ရေမကြောက်တတ်ကြသလို ရေကြောင့် ဒုက္ခရောက်ကြရပါတယ်လို့လည်း မရှိ။

ရေကြီးချိန်မှာ လူကြီးတွေလည်း တစ်အိမ့်တစ်အိမ် လက်ပစ်ကူးသွားကြရုံကလွဲလို့ တခြားနည်း မရှိ။ လှေဆိုတာက အိမ်တိုင်းရှိတာမဟုတ်။ နွားစာကျင်းတိုကလေးတွေကတော့ ရေဝင်ခါမှာ အားရသည် မရှိ၊ တစ်ရွာလုံး ရေထဲမှာဆိုတော့ တစ်အိမ့်တစ်အိမ် အိမ်လည်



www.burmeseclassic.com

www.burmeseclassic.com



ချင်လျှင် ရေချိုးရင်း လည်ရသည်။ အိမ်တိုင်း နွားတင်းကုပ်တွေကို မြှင့်ဆောက်ထားတတ်ကြသော်လည်း တချို့ ရေတိုးကြမ်းသည့်နှစ်တွေမှာ နွားတင်းကုပ်တွေလည်း မြုပ်၊ လူနေအိမ်တွေလည်း မြုပ်သည့်နှစ်တွေ ကြုံရဖူးသည်။ နွားတွေကို ရေဝင်လွတ်ရာ အရှေ့ကြည်းတောရွာတွေဘက် သွားပို့ကြရသည်။ ကြည်းတောရွာတွေကို တိုးရေမရောက်တော့ ရေခြောက်မိုးခြောက် ထားနိုင်သည်။ ရေမခြောက်မချင်း နွားတွေ ပြန်လာလို့မဖြစ်တော့ တချို့များ ကြည်းတောရွာတွေမှာ တစ်လလောက်ကြာတာမျိုးပင် ရှိကြသည်။ ရွာက နိမ့်ပါးသူများခမျာ နီးစပ်ရာအိမ်မြင့်ကို ခို၊ တချို့နှစ်တွေမှာ သစ်ပင်ကြီးတွေ ပေါ်လင့်စင်ထိုးကာ နေရတာမျိုးပင် ရှိခဲ့ဖူးပါ၏။ သည်တော့ရေနှစ်လို့မသေ မြွေကိုက်လို့ တိမ်းပါးကြရသူများ ရှိခဲ့ဖူးသည်။ ရေကျပြီဆိုလျှင်တော့ တစ်ရွာလုံး ရွှံ့နှစ်ရည်များဖြင့် ညီကျန်ရစ်တော့သည်။ ရေကြည်ရာ အထက်ဘက် ကုန်းမာမာဆီ ပြေးပြီး ရေခပ်ကြရ၊ ရေချိုးကြရပြီ။

ရေကျပြီဆိုသည်နှင့် အဝေးရောက်နေသူ လူတွေ၊ နွားတွေ ရွာပြန်ကပ်ကြရပါပြီ။ ရွာလယ်လမ်းကတော့ မြေမာလမ်း ဆိုတော့ လျှောက်လို့ရပါပြီ။ သစ်ပင်တွေမှာ တွယ်ကပ်နေကြသည့် မြွေတွေကို နှင်ရ ခြောက်ရသည်။ မြစ်ရေက တိုက်လာသော နုန်းမြေတွေက သဘာဝမြေဆီမြေနှစ် ဖြစ်ရပြီ။ မြစ်လုံးလည်း ပေါ်ပြီ။ ရွာမြေလည်း ပေါ်ပြီ။





(၄)

သည်ရက်ထဲ ကတောရွာ စာပေဟောပြောပွဲက အပြန် ကျွန်မညီမဝမ်းကွဲတစ်ယောက် မန္တလေးကို လိုက်လာခဲ့သည်။ ညဘက် ရွာကြောင်းရပ်ကြောင်းတွေ ပြောဖြစ်ကြပါသည်။ မြစ်ရေမဝင်တာ နှစ်တွေကြာပြီဆိုတော့ သစ်ခင်းတွေမှာ မြေဆီဩဇာ ညံ့ကုန်ပြီ ဆိုပါ၏။ နွားစာကျက်တွေ ပျောက်၊ နွားစာရှားတာတွေလည်း ကြားရသည်။ မြေက သဲဆန်လာလို့ သစ်ဥတွေ ဖျင်းကုန်တာလည်း ပါသည်။ အဆိုးဆုံးက ရေလိုချိန်မှာ ရေမရှိခြင်းဖြစ်၏။ တတ်နိုင်သူတွေက ရေစုတ်စက်တွေထောင်ကာ အခင်းထဲ ရေသွင်းနိုင်သော်လည်း ဆောင်သာသူတွေအဖို့ရာတော့ ဂဏန်းလက်ကြိုး ဖြစ်ကြရှံသာ။

"မြစ်ကလည်း မမထူးနှယ်...အနောက်ဘက် ဆုတ်သွားသာများ ကလေးချင်း မတည့်ကြလို့ ပေစုတ်စုတ် ရှောင်ဖယ်ဖယ် လုပ်နေသလိုပါတော်...သောင်ပြင်ကြီးဆိုသာ တစ်ပြန့်ကြီး...ရွာနဲ့ မြစ်မနဲ့ ဝေးသွားတော့ မြစ်ရေတစ်အိုးရဖို့ သောနတ္ထိုမှုဆိုး ဆဒ္ဒန်ဆင်မင်းရှိသဲ့တောထဲ သွားရသလောက် ကြာသယ် အောက်မေ့သာပဲ...အနောက်ဘက်စိုင်းသွားချက်တော...တစ်သပ်ကြီး..."

ကျွန်မညီမ ပြောနေချိန်မှာ ကျွန်မတို့ ငယ်ငယ်က ရေချိုးဆိပ်ကို မြင်ယောင်နေမိပါသည်။ အခင်းကအပြန် ရေချိုးကြသူတွေ၊ နွားရေတိုက်ကြသူတွေ၊ ကလေးတရှန်းရှန်း ခွေးတရှန်းရှန်း ဘယ်မှာရှိနိုင်ပါတော့မလဲ။ တစ်သက်လုံးက လှည့်မကြည့်ခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



စက်တွင်းကရေကို အားကိုးကြရပြီ။ ကျွန်မတို့ဘကြီး ဘိုးတိုက်ကြည် လှူခဲ့သော ရေတွင်းကလည်း ရေဆွဲ့ချင်ချင်တဲ့။

"သောက်ပါလေ့...ချိုးပါလေ့...၊ မြစ်ဆိပ်များ ငရုတ်တစ်လှမ်း ခရမ်းတစ်စုန် ရှိသာပါ...မြစ်က ထွက်မပြေးပါဘူး..."

ကြီးတော်တို့ ပြောခဲ့တဲ့ စကားတွေ...။ အခုတော့ ပြေးပါပကော ကြီးတော်ရဲ့...။

ကျွန်မညီမ ပြောပုံဖြင့် မြစ်က ရွာနှင့်လှမ်းလှမ်းက စီးသတဲ့။ ပင့်လို့ ဖိတ်လို့သာ ရကြေးဆိုလျှင် "ဧရာဝတီမြစ်ကြီးရယ်... ကျွန်မတို့ရွာနံဘေး ကပ်ပြီးစီးတော်မူပါ၊ မြေဆီဩဇာ နှစ်စဉ် ချတော်မူပါ၊ သောင်မထွန်း ကမ်းပါးမပြို ရေချိုအေးအေးလေး ပေးတော်မူပါ" လို့ လျှောက်လိုက်စမ်းချင်သေးသည်။ သို့ပေသိ ဧရာဝတီမှာလည်း သူ့ဝေဒနာနှင့်သူ မဟုတ်လား။ သူ့ဒုက္ခနှင့်သူ မဟုတ်လား။

ကျွန်မကတော့ ငယ်ငယ်တုန်းက ရွာခြေ ရေချိုးဆိပ်ကို လွမ်းနေမိပါ၏။

*ဝိတောက်ပွင့်သစ်မဂ္ဂဇင်း*





# တတိုင်းမွေး

(၁)

သည်ရက်ထဲမှာပင် ကျွန်မတို့မိတ်ဆွေ ကိုသီဟလွင်က ...ချောထုပ်ကြီးတစ်ထုပ် လှမ်းပို့လိုက်သည်။ ဖွင့်ဖောက်ကြည့် ...တော့ ဒီဗီဒီဓာတ်ပြားတွေ။ ကမ္ဘာကျော်ရုပ်ရှင်ဓာတ်ကားများ ...နေလို့ ကျေးဇူးတင်ရပါ၏။ ကျွန်မ အကြိမ်ကြိမ်ကြည့်ဖြစ်သော The Pianist လို ကားမျိုး၊ Ghandi လို ဂန္ဓဝင်ကားမျိုး၊ ဝီလ်စမစ်သ် ... Seven Pounds လို ကားမျိုး၊ တရုတ်ကားတွေထဲက IP Man ... ကားမျိုး ပါသလို၊ Memoirs of a Geisha လို ကားမျိုးတွေ ...သလို့ အလုပ်ကလေးပါးလျှင် ကြည့်လိုက်ရချေသေးလို့ တေးထား...သည်။ တရုတ်လူမျိုး ဒါရိုက်တာ ကျောက်ယိမူ၏ ဓာတ်ကား...ကို ကျွန်မ အင်မတန်ကြိုက်ပါသည်။ တရုတ်မင်းသမီး ဂေါင်လီ ...ပ်ဆောင်သည့် ဒီဗီဒီဓာတ်ကား တော်တော်များများကို ကျွန်မ ...တိုင် တကန်တက စုဆောင်းထားတာ မနည်းတော့ပြီ။ သည်လို



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ နစ်ကိုးလ်ကစ်ဒ်မင်း၊ အင်ဂျလီနာဂျိုလီ၊ ကက်သရင်း ဇီတာဂျ ဂျိုဒီဖော်စတာ စသည့် ဟောလီးဝုဒ်မင်းသမီးများ၏ ဒီဗီဒီဇာတ်ကား တွေလည်း ကျွန်မထံမှာ ရှိသည်။

ကျွန်မတို့အိမ်မှာ ကျွန်မအိမ်သားနှင့်ကျွန်မ သူကြိုက် ကိုယ်ကြိုက် စီဒီ၊ ဒီဗီဒီခွေတ်ပြားတွေ အဝယ်များလှပါပြီ။ ကျွန် အိမ်သားက Documentry ကားတွေ၊ ဂန္ထဝင်ကားတွေ အကြည့် ပါသည်။ ကြည့်ပြန်တော့လည်း ရုပ်ရှင်ဇာတ်ညွှန်းဖွဲ့ပုံ၊ ရိုက်ကူး ကင်မရာ အယူအဆ၊ အခန်းကူးပြောင်းပုံကအစ ကြည့်သူဖြ နောက်ပြန်ရစ်တာ များလွန်းလို့ ကျွန်မနှင့် အဆင်မပြေပါ။ အ တော့ ကျွန်မတီဗီနှင့်ကျွန်မ သီးသန့်ကြည့်နိုင်ပြီဖြစ်လို့ ရုပ်ရှင်ကြ ရတာ အဆင်ပြေပါပြီ။ အချိန်ကလေး ရလို့ကတော့ စာဖတ်ချင် ဘောလုံးပွဲကြည့်ချင်ကြည့်၊ ရုပ်ရှင်ကြည့်ချင်ကြည့်။ ဇွဲလမ်း ဇာတ်ကားဆိုလျှင်တော့ သုံး၊လေးခါပင် ပြန်ကြည့်ဖြစ်သည်။

BURMESE CLASSIC

(၂)

ကျွန်မငယ်ငယ်က ရုပ်ရှင်ဇာတ်ကား များများမကြည့် ရတာကိုလည်း မှတ်မိပါ၏။ နေရတာက ကျေးလက်တောရွာ ဆိုတော့ တစ်ခါတစ်ရံ ကျွန်မအစ်မတွေ၊ အဒေါ်တွေ မြင်းခြံ က အပြန် ရုပ်ရှင်ကြော်ငြာလှည့်ခိုက်နှင့်ကြုံလို့ ရလာတတ် လက်ကမ်းကြော်ငြာ တစ်ရွက်တလေ ရွာကိုရောက်လာတာ လို့ ရုပ်ရှင်ဆိုတာ ဘာမှန်းပင်မသိ။ ရွာက အစ်ကိုတစ်ယော ကတော့ "ရုပ်ရှင် ဆိုသာ ပိတ်ကားကြီးထောင်ပြီး စက်နဲ့ပြသာ ဟာ" ဆိုတာလောက် ရှင်းပြဖူးလို့ မျက်စိထဲ ပုံဖော်ကြည့်ရ





လည်း အဆင်မပြေ။ ကျွန်မတို့ရွာနှင့် မြင်းခြံက ၇ တိုင် (၁၄ မိုင်) ကျော် ဝေးတာဆိုတော့ ဘယ်သူကမှ မြို့ကို ရုပ်ရှင်သွားကြည့် အောင်ဟေ့ ဆိုတာမျိုးမရှိ။ ပဲရောင်း၊ မြေပဲရောင်းရယ်လို့ မြင်းခြံ ရောက်ကြသည့်တိုင် ဘယ်သူကမှ ရုပ်ရှင်တစ်ကားပြီးအောင် ချိန်ပေးကြည့်ဖို့ရာကလည်း ခဲယဉ်းသားပင်။ ဒါဖြင့် ရွာကို ရုပ်ရှင် ကားထောင် လာပြတာမျိုးကော မရှိဘူးလားလို့မေးလျှင် မရှိပါ သာ ပြောရလိမ့်မည်။ ကျွန်မအသက် ဆယ်နှစ်လောက်အထိ ရုပ်ရှင်တစ်ကား ဖျစ်ဖျစ်မြည် မကြည့်ဖူးခဲ့။ တီဗီတွေမပေါ်သေးသည့် ခေတ်ဆိုတော့ ရုပ်ရှင်ဆိုတာ ချိုနဲ့လားကွယ့် ဆိုတာမျိုး ဖြစ်ခဲ့ရ သည်။

ကျွန်မမိဘများ မြင်းခြံမြို့မှာ အခြေချတော့ ကျွန်မနှင့် ရုပ်ရှင် မဝေးတော့ပါ။ ကျွန်မတို့ မြင်းခြံမြို့ကအိမ်မှာ ရွာလှူပေါင်းစုံ၊ သနှာပေါင်းစုံ တည်းခိုရာ၊ ရှင်းလင်းရာနေရာ ဖြစ်လာသဖြင့် ရွာမျိုးတွေ အဝင်အထွက် များလှသည်။ သည်လို ရွာကအမျိုး လာလို့ ရုပ်ရှင်ကြည့်ကြစို့ ဆိုသည့်အခါ ကျွန်မ ပါရလေ့ရှိ၏။ တော့မှ ရုပ်ရှင်တွေ များများကြည့်ရတော့သည်။ ကျွန်မတို့ မှာ ရုပ်ရှင်ရုံ သုံးရုံရှိသည်။ ဘယ်ရုံမှမလွတ်ပါ။ ကုလားကား က အများဆုံး။ မြန်မာဇာတ်ကားတွေထဲက မြခြူသံ၊ မေတ္တာ မ်း၊ ငါ့ညီ ငါ့မြေ ငါ့အမေ၊ လမ်းပေါ်ကလူ၊ မလိခချစ်သူ၊ စံပယ် အဝေးဖို့၊ သီတာရေစင် စသည့်ကားတွေကို မှတ်မိသည်။ သားကြီး ရွှေဘာ၊ ကျော်ဆွေ၊ ညွန့်ဝင်း၊ စိုးရွှေ စသူတို့နှင့် မလွတ် များသည်။ မင်းသမီးထဲကတော့ ကြည်ကြည်ဌေး၊ ဝါဝါဝင်းရွှေ၊ သန်းနု ခင်ယုမေ၊ ဒေစီကျော်ဝင်း စသူတွေ...။ သည်ကာလတွေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ဒရမ်မာကားတွေက ခပ်များများဆိုတာကိုလည်း မှတ်မိသည်။ အလွမ်းကား၊ အနင့်ကားဆိုလျှင် ရုပ်ရှင်ရုံထဲမှာပင် ငိုကြတာကလည်း အလေ့ပင်။ ကျွန်မတို့ အစ်မတွေ၊ အဒေါ်တွေကလည်း အိမ်သာပြန် ရောက်ကရော မျက်ရည်တွေနှင့်။ အိမ်ပြန်ရောက်တော့ အမေက "ညည်းတို့ ဘုန်းကြီးပျံများ ယေဉ် ဝင်ကျူးလာကြသလားအေ"လို့ ဆူတတ်သည်။ ကျွန်မတို့ရွာ ဘုန်းကြီးပျံတွေမှာ ယေဉ်ကျူးမင်းသမီး က ဖွဲ့ဖွဲ့နွဲ့နွဲ့ငိုလေ၊ ရွာက မျက်ရည် တွေတွေကျလေ ရှိကြတာကို ပြောခြင်းဖြစ်၏။ ကျွန်မပင် ရုပ်ရှင်ဆိုတာကို စွဲလမ်းမိပြီ။ ရွာက အမျိုးတွေ လာပါစေ ဆုတောင်းမိရတာ အခါခါ။ ရွာက အမျိုးတွေ လာမှ အမေက ကြည့်ခွင့်ပါမစ် ပေးတာမဟုတ်လား။

ရုပ်ရှင်မကြည့်ရတော့လည်း ကျောင်းသွားကျောင်းပြန် ရုပ်ရှင်ရုံဝက ရုပ်ရှင်ဓာတ်ဝင်ခန်းဓာတ်ပုံတွေကို ဝင်ငေးရမြဲပင်။ ဓာတ်ပုံတွေက ညစ်လှယောင်းလှပြီ။ တွန့်လှကြေလှပြီ။ သို့သော် ဓာတ်ပုံတွေကို တစ်ချပ်စီငေးရင်း ရုပ်ရှင်တစ်ကားလုံးကို ပုံဖော်ကြည့် ရတာကပင် အရသာရှိလှပါသည်။ ကျွန်မတို့ အရွယ်ရောက်ချိန်မှာ သိုက်သမိုင်းကားတွေ မရှိတော့သဖြင့် အစ်မတွေ ပြောပြသော သိုက်နန်းရှင်ကား၊ ကဝေစုန်းကိုက် မှော်ကိုက်ကားတွေအကြောင်း နားထောင်ရတာနှင့်ပင် ကြောက်လည်း ကြောက် ကြည့်လည်းကြည့် ချင်ချင် ဖြစ်ရတော့သည်။

ကျွန်မ ခုနစ်တန်းအောင်တော့ မြင်းခြံမြို့က မန္တလေးမြို့ ကို မိသားစုလိုက် ပြောင်းခဲ့ရသည်။ မန္တလေးမှာတော့ ရုပ်ရှင်ရုံတွေ များလှသည်။ မြို့ဂုဏ်ရောင်၊ တော်ဝင်၊ ဝင်းလိုက်၊ မစိုးရိမ် စသည် ဖြင့်...။ ကျွန်မတို့နေထိုင်သည့် ချော်ဆိပ် (မြစ်ကမ်းနား) နှင့် အနီးဆုံး





က ရတနာပုံရုပ်ရှင်ရုံဖြစ်သည်။ ရုပ်ရှင်ကား ကောင်းသတဲ့လို့ သတင်း ကြီးတော့လည်း မောင်နှမတစ်တွေ၊ ဆွေမျိုးတစ်သိုက် ရုံပေါက်ဝ ရောက်ရမြဲပင်။ ရုပ်ရှင်ကြည့်လျှင် ဓာတ်လမ်းဓာတ်အိမ်ကိုသာ အကြည့် လေ့ကြသော ကျွန်မတို့အဖို့ရာ ဓာတ်ကားကောင်းသည်၊ မကောင်း သည်ကို ဓာတ်လမ်းနှင့်သာ တိုင်းကြတာများသည်။ ဓာတ်လမ်းကောင်း လျှင် ရုပ်ရှင်ကောင်းသည်ဆိုတာမျိုး ပြောကြတာ များပါ၏။ ဝတ္ထု တစ်ပုဒ် ကောင်းပြီဆိုလျှင်၊ ပရိသတ် ကြိုက်ပြီဆိုလျှင် များသော အားဖြင့် ရုပ်ရှင်ဗီဒီယိုကား ဖြစ်ရတာ များသည်။ ပရိသတ်ကလည်း ဝတ္ထုအဖြစ် ဖတ်တုန်းက အရသာရှိခဲ့ကြပြီ။ ရုပ်ရှင်ကျပြန်တော့ အရုပ် နှင့် တွဲကြည့်ရသော ခံစားမှုကို နှစ်သက်ကြပြန်သည်။ ကမ္ဘာကျော် ဒေါက်တာဇီဗာဂို၊ လေရူးသုန်သုန်၊ လေထန်ကုန်း၊ ကြက်သွေးရောင် အက္ခရာ၊ အင်နာကာရနီနာ၊ ကာရာမာဇော့ညီအစ်ကိုများ စသည့် ရုပ်ရှင်တွေက ကမ္ဘာကျော် ဝတ္ထုကြီးတွေက စီးဆင်းခဲ့တာ မဟုတ် လား။ မျက်မှောက်ခေတ် ဟယ်ရီပေါ်တာ ဓာတ်ကားများသည်ပင် ဝတ္ထုကနေတစ်ဆင့် ဖန်တီးယူခြင်း ဖြစ်ပါ၏။ ကျွန်မတို့မြန်မာမှာတော့ ဓာ...။ ဖာတစ်လုံး ခေါင်းကျား၊ အညာသားကလေး၊ မတ်တတ်ရပ် လို့ လမ်းမှာငို၊ ချစ်အမျှ၊ မွေး၊ ဓားတောင်ကိုကျော်၍ မီးပင်လယ် ကိုဖြတ်မည် စသည့်ဓာတ်ကားတွေ ထင်ရှားလှသည်။

(၃)

သည်ဘက် လေးငါးဆယ်နှစ်မှာတော့ ရုပ်ရှင်ရုံတွေဘက် ကို ကျွန်မတို့ မရောက်ဖြစ်တော့ပါ။ အသက်အရွယ်နှင့်လည်း ဆိုင်မည်ထင်ပါ၏။ သည်ကာလတွေမှာတော့ ပရိသတ်ကပဲ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကားတွေအပေါ် အာရုံနည်းကြလေသလား၊ ရုပ်ရှင်ကားကြီး တစ်ကားအတွက် ကုန်ကျစရိတ်ကပဲ များလွန်းလှလို့လား၊ ကုန်ကျ စိုက်ထုတ်မှုနှင့်ဝင်ငွေ အချိုးပဲ မကျလေရော့သလား မသိပါ။ ရုပ်ရှင် ကားကောင်းတစ်ကားဖြစ်ဖို့ တော်တော်ကြီး အားစိုက်ကြရတာကို ကျွန်မတို့ ကြားနေရသည်။ ဟုတ်ရှာပေမပေါ့။ အရင်းအနှီးကြီးတော့ လည်း စွန့်စားမှု ကြီးရတော့မည်။ သည်လိုဆိုပြန်တော့ အကျိုးဆက် က ဘာတွေဖြစ်လာမလဲ။ ရှင်းရှင်းကလေးပင်။ အနုပညာရှင်တို့ အဖို့ရာ ဖန်တီးချင်တာ ဖန်တီးနိုင်ခွင့် လျော့ရတော့သည်။ စိတ်ကူး စိတ်သန်းတွေ လွတ်လပ်စွာ မစီးဆင်းနိုင်တော့ အနုပညာအရ အားနည်းတာတွေ ဖြစ်လာနိုင်သည်။ ဒါကြောင့်များ မြန်မာရုပ်ရှင် ကားကြီးတွေဟာ စီးပွားရေးသဘော ဦးစားပေးရတာနဲ့ ပုံမကျပန်းမကျ ကျဆင်းလာလေရော့သလား ဆိုတာလည်း စဉ်းစား စရာပင်။ သည်ခေတ်မှာ ရုပ်ရှင်ကားကြီးတစ်ကားအတွက် ကုန်ကျ စရိတ်တွေက များလွန်းလေတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ကြပြီ။

ကျွန်မ ကျောင်းဆရာမဘဝက ခင်မင်ရသော ဆရာမ တစ်ယောက်ဆိုလျှင် တနင်္ဂနွေနေ့တိုင်း ကျွန်မတို့အိမ်ကို ရုပ်ရှင် လာကြည့်လေ့ရှိသည်။ ခေတ်ဟောင်းဇာတ်ကားများ အပါအဝင် လွန်ခဲ့ သည့် အနှစ်နှစ်ဆယ်ကျော် သုံးဆယ်က ဇာတ်ကားဟောင်းတွေကို တစ်ကန့်တက လာကြည့်ခြင်းဖြစ်သည်။ ရွှေချည်ငွေချည်တန်းပါလို့၊ ပန်းပန်လျက်ပါ၊ ခြေဖဝါးတော်နှုန်း၊ မွှေးရှေရည်၊ ဘယ်သူပြိုင်လို့ လှပါတော့နိုင်လို ကားတွေကြည့်ပြီးတိုင်း ကောင်းလိုက်တာလို့ ပြော





လေ့ရှိသည်။ ဘယ်နှခါကြည့်ကြည့် မဝပါဘူးဟယ်လို့လည်း ဆိုပါ သေးသည်။

သည်ဘက်နှစ်တွေမှာတော့ အင်္ဂလိပ်နာမည်တွေ ပေးထား သော ဟာသကားတွေက အများသား။ ရုပ်ရှင်နာမည်တွေ ကြားရ တာနှင့်ပင် ဘယ်လိုကားမျိုးပါလိမ့်လို့ တွေးရပြီ။ ဘန်းစကားတွေ ကိုလည်း ဆိုင်ရာက ခွင့်ပြုကြပြီမဟုတ်လား။ ဝတ်စားဆင်ယင်မှု ကကော၊ ရုပ်ရှင်ထဲက စကားအသုံးအနှုန်းတွေကကော...။ ကျွန်မ ကိုယ်တိုင် မကြည့်ဖြစ်တော့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကတစ်ဆင့် မှန်းရုံသာ မှန်းနိုင်သည်။ ဟိုတုန်းကလို မြန်မာဆန်ဆန် ဆင်ကြယင်ကြ မဟုတ်တော့တာလည်း တွေ့ရပါ၏။ တစ်ချိန်က ရုပ်ရှင်ထဲမှာသုံးသော စကားလုံးအလှတွေ၊ ဘဝအမြင်တွေ အပြင်လောကကို လျှံကျမလာ တော့တာကိုလည်း သတိထားမိပါ၏။ ရုပ်ရှင် နောက်ခံတေးဆိုသည့် သီချင်းတွေလည်း သီးသန့် မကြားရတော့တာ ကြာပြီ။ ရုပ်ရှင်သည် ပရိသတ်ကြိုက် အနုပညာဖြစ်၍ ပရိသတ်အတွက် ရည်ရွယ်ချက် ကောင်း၊ အနုပညာကောင်းတွေ ပေးနိုင်ဖို့ လိုသည်ဟု ကျွန်မ ထင် ပါသည်။ ရုပ်ရှင်သည် လူကြီးပရိသတ်အတွက်သာ မဟုတ်သလို၊ လူငယ်တွေအတွက်ချည်းလည်း မဟုတ်ပါ။ လူ့အဖွဲ့အစည်းတစ်ရပ် လုံးအတွက် တ,တိုင်းမွှေးရမည့် 'တ,တိုင်းမွှေး' ဖြစ်ရပါလိမ့်မည်။

ကျွန်မအဖို့ရာတော့ မြန်မာရုပ်ရှင်ကားတွေ ညံ့လိုက်တာ လို့ ပြောသံကြားရလေတိုင်း ဖြစ်မှဖြစ်ရလေဆိုသည့်စိတ်ဖြင့် မချင့် မရဲ ဖြစ်ရသည်။ ရင်ထဲမကောင်း ဖြစ်ရသည်။ ခက်တာက ကျွန်မ ကလည်း ဘာမှတတ်နိုင်တာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

အခုတော့ ကျွန်မရေးသည့် ဝတ္ထုတို၊ ဝတ္ထုရှည်အချို့ကို ရုပ်ရှင်အဖြစ် ဖန်တီးနေကြသည်ကို အကြောင်းပြု၍ ရုပ်ရှင်နှင့် ကျွန်မ သိပ်ကြီးမပေးလှတော့ပါ။ ရုံဖန်ရုံခါ ရုပ်ရှင်ရိုက်ကွင်းအချို့ကို ရောက်ရပါသည်။ ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ မင်းသား၊ မင်းသမီးအချို့ နှင့်လည်း ခင်မင်နေပါပြီ။ သူတို့အခက်အခဲတွေကိုလည်း ကျွန်မ ကိုယ်တိုင် ကြားခဲ့ မြင်ခဲ့ရတာတွေ ရှိပါပြီ။ သူတို့မှာလည်း သူတို့ အခက်အခဲတွေနှင့်သူတို့။ သူတို့အကျပ်အတည်းနှင့်သူတို့။ ငွေကြေး စိုက်ထုတ်သူတွေခများလည်း ထိထိုးရသလိုဆိုတော့ ရင်းနှီးငွေ ငွေပေါ်ပါမှ အရှည်သဖြင့် လုပ်သာကိုင်သာ ရှိကြရော့မည်။

ရုပ်ရှင်သည် ဘဝနှင့်အနုပညာ ပေါင်းစပ်ထားသော တင်ပြမှုဖြစ်ရာ လွတ်လပ်စွာ တွေးခေါ်ကြံဆ ရုပ်လုံးဖော်ခွင့် ရှိဖို့ရာလည်း အရေးတကြီး လိုအပ်ပါလိမ့်မည်။ နိုင်ငံခြားရုပ်ရှင်ကားတွေ ဒီဗီဒီ ခတ်ပြားတစ်ချပ်ထဲမှာ ကားပေါင်းတစ်ရာလောက် အသာလေး ဆုံသည့်ခေတ်မှာ အိမ်တိုင်း ရုပ်ရှင်ရုံ ဖြစ်နေပါပြီ။ ကျွန်မတို့ မြန်မာ ရုပ်ရှင်ကားတွေ ကောင်းလာလျှင် တစ်ခဲနက် အားပေးကြရုံသာ။ နိုင်ငံခြားရုပ်ရှင်ကားတွေ ဖယ်ထားရုံသာ။

မြန်မာရုပ်ရှင်ကားများ လွတ်လပ်စွာ ပွင့်လန်းသင်းပျံ့ နိုင်ပါစေ။ တ,တိုင်း မွှေးနိုင်ကြပါစေ။

*မြန်မာ့တိုင်းမ်ဂျာနယ်၊ ဇန်နဝါရီ ၂၀၁၂*



www.burmeseclassic.com